www.burmeseclassic.com

# ဟောင်ညာလ်ကျယ်

# လှနေကြာရှင်း

အချစ်ဟာသလုံးချင်းဝတ္ထုသစ်





Sann Htoon

Thet Htet A


www.burmeseclassic.com

www.burmeseclassic.com

စိစစ်သူ
ညဏ်ပွင့် (စက်မှု)

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | သုထက်စ |
| အဖုံးမလင် | Best Color |
| အတွင်းမလင် | ကိုလှဝင်း |
| မျက်နှာဖုံးနှင့်အတွင်းပန်းချီ | ဆန်းထွန်း |
| Logo ဒီဇိုင်း | ပန်းချီကိုကျော်သိုက်နှင့် (Q.C) |
| ကွန်ပျူတာ | ခင်သက်နိုင်နှင့်ဇေယျာမြေ |
| စာတည်း | မောင်သာယာ |

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ၊ တန်ဖိုး (၁၀၀၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၆၅၀၅၀၅ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၈၃၀၆၀၂ အရ
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်တော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့် မျက်နှာဖုံးကိုရိုက်နှိပ်၍
ဦးလှမိုး (ညဏ်ပွင့်-စက်မှု) (မှတ်ပုံတင်အမှတ်-၀၃၉၄၉)၊
ဇေယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ . . .
ပထမအကြိမ် အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

BURMESE CLASSIC .com

ဇေယျာမြေ စာစဉ် - (၆၂)

# မောင်ညာဏ်ကျယ်

၏

# လှကြော့ရှင်း

(ဟာသလုံးချင်းဝတ္ထုသစ်)

ဇေယျာမြေ
စာပေတိုက်
တိုက်နံပါတ် (၇၂၄)၊ အခန်း(၁၈)ပထပ်၊ (၁၇×၁၈)လမ်းကြား၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

## မောင်ညာဏ်ကျယ်
### ထွက်ရှိပြီးသောစာအုပ်များ

# ရွတ်
စာမူခွင့်ပြုချက်အမှတ် - ၉၂၈/၂၀၀၄ (၈)

# အဟီး
စာမူခွင့်ပြုချက်အမှတ် - ၁၃၄၈/၂၀၀၄ (၁၁)

# အချစ်သောထုပ်
စာမူခွင့်ပြုချက်အမှတ် - ၁၂၈၄/၂၀၀၄ (၁၁)

# ကြေးဆယ်သူတို့နှလုံးသား
စာမူခွင့်ပြုချက်အမှတ် - ၉၆၆/၂၀၀၄ (၉)

# ချစ်ကာန်ထရိုက်
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၅၂၀၅၀၄

### ဝေဒနာပြုံ

❀ လှပကြော့ရှင်း ဖော့ယမင်းကြောင့်
ရင်တွင်းအချစ် တံခါးလှစ်၍
ပြုံတစ်ထွက်လာ ဝေဒနာကို
တွေ့ညာမိတယ်... အချစ်ရယ်...။

ရှုကြည်မင်း

❀ လဲသောရှိုက်...
ပါးတွဲသွားမယ်။

လှကြော့ရှင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

လှကြော့ရှင်း . . .

ဟုတ်တယ် . . . လှကြော့ရှင်း . . .

သိပ်လှတဲ့ ကောင်မလေးပေါ့ . . .

နာမည်လေးနဲ့လိုက်အောင်လှတယ် . . .

ကိုယ်ဟန်လေးကလည်း ကြော့ကြော့လေး . . .

လမ်းလျှောက်လိုက်ရင်များ ဖနောင့်နဲ့မြေပြင်က သုံးလက်မ လောက်လွတ်နေတယ်။

တစ်ခါတစ်ရံကျရင်တော့ နှစ်လက်မ၊ တစ်ခါတစ်ရံတော့ တစ်လက်မခွဲလောက်ပဲ လွတ်တယ်။

ဒေါက်မြင့်ဖိနပ်နဲ့ ခွာမြင့်ဖိနပ်တွေချည်းပဲ သူကစီးတာကိုး။

လှလွန်းလို့ . . . ကြော့ကြော့မော့မော့လေး လမ်းလျှောက်တတ်လို့ . . .

သူ့ရဲ့နာမည်မှာ 'လှ'ရယ် 'ကြော့'ရယ် ပါနေတာကတော့ ဟုတ်ပါပြီ။

'ရှင်း'ကျတော့ ဘာရှင်းတာမှန်းကို မသိဘူးရယ်။

'ရှင်း'နဲ့ပတ်သက်လို့ ဘယ်သူမှ ရှင်းရှင်းလင်းလင်း သဘောပေါက်ခဲ့ မသိကြသေးဘူးဆိုဘဲ။





ဒီပြဿနာအတွက် အမြဲတမ်း ပဟေဠိအဖြေညှိပြီး ငြင်းခုံနေကြရတာတော့ ရဲကြည်မင်းတို့ သူငယ်ချင်းတစ်သိုက်ပဲ။

"ရှင်း ဆိုတာ အရှင်းကြီးပဲကွာ၊ ဒီလောက်စဉ်းစားဖို့တောင် မလိုပါဘူး" လို့ ပညာရှိစတိုင်လ်နဲ့ပြောတာကတော့ ရွှေမိုးညိုပဲ။

အမှန်တော့ သူ့နာမည်က မောင်မိုးညိုပါ။

ဒါပေမယ့်သူဟာ အမြဲတမ်း အတည်ပေါက်ကြီးနဲ့ ဖြီးတတ်၊ ရွှေတတ်လွန်းလို့ "ရွှေမိုးညို" လို့ခေါ်နေရာက "ရွှေမိုးညို"ဖြစ်သွားတာ။

သူ့မှာ ရွှေဆိုတာက မှုံရင်ရှုံစရာတောင်မရှိဘူး . . . တကယ်။

ဒါပေမယ့် ရွှေမိုးညိုတို့က ပါးတယ်၊ နပ်တယ်၊ သူငယ်ချင်းတွေကိုလည်းအချွန်လေးနဲ့ မ,တတ်တယ်။

အခုလည်း 'ရှင်း'ဆိုတာ အရှင်းကြီးပဲလို့ အတည်ပေါက်နဲ့ပြောနေပြန်ပြီ။

ကျန်တဲ့သူငယ်ချင်းတွေကတော့ သူ ဘာဆက်ပြောမလဲလို့ နားစွင့်နေကြလေရဲ့။

ကျေးဇူးရှင်က စကားကို စ,ထားပြီး ဘာမှဆက်မပြောဘူး။

ကော်ဖီကိုငုံလိုက်၊ အပြင်ကိုငေးကြည့်လိုက်နဲ့ သူနဲ့ဘာမှမဆိုင်သလိုပါပဲ။

"ဟေ့ကောင် . . . စကားကို စ,ထားပြီး ဆက်ပြောလေ၊ ဘာရှင်းတာလဲကွ"

"ရှင်း ကိစ္စကို ရှင်းအောင်ပြော"

စိတ်မရှည်တော့ ဝိုင်းပြီးတောင်းဆိုကြရော။

ကျေးဇူးရှင်ကတော့ မထုံတတ်တေးနဲ့။

အံမယ် . . . ရေနွေးတောင်ငှဲ့သောက်နေသေးတာ။

"ဒူးယားတစ်ပွဲလုပ်ကွာ . . . ရွှေဒူးယားနော်"

အံမယ် . . . ဆေးလိပ်တောင်လှမ်းမှာနေသေးတာ။

ရိုးရိုးဒူးယားတောင်မဟုတ်ဘူး၊ ရွှေဒူးယားတဲ့။

"ထူးခြားအောင် ဒူးယားသောက်ကြဦးကွာ"

ဘာမှလဲမဆိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လှကြော့ရှင်းနဲ့ ဒူးယားဘယ်လိုမှ ဆက်စပ်လို့မရဘူး။

ဒါပေမယ့် ရွှေမိုးညိုတို့ကတော့ အေးဆေးပဲ။

ဒူးယားလေးခဲလို့ . . . မျက်နှာပိုးက မချိုမချဉ် . . .

"ဟေ့ကောင်တွေ သောက်လေကွာ၊ မင်းတို့သိချင်တဲ့အဖြေကို မကြာခင်သိရမှာပါ ငါစဉ်းစားနေတယ်၊ ငြိမ်ငြိမ်သောက်ကြ စကားမပြောကြနဲ့ . . ."

သူပြောတာနဲ့ပဲ ကျန်တဲ့ သူငယ်ချင်းသုံးယောက်က ဒူးယားတစ်ယောက်တစ်လိပ်ဖွာလိုက်တယ်။

စီးကရက်ကိုယ်စီခဲပြီး ကျေးဇူးရှင် ဘာပြောမလဲ နားစွင့်လို့ . . .

ဒီအချိန်မှာပဲ သူတို့ဝိုင်းထဲကို သူတို့သူငယ်ချင်း မိုးထိအောင် တစ်ယောက်ဝင်လာတယ်။

စီးကရက်ကိုယ်စီခဲထားကြတဲ့ ရဲကြည်မင်းတို့လူသိုက်ကိုကြည့်ပြီး ပြောချလိုက်တယ်များ ကြည့်ပါဦး။

"ဟလိုလေး . . . စီးကရက်ကိုယ်စီခဲထားလိုက်တာများ ဆဒ္ဒန် ဆင်မင်းဇာတ်တိုက်နေသလားမှတ်တယ်"

မိုးထိအောင်ရဲ့အပြောကြောင့် အားလုံးပြုံးစိစိဖြစ်သွားကြတယ်။ ဘေးကဝိုင်းတွေကလည်း သူတို့လေးယောက်ကို လှမ်းကြည့်ပြီး ပြုံးကြည့်နေကြတယ်။

"ဝမ်းတီး . . ."

"ဘယ်လိုသောက်မှာလဲ"

"ဒီလိုသောက်မှာ"

စားပွဲထိုးလေးကမေးတာကို မိုးထိအောင်က ပါးစပ်ကိုဟပြီး လက်မနဲ့တေ့ပြလိုက်ရင်း ပြောတာ၊ စားပွဲထိုးလေးက ခပ်တည်တည်ပဲ။

"ဝမ်းတီး . . . ဂိတ်ဆုံး . . ."

"ဟယ် . . . ဂိတ်ဆုံးတော့မလုပ်နဲ့၊ ဂိတ်တစ်ဝက်ပဲလုပ်"

"ဆရာရေ . . . ဂိတ်ဆုံးမဟုတ်တော့ဘူး၊ ဟိုနားဒီနားဖြစ်သွားပြီ"

"စပယ်ယာသေလို့ ဝင်စားသလားမသိဘူး"

လို့ မောင်ချိုက မှတ်ချက်ချလိုက်တယ်။





ဒါကို စားပွဲထိုး(. . .)င်းဉာဏ် ဒါအကုန်ပဲလား၊ တို့ပြောတဲ့ ရှင်းကိစ္စတာ

"ဟုတ်တယ် အစ(. . .) ဆိုင်လို့လဲကွ"

နေတာဗျ" လို့ပြောသေး(. . .)ာ ငါလဲမသိဘူး ကြည်မင်း၊ ရှင်းတဲ့ကိစ္စကတော့

သူငယ်ချင်းတစ်(. . .)ဦးလေးတောင် ဝန်ခံသွားတာပဲ"

စီးကရက်လည်း ကုန်တော့(. . .)က မရှင်းမရှင်းဖြစ်ပြီး ရပ်စဲလိုက်ကြရတယ်။

ရွှေမိုးညိုကတော့ (. . .)င်းက လုံးဝမကျေနပ်ဘူး။ ဒီ 'ရှင်း' ပြဿနာ

နေတုန်းပဲ။

ဒါကို ရဲကြည်မင်းက (. . .) ဒီလိုပဲ လုံးလည်ချာလည်လိုက်နေတော့မယ်

"ဟေ့ကောင် . . . မိုး(. . .)

ဆိုမှ ရွှေမိုးညိုက (. . .)

"ဟုတ်သားပဲ ငါ(. . .) ဆုံးဖြတ်လိုက်တယ်။ ပြောင်စစ်ကြေညာလိုက်

မင်းအရင်ရှင်းလိုက်ဦး"

"ဘာ, ငါရှင်းရမ(. . .) ပြဿနာကြီးကို ငါကိုယ်တိုင် သုံးရက်အတွင်း

"အေးလေ . . . မင်း(. . .)၊ မင်းတို့ ဘယ်သူမှဦးနှောက်စားမနေကြနဲ့

ဟုတ်ဖူးလား သူငယ်ချင်းတို့ရ(. . .)မအဓိပ္ပာယ်ကို ငါသိနိုင်ရမှာပေါ့၊ ငါကိုယ်

"ဟုတ်ပ . . ."

"ဟုတ် . . ." (. . .)ဘာပြောလိုက်တယ်၊ ငါ့ချစ်သူဆိုတာ

"သိပ်ဟုတ် . . ."

"မှန်နင်းကိ . . . မှန်နင်းကိ" (. . .)ငါ့ချစ်သူ လှကြော့ရှင်းပေါ့၊ ဘယ်

အားလုံးက ဝိုင်းထောက်ခံကြတော့ (. . .)

ဘူးလေ၊ ပိုက်ဆံထုတ်ရှင်းရလေရော၊ ပါးစပ်ကငေ(. . .)

"ရှင်း ပြဿနာကို ရှင်းမပြနိုင်လို့ကတော့ နှစ်ဆ(. . .)

ကဲ, ပြော . . . ရှင်း ဆိုတာ ဘာရှင်းတာလဲ"

"ဟ, ရှင်းရှင်းလေးပဲဥစ္စာ၊ ရှင်းပြပြီးပြီပဲဥစ္စာ၊ ဒုံးဝေးကြတာ လွန်ပါရော"

"ဟေ့ကောင် ရွှေမိုးညို ဝေ့လည်ကြောင်ပတ်မလုပ်နဲ့"

"မလုပ်ဘူး၊ ရှင်းပြီးသားကိစ္စကိုများကွာ"

"ဘယ်မှာရှင်းရသေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



း ခဏကွာ"

လုကြော့ရှင်းနဲ့ ဒူးယားဘယ်လိုမှ ဆက်စ႑ ်တယ်။

ဒါပေမယ့် ရွှေမိုးညိုတို့ကတော့ အေးဆေး

ဒူးယားလေးခဲလို့ . . . မျက်နှာပိုးက မခ

"ဟော့ကောင်တွေ သောက်လေကွာ၊ မ

မကြာခင်သိရမှာပါ ငါစဉ်းစားနေတယ်၊ ငြိမ်ငြိမ်နေပြမလို့ အစ်ကိုတို့ ဒီဝိုင်းကို ကြနဲ့ . . ."

သူပြောတာနဲ့ပဲ ကျန်တဲ့ သူငယ်ချ

တစ်ယောက်တစ်လိပ်ဖွာလိုက်တယ်။

စီးကရက်ကိုယ်စီခဲပြီး ကျေးဇူးရှင် ဘာ

ဒီအချိန်မှာပဲ သူတို့ဝိုင်းထဲကို သူတို့သူ ှင်းသွားပြီပေါ့"

တစ်ယောက်ဝင်လာတယ်။

စီးကရက်ကိုယ်စီခဲထားကြတဲ့ ရဲကြည်

ပြောချလိုက်တယ်များ ကြည့်ပါဦး။

"ဟလို့လေး . . . စီးကရက်ကိုယ်ငင်းကို ဘယ်သူရှင်း . . ."

ဆင်မင်းဇာတ်တိုက်နေသလားမှတ်တ

မိုးထိအောင်ရဲ့အပြောကြော

ဘေးကဝိုင်းတွေကလည်း သူတို့ဝ

နေကြတယ်။ ျင်းမရှင်း . . ."

"ဝမ်းတီး . . . ှင်း . . ."

"ဘယ်လိုဒေါကွာ၊ ညီလေး သွားနိုင်ပါပြီ၊ ရှင်းတယ်နော်"

"ဒီဟိဝါတယ် အစ်ကို"

စားပွဲထိုးလေးကလည်း အူကြောင်ကြား။ ရွှေမိုးညို အတူတူနဲ့ မေးသမျှကို သူက ကြောင်တောင်တောင်နဲ့ဖြေသွားတာ။

ကြားတာတော့ အားလုံးကြားကြတာ။

အူကြောင်ကြားဆိုတဲ့ ဝေါဟာရကို သူတို့က သရုပ်ဆွဲပြသွားကြတာပါကလား . . .။

မကျေနပ်လှစွာ မျက်လုံးကြီးပြူးကြည့်နေသူကတော့ ရဲကြည်မင်း။





"ရွှေမိုးညို . . . မင်းညာဏ် ဒါအကုန်ပဲလား၊ တို့ပြောတဲ့ ရှင်းကိစ္စက လက်ဖက်ရည်ဖိုးနဲ့ ဘာဆိုင်လို့လဲကွ"

"ဆိုင်မဆိုင်တော့ ငါလဲမသိဘူး ကြည်မင်း၊ ရှင်းတဲ့ကိစ္စကတော့ ရှင်းနေပြီပဲဥစ္စာ၊ စားပွဲထိုးလေးတောင် ဝန်ခံသွားတာပဲ"

ဒါနဲ့ပဲ 'ရှင်း'ကိစ္စက မရှင်းမရှင်းဖြစ်ပြီး ရပ်စဲလိုက်ကြရတယ်။

ဒါပေမယ့် . . .

ဒီကိစ္စကို ရဲကြည်မင်းက လုံးဝမကျေနပ်ဘူး။ ဒီ 'ရှင်း' မြဿနာကြီးကို တိတိပပမသိကြရင် ဒီလိုပဲ လုံးလည်ချာလည်လိုက်နေတော့မယ် ဆိုတာကို တွေးမိကြတယ်။

ဒါကြောင့် . . .

အပြတ်ရှင်းဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ကြောင်စစ်ကြေညာလိုက်တော့တယ်။

"အေး . . . ဒီ ရှင်း ပြဿနာကြီးကို ငါကိုယ်တိုင် သုံးရက်အတွင်း ရှင်းပြနိုင်ဖို့ တာဝန်ယူတယ်၊ မင်းတို့ ဘယ်သူမှဦးနှောက်စားမနေကြနဲ့တော့၊ ငါ့ချစ်သူရဲ့ အမည်နာမအဓိပ္ပာယ်ကို ငါသိနိုင်ရမှာပေါ့၊ ငါကိုယ်တိုင် ကြိုးစားမယ် . . . ကြည့်"

"ကြည်မင်း . . . မင်း ဘာပြောလိုက်တယ်၊ ငါ့ချစ်သူဆိုတာ ဘယ်သူလဲ"

"ဟာ, မင်းကလဲ တုံးလိုက်တာ၊ ငါ့ချစ်သူ လှကြော့ရှင်းပေါ့၊ ဘယ်သူရှိရမှာလဲ"

"လှကြော့ရှင်းက မင်းချစ်သူ . . ."

"အေးလကွာ . . . မင်း ဘာကြောင့်တာလဲ"

"ဘယ်တုံးက ချစ်လိုက်ကြတာလဲ"

"ကြာပြီလေကွာ ပထမနှစ်ကတည်းက"

"သူကရော မင်းကိုပြန်ချစ်နေပြီလား"

"ဟင့်အင်း . . . ဇီပြားတောင် မကျွေးရသေး၊ အဲ့, ရည်းစားစာတောင်မပေးရသေးဘူး"

"ဒါနဲ့များ ငါ့ချစ်သူတဲ့ . . . အဟတ် . . . အဟတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ၊ ငါချစ်နေတဲ့သူကို ငါ့ချစ်သူမခေါ်လို့ မင်းဘကြီးရဲ့ချစ်သူလို့ ခေါ်ရမှာလားကွ" ကဲ၊ ပြော . . ."

ဒီလိုဆိုတော့လည်း ဟုတ်သားပဲ။

ရွှေမိုးညိုတို့ မိုးထိအောင်တို့ စောဒကမတက်ရဲကြတော့ဘူး။

ရဲကြည်မင်းပြောတာ ဟုတ်သားပဲ။

လှကြော့ရှင်းက သူ့ချစ်သူတဲ့။

သူချစ်နေတဲ့သူမို့ သူ့ချစ်သူလို့ပြောတာ။

အပြန်အလှန် ချစ်သူတွေဖြစ်နေပြီ၊ ဇီးပြားတွေဖြစ်နေပြီလို့ ပြောတာမှမဟုတ်ဘဲ။

ဟုတ်တယ်ဟုတ် . . .။

"ဟုတ်ပါပြီတဲ့ဗျာ . . . မင်းချစ်သူ လှကြော့ရှင်းရဲ့ 'ရှင်း'ကိစ္စကို မင်း ဘယ်လိုသိအောင်လုပ်မလဲ"

"ဟ၊ ဖွင့်မေးမှာပေါ့"

"ရည်းစားဖြစ်မှ မေးမှာလား"

"ဟင့်အင်း . . . ရည်းစားပြဿနာက နှစ်ရှည်စီမံကိန်း၊ 'ရှင်း' ပြဿနာက ရက်တိုစီမံကိန်း သွားရောလို့မရဘူး၊ သုံးရက်အတွင်း ရအောင်မေးမှာ"

"တို့ ဘာကူညီရမလဲ"

"မလိုဘူး"

"မင်း မလိုဘူးဆိုပေမယ့် တို့ကတော့ သူငယ်ချင်းကောင်းပီသစွာနဲ့ ကူညီသင့်တာတွေတော့ ကူညီရမှာပေါ့"

"အေး . . . ဟုတ်တယ် တို့ကူညီပါ့မယ်"

"ငါတော့ သွေးထွက်သံယို မကြည့်ရဲဘူးကွာ၊ သွေးမြင်ရင် ငါ ဘယ်လိုဖြစ်တတ်တယ်ဆိုတာ မင်းတို့အသိပဲ"

ဗုတ်တယ်။

သူတို့အုပ်စုထဲမှာ မိုးထိအောင်ကတစ်မျိုး . . .

သွေးမြင်လိုက်တာနဲ့ ခြေဖျားလက်ဖျားတွေ အေးစက်လာပြီး မျက်လုံးကြီးပြူး၊ ငုတ်တုတ်မေ့တတ်တာ။





သူ့ကို ဒါကြောင့် မကြာမကြာ သူငယ်ချင်းတွေက နှာနှပ်ယူရတာ မနည်းတော့ဘူး။

လက်ဖက်ရည်ဆိုင်မှာ စမူဆာစားရင်တောင် ငရုတ်ဆီပုလင်း သူ့နားမထားရဘူး။

ငရုတ်ဆီမြင်ရင်တောင် ရင်တုန်သတဲ့။

တစ်ခါကလည်း ကန်တင်းမှာ လက်ဖက်ရည်သောက်နေကြတုန်း စားပွဲထိုးတစ်ယောက်က ငရုတ်ဆီပုလင်းမှောက်ကျတာမြင်တော့ . . .

"သွေးတွေ . . . သွေးတွေ"

ဆိုပြီး သတိလစ်သလိုဖြစ်သွားလို့ ဆိုင်ရှင်ကတောင်လာပြီး မေးမြန်းနှာနှပ်ယူရတယ်။

နောက်တော့ သူဝင်လာတာမြင်တာနဲ့ ဆိုင်ရှင်က သူ့ဆိုင်က ဝန်ထမ်းအားလုံးကို သတိပေးလေ့ရှိတယ်။

"အထူးဆရာလာတယ်၊ ငရုတ်ဆီပုလင်းတွေ အထူးသတိနဲ့ ကိုင်တွယ်ကြ၊ ဆရာလေးကို ဝေးဝေးမှာနေရာပေး"

သူဝင်လာတာနဲ့ တစ်ဆိုင်လုံးအလုပ်ရှုပ်ကုန်တော့တာ။ အများနဲ့ ဝေးရာမှာ တစ်ဝိုင်းလုပ်ပေးရတယ်။

စားပွဲထိုးလေးတွေက သူ့ကိုဘာစားမလဲ၊ ဘာသောက်မလဲလို့ အရင်မမေးသေးဘဲ သူ့အတွက် လိုအပ်တဲ့ပစ္စည်းတွေကို အကုန်လာချပေးရတယ်။

ရှုနေဆေးဘူး၊ ပရုပ်ဆီဘူး၊ နှလုံးငြိမ် အထူးသွေးဆေးမှုန့်၊ သံပုရာသီး တစ်လုံး ပြည့်စုံအောင်လာချပေးပြီးမှ . . .

"ဘာသုံးဆောင်မလဲ ဆရာ၊ ဒီဆိုင်မှာ စိတ်ချလက်ချ မှာကြားသုံးဆောင်နိုင်ပါတယ်၊ ကျွန်တော်တို့ဆိုင်က ဓားသွေးရင်တောင် တခြားမှာ သွားသွေးကြတာပါ ခင်ဗျာ"

လို့ တလေးတစားမေးကြရတာ။

သူ့ကိုလည်း အရိပ်တကြည့်ကြည့်နဲ့ရယ်။

သူ့ကြောင့် ဆိုင်နာမည်ပျက်မှာစိုးလို့ ဂရုစိုက်နေကြတာပေါ့။

မိုးထိအောင်တို့က အဲဒီလောက်ထိ သွေးကြောက်တာ။



www.burmeseclassic.com

www.burmeseclassic.com



အခု ရဲကြည်မင်းရဲ့ ရက်တိုစီမံကိန်းမှာ မှီးထိအောင် သူမပါရဲဘူး လုပ်နေတယ်။

အမှန်တော့ သူတို့ပါစရာလည်း မလိုပါဘူး။

ရဲကြည်မင်းကတော့ သူတစ်ဦးတည်း စွမ်းဆောင်သွားမှာတဲ့။

စောင့်ကြည့်ရဦးတော့မှာပ. . . ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မင်းတို့ ဒါ ဘာလုပ်ကြတာလဲ"

"မင်းရဲ့ ရက်တိုစီမံကိန်းအတွက် လိုအပ်မယ်ထင်တဲ့ ပစ္စည်းလေးတွေကို တို့က ကူညီထောက်ပံ့ကြတာပါကွာ"

လို့ပြောပြီး စားပွဲပေါ်ကို သူတို့ယူလာကြတဲ့ပစ္စည်းတွေ အလျှို အလျှို လာချပေးကြတယ်။

ယူလာပေးတဲ့ပစ္စည်းတွေက စုံလို့ . . .

ကြည့်ပါဦး . . .

ဂွမ်းလိပ်တစ်လိပ် . . . ပတ်တီးတစ်လိပ် . . .

တင်ချာနဲ့ ပရုပ်ဆီတစ်ဘူး . . .

ရှူဆေးတစ်ဘူးနဲ့ အရက်ပြန် . . .

ပါဝါအားဖြည့်အချိုရည်တစ်ဘူး . . .

အရေးပေါ် သူနာပြုယာဉ်ခေါ် ရမယ့် ဖုန်းနံပါတ် . . .

အတော့်ကိုစုံတာ။

ပစ္စည်းတွေကိုကြည့်ပြီး ရဲကြည်မင်း တင်းနေတယ်၊ ယောင်ကိုင်းနေတယ်၊ ဖောင်းနေတယ်။

"မင်းတို့ ငါ့ကို အထင်စမောကြတယ်ပေါ့"

"အထင်ကိုမကြီးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည်ကို မင်းတို့ သိတယ်မဟုတ်လား"

"ကြည်မင်းရာ. . . သိတာကြာပြီပဲ"

"ကြည်မင်းရှေ့မှာ ဘာပါလဲ"

"ရဲပါတယ်. . . လက်ထိတ်ကြီးနဲ့"

"ဟေ့ကောင်, မနောက်နဲ့၊ ငါ့အဖေက အငြိမ်းစားရဲအရာရှိကွ"

"မင်းအဖေ ရဲဖြစ်တာနဲ့ မင်းနာမည် ရဲပါတာ ဘာဆိုင်လဲ"

"ဆိုင်တယ်ကွ. . . အခုငါ့အဖေဟာ အငြိမ်းစားယူပြီး စာရေးနေတာကွ၊ မောင်ချစ်(သရဲသမိန်)ဆိုတာ မကြားဖူးဘူးလား"

"ဟင့်အင်း . . . မကြားဖူးဘူး"

"ဘာ့ကွ, မောင်လစ်သရဲပေါ်မိန် ဟုတ်လား"

"နေဦးကွ၊ မောင်ချစ်ဆန်ကွဲစိန်ဆိုတာတော့ ငါဖတ်ဖူးသလိုပဲကွ၊ ဟိုကွာ စာရေးဆရာမ မွှေးတာမယ်ကြီး ရေးတာ"

"ဟေ့ကောင်, နန္ဒာမိုးကြယ်ရေးတာ နေမှာပေါ့ကွ"

"ဟာကွာ. . . နံတာမိုးကြယ်ဖြစ်မှတော့ မွှေးတာမယ်ကြီးဖြစ်မှာပေါ့ကွ၊ မင်းကတမှောင့် ငါက အပြန်အလှန်သီအိုရီနဲ့ပြောနေတာ"

"မင်းပြောတဲ့ သီအိုရီအရဆိုရင် စာရေးဆရာတွေထဲမှာ မောင်သွေးရင့်ဆိုတာရှိတော့ မောင်သွေးကြောင့်ဆိုတာလဲ ရှိရမှာပဲ"

"ဒါကတော့ကွာ ငါတို့သူငယ်ချင်း မိုးထိအောင် စာရေးဆရာလုပ်ရင် ပောင်သွေးကြောင်ဆိုတဲ့ ကလောင်နာမည်ပေးလိုက်ရုံပေါ့"

"နေဦးကွ၊ မောင်သွေးသစ်ဆိုတာရှိသေးတော့ မောင်သွေးဟောင်းဆိုတာလဲ ရှိသင့်တယ်"

"အံမယ်. . . မောင်သွေးချွန်ဆိုတာရှိသေးတော့ မောင်သွေးတုံးတစ်ယောက်လိုပြန်ရော"

"ကဲ. . . ကဲ, မင်းတို့ စာရေးဆရာ ကင်ပွန်းတပ်ပွဲလုပ်မှာလား၊ ရဲကြည်မင်းကိုစွလုပ်မှာလား ပြော. . ."

ရွှေမိုးညိုက ပွဲကိုခင်ထိန်းလိုက်တယ်။ လွဲသွားတဲ့လမ်းကြောင်းကို ပြန်တည့်ပေးလိုက်တယ်။ ရဲကြည်မင်းကိုလည်း အားပေးစကားပြောလိုက်သေးတယ်။





"သူငယ်ချင်း မင်းဘာပြောချင်လဲ ဆက်ပြော၊ မင်း ဒီနေ့ လှကြော့ရှင်း ရက်တိုစီမံကိန်းစမယ်မို့လား"

"အေးလေကွာ ဒီနေ့စမှာ၊ အဲဒါကို ဒီပစ္စည်းတွေ ငါ့လာပေးကြတာ အထင်စမောတာပေါ့၊ မင်းလဲပါတယ်"

"ငါက ပတ်တီးလေးတစ်လိပ် ပေးတာပါကွာ၊ လိုရမယ်ရပေါ့"

"မင်းကစပြီး ငါ့ကိုအထင်သေးတယ်ပေါ့၊ ငါ့နာမည် ရဲကြည်မင်း"

လို့ ပြောကာမှ ရွှေမိုးညိုက လက်ကမ်းပေးတော့ ရဲကြည်မင်းလဲ ယောင်တောင်တောင်နဲ့ လက်ပြန်ကမ်းမိလိုက်လေရဲ့။

ရွှေမိုးညိုက လက်ကိုလှုပ်ယမ်းပြီး . . .

"အေးကွာ. . . အခုလိုသိရတာ ဝမ်းသာပါတယ်၊ ကိုယ့်နာမည်လဲ မှတ်ထားဦး . . . ရွှေမိုးညိုတဲ့၊ သူငယ်ချင်းနာမည်က ရဲကြည်မင်းနော်၊ လှချင်းသာခင်နေတာ နာမည်ကို အခုမှဖွင့်ပြောလို့သိရတာ၊ ကြည်မင်း ရှေ့က ရဲကိစ္စရှင်းပြပါဦး"

ဆိုတော့မှ ရဲကြည်မင်းဒေါပွပြီး လက်ကို အတင်းဆောင့်ဆွဲယမ်းလိုက်လေရဲ့။

"အေပေး . . ."

"အေတော့-မပေးပါရစေနဲ့၊ ဘီယူကွာ. . . ဘီပိုးလေ. . ဘီပိုး. . ဟား . . ဟား"

သူ့ကိုဝိုင်းဟားကြလို့ ရဲကြည်မင်း မျက်နှာကြီးနီရဲလို့၊ တကယ် ဒေါပွနေတာ။

သူ့ကို ဒီလောက်အထင်သေးတဲ့ကောင်တွေ သူ့အစွမ်းကို ဒီနေ့ပြလိုက်မဟဲ့လို့လည်း အားခဲထားလိုက်တယ်။

သူတို့ကိုလည်း စကားမပြောတော့ဘဲ ရေနွေးတစ်ခွက်ငှဲ့ပြီး မော့ချလိုက်တယ်။

"ဖလူး . . . ဖလူး . . . အား . . . ပူတယ်ဗျ"

ရဲကြည်မင်း စိတ်ဆိုးမာန်ဆိုးနဲ့ ဒေါပွပြီး ရေနွေးအပူကြီးကို ကောက်မော့လိုက်မိတာ။ ပူလွန်းလို့ ထွေးထုတ်တော့လည်း အနားမှာရှိတဲ့ မောင်ချိုကို ထွေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် . . . မကျေနပ်ရင် လူချင်းစိန်ခေါ်ကွ၊ ဘာဖြစ်လို့ ရေနွေးနဲ့ငုံထွေးရတာလဲ၊ လာ . . ချမလား"

လူပုစိတ်တို မောင်ချိုက ရဲကြည်မင်းကို ထကောတော့တာ။ စိန်လည်းခေါ်တယ်။ အနားကတွေ့ရတဲ့ အုတ်ခဲကျိုးကိုလည်း ကောက်ကိုင်လိုက်တော့ အားလုံးမျက်လုံးပြူးကုန်ကြတယ်။ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ပြီပေါ့။

"မောင်ချိုကလဲကွာ . . . မတော်လို့ဖြစ်တဲ့ဥစ္စာကို အုတ်ခဲကြီးကောက်ကိုင်ရတယ်လို့၊ ပြန်ထားလိုက်"

"ဟုတ်သားပဲကွာ . . . အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ကုန်ပဲ့မယ်"

"ဘာ၊ သွေး . . . သွေး"

အရေးထဲ သွေးဆိုတဲ့အသံကြားတာနဲ့ မိုးထိအောင် တက်မလိုဖြစ်ပါရော။

ရွှေမိုးညိုက ကမန်းကတန်းပြေးနိုပ်ပြီး . . .

"ဟေ့ကောင် သွေးမဟုတ်ဘူး၊ ထွေး . . ထွေး . . ထွေးတာကိုပြောတာကွ ဟား . . . ဟား . . . လုပ်ပါဦး"

"ထွီ . . . ထွီ"

သွေးမဟုတ်ဘူး ထွေးဆိုတာနဲ့ မိုးထိအောင်က ထွေးထည့်လိုက်တာ တံတွေးတွေ ရွှေမိုးညိုရင်ဘတ်ကို တန်းခနဲပဲ။

ရွှေမိုးညို စကားဆုံးအောင်မပြောလိုက်နိုင်ဘူး . . .။

ရင်ဘတ်က တံတွေးတွေကိုတစ်လှည့် မိုးထိအောင်ကိုတစ်လှည့် ကြည့်တယ်။

"မင်းက ငါ့ကိုတံတွေးနဲ့ထွေးတယ်"

"မင်းပဲထွေးဆို . . ."

မိုးထိအောင်က သူဘာမှမသိသလိုဘဲ၊ အေးဆေးပဲ။

"တက်မှာစိုးလို့ သွေးကိုပြောတာမဟုတ်ဘူး၊ ရဲကြည်မင်း ရေနွေးပူလို့ ထွေးထုတ်မိတာ ပြောမလို့ဟာ . . ."

"မင်းက သေချာမှမပြောဘဲ"





"မင်းကကော ဆုံးအောင်နားထောင်လို့လား ခွီးမှပဲ . . မင်းတတမှောင့်၊ ကဲ၊ မောင်ချို အုတ်ခဲပြန်ထားလိုက်"

"မထားဘူး . . . ချရမှ ကျေနပ်မယ်"

မောင်ချိုက အုတ်ခဲကျိုးကိုင်ပြီးပြောနေတော့ ရဲကြည်မင်း မျက်နှာငယ်လေးနဲ့ ဖြစ်နေရှာတယ်။

သူတို့အဖြစ်တွေကိုကြည့်နေတဲ့ ဆိုင်ရှင်က မနေသာတော့ဘဲ ထ၊လာပြီး ဖျန်ဖြေတယ်။

"သား . . . လိမ္မာတယ် ခဲကိုပြန်ထားလိုက်နော်"

"မရဘူး . . . ချရမှကျေနပ်မယ်"

"မလုပ်ပါနဲ့ သားရယ် . . . လိမ္မာပါတယ်"

"မလိမ္မာဘူး၊ ကျွန်တော့်အိမ်က ကျွန်တော့်ကို မိုက်ကန်းကန်းနဲ့လို့ ပြောကြတာ"

"သူတို့ မှားပြောတာနေမှာပါကွာ"

"အမယ်လေး . . . အိမ်ကအဖေထက်တောင် သူကပိုသိနေတယ်၊ ခင်ဗျားက အဖေလား၊ အဖေက အဖေလား"

"အယ် . . ."

ဆိုင်ရှင်ဆံရာကြီး မဖြေတတ်တော့ဘူး။

မေးခွန်းကတော့ ရှင်းရှင်းလေးပဲ။

ဒါပေမယ့် . . . .

လှည့်မေးထားတာ။

မေးခွန်းကလွယ်မယောင်နဲ့ ဖြေရခက်တယ်။

ပထမမေးတာက ခင်ဗျားက အဖေလားတဲ့။

ဒါကတော့ ဖြေလို့မဖြစ်ဘူး။ ဟုတ်မှဟုတ်ပဲရယ်။

ဒုတိယမေးတာကတော့ အဖေက အဖေလားတဲ့။

ဒါက ဟုတ်ပြီးသားကြီး . . . သိပြီးသားကြီးကို၊ ဟုတ်တယ်ဖြေလိုက်ရင် ငပေါကြီးဖြစ်ဦးမှာ။

ဆိုင်ရှင်ကလည်း လည်တယ်။

မေးခွန်းကိုမဖြေဘူး . . . လှည့်ပတ်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သားကလဲကွာ. . . လူလိမ္မာသား ယဉ်ပါးတဲ့ စကားနားထောင်နော်"

"ခင်ဗျားမှားသွားပြန်ပြီ၊ ကျွန်တော့်အဖေကလူမိုက် တစ်ရပ်ကွက်လုံးနဲ့ မတည့်ဘူး၊ အရက်မူးပြီးရစ်နေတာ နေ့တိုင်းပဲ"

မောင်ချိုက ကြော်ငြာဝင်နေသေးတာ၊ သူ့ရဲ့မိဘဂုဏ်အင်ကြော်ငြာကို ဝင်ထိုးပြနေသေးတာ။

ဘယ်လိုမှဖျောင်းဖျမရဘဲ ရှိနေခိုက်ပဲ မောင်ချိုက. . .

"ကြာတယ်ဗျာ. . . ခဲကိုင်တာ ချဖို့၊ ချရမှ ကျေနပ်မယ်"

ဆိုပြီး ဆိုင်ပြင်ပြေးထွက်သွားတယ်။ ဆိုင်ထဲမှာ မချချင်လို့ ဆိုင်ပြင်ကနေ ချလုင်းလုပ်မယ်ထင်ပြီး အားလုံးကြက်သေ,သေနေကြတယ်။ ငှက်တွေကတော့ မသေဘူးရယ်။

နည်းနည်းတော့ကြာသွားတယ်။

ဆယ့်ငါးစက္ကန့် . . .

မောင်ချိုထံက ချလင်းသံထွက်မလာဘူး။

နှစ်ဆယ့်ငါးစက္ကန့် . . .

ဟင့်အင်း . . .

ဘာသံမှမကြားရသေးဘူး။

စက္ကန့်သုံးဆယ်. . .

"ဖုန်း . . ."

ဆိုတဲ့ အသံကြားလိုက်တာနဲ့ စက္ကန့်သုံးဆယ်တိတိပဲ။ ချိန်ကိုက်ဗုံး ထင်စရာပဲ။

မောင်ချို ချလိုက်တာကတော့ အမှန်ပဲ။

အုတ်ခဲကျိုးကြီးကို လွတ်ရာကင်းရာမှာ သွားပစ်ချလိုက်တာ။

လက်ကလေးခါပြီး ပြန်ဝင်လာရင်း ပြောသေးတာ။

"ဘယ့်နှယ့်ဗျာ. . . ဆိုင်ထဲမှာ အုတ်ခဲကျိုးထားရတယ်လို့ မတော်ခလုတ်တိုက်မိရင် မခက်လား၊ မတော်ရန်ဖြစ်လို့ ကောက်ထုရင် မခက်လား" လို့ပြောတယ်။

ပြီးတော့ သူက . . .





"ဒီလိုအမြင်မတော်တာ မြင်ရင် ကျွန်တော်မနေတတ်ဘူး၊ လွတ်ရာကင်းရာမှာ သွားချထားရမှကျေနပ်တာ" တဲ့။

ကဲ, ဘာပြောဦးမလဲ။

ဟင့်အင်း . . . ။

ဘာမှမပြောကြတော့ဘူးရယ်။

ပြုံးစိပြုံးစိနဲ့ ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြတယ်။

ဆိုင်ရှင်ကတော့ တိုးတိုးလေးညည်းတယ်။

"ငါ လက်ဖက်ရည်ဆိုင်လာဖွင့်မိတာ မှားပြီထင်တယ်၊ ရွာပြန်ပြီး ငရုတ်ပြန်စိုက်မှပဲထင်ရဲ့"

အားလုံး ငြိမ်သက်စွာထိုင်နေကြတယ်။ ဘာမှမပြောကြတော့ဘူး။ ကိုယ့်အတွေးနဲ့ကိုယ်ပဲ။

ရဲကြည်မင်းကတော့ အပြင်ဘက်ကိုမျှော်နေတယ်။

သူမျှော်နေတာက လှကြော့ရှင်းကိုပဲ။

လှကြော့ရှင်းလာရင် သူ ထ,လိုက်သွားမယ်။ စကားနည်းနည်းပြောမယ်။

စာတစ်စောင်ပေးလိုက်မယ်၊ ဒါပဲ။

ရက်တိုစီမံကိန်းက ဒါပဲ၊ ဒီလောက်ပဲ။

ဘာမှ အစဉ်ပြေစရာမရှိဘူး။

စာတစ်စောင်ပေးတာ ဘာမှမဆန်းဘူး။

တချို့ကောင်တွေဆို မိတ္တူတွေပွားလာပြီး ဟောတစ်စောင် ဟောတစ်စောင် ထုတ်ပေးသွားတာ။

ဒီနေရာမှာ စာပေးတာ ဘာမှမဆန်းဘူး။ တချို့ဆို စာပေးစာယူနဲ့ပဲ အောင်လာကြတာရယ်။

ပြောမယ့်သာပြောရတာ။

ရဲကြည်မင်းက လှကြော့ရှင်းကိုကြောက်တယ်။ မြန်မာစာမှာ အတူတူပဲ။

ပထမနှစ်ထဲက ကြိုက်တာ။ အခု ဒုတိယနှစ်အထိ စာမပေးမြင်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



စကားနှံ့လား။

ဟင့်အင်း . . .

သုံးခွန်းပြည့်အောင် မပြောရဲဘူး။ သူငယ်ချင်းတွေနဲ့အတူ ပြောဖူး ဆိုဖူးတာလောက် တစ်ဝိုင်းထဲထိုင်တာလောက်ပဲရှိဖူးတယ်။

လှကြော့ရှင်းကိုကြိုက်တာလည်း အသေကြိုက်။

ကြောက်တာလည်း အသေကြောက်။

ဒါပေမယ့် . . .

အခုတော့ အားမွေးလိုက်ပြီ။

တကယ်ကို စာတစ်စောင်ပေးတော့မှာ။

စာကလည်း ရေးပြီးအသင့်ပဲ။

"လှကြော့ရှင်းရေ လာပါတော့ . . . ရဲလေးတမော့မော့ . . ."

လို့တောင် ရင်ထဲက မျှော်နေမိသေးတာ။

တကယ်. . . . ။

တကယ်ပေးတော့မှာ. . .။

❁ ❁ ❁

## အခန်း (၃)

"ဟဲ့၊ သမီး လှကြော့ရှင်း ပြင်လို့မပြီးသေးဘူးလား၊ ညည်းဥစ္စာ ကျောင်းသွားမှာလား ရှုတင်သွားမှာလား"

"ပြီးပါပြီ အမေရဲ့၊ ဒီမှာ အင်္ကျီနဲ့လုံချည်ကမလိုက်လို့ ပြန်လဲနေရလို့ပါ"

လှကြော့ရှင်းက အဝတ်လဲပြီး အိပ်ခန်းထဲက ထွက်လာတယ်။

"ဟင်၊ သမီးဝတ်ထားတာကလဲ အရောင်တောက်တောက်ကြီး ပါလား"

"ဒီလိမ္မော်ရောင်ဝမ်းဆက် မဝတ်တာကြာပြီ အမေရဲ့၊ နောက်ဆို ဝတ်လို့တော်မှာ မဟုတ်တော့ဘူး၊ အခုနေ ချဝတ်ပစ်မှဖြစ်မှာ၊ အမေ သမီးလှရဲ့လား"

"လှပါ့အေ. . . ညည်း ငါနဲ့တူတာကို ကောင်းတယ်မှတ်၊ ညည်း ဖအေနဲ့တူလို့ကတော့ လှကြော့မည်းဖြစ်နေမှာ"

လှကြော့ရှင်းရဲ့မိခင် ဒေါ်လှအုံးမယ်ရဲ့စကားကြောင့် ဧည့်ခန်းမှာ စာဖတ်နေတဲ့ ဖခင် ဦးကြော့မောင် မျက်မှောင်ကုတ်ကြည့်တယ်။

ဒေါ်လှအုံးမယ်က ဦးကြော့မောင်ကို မဲ့ပြပြီး တစ်ဖက်သို့လှည့်သွားတယ်။

ဦးကြော့မောင်က အညာသား။ အသားတော့ညိုတယ်။

ဒါပေမယ့် အရုပ်အမောင်းကောင်းတယ်။ ဥပဓိရုပ် ခံ့တယ်။

ဒေါ်လှအုံးမယ်ကလည်း ဖြူဖြူတုတ်တုတ်ခွံ့ခွံ့ကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



“တစ်ဆယ်ပြန်မအမ်းတဲ့ စပယ်ရာ သေရင်ရော ဘာဖြစ်တတ်လဲ ဗြော. . .” လို့ ထ,မေးတယ်။

စပယ်ရာ ငြိမ်သွားတယ်။ ဘာမှပြန်မပြောဘူး။ သူတို့ တစ်ဆယ် ပြန်မအမ်းတာက များလှပြီ။ အကြွေမရှိဘူးဆိုပြီး အကြောင်းပြ ပြန်မအမ်းတာ။ အကြွေတစ်ဆယ်ပြန်မအမ်းလို့သာ သေရင် တစ်ခုခုဖြစ်ရမယ်ဆို မစားသာလှဘူး။ ငရဲကျမယ်ဆိုလည်း ပြန်လွတ်ဖို့လမ်း မမြင်လှဘူး။

လှကြော့ရှင်း . . . ဟင့်အင်း . . .

ကျွန်မလည်း ကားခမပေးရသေးဘူး၊ ပေးမှာပါ။ ကားတာယာတော့ အဖြစ်မခံနိုင်ပေါင်၊ ခွေးချေးကြိတ်မိရင် နံလိုက်မယ့်ဖြစ်ခြင်း။

ရှေ့တိုးဆိုလို့ ရှေ့ရောက်အောင် ငါးဖယ်တိုး,တိုးနေရတာ၊ သံယာ တော်ထိုင်ခုံဆိုတဲ့ ခုံနားတောင်ရောက်တော့မယ်။ အဲဒီမှာတင် လှကြော့ရှင်း တစ်ယောက် သေချင်စော်ကိုနံ့သွားတော့တာပဲ။

ဘယ်သူရှိရမလဲ၊ ကိုရွှေစပယ်ရာပေါ့။

သေချာမကြည့်ဘဲနဲ့ သံယာတော်ထိုင်ခုံကလူကို လှမ်းပြောတာ။

“သံယာ ော်ထိုင်ခုံကလူ ဖယ်ပေးပါ၊ ဦးဇင်းတစ်ပါးကြွလာတယ်”

တကယ်တော့ အနားမှာ ဘယ်ကဦးဇင်းမှမရှိတာ။ ဝါဝါဝတ်ထား ကားဆိုလို့ လှကြော့ရှင်းတစ်ယောက်ထဲ။ သေချာမကြည့်ဘဲစွတ်အော်တာ၊ ခုံပေါ်ကလူကလည်း တော်ရှာပါတယ်။ သူလည်း သေချာမကြည့်ဘူး။

အနားလာရပ်တဲ့ အဝါရောင်မြင်တာနဲ့ မော့တောင်မကြည့်ဘူး။

“ဦးဇင်း ဒီကိုကြွ. . .” ဆိုပြီး ထပေးတော့တာပဲ။

သိပ်လိမ္မာနေလိုက်ကြတာ။ လှကြော့ရှင်း ဘာလုပ်ရမှန်းမသိဘူး။ ဝင်ထိုင်ရနိုးနိုး တွေသွားတယ်။ ရှက်လည်းရှက်လိုက်တာ။

“ဟယ်. . . မထူးပါဘူး” ဆိုပြီး ဝင်ထိုင်လိုက်မှ ဖယ်ပေးတဲ့လူက မျက်လုံးပြူးကြည့်တယ်။ သူမျက်လုံးပြူးတော့ လှကြော့ရှင်းက မျက်လုံး မှိတ်ထားလိုက်တာပေါ့။

ဒါတောင် ဟိုလူက တိုးတိုးပြောတာကို ကြားလိုက်မိသေးတယ်။

“ဟုတ်လည်းဟုတ်ပဲနဲ့” တဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟော့ကောင် . . . ရဲကြည်မင်း . . ဟိုမှာ"

"ဘယ်မှာလဲ . . ."

"ဟိုမှာကွာ . . ."

ရွှေမိုးညိုပြတဲ့နေရာကို ရဲကြည်မင်းကြည့်လိုက်တယ်။

ဟုတ်တယ်။ လိမ္မော်ရောင်ပန်းလေးက ရွှရွှလေးပွင့်လာတယ်။

သူမှသူအစစ် . . .

လှကြော့ရှင်း . . . သို့မဟုတ် . . ချစ်သူ . . .

သိပ်ချစ်ရတဲ့ချစ်သူ . . . လှလိုက်တာ စက်စက်ယိုပဲ။

သြော် . . . ဒါကြောင့်မို့ လှကြော့ရှင်းလို့ခေါ်ကြတာ။

လှလိုက်တဲ့ချစ်သူ 'ကြော့'ရယ်။ 'ရှင်း'ကိစ္စလေး ရှင်းဦးကွယ်။

သူ့ရက်တိုစီမံကိန်းစဖို့ ရဲကြည်မင်းအသင့်ပြင်လိုက်တယ်။

လုံ့ချည်ကို ပြင်ဝတ်လိုက်တယ်။

လွယ်အိတ်ထဲက စာကိုနှိုက်ကြည့်တယ်။ ရှိတယ် . . အသင့်ပဲ။

သုံးမိနစ်လောက်သွားပြီ။

လှကြော့ရှင်း သူတို့ရှိရာဆိုင်ရှေ့က ဖြတ်လျှောက်သွားပြီ။

တစ်ယောက်တည်းမှ တစ်ယောက်တည်း . . . ။

"ဒါအကွက်ပဲကွ . . ."

ဧယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



"ပွေးကွက်လား . . ."

"ပေးကွက်ကွ . . စာပေးဖို့အကွက်ပဲ၊ ကဲ၊ ငါလိုက်သွားပြီ . . . မင်းတို့ကြည့်နေကြ"

ရဲကြည်မင်း တကယ်ထွက်လိုက်သွားတာ။

လှကြော့ရှင်းက အတော်လှမ်းသွားပြီ။

ရဲကြည်မင်း မမီဘူး။ ဒါနဲ့ လှမ်းခေါ်ကြည့်တယ်။

"ဒီမှာ လှ . . . လှ . . ."

"ဒီမှာ ကြော့ . . . ကြော့ . . ."

"ဒီမှာ ရှင်း . . . ရှင်း . . ."

နာမည်ကို တစ်လုံးချင်းခွဲခေါ်နေလို့လားတော့ မသိဘူး၊ ဟိုက လှည့်လည်းမကြည့်ဘူး၊ ဂရုလည်းမစိုက်ဘူး။

ဒါနဲ့ ရဲကြည်မင်း ပြေးလိုက်တယ်။ ပြေးလိုက်ရင်း လွယ်အိတ်ထဲ နှိုက်တယ်။

"ဒီမှာ . . . ဒီမှာ . . ."

မီခါနီးမှ လှမ်းခေါ်လိုက်သေးတယ်။ ဒါဟာ ရဲကြည်မင်းအတွက် နောက်ဆုံးခေါ်ခြင်းပဲ။ ခေါ်သံ မဆုံးလိုက်ဘူး။

"ဝုန်း . . ."

"အမယ်လေး . . ."

ဆိုတဲ့အသံတွေနဲ့အတူ ထိတ်လန့်ရင်တုန်ဖွယ်ရာ မြင်ကွင်းတစ်ရပ်ကိုမြင်ရတော့တယ်။

"ဒီမှာ . . . ဒီမှာ" ဆိုပြီး အမီလိုက်တဲ့ ရဲကြည်မင်း ခလုတ်တိုက်ပြီး မှောက်လျက်လဲတော့တယ်။

သူဟာသူလဲရင် ဘာမှပြဿနာမရှိဘူး။ အခုတော့ ရာဇဝတ်အိုးတုတ်နဲ့ထိုးသလို ဖြစ်သွားပြီ။ မှောက်လျားလဲတော့ ကြောက်အားပိုပြီး ဆွဲမိဆွဲရာလှမ်းဆွဲလိုက်တာက လှကြော့ရှင်းရဲ့ ထမီစကို ဖြစ်နေတယ်။

စကတ်ထမီဆိုတော့ မကျွတ်ဘူး။

ဝမ်းလျားမှောက်ကြီးနဲ့ စကတ်ထမီလိမ္မော်ရောင်ကို အကြောက်လွန် ဆုပ်ကိုင်ထားတဲ့ ရဲကြည်မင်းကို လှကြော့ရှင်းက ငုံ့ကြည့်ပြီး . . .





"လွှတ် . . . လွှတ် . . . ကြည့်စမ်း ထမီဆွဲချွတ်တယ်၊ လူယုတ်မာ ဆရာနဲ့တိုင်မယ်"

သွားပြီ။ လှကြော့ရှင်း မကျွတ်ဘဲ ရဲကြည်မင်း ကျွတ်နေပြီ။

"မဟုတ်ပါဘူးဗျာ . . စာ . . စာ . . စာပေးမလို့ လိုက်ရင်း . . . ခလုတ်တိုက် . . ."

"ကြည့်စမ်း . . . ထမီလဲဆွဲချွတ်သေး စာလဲပေးဦးမလို့တဲ့ . . . စော်ကားလိုက်တာ အယုတ်တမာ"

ပွဲက လုံးဝကြည့်မကောင်းဘူး။ ရှုံးပြုတ်ဖြစ်နေတယ်။

အားလုံးလည်း ဝိုင်းကြည့်နေကြတယ်။ ရယ်လိုက်ကြတာလဲ သောသောညံနေတာပဲ။ ကြောက်ကြောက်နဲ့ဆုပ်ကိုင်ထားတဲ့ ထမီစကို ရဲကြည်မင်း မလွှတ်ဖြစ်သေးဘူး။

လှကြော့ရှင်းက ပြန်ဆွဲထားရာကနေ ကိုယ်ကိုထိန်းထားရတာ၊ ဟိုကမလွှတ်တော့ ဆောင့်ဆွဲလိုက်တယ်။ ဒီတော့မှပဲ ထမီက ကျွတ်ကျွတ်လွတ်လွတ်ဖြစ်သွားတယ်။ လွက်လပ်စွာ ခရီးဆက်သွားတယ်။

"သေချင်းဆိုး . . . ကာလနာ . . . ဒုံးကျည်ထိ . . . ဆရာနဲ့ သွားတိုင်မယ်"

လှကြော့ရှင်းက ပွစိပွစိလုပ်ရင်း ထွက်သွားတယ်။

'ထွီ' ခနဲ တံတွေးထွေးသွားသေးတာ။

တော်သေးတယ်၊ ရဲကြည်မင်းခေါင်းပေါ် ထွေးမသွားလို့။ ဒါပေမဲ့ မျက်နှာကို နည်းနည်းစင်သွားသေးတယ်။ စင်ထားတဲ့ တံတွေးကိုလည်း ရဲကြည်မင်း သုတ်မပစ်ဘူး။ ကုန်းလည်း မထသေးဘူး။

လမ်းနဲ့ သုံးလက်မလောက်လွှတ်ရင်း ရွှေ့လျားနေတဲ့ လှကြော့ရှင်းရဲ့ခြေဖနောင့်လေးကို ငေးကြည့်နေမိတယ်။

မျက်ရည် . . .

ဟုတ်တယ် . . .

မျက်ရည်တွေပဲ . . .

ရဲကြည်မင်းရဲ့မျက်လုံးအိမ်ကနေ ပါမစ်မယူဘဲ လိမ့်ဆင်းလာကြတာ။



www.burmeseclassic.com

www.burmeseclassic.com



လှကြော့ရှင်းရဲ့ခြေထောက်လေးတွေ မြင်ကွင်းထဲကပျောက်သွားတော့မှပဲ တစ်စုံတစ်ရာကိုမြင်လို့ စူးစိုက်ကြည့်မိတယ်။

ခွေးချေး . . .

ဟုတ်ပါရဲ့ . . . ခွေးချေးပုံပဲ . . .

ခွေးချေးပုံထဲ မျက်နှာအပ်ငိုချလိုက်ရမလားလို့တောင် တွေးမိနေသေးတာ။ နံမှာစိုးလို့ . . . အန်မှာစိုးလို့ မလုပ်တာ။

ရဲကြည်မင်း ဘာလုပ်ရမှန်းမသိဘူး။ ဝမ်းလျားမှောက်လျက်ကြီးကကို မထနိုင်သေးတာ။ မိကျောင်းမှိုင် မှိုင်နေတယ်လို့ ဆိုရမလားဘဲ။ မျောက်မှိုင်ဆို ထိုင်မှိုင်မှာပေါ့ ဟုတ်ဖူးလား။

ဟုတ် . . .

ဟုတ်တာ .အရေးမကြီးဘူး။ ကျောင်းသားတွေက ဝိုင်းကြည့်ပြီး တစ်ယောက်တစ်ပေါက် ဝေဖန်နေကြတာကလား။

"မြင်းမြီးဆွဲ မောင်စံကို အားကျလို့နေမှာ"

"သူက မြင်းမြီးဆွဲတာမှ မဟုတ်ဘဲ၊ စကတ်သွားဆွဲတာ၊ စကတ်ဆွဲမောင်ဖန်ပေါ့ကွ"

"တော်သေးတာပေါ့ ရိုးရိုးစကတ်သွားဆွဲမိလို့၊ စကတ်ဒုံးကျည်သာသွားဆွဲလို့ကတော့ အရိုးအသားတခြားစီနေမှာပဲ"

"ဒါတောင် ကောင်မလေးက စကတ်ဒုံးကျည်နဲ့ပစ်မယ်လို့ ကြိမ်းသွားသေးတာ . . ဟား . . . ဟား"

ဝေဖန်သံတွေကတော့ညံ၊ ရယ်မောသံတွေကလိုက်နဲ့ ရဲကြည်မင်း မထရဲသေးဘူး။ ချော်လဲရောမှောက် လုပ်နေမိတယ်။

ဒီမှာတင်ဆိုင်ထဲကကြည့်နေကြတဲ့ ရွှေမိုးညိုတို့အုပ်စုပြေးထွက်လာကြတယ်။ ဂွမ်းလိပ်တွေ၊ ပတ်တီးတွေ၊ တင်ချာဆေးပုလင်းတွေပါ ဆွဲလာကြတာ။

"ဟိုမှာ ကြက်ခြေပြာတွေ သွားကုန်ကြပြီ"

"ကြက်ခြေနီပါကွာ"

"ဟ, ဒီကောင်တွေက ပြာတာပြာတာနဲ့ဟ . . . ကြက်ခြေပြာပဲ ဖြစ်မှာပေါ့"





ပြုံးစိပြုံးစိနဲ့ပြောနေကြတာ ကောင်မလေးတွေလည်းပါတယ်၊

ရဲကြည်မင်းကတော့ ထ,ကိုမထ,တော့တာ။

"ဟေ့ကောင် . . . ရဲကြည်မင်း၊ မင်း ဘာဖြစ်သွားသေးလဲ၊ မထ,နိုင်ဘူးလား . . ."

"ထ,နိုင်ပါတယ်ကွာ . . . ရှက်လို့ပါ"

"ရှက်မနေနဲ့ ထ . . . အားလုံးဝိုင်းကြည့်နေကြတယ်"

"အဲဒီလိုကြည့်နေလို့ မထ,ရဲတာပေါ့ကွ"

ရဲကြည်မင်းက မျက်နှာငယ်လေးနဲ့ပြောတယ်။ တကယ်လည်း မထ,သေးဘူး။ မှောက်နေတာမှ ကောင်းဦးမယ်။ ထ,လိုက်မှ ဘယ်သူမှန်းသိကြမယ်။

ရှက်လိုက်ပါဘိတော့။ လဲသာသေလိုက်ချင်စမ်းပါဘိ။

လဲတာတော့လဲနေပြီ။ သေဖို့တော့ကြောက်တယ်။

"နေဦး . . . ငါ လူရှင်းပေးမယ်၊ လူရှင်းမှ မင်းထ . . . ဒါဆို မင်းမှန်းမသိကြတော့ဘူး" လို့ အကြံပေးရင်း ရွှေမိုးညိုက ထသွားတယ်။

ရဲကြည်မင်းက သူဘာပြောမလဲ မှောက်လျက်ကြီးကနေ နားစွင့်ထားတယ်။ ဒီကြားထဲ အတော်စပ်စုတဲ့ ကျောင်းသားတစ်ယောက်က "ဘယ်သူများပါလိမ့်"ဟုဆိုပြီး လာငုံ့ကြည့်လို့ မျက်နှာဝှက်လိုက်ရသေးရဲ့။

ဝူး . . . ရှက်လိုက်တာ။

"ကဲ, ဘော်ဒတို့ မော်ကညာတို့ရေ . . . တောင်းပန်ပါရဲ့၊ မင်းတို့ကြည့်နေရင် မြန်မာစာ ဒုတိယနှစ်က ရဲကြည်မင်းဆိုတဲ့ကောင် ထ,မှာမဟုတ်ဘူး သူ သိပ်ရှက်နေတယ်၊ သူမှန်း လူမြင်သွားမှာစိုးလို့ ကိုယ့်လမ်းကိုယ်ဆက်သွားကြပါနော်၊ မင်းတို့သွားမှ သူထ,မှာတဲ့၊ သူ့ကို ဘယ်သူဆိုတာ မသိချင်ကြပါနဲ့တော့နော်"

ရွှေမိုးညိုက အားလုံးကိုတောင်းပန်လိုက်တယ်ဆိုရင်ပဲ ကြည့်နေသူတွေအားလုံး ကျေနပ်သွားကြတယ်။

"ဟေး . . . သိပြီကွ" ဆိုပြီး ပြန်ပြေးကြတယ်။

ရွှေမိုးညိုက မျက်မှောင်ကုတ်ပြီး စဉ်းစားတယ်။

မေးထောက်စဉ်းစားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာများသိသွားကြပါလိမ့်"

လို့ စဉ်းစားပေမယ့် အဖြေမပေါ်ဘူး။ ဒါနဲ့ ရဲကြည်မင်းကို ထူဖို့ ထ,သွားတယ်။

ဟိုက် . . .

ရဲကြည်မင်း ဘာဖြစ်ပြန်ပါလိမ့်။

မိုးထိအောင်တို့ မောင်ချိုတို့ ဝိုင်းနှာနှပ်နေကြတယ်။

ခြေမ,ချိုးပေးတဲ့လူနဲ့ . . . ပရုပ်ဆီလိမ်းပေး . . . ရှူဆေးတွေပေးနဲ့ အလုပ်ရှုပ်နေကြတယ်။

"ဟ, ခုန အကောင်းကြီး . . . အခု ဘာဖြစ်သွားတာလဲ"

"တက်သွားတာကွ . . . တက်သွားတာ၊ မင်းပြောတာကို နားထောင်ရင်း တက်သွားတာ"

"ဟာ, ငါ ဘာပြောမိလို့လဲ၊ စေတနာနဲ့ လူသွားရှင်းပေးတာကို"

"အေးလေ . . . မင်း လူရှင်းကောင်းလို့ အရှက်လွန်ပြီးတက်သွားတာကွ . . ."

မောင်ချိုကပြောတော့ ရွှေမိုးညို စဉ်းစားတယ်။ မေးထောက်ပြီး စဉ်းစားတယ်။

"ဟယ်, ဟုတ်သားပဲ၊ မြန်မာစာ ဒုတိယနှစ်က ရဲကြည်မင်း ဆိုမှတော့ သွားပဟ. . ."

လို့ပြောရင်း ကိုယ့်ပါးကိုယ်ရိုက်လိုက်လေရဲ့။

သူ အပြောကောင်းလို့ ရဲကြည်မင်းခမျာမှာတော့ ရှက်သေးတွေတောင် ဖြာလို့ . . . ။

ဟုတ်ပါ့ . . . ရဲကြည်မင်းတစ်ယောက် မေ့ရုံတင်ဘယ်ဟုတ်မလဲ၊ ရှူးရှူးတွေတောင်ထွက်လို့ . . . ။

အရှက်လွန်သွားတာ။ အရှက်လွန်သွားတာ။

❁ ❁ ❁

အခန်း (၅)

ရဲကြည်မင်း ကံမကောင်းဘူး။

မနေ့က ရှက်သေးတွေဖြာပြီး သတိတောင်လစ်သွားလို့ နှာနှပ်ယူရတယ်။

ဒီနေ့တော့ ဆရာ့ရှေ့မှောက်ရောက်နေရပြီ။

ခေါင်းလေးငုံ့လို့။

ခေါင်းကိုမဖော်ရဲတာ။

စွဲချက်တင်တဲ့သူက ဘယ်သူ့ရှိဦးမလဲ။

လှကြော့ရှင်း . . .

သိပ်ချစ်ရတဲ့ လှကြော့ရှင်း . . .

သူ သိပ်သိချင်တဲ့ 'ရှင်း'ကိစ္စကို ရှင်းရှင်းလင်းလင်းမသိရခင် သူ စစ်ကြေညာထားတဲ့ သုံးရက်မြောက်နေ့မှာ ဆရာ့ရှေ့မှောက် ပြဿနာရှင်းဖို့ ရောက်နေရပြီ။

ဆရာ့အနားမှာ ရောက်နေတာကတော့ . . .

လှကြော့ရှင်း . . .

လှဆဲ . . .

ကြော့ဆဲ . . .

မော့ဆဲပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးနှစ်လွှာက မဲ့မလိုလို ထော့မလိုလိုဘဲ။

မကြည့်ရဲဘူး။

ရဲကြည်မင်း လှကြော့ရှင်းကို မကြည့်ရဲဘူး။

သူက . . .

နှုတ်ခမ်းလေးနဲ့ လူသတ်တော့မှာ . . .

ကြောက်တယ် . . .

သိပ်ကြောက်တယ် . . .

ရဲကြည်မင်း နှုတ်ခမ်းသားလေးကို တုန်ယင်နေတယ်။

တကယ့်ကို ကြောက်နေတာ။

ဒူးတွေတောင် တဆတ်ဆတ်တုန်လို့။

"ကဲ, လှကြော့ရှင်း . . ပြော. . တိုင်မယ်ဆိုတာ ဘာကိစ္စလဲ၊ သူမင်းကို ဘာလုပ်လို့လဲ"

"ဟုတ်ကဲ့. . . သူ ကျွန်မထမိကို ဆွဲချွတ်တယ်"

"ဟယ်. . ."

'တယ်'ဆိုတာ ဆရာ့ပါးစပ်က ထွက်သွားတာ။

ဆရာ ပါးစပ်ပြဲသွားတယ်။

သူ့တစ်သက်မှာ တိုင်ချက်တွေအမျိုးမျိုးတိုင်တာ ကြားခဲ့ဖူးပြီ။

အခုလို တိုင်ချက်မျိုးက တစ်ခါမှမကြားဖူးဘူးရယ်။

"သမီး . . . ဘာပြောတယ်"

"သူ ကျွန်မထမိကို ဆွဲချွတ်တယ်"

"ဟုတ်ရဲ့လားကွယ်"

"ဟုတ်ပါတယ်"

"ဘယ်နားမှာလဲ"

"လမ်းမပေါ်မှာပါ"

"ဟယ်, တော်တော်အတင့်ရဲတာပဲ"

"နေပါဦး . . ဘယ်လိုစဖြစ်တာလဲ"

"မသိဘူး . . နောက်ကနေ ဒိုင်ဗင်ထိုးပြီး လှမ်းဆွဲချွတ်တာပဲ"

"ကျွတ်လား"





"မကျွတ်ဘူး . . . သမီးကမြန်တယ်၊ ချက်ချင်း ထမီကိုပြန်ဆွဲထားလိုက်တာ၊ သူက တော်တော်နဲ့မလွှတ်လို့ အတင်းဆောင့်ဆွဲလိုက်ရသေးတယ်"

"အင်း . . . တစ်ခုခုတော့မှားနေပြီ ထင်ပါတယ်ကွယ်"

"မမှားပါဘူး၊ သူက စာတောင်ပေးဦးမလို့တဲ့"

"မမှားလို့မဖြစ်ဘူး . . . မှားတာပဲဖြစ်မှာ၊ သမီးပြောတဲ့အမှုမျိုး ဆရာ တစ်ခါမှမကြားဖူးဘူး၊ ဘယ့်နှယ် လူပုံအလယ်မှာ ဒီလိုလုပ်ပါ့မလား၊ ကဲ, မောင်ရဲကြည်မင်း ပြောစမ်း"

"ဒီလိုပါ ဆရာ. . ."

လို့ အစချီပြီး ရဲကြည်မင်းက နတ်သံနှော ပြောပြလိုက်တော့တယ်။ "ပေးမယ်" ဆိုတဲ့စာကို သက်သေခံတင်သွင်းလိုက်တယ်။

ထိုစာကို သက်သေခံအဖြစ် ဆရာက လက်ခံလိုက်တယ်။

စတင်ဖတ်ကြားလိုက်တယ်။

သို့

လှကြော့ရှင်း . . .

ညီမရဲ့ နာမည်က နောက်ဆုံး 'ရှင်း'ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကို့မသိလို့ ညစ်နေကြရတယ်။

အဲဒါကြောင့် ရှင်းပြပေးပါနော်. . .

စာနဲ့ရေးသားရှင်းပြရင် တော်ပါပြီ. . .

'ရှင်း'ပြန်ကြားစာကို စောင့်နေမယ့်

ရဲကြည်မင်း

စာဆုံးတော့ ဆရာ မျက်မှောင်ကုတ်တယ်။ ရဲကြည်မင်းကို ကြည့်လိုက် လှကြော့ရှင်းကိုကြည့်လိုက်လုပ်တယ်။

ရဲကြည်မင်းကတော့ ခေါင်းငုံ့ထားဆဲ။

လှကြော့ရှင်းကတော့ နှုတ်ခမ်းလေးနှစ်လွှာ ဟ,နေတယ်။

သူ ထင်ထားတာက ရည်းစားစာလို့ တင်ထားတာ၊ အခုတော့ ချွဲနေပြီပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီစာကိုလိုက်ပေးရင်း ခလုတ်တိုက်လဲပြီး ဆွဲမိဆွဲရာ ဆွဲလိုက်မိလို့ သူ့ထမိစကိုဆွဲလိုက်မိတာလည်း သိရပြီမို့ စိတ်မကောင်းဖြစ်ရပြန်တယ်။

ဒါပေမယ့် . . . အလျှော့ပေးလို့တော့ မဖြစ်ဘူး။ တင်းထားမှဆိုပြီး မျက်နှာထားကို ပြန်တင်းပစ်လိုက်တယ်။

"မင်းဟာ ရည်းစားစာမှ မဟုတ်ဘဲ၊ ဒါကြောင့် ဆရာပြောတာ ပေါ့၊ တစ်ခုခုတော့ မှားနေပါပြီလို့"

ဆရာက လှကြော့ရှင်းကို "ကဲ, ဘယ့်နှယ့်ရှိစ" ဆိုတဲ့ လေသံနဲ့ ပြောတယ်။

လှကြော့ရှင်း ဘာမှပြန်မပြောတတ်ဘူးရယ်။

ဆရာကပဲ ဆက်ပြောတယ်။

"ကဲ, မင်းနာမည်လေးကလဲ တကယ်ကိုလှပါတယ်၊ ဒီနာမည်ရဲ့ နောက်ဆုံး 'ရှင်း'ဆိုတာလေးကို ရှင်းပြပါဦး"

ဆရာကိုယ်တိုင်က မေးတော့ လှကြော့ရှင်းဖြေရတယ်။

ဖြေပုံကလည်း သင်းတယ်။

"ဒီလိုပါ ဆရာ၊ 'လှ'က မေမေ့နာမည်တစ်လုံး၊ 'ကြော့'က ဖေဖေ့ နာမည်တစ်လုံး ယူထားတာပါ၊ 'ရှင်း'ကတော့ ဘိုးဘိုးနဲ့ပတ်သက်တာ. ."

"မင်းအဘိုးနာမည်မှာ 'ရှင်း'ပါလို့လား"

"ဟင့်အင်း . . . မပါပါဘူး"

"ဟေ. . ."

"ဒီလိုပါ အဘိုးကလေ ဂျပန်တော်လှန်ရေးတုန်းက တော်လှန်ရေး သမားကြီးတဲ့၊ ဘိုးဘိုးမှာ ရန်အောင်ရှင်းဆိုတဲ့ ဓားမြောင်ကြီးတစ်ချောင်း ရှိတယ်တဲ့၊ အသွားက ရှစ်လက်မလောက်ရှိတာ၊ အဲဒီဓားကြီးနဲ့ ရန်သူ တွေကို အပြတ်ရှင်းခဲ့တာတဲ့၊ ဖေဖေက အဲဒီဓားကြီးကို သိပ်မြတ်နိုးတာ၊ သမီးကိုလဲ အဘိုးရဲ့ဓားကြီးနာမည်ဖြစ်တဲ့ ရန်အောင်ရှင်းဆိုတဲ့ နာမည်ရဲ့ အတိုကောက် 'ရှင်း'ကို နာမည်ထည့်ပြီး မှည့်ပေးထားတာတဲ့"

ကဲ. . . ကြောက်စရာမကောင်းပေဘူးလား။

မေးမိတဲ့ဆရာတောင် တွန့်သွားတယ်။

ရဲကြည်မင်းကိုလည်း လှမ်းသတိပေးတယ်။





"ကဲ, ကြားလား အသွားက ရှစ်လက်မလောက်တဲ့၊ ရန်ဆိုရှင်းမှာ တဲ့၊ ရှင်းပြီနော်. . . ဘာသိချင်သေးလဲ၊ တစ်ခါတည်း အပြတ်မေး နောက် လိုက်မမေးနဲ့တော့"

"ဟုတ်ကဲ့ . . . ရှင်းပါပြီ ဆရာ၊ နောက်လဲ မမေးရဲတော့ပါဘူး"

'ရှင်း'ပြဿနာက အခုမှပဲ ပြတ်သွားတော့တာ။

ဆရာက ရဲကြည်မင်းကို ဆိုဆုံးမပြီး ပြန်လွှတ်လိုက်တယ်။

လှကြော့ရှင်းကိုလည်း ဆရာက အဖြစ်မှန်သိရပြီမို့ စိတ်မဆိုးဖို့ ပြောလိုက်တယ်။

ရဲကြည်မင်းက ဆရာ့ကို ဦးညွှတ်ဂါရဝပြုပြီး လှည့်ပြန်တယ်။

ခေါင်းကြီးငုံ့ပြီး လှည့်အပြန်မှာ ခုံစွန်းနဲ့တိုက်မိပြီး ငိုက်ခနဲဖြစ် သွားသေးတာ။

ဒါကို ဆရာကမြင်တော့ . . .

"ဒီကောင် ကိုယ်ဝန်နဲ့တုန်းက သူ့အမေလျှောင်မိဖူးလားပဲ. . .၊ ခြေသိပ်မခိုင်ချင်ဘူး"

ဆရာရယ်စရာပြောပေမယ့် လှကြော့ရှင်း မရယ်နိုင်တော့ဘူး။

ရဲကြည်မင်းဆိုတဲ့ ကောင်လေးကို ငေးကြည့်နေမိတယ်။

ဆရာ့ရှေ့မှာကို ငုတ်တုတ်မေ့ပြီး ငေးကြည့်နေမိတာ။

"ဟဲ့, လှကြော့ရှင်း ညည်းလဲသွားတော့လေ၊ ဘာကြည့်နေတာလဲ"

လှကြော့ရှင်းကလည်း ဆရာသတိပေးမှပဲ ပြန်ရမှာသိတော့တယ်။

လှကြော့ရှင်းက တိုင်ချက်လာဖွင့်စဉ်ကလို မဟုတ်တော့ဘူး။

နည်းနည်းလေးတွေသွားပြီ။

မတွေလို့လည်းမဖြစ်ဘူး။

ဒီလိုပုံစံ အူကြောင်ကြားမျိုးကို သူ့တစ်သက်မှာ တစ်ခါမှ မတွေ့ ဖူးဘဲကိုး . . .။

စာလိုက်ပေးတာတွေထဲမှာ ရည်းစားစာမဟုတ်တာဆိုလို့ သူ တစ်ယောက်ပဲပါတယ်။

"ဟွန်း . . . ဘာကြီးမှန်းကိုမသိဘူး"

လှကြော့ရှင်း ဆောင့်ဆိုခြေဆောင့်ပြီး ထွက်သွားတယ်. . . ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာက သူ့များလုပ်သွားသလားဟုထင်ပြီး တစ်ချက် ငဲ့ကြည့်လိုက်သေးတာ။

မြန်ခေါ်မလို့ပြင်လိုက်ပြီးမှ ရှစ်လက်မ်အသွားရှိတဲ့ ရန်အောင်ရှင်းဓားကြီးကို မြင်ယောင်ပြီး မခေါ်ဖြစ်လိုက်တော့ဘူး။

လှကြော့ရှင်း ပါးစပ်ထဲရှိရာ ပြောချင်ရာပြောသွားတာကို အဟုတ် မှတ်နေကြတာ။

တကယ် . . .။

❀ ❀ ❀

## အခန်း (၆)

ရဲကြည်မင်းဘေးမှာ သူငယ်ချင်းတွေ ဝိုင်းနေကြတယ်။

ရဲကြည်မင်းက အတွေ့အကြုံရှင်းလင်းပွဲ လုပ်နေတာ။

ရဲကြည်မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ကို မှာစားချင်တာမှာစားဖို့ ခွင့်ပြုထားကြတယ်။

ရဲကြည်မင်းကလည်း သူငယ်ချင်းတွေကို အားနာလို့ သိပ်မစားရှာပါဘူး . . .။

နန်းကြီးသုပ်တစ်ပွဲ၊ ကိတ်မုန့်နှစ်ချပ်၊ ပူတင်းတစ်ခု၊ ကော်ဖီတစ်ခွက်ပဲ စားသောက်ထားတာ။

ဒီနေ့ကတော့ သူ့နေ့ပဲလို့ပြောရမှာ။

သူ စစ်ကြေညာတဲ့ သုံးရက်မြောက်နေ့မှာပဲ လှကြော့ရှင်းရဲ့ နောက်ဆုံးနာမည် 'ရှင်း'ကိစ္စကို သိကြရပြီ မဟုတ်လား။

သူတို့သိချင်လှတဲ့ 'ရှင်း'ကိစ္စကို တကယ်လည်းသိရော အကုန်လုံး ကျောချမ်းသွားကြ ဆိုပဲ။

"အဟီး . . . သူ့အဘိုး ဓားမြှောင်ကြီးက အသွားရှစ်လက်မတဲ့"

"ဗိုက်ထဲ စွပ်ခနဲထိုးလိုက်လို့ကတော့ အူပွင့်သွားမှာပဲ"

"အူတင်ကမလား . . . သွေးတွေပါ ပွက်ခနဲထွက်လာမှာပေါ့"

"ဘာ, သွေး . . . သွေး . . ."



www.burmeseclassic.com

www.burmeseclassic.com



မိုးထိအောင်က ပန်းဝေသီကို ပွေ့ကပ်နှောင့်ယှက်ဖို့ကြံနေတာ။

"နာမည်လေးနဲ့လူနဲ့ လိုက်ဖက်တယ်နော်. . . လုံးပြီးချစ်စရာလေး ဟီး . . . ဟီး . . ."

မောင်ချို သွားရည်ယိုနေပြီ။ တားမရ ဆီးမရဘဲ။ သွားရည်တွေ စုလိုက်ရင် နှစ်ပုလင်းလောက်ရနိုင်ရဲ့။

လုံးချစ်ကို မျက်စပစ်ပြနေတာ အကြိမ်တစ်ထောင်မကတော့ဘူး။ တစ်ထောင့်သုံးဆယ်ကြိမ်မြောက်မှာတော့ လုံးချစ်မနေနိုင်တော့ဘူး။ ဖွင့်ကိုပြောဆို သတိပေးရတော့တာ။

"ကိုချိုက သူငယ်နာမကုန်သေးဘူးနော်၊ မျက်ကြောဆွဲတာ စိပ်လွန်းတယ်၊ ဂေါ်မုတ္တ သူငယ်နာဆေးယူလာပေးမယ်လေ. . . သောက်ကြည့်နော်"

လို့ ပြောတော့ မောင်ချို မျက်လုံးပြူးသွားတယ်။

"ဂေါ်မုတ္တကြီးတော့ မလုပ်ပါနဲ့ဗျာ၊ တခြားဆေးလေးများ မရှိတော့ဘူးလား"

"ကိုချိုနဲ့က ဂေါ်မုတ္တမှကိုက်မယ်ထင်တယ်"

"အမယ်လေးဗျာ. . . မကိုက်ပါရစေနဲ့၊ မျက်ကြောလဲ မဆွဲတော့ပါဘူး ကြောက်ပါပြီဗျ"

,မောင်ချို အတော်လေးစိတ်ညစ်သွားတာ။ မျက်စပစ်တာကိုများ မျက်ကြောဆွဲတယ်ဆိုတော့ မခက်ဘူးလား။

ခက်တယ်. . .။

ခက်တာက တစ်ယောက်ပဲ။

ဘယ်သူရှိရမှာတုံး . . . ။

ရဲကြည်မင်းပဲပေါ့ . . .။

လဒမှိုင် မှိုင်နေလေရဲ့ . . .။

❁ ❁ ❁

## အခန်း (၈)

"စီမံကိန်းစမယ်လို့မှ မကြံရသေးဘူးဗျာ၊ ဘယ်လိုဖြစ်ရတာလဲ"

"နေမကောင်းလို့ပါဆို. . . ဖျားချင်သလို ဖြစ်တာတဲ့"

"မနေ့ကပဲ အကောင်းကြီး"

"ဟဲ့၊ လူပဲဟဲ့ မနေ့က ကောင်းပေမယ့် ဒီနေ့ ကောင်းချင်မှ ကောင်းမှာပေါ့"

"ဟုတ်သားပဲဟာ. . . ရုပ်နာမ်ဓမ္မ၊ သင်္ခါရသည်၊ ကိုယ်ကဥ္စုံဖြစ် လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ၊ သူတစ်နည်းဖြင့်၊ ဖော်လွဲတတ်စွာ၊ ဓမ္မတာ တည်း တဲ့လေ"

"အရေးထဲ နာရေးယပ်တောင်ထဲက စာတွေ လာရွတ်ပြနေတယ်"

ပန်းဝေသီက ဓမ္မကဗျာလေးကို ရွတ်ပြတော့ ရဲကြည်မင်းခေါင်းကို ဗျင်းဗျင်းနေအောင်ကုတ်တယ်။ ခိုလိုညည်းပြီး ကြောင်လိုပြောတယ်။

"ကဲ၊ ငါ ဘာလုပ်သင့်သလဲ ပြော. . ."

"ဟောတော့. . . သူ နေမကောင်းလို့ဟာကို၊ ဘာလုပ်လို့ရမှာလဲ"

"မင်း သေသင့်တယ် ကြည်မင်း . . . ကြည်နူးခြင်းမှ မရောက်သေးဘူး သောကက ခရီးဦးကြိုပြုနှင့်တယ်၊ မင်းဇာတာက ကောင်းမလိုနဲ့ အညံ့က မလွတ်ဘူးဖြစ်နေတယ်၊ ဒါကြောင့် မင်းသေသင့်တယ်"

ရွှေမိုးညိုက အချွန်လေးနဲ့ မ,တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးထိအောင်က ထ,ဖောက်လိုက်တယ်။ ပါးစပ်တောင် မဟ,ရဲဘူး။ မောင်ချိုက ခပ်ချဉ်ချဉ်ရှိတာနဲ့ . . .

"အေး . . . ဟုတ်တယ်၊ သွေးကွာ ဘာဖြစ်လဲ. . ဓားနဲ့ထိုးတော့ သွေးထွက်တယ်ကွာ၊ ထွက်တာမှ အများကြီးပဲ၊ ကဲ, မင်း တက်ချင်လဲ တက်တော့ကွာ၊ သွေးကတော့ မလျှော့နိုင်တော့ဘူး"

"ဟီး . . . မတက်တော့ပါဘူးကွာ"

"ဟင်, ဘာဖြစ်လို့လဲ၊ သွေးလေကွာ . . . သွေးသံကြားရင် မင်း တက်ရမှာပေါ့၊ ဒါ မင်းတာဝန်ပဲ"

"ဟင့်အင်း . . . မတက်ဘူး၊ ပြောကွာ သွေး ဘာဖြစ်လဲ"

"တယ်ဟုတ်နေပါလား . . . မင်း သေချာစဉ်းစားဦး၊ သွေးတွေက နည်းနည်းနောနော မဟုတ်ဘူး၊ ရန်အောင်ရှင်းဓားကြီးနဲ့ ဗိုက်ကို ထိုးလိုက်မှာ. . သွေးတွေကတော့ ပွက်ကနဲ့ပဲ. . . ဟော့ကောင် တက်တော့"

ပြောရင်းနဲ့ မောင်ချိုက မိုးထိအောင်ရဲ့လက်ကိုထ,စမ်းတယ်။ လက်ကမအေးဘူး။ နွေးလို့။ အရင်ဆို သွေးဆိုတာနဲ့ လက်တွေအေးစက်လာပြီး တက်တော့တာ။

"မတက်ပါဘူးဆိုနေမှ. . ."

"ဘာလို့မတက်တာလဲ"

"ဒီနေ့ ခွင့်ယူထားတယ်"

"ဘာ. . ."

"တက်တာကို ခွင့်ယူထားတယ်"

"အင်း . . . ဒီနေ့ မတက်ခွင့်တစ်ရက်တင်ထားတာ၊ ဒါကြောင့် သွေး ဘာဖြစ်လဲ၊ သွေး ဇလုံနဲ့ထည့်ခဲ့ဦး"

ဒီတစ်ခါတော့ မိုးထိအောင်ကို လက်လန်သွားကြတော့တယ်။ တကယ်ကို မတက်တော့တာဘဲ။ သူကတောင် သွေးအကြောင်း ပိုပြောလိုက်သေးတယ်။

ဒါကို ရွှေမိုးညိုက မကျေနပ်ဘူး။ ရဲကြည်မင်းကို တိုးတိုးပြောပြီး ထ,သွားတယ်။ ပြန်လာတော့ ချိတ်တစ်ချောင်းပါလာတယ်။

ချိတ်အဖျားကို မီးပြပြီးတော့မှ . . .





"အင်း . . . သောက်မယ်"

သောက်မယ်ဆိုတော့ ရဲကြည်မင်းတွန့်သွားတယ်။

ဒါပေမယ့် ဒီဝိုင်းကို သူရှင်းရမှာ မဟုတ်ဘူးဆိုတာသိလို့ စိတ်အေးသွားတယ်။ ခပ်ရဲရဲပဲ ထပ်မေးလိုက်တယ်။

"ဘာအအေးသောက်မှာလဲ. . . မှာလေ"

"ချာတိတ်. . . လိမ္မော်သုံးပုလင်းလုပ်ကွ မုန့်လဲထပ်ချဦး"

"ဒီဝိုင်းကို ကြော့ရှင်းမှာပါ၊ ဒီကအစ်ကိုကို ဟိုကီစွတောင်းပန်ချင်လို့"

"ဟာ, နေပါစေ. . ကျွန်တော်မှားတာပါ"

"ဘယ်ဟုတ်မလဲ ကျွန်မကအထင်လွဲတာ သိပ်ရှက်သွားမှာပဲနော်"

"ရှက်ဘူး . . အဲ, ရှက်တာပေါ့"

ရဲကြည်မင်းက လက်ကလေးနှစ်ဖက်ကို ပေါင်ကြားထဲညှပ်ပြီး ကိုယ်လေးကိုလှုပ်ပြီးပြောတာ။ "ရှက်ဘူး ရှက်တယ်"တဲ့။ အပြန်အလှန် သီအိုရီနဲ့ ပြောနေလိုက်တာဗျာ. . .။

"တောင်းပန်ပါတယ်ရှင်. . . ကျွန်မကို ဒီက ဧကရီတို့ ပန်းဝေသီတို့လိုပဲ ခင်ပါနော်၊ သူငယ်ချင်းတွေလို့ပဲ မှတ်ပါနော်"

"အယ်. . ."

ရဲကြည်မင်း စကားတောင်မပီချင်တော့ဘူး။ ထ,တောင်ခုန်မလို့ စိတ်ကူးသေးတာ။ မကောင်းတတ်လို့ ကြည့်နေဟာလေ။

ဟုတ်တယ်လေ။ နှစ်နှစ်လောက်နီးနီး အနားတောင်မကပ်ရဲတဲ့ဟာ . . ခုမှ ကောက်ကာငင်ကာ ခင်မင်ခွင့်ပါမစ် ထုတ်ပေးလိုက်တယ်ဆိုတော့ ဘယ်မှာမပျော်ဘဲရှိပါ့မလဲ။ ပျော်တဲ့အထဲမှာ ရွှေမိုးညိုတို့၊ မိုးထိအောင်တို့ မောင်ချိုတို့လည်း ပါတယ်။

သူတို့သုံးယောက်ကလည်း ဧကရီနဲ့ ပန်းဝေသီတို့ကို အပြတ်ရှိုး နေကြတာလေ။ အဝေကလည်းမတည့်ကြဘူး ဖြစ်နေကြလေရဲ့။

ဒီတော့ မောင်ချိုက အကြံကောင်းစွာနဲ့ အကြံအဖန်လုပ်တယ်။

"ကိုယ်တို့တစ်တွေ အခုလို လက်ရည်တစ်ပြင်တည်း တစ်ဝိုင်းထဲထိုင် စားသောက်ပျော်ရွှင်နေကြရတာ ကောင်းပါရဲ့၊ ဒါပေမယ့်. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်က စကားမဆက်ဘူး။ အားလုံးက သူ ဘာပြောမလဲ နားစွင့်နေကြတာ။

"ဟဲ့, ဘာပြောမှာလဲ ဆက်ပြောလေ၊ နင်ပြောတာ နားထောင်နေကြတာဟဲ့ ၊ ဒါပေမယ့်. . . ဘာဖြစ်လဲ"

"ဒါပေမယ့် ဘာဖြစ်လဲဆိုတော့ အပြန်အလှန်သီအိုရီအရ. . . တို့သူငယ်ချင်းအုပ်စု ချိန်ခွင်က စောင်းနေတယ်၊ တို့ဘက်ကများပြီး နင်တို့ဘက်ကနည်းတော့ မညီမျှဘူးပေါ့၊ ဒီတော့ ညီမျှသွားအောင် ငါနဲ့အရပ်အမောင်းတူမယ့် ကောင်မလေးတစ်ယောက် ထပ်ဖြည့်ဖို့လိုမယ်. . .၊ ဒါကြောင့် မနက်ဖြန် တစ်ယောက်ဖြည့်ခေါ်ခဲ့ကြ၊ ငါ လက်ဖက်ရည်တိုက်မယ်"

"ဟေး . . ."

"ရှီး . . ."

"ဖြောင်း . . . ဖြောင်း"

အားပေးကြတယ်။ ကျန်တဲ့ကိစ္စကြိုက်လို့ မဟုတ်ဘူး။ လက်ဖက်ရည်တိုက်မယ်ဆိုတဲ့ စကားလုံးကိုကြိုက်သွားကြလို့။

"လူပုသလောက် ဉာဏ်များတယ်"

လို့ မှတ်ချက်ချတာကတော့ လှကြော့ရှင်းပဲ။

လှကြော့ရှင်းပြုံးတာ ဒီတစ်ခါပဲမြင်ဖူးလို့ ရဲကြည်မင်း ငေးကြည့်နေမိတယ်။

ရဲကြည်မင်းကြည့်တာမြင်တော့ လှကြော့ရှင်းက မျက်စောင်းထိုးတယ်။ တည်ပစ်လိုက်တယ်ဆိုရင်ပဲ ရဲကြည်မင်းဖြုံသွားတယ်။ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားတယ်။ ခေါင်းကြီးငုံ့သွားတယ်။

ဇေကရီနဲ့ ပန်းဝေသီက တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီး မျက်စပစ်ပြကြတယ်။

ဒါကို လှကြော့ရှင်းက မြင်တယ်။ ဒါပေမယ့် မသိချင်ယောင်ဆောင်နေလိုက်တယ်။ အားလုံး စားသောက်ပြီးကြပြီမို့ ငွေရှင်းဖို့ စားပွဲထိုးလေးကို ခေါ်လိုက်တယ်။

"လာပါပြီ . . . အစ်မ"





ဆိုပြီး လာရပ်တာ အူကြောင်ကြားစားပွဲထိုးလေးပဲ။

ကြည့် . . . ပွဲကစပြီ။

"ချာတိတ်. . . တွက်. . . ရှင်းမယ်"

"အစ်မရှင်းမှာ သေချာလို့လား"

"ဘာ. . ."

လှကြော့ရှင်း ကြောင်သွားတယ်။ ကြွက်လာတယ်။ ခွေးပြေးတယ်။

"မင်း ဘာပြောတာလဲ"

"အစ်မရှင်းမှာ သေချာလို့လားလို့ မေးတာပါ၊ ပြီးရင် ဟိုအစ်ကိုက ကျွန်တော့်ကို မေးခွန်းတွေထုတ်နေဦးမှာမို့ပါ"

စားပွဲထိုးလေးက ရွှေမိုးညိုကိုမေးငေါ့ပြပြီး ပြောတာ။ လှကြော့ရှင်း ဂိုက်ဆံအိတ်လေးဖွင့်ရင်း ကြောင်အမ်းအမ်းဖြစ်နေတယ်။

"မင်းပြောတာကို ငါ နားမလည်ဘူး၊ ဒီဝိုင်းကို ငါရှင်းမှာ၊ အဲဒါ ဘာဖြစ်လဲ. . . ကဲ, တွက်"

ဆိုတော့ စားပွဲထိုးလေးက ရွှေမိုးညိုကိုလှမ်းကြည့်ပြီး . . .

"ဟိုအစ်ကိုကြီး ကြားလား . . ဒီဝိုင်းကို ဒီအစ်မကြီးရှင်းမှာတဲ့၊ ရှင်းတယ်နော်. . မရှင်းတာရှိရင် အခုမေး နောက်မှခေါ်မမေးနဲ့ ရှင်းရဲ့လား . . ."

လို့ ပြောနေသေးတော့ ရွှေမိုးညိုလည်း အီးမှန်တဲ့မျက်နှာကြီးနဲ့. .

"လျှာရှည်လိုက်တာကွာ ရှင်းနေတာကို ရှုပ်အောင်လုပ်တယ်၊ သူရှင်းတာ ငါမြင်သားပဲ"

"ဟိုတစ်ခါလဲ မြင်ရဲ့သားနဲ့ ထပ်ခေါ်မေးတာလေ၊ ကဲ. . ."

"အဲဒီတုန်းက ရှင်းကိစ္စ၊ အဲ, ငွေရှင်းတဲ့ကိစ္စကြောင့်ပါကွာ၊ ဟော့ကောင်လေး တွက်စရာရှိတာ တွက်ပါကွာ၊ အရှည်တုံးလေးရဲ့"

ကောင်လေးက ရွှေမိုးညိုကို သိပ်မကြည့်ဘူး။ ကွက်ကြည့် ကွက်ကြည့်နဲ့ လုပ်နေသေးတာ။

လှကြော့ရှင်းကတော့ နှုတ်ခမ်းလေးကိုက်ပြီး ငွေပေးဖို့စောင့်နေတယ်။ စောင့်ရင်း သူစဉ်းစားနေတာက ကောင်လေးပြောတဲ့ထဲက ရှင်းဆိုတဲ့ ကိစ္စပဲ။ သူနဲ့ပတ်သက်နေမယ်လို့ သုံ့ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိုင်မှာ သူတို့ ဘာတွေ ပြောကြဆိုကြတာလဲဆိုတာ သိပ်သိချင်သွားတယ်။

ရဲကြည်မင်းကတော့ မလုံဘူး။ ခေါင်းကြီးငုံ့သထက်ငုံ့သွားတယ်။

လှကြော့ရှင်းက ရဲကြည်မင်းကိုကြည့်ပြီး . . .

"ဇက်တွေဘာတွေ ညောင်းနေရင်လဲ ပြော. . . အနှိပ်သည် လွှတ်ပေးလိုက်မယ်၊ ဟိုနားမှာ လမ်းကြိတ်စက်အားနေတယ်"

"ဒီကောင်က ဇက်ခိုင်တယ်၊ လမ်းကြိတ်စက်လောက်နဲ့ မရဘူး၊ ဆင်ကိုးကောင်နဲ့မှ ရမှာ၊ ဖိနပ်နဲ့လေ. . ဖိနပ်နဲ့. . ဆင်ကိုးကောင်ဖိနပ်နဲ့သာ ဇက်ကိုခုတ်ချလိုက် ကောင်းသွားရော"

ရွှေမိုးညိုက အဆင်းဘီးတပ်ပေးတယ်။

ဒီလောက်ပြောနေတာတောင် ရဲကြည်မင်းက မလှုပ်မယှက်ကြီး။

ကြောက်တာလား ကြောင်တာလား တစ်ခုခုတော့ တစ်ခုခုပဲ။

ပိုက်ဆံရှင်းပြီးတော့ လှကြော့ရှင်းက စပြီး ဆတယ်။

ပြန်တော့မယ်ပေါ့။

"ကဲ, အားလုံးပဲ ခွင့်ပြုပါဦး"

"အင်း . . . ခွင့်ပြုတယ်"

"သင်တို့သွားလိုရာသွားနိုင်ပြီ"

"မနက်ဖြန် ဒီအချိန်ပဲလာခဲ့ကြဦး၊ ညီမျှခြင်း သီအိုရီကိုမမေ့နဲ့"

အားလုံးက စကားတွေပြောပေမယ့် ရဲကြည်မင်းက မပြောဘူး၊ ငုတ်တုတ်။

"ကဲ, ကိုငုတ်တုတ်ကြီး သွားပါဦးမယ်ရှင်"

လို့ ပန်းဝေသီက မျက်နှာကိုငုံ့ကြည့်ပြီးပြောမှ . . .

"ဪ, အင်း . . . "တဲ့။ ဒါပဲပြောတာ။

စကားတတ်ခါစ ကလေးကျနေတာပဲ။

စကားလုံးရှားပါးလိုက်တာ၊ လွန်ပါရော. . . ။

နှစ်ကယ်. . . ။

✿ ✿ ✿

## အခန်း (၇)

ဒီနေ့အလှူရှင်ကတော့ လူပုစိတ်တို ကိုမောင်ချိုပါပဲ. . . ။

သူတို့လေးယောက်သား လက်ဖက်ရည်ဆိုင်ကို စောစောရောက်နှင့်ကြတယ်။ ဘယ်သူမှ မရောက်သေးဘူး။

"ဟေ့ကောင် ရဲကြည်မင်း. . မင်း ခွေးအကြီးလှည်းနင်းခံထားရသလို မလုပ်နဲ့ ကြားလား . . . "

"အေးပါကွာ. . . "

"အေးပါတွေ ပူပါတွေ လုပ်မနေနဲ့၊ ဟိုကတောင် အလံဖြူထောင်ပြီး ဝင်လာသေးတာ မင်းက ဘာလုပ်နေတာလဲ၊ လူချင်းလဲပစ်ချင်လိုက်တာ. . . "

"မလဲပါနဲ့ကွာ ဒီနေ့ ငါပြောပါမယ်၊ ကြည့်နေ. . . မနေ့ကတော့ကွာ လုံးဝမထင်မှတ်ထားတာတွေ ဖြစ်လာကုန်တာကိုးကွ"

ရဲကြည်မင်းက သွက်သွက်လေးဖြေတယ်။ ဒီနေ့တော့ ရဲကြည်မင်းက အားဖြည့်အချိုရည်သောက်ထားပြီးသား . . . ။

တကယ်ကို အားဖြည့်ထားတာ။

သူ့ရဲ့လမ်းခရီးက ဖြောင့်တန်းစပြုလာပြီ မဟုတ်လား။

ရက်တိုစီမံကိန်းက ပြီးပြတ်သွားပြီလေ။

အောင်မြင်မှုက ရာထားချက်ထက်တောင် ကျော်လွန်ခဲ့တယ်လေ။

ဧယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



အခုဆို ချစ်သူကတောင် ကိုယ့်အပါးရောက်လာပြီ။

အဟိ. . . ။

ကိုယ်က အဆင်ပြေအောင်ပြောရုံ၊ ရောရုံ၊ ဖောရုံပဲပေါ့။

မှုားမျှားဖော၊ မှားမျှားရော၊ မြန်မြန်ပြောပြီး နှစ်ရှည်စိမ်ကိန်းကိုလည်း ဖြတ်ပစ်ရမယ်။

ဘာတွေပြောမှာလဲ ဟုတ်လား။

ချစ်တာတွေကို ပြောမှာပေ့ါဗျ။ အနှစ်နှစ်အလလ အောင်းထားခဲ့ရတဲ့ ချစ်တာတွေပြောမှာပေ့ါ။

မင်းကို ကိုယ်ချစ်တယ် . . ကိုယ့်ကို မင်းချစ်မလှား . . ဟား . . ဟား . . ဟား . . ဘာညာပေါ့ဗျာ။

ရဲကြည်မင်း ဒီနေ့မြူးနေတာတော့ အမှန်ပဲ။ မြူးဆို အခြေအနေတွေကလည်း ထူးနေပြီကိုး။

လှကြော့ရှင်းက ဒီနေ့ သူ့ထံရောက်လာဦးမှာလေ။

ကဲ, ဘယ်လောက်ပိုင်သလဲ။

,စားရက်ကြုံတော့လည်း မုတ်ဆိတ်ပျားစွဲပဲ။ ခလုတ်တိုက်လဲကျခဲ့ရတာကိုပဲ ကျေးဇူးတင်ရဦးမှာ။

ဟော, လာပြီ လာပြီ. . ပန်းဝေသီ. . . ။

ပန်းဝေသီဘေးမှာက ဇကရီ. . . ။

ဇကရီဘေးမှာက ပုပြတ်ပြတ် လုံးကျစ်ကျစ် ကောင်မလေးတစ်ယောက်။

မောင်ချိုနဲ့တော့ တစ်ရပ်ထဲတစ်ဆိုက်ထဲရယ်။

ရှာမှရှာတတ်ပါလေ့။

အဲ, လှကြော့ရှင်း . . .

ဘယ်မှာလဲ လှကြော့ရှင်း . . .

လှကြော့ရှင်း မပါဘူး . . .

ရဲကြည်မင်း ပြူးပြဲကြည့်တယ်။ လှကြော့ရှင်း မပါဘူး။

လှကြော့ရှင်း မပါရင် သူဘယ်လိုနေရမှာလဲ။

ခဲလေသမျှ သဲရေကျပြီထင်ပ့ါ။





"ဇကရီ . . . လှကြော့ရှင်းရော"

ရဲကြည်မင်းက လူမမာရေတောင်းသလို အတင်းမေးတယ်။

ဇကရီက မျက်စိပျက်မျက်နှာပျက်နဲ့ဖြေတယ်။

"ကြော့ . . ကောင်းကောင်းနေမကောင်းလို့ဆိုပြီး အစောကြီးပြန်သွားတယ်"

"ဟယ်. . . သွားပြီ"

"ဟုတ်တယ်. . . နေ့လည်ထဲကသွားတာ"

"သွားပါပြီ"

"ဟုတ်ပါတယ် နေ့ခင်းထဲကပါဆို"

ရဲကြည်မင်းက နဖူးကိုရိုက်ပြီး ညည်းလိုက်၊ ဇကရီက ပြန်ပြောလိုက်နဲ့ တိုင်ပတ်နေကြတယ်။

"သွားပြီဆိုတာ ငါရဲ့မျှော်လင့်ချက်တွေ ရေမျောသွားတာကို ပြောတာဟ"

"သိပါဘူးဟယ်. . . ကြော့ပြန်သွားတာကို သေချာအောင် ထပ်ထပ်ပြီး မေးနေလားလို့"

ရဲကြည်မင်းက စိတ်ပျက်လက်ပျက်ဖြစ်နေတာ။

ဟိုသုံးယောက်ကတော့ မြူးကြွနေကြပြီ။

အဲဒီအထဲမှာ မောင်ချိုက အကဲဆုံး။

ကဲမှာပေ့ါ . . . ။

သူနဲ့လုံးထူရပ်တူ ပုပြတ်ပြတ် လုံးကျစ်ကျစ် ကောင်မလေးတစ်ယောက်ပါလာတာကိုး။

"ဇကရီ. . . ဟဲ့, ဇကရီ မိတ်ဆက်ပေးဦးလေ"

"အေးပါဟ. . . ဘယ်လိုဖြစ်နေတာလဲ၊ ဒီနေ့ နင် လက်ဖက်ရည်တိုက်မယ်ဆိုလို့ မိတ်ဆွေသစ်ခေါ်လာတာ၊ သူ့နာမည်က လုံးချစ်တဲ့. . စက္ကင်း ဘော်တနီ"

"ဘာ, စက္ကင်းဘော်ဒီ. . . ပထမဘော်ဒီက ပိန်ပိန်လေးလား"

လို့ ဝင်နှောက်တာက ရွှေမိုးညို။

ရွှေမိုးညိုက ဇကရီကို ပြည်တည်တည်လုပ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးထိအောင်က ပန်းဝေသီကို ပွေးကပ်နှောင့်ယှက်ဖို့ကြံနေတာ။

"နာမည်လေးနဲ့လူနဲ့ လိုက်ဖက်တယ်နော်. . . ဂုံးပြီးချစ်စရာလေး ဟီး . . . ဟီး . . ."

မောင်ချို သွားရည်ယိုနေပြီ။ တားမရ ဆီးမရဘဲ၊ သွားရည်တွေ စုလိုက်ရင် နှစ်ပုလင်းလောက်ရနိုင်ရဲ့။

လုံးချစ်ကို မျက်စပစ်ပြနေတာ အကြိမ်တစ်ထောင်မကတော့ဘူး။ တစ်ထောင့်သုံးဆယ်ကြိမ်မြောက်မှာတော့ လုံးချစ်မနေနိုင်တော့ဘူး။ ဖွင့်ကိုပြောဆို သတိပေးရတော့တာ။

"ကိုချိုက သူငယ်နာမကုန်သေးဘူးနော်၊ မျက်ကြောဆွဲတာ စိပ်လွန်းတယ်၊ ဂေါ်မုတ္တ သူငယ်နာဆေးယူလာပေးမယ်လေ. . . သောက်ကြည့်နော်"

လို့ ပြောတော့ မောင်ချို မျက်လုံးပြူးသွားတယ်။

"ဂေါမုတ္တကြီးတော့ မလုပ်ပါနဲ့ဗျာ၊ တခြားဆေးလေးများ မရှိတော့ဘူးလား"

"ကိုချိုနဲ့က ဂေါမုတ္တမှကိုက်မယ်ထင်တယ်"

"အမယ်လေးဗျာ. . . မကိုက်ပါရစေနဲ့၊ မျက်ကြောလဲ မဆွဲတော့ပါဘူး ကြောက်ပါပြီဗျ"

,မောင်ချို အတော်လေးစိတ်ညစ်သွားတာ။ မျက်စပစ်တာကိုများ မျက်ကြောဆွဲတယ်ဆိုတော့ မခက်ဘူးလား။

ခက်တယ်. . .။

ခက်တာက တစ်ယောက်ပဲ။

ဘယ်သူရှိရမှာတုံး . . .။

ရဲကြည်မင်းပဲပေါ့ . . .။

လဒမိုင် မိုင်နေလေရဲ့ . . .။

❀ ❀ ❀

## အခန်း (၈)

"စိမ်ကိန်းစမယ်လို့မှ မကြံရသေးဘူးဗျာ၊ ဘယ်လိုဖြစ်ရတာလဲ"

"နေမကောင်းလို့ပါဆို. . . ဖျားချင်သလို ဖြစ်တာတဲ့"

"မနေ့ကပဲ အကောင်းကြီး"

"ဟဲ့၊ လူပဲဟဲ့ မနေ့က ကောင်းပေမယ့် ဒီနေ့ ကောင်းချင်မှ ကောင်းမှာပေါ့"

"ဟုတ်သားပဲဟာ. . . ရုပ်နာမ်ဓမ္မ၊ သင်္ခါရသည်၊ ကိုယ်ကဥပုံဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ၊ သူတစ်နည်းဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာ တည်း တဲ့လေ"

"အရေးထဲ နာရေးယပ်တောင်ထဲက စာတွေ လာရွတ်ပြနေတယ်"

ပန်းဝေသီက ဓမ္မကဗျာလေးကို ရွတ်ပြတော့ ရဲကြည်မင်းခေါင်းကို ဗျင်းဗျင်းနေအောင်ကုတ်တယ်။ ခိုလိုညည်းပြီး ကြောင်လိုပြောတယ်။

"ကဲ၊ ငါ ဘာလုပ်သင့်သလဲ ပြော. . ."

"ဟောတော့. . . သူ နေမကောင်းလို့ဟာကို၊ ဘာလုပ်လို့ရမှာလဲ"

"မင်း သေသင့်တယ် ကြည်မင်း . . . ကြည်နူးခြင်းမှ မရောက်သေးဘူး သောကက ခရီးဦးကြိုပြုနှင့်တယ်၊ မင်းဇာတာက ကောင်းမလို့ အညံ့က မလွတ်ဘူးဖြစ်နေတယ်၊ ဒါကြောင့် မင်းသေသင့်တယ်"

ရွှေမိုးညိုက အချွန်လေးနဲ့ မ,တယ်။

ဖေယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



မိုးထိအောင်ကလည်း မေးလေးပွတ်ပြီးပြောတယ်။

"ဟုတ်တယ် ကြည်မင်းရေ. . . ချစ်သူတွေကိုယ်စီနဲ့ ပျော်ရွှင်နေကြတဲ့ တို့ရဲ့ကမ္ဘာလေးထဲမှာ အထီးကျန်ဆန်တဲ့ ဘဝဆိုတာ ရေဘူးမပါဘဲ သဲကန္တာရခရီး သွားနေရတာနဲ့ ဘာထူးမှာလဲကွာ၊ ဒါကြောင့် မင်းသေသင့်တယ်"

"ဟုတ်တယ်. . . ကျွန်တော်မျိုးကြီး သေသင့်ပါတယ်"

လို့ ရဲကြည်မင်းက ခေါင်းကြီးငုံ့ပြီးပြောတော့ အားလုံးက ဝိုင်းရယ်ကြတယ်။

ဘယ်သူတွေ ဘာပြောပြော၊ ဘာမှ ဝင်မပြောနိုင်တာကတော့ မောင်ချိုပဲ။

မောင်ချိုက လုံးချစ်နဲ့တွတ်ထိုးနေတယ်။ မျက်ကြောတော့ မဆွဲတော့ဘူး။ ဂေါ်မုတ္တဆေးကြီး ကြောက်လို့နေမှာ။

စကားတွေ ဖောင်ဖွဲ့အောင်ပြောလို့။ စကားပြောတာတောင် ရိုးရိုးမပြောဘူး။ လက်ကလေးက ပါသေးတာ။ တစ်ခါတစ်ခါ လှမ်းလှမ်းတို့လိုက်သေးတယ်။ ဆယ့်ငါးနှစ်လောက်ကတည်းက ချစ်နေခဲ့ကြတဲ့ ချစ်သူတွေကျနေတာပဲ။

လုံးချစ်ကလည်း စကားခပ်များများရယ်။ အခုမှတွေ့ရပေမယ့် အလှူရှင်ဆိုတော့ ဖောထား ရောထားမှဆိုပြီး ရောနေတာ၊ ဖောနေတာ၊ ရောင်တာတော့ မပါဘူးရယ်။

အရေးထဲအရာပေါ် ဆိုသလို ပန်းဝေသီ မကျေမနပ်ဖြစ်နေတာက မိုးထိအောင်ကိုပဲ။ ခုန မိုးထိအောင်ပြောလိုက်တဲ့စကားကို သူမကြိုက်ဘူးဖြစ်နနေတယ်။

"ချစ်သူကိုယ်စီနဲ့ ပျော်နေကြတဲ့ တို့ရဲ့ကမ္ဘာလေးထဲမှာ"တဲ့။

ချစ်သူကိုယ်စီလို့ပြောရအောင် သူနဲ့ကိုယ်က ဘာဖြစ်သေးတာမှတ်လို့လဲ။ ဟိုကောင် ရွှေမိုးညိုနဲ့ ဇေကာရီကရော ဘာဖြစ်သေးတာမှတ်လို့။

ခုနကတည်းက ပက်ခနဲ ပြန်ပြောမလို့။ ရဲကြည်မင်းကို လှကြော့ရှင်းကိစ္စရှင်းပြနေရတာနဲ့ မပြောဖြစ်တာ။

"ကဲ, မိုးထိအောင် ခုန နင်ပြောတာ ပြန်ပြောစမ်း . . . "





"ဘာလဲဟ. . . "

"ချစ်သူတွေကိုယ်စီနဲ့ ပျော်နေကြတဲ့ တို့ရဲ့ကမ္ဘာလေးဆိုတာ"

"ဟာ, နင်ကလဲ အရှင်းကြီးကို ပြန်မေးနေရသေးတယ် မြန်မာစာကျောင်းသူ မဟုတ်သလိုဘဲ"

"နေစမ်းပါဦး . . . ချစ်သူတွေကိုယ်စီနဲ့ ပျော်နေကြတဲ့ ကမ္ဘာလေးလို့ ပြောရအောင် ဘယ်မှာလဲချစ်သူတွေ. . ပြော. . နင်တို့နဲ့တို့နဲ့ ဘာဆိုင်လို့လဲ၊ ဟိုဂျပုက လက်ဖက်ရည် အလကားတိုက်မယ်ဆိုလို့ လာသောက်ကြတာ"

"အယ်. . . ငါ့ဆွဲထည့်တယ်ဟ"

မောင်ချိုခမျာ လုံးချစ်နဲ့ လေပေးဖြောင့်နေရာက လျှာတစ်လစ်ဖြစ်သွားတယ်။ သူ့မှာ အကုန်အကျလည်း ခံရသေး၊ ဂျပုလို့လည်း အခေါ်ခံရသေး၊ ဒီတော့ သိပ်မကျေနပ်ချင်ဘူး။

"ဟဲ့, အလှူရှင်ကို မြှောက်စားကြရမယ့်ဟာ၊ ဘယ်လိုခေါ်လိုက်တာလဲ. . . မသကာဆို ငါ့ကို ဒီနေ့ ကိုကိုချစ်. . . ကိုကိုချစ်နဲ့ ခေါ်နေရမယ့်ဟာကို"

"သေပါလား. . ခေါ်ချင်းခေါ် ကိုကိုဂျပုလို့ပဲ ခေါ်နိုင်မယ်၊ လုံးချစ်သိပ်အရောမဝင်နဲ့၊ ဒီနေ့မှ စတွေ့တာ၊ စားသောက်ပြီးရင် ခပ်ခွာခွာနေ"

ကောင်းရော. . . တော်တော် ကွေးမွေးချင်စရာကောင်းတယ်။

လုံးချစ်ကလည်း သူတို့စကားနားထောင်တယ်။

ကိုယ်လေးယို့သွားတယ်။ မျက်လုံးလေးထောင့်ကပ်ပြီးတော့ ပြောပါသေးတယ်။

"ဒီနေ့တော့ ဒီလောက်ပဲနော်" တဲ့။

ဒီနေ ဒီလောက်ပဲနော်ကလည်း ကြောက်စရာ။ သူတစ်ယောက်တည်း စားထားတာက ကြည့်ဦး။

နန်းကြီးသုပ်တစ်ပွဲ. . .

စမူဆာ နှစ်ခု. . .

လက်ဖက်ရည်တစ်ခွက်. . .

ကိတ်မုန့်တစ်ချပ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့လည်း ဝဝကစ်ကစ်နဲ့ လုံးကျစ်ကျစ်လေးဖြစ်နေတာ ထင်ပါရဲ့ . . .။

ဒီနေ့တော့ ဒီလောက်ပဲဆိုတော့ နောက်နေ့ဆို ပိုပြီးကြိတ်မယ့် သဘောပဲ။

"ငါ နည်းနည်းလောက်ရှင်းပြပါရစေ. . . "

ဆိုတာကတော့ ရွှေမိုးညို။

သူက ရိုးရိုးမပြောဘူး။

ကေရီကို ဝပ်တစ်ထောင့်ငါးရာအား မျက်လုံးနဲ့ကြည့်ရင်း ပြော လိုက်တာ။

ပြောပုံကကြည့် . . .

"ကေရီ. . . နင်စဉ်းစားလေ"

"စဉ်းစားရမယ်. . . ဟဲ့, ဘာစဉ်းစားရမှာလဲ"

"ဒီလိုလေဟာ. . . ငါက နင့်ကိုချစ်နေတယ်ဆိုပါတော့"

"ဘာ. . . ပါးကွဲချင်လို့လား"

"ဟာ. . . ဥပမာပေးတာ၊ တကယ်မချစ်ပါဘူး"

"ချစ်ရဲချစ်ကြည့်ပေါ့"

"ဥပမာပေးတာဟာ ဆက်နားထောင်. . . ငါက နင့်ကိုချစ်နေ ခဲ့တယ်ဆိုရင် နင်ပြန်ချစ်တာမချစ်တာ မပါသေးဘူးနော် ဒါက တစ်ပိုင်း အခုဟာက တစ်ခြမ်း၊ ငါ ချစ်နေရတဲ့သူကို ငါက ချစ်သူလို့မခေါ်ဘဲ ဘယ်လိုခေါ်မလဲပြော"

"အေးဟ. . . မိန်းကလေးက ပြန်ချစ်ချစ်မချစ်ချစ် နင်ချစ်နေတဲ့ သူဟာ နင့်ဘက်ကကြည့်ရင် နင့်ချစ်သူပဲ"

"နင်မဆိုးဘူး . . . တော်တယ်"

"ငါက မမွေးခင် ဗိုက်ထဲမှာထဲကကို တော်တာလို့ အမေပြောဖူး တယ်ဟ. . . ဟုတ်မှာ"

"နင်က တကယ်ကိုတော်တာပါ။ ဒီတော့ဟာ ငါက နင့်ကိုချစ်နေ ရင် ငါ့ချစ်သူဟာ ဘယ်သူလဲပြော"

"ငါပဲပေါ့ဟ. . . အရှင်းကြီးဟာကို"





"အေး . . . အဲဒါကို တချို့က သဘောမပေါက်ကြတာ၊ ကဲဟာ. မိုးထိအောင်က ပန်းဝေသီကိုချစ်နေတယ်ဆိုပါတော့ မိုးထိအောင်ရဲ့ချစ်သူ ဟာ ဘယ်သူဖြစ်မလဲ ပြော. . . "

"ပန်းဝေသီပေါ့ဟဲ့"

"မောင်ချိုက လုံးချစ်ကို ချစ်နေရင် မောင်ချိုရဲ့ချစ်သူဟာ. . . "

"လုံးချစ်ပေါ့ဟဲ့"

"ရဲကြည်မင်းက လှကြော့ရှင်းကိုချစ်တယ်ဆိုပါစို့၊ ရဲကြည်မင်းရဲ့ ချစ်သူဟာ. . . "

"လှကြော့ရှင်းပေါ့ဟဲ့"

"နင် သိပ်တော်တာပဲ. . . ဒါကြောင့် နင့်ကို ငါချစ်တာ"

"ဘာ. . . ဘာ. . . တကယ်လား . . . ဥပမာလား . . . ဒီမှာ လက်ဝါးကအသင့်ပဲ"

"ဥပမာ. . . ဥပမာပါဟ. . . "

ဥပမာကယ်လို့ပေါ့။

နို့မို့ဆိုရင် ပေါက်ကွဲမှုတွေ ဖြစ်သွားနိုင်တယ်။

ရွှေမိုးညိုတို့က ညက်တယ်။

တစ်ထိုင်တည်းနဲ့ လေးယောက်စာ ရည်းစားစကားပြောပစ်လိုက် တာများ အတုခိုးသင့်ပါရဲ့။

ကေရီတို့ကတော့ တော်တယ်. . . တော်တယ်နဲ့ အမြောက်စာ မိသွားတာ မသိလိုက်ဘူး။

ကြားကြားဖူးပေါင်. . . ။

ဗိုက်ထဲမှာကတည်းက တော်လာတာဆိုပဲ။

အဲဒီလိုမျိုး ကလေးတွေကို ခပ်များများ မွေးလိုက်ချင်စမ်းပါ ဘိတော့. . . ။

"ရွှေမိုးညို. . . "

"ဗျာ. . . "

"နင် ခုနပြောတဲ့လူတွေအားလုံးဟာ ဥပမာထဲက လူတွေပဲနော် ရှုတ်ရှုတ် ရှုတ်ရှုတ်နဲ့ အဟုတ်မလုပ်စေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ, စိတ်ချ ပန်းဝေသီ၊ မဟုတ်ခြင်းကတော့ ဟုတ်ကိုမဟုတ်စေရဘူး၊ ဟော့ကောင်တွေ ကြားလား၊ ငါ ဥပမာပေးတာကို အဟုတ်ထင် ဘဝင်မြင့်မနေကြနဲ့၊ ဟုတ်ချင်ရင် ငါ့ကိုပြော၊ ကေရီက အိုင်ကျူမြင့်တယ်၊ ကေရီက တစ်ဆင့်တင်ပြပေးမယ်၊ ဟုတ်တယ်ဟုတ်. . ."

"ဟုတ်. . ."

"ဟုတ်. . ."

"ဘာဟုတ်တာလဲ၊ ဇဝေလည်ကြောင်ပတ် မလုပ်ကြနဲ့"

"သူပြောတာ ဟုတ်တာပါ"

"သူ ဘာပြောလဲ"

"ဟင်, နားလေးလို့လား"

"လေးတယ်. . . အဲ, မလေးဘူး၊ ဟုတ်တွေက ရောသွားနိုင်လို့ ဘာဟုတ်တာလဲ မေးတာ"

ပန်းဝေသီက မျက်နှာထားတင်းတင်းနဲ့ ပြောနေတာ။ သူ သိပ်ပြီး မကျေနပ်ဘူး။

ရွှေမိုးညိုတို့ကလည်း ရှင်းရှင်းမပြောဘူး။ အဟုတ်ထင်တာတွေရော၊ ဟုတ်ချင်တာတွေရော၊ ဟုတ်တွေရော၊ ရှုပ်ယှက်ကိုခတ်နေတာပဲ။

ဟုတ်တာနဲ့ကို ရှုပ်နေတာ။ ဒါကို ရွှေမိုးညိုက ရှင်းပြရှာပါတယ်။

"ရှင်းပြပါရစေ. . ရှင်းပြပါရစေ. . သူတို့ပြောတဲ့ ဟုတ်ဆိုတာက မဟုတ်တာကိုပြောတာ၊ မဟုတ်တာဆိုတာက မဟုတ်မချင်း မဟုတ်သေးတာကိုပြောတာ၊ ဟုတ်ချင်လဲ ဟုတ်သွားနိုင်တဲ့သဘောလဲ ပါလိမ့်မယ်"

ရွှေမိုးညိုပြောတာကို ခေါင်းလေးတညိတ်ညိတ်နဲ့ နားထောင်ရင်း မျက်မှောင်တွေကုတ်ထားကြတယ်။ သူတို့ သိပ်မရှင်းဘူး ဖြစ်နေကြတာ။

"ဆက်ပြောပါရစေ. . . ယနေ့မဟုတ်ပေမယ့် တစ်နေ့ဟုတ်ချင် ဟုတ်လာကြမှာ၊ အဲဒီအခါမှာ ဘယ်လိုသဘောထားမယ်ဆိုတဲ့ အကြို သဘောထားစစ်တမ်းလေးတော့ သိချင်ပါတယ်"

ရွှေမိုးညိုတို့က အပီလုပ်ချလိုက်တာ။ တစ်ဖက်က တုံ့ပြန်ကြတာကလည်း ညီညွတ်ကြပါပေတယ်။ ယိမ်းတိုက်ထားသလိုပါပဲ. . .။

"သဘောထားကတော့ ဒါပဲ"





ဆိုပြီး လက်ဝါးလေးတွေထောင်ပြလိုက်တာများ ယိမ်းသမလေးတွေ အတိုင်းပဲ။

ရွှေမိုးညို ဆက်မပြောဘူး။ လက်ဝါးတွေကြည့်ပြီး လျှော့ချတယ်။

"အခုလို သိမ်မွေ့တဲ့သဘောထားလေးတွေကို သိရတာ ဝမ်းနည်း အဲ. . ဝမ်းသာပါတယ်ခင်ဗျာ. . . လက်တွေပြန်ချထားနိုင်ပါပြီ"

အားလုံး လက်တွေကို တညီတညာတည်းပြန်ချတယ်။

စားစရာသောက်စရာတွေကလည်း ကုန်ပြီဆိုတော့ ပြန်ချင်ကြပြီ။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်တယ်။

ရဲကြည်မင်းကို မေးငေါ့ပြကြတယ်။

ရဲကြည်မင်းကတစ်လျှောက်လုံး လဒမှိုင်မှိုင်နေတာ။ ဘာစကားမှဝင်မပြောဘူး။

ကော်ဖီတစ်ခွက်ထဲ သောက်ထားတယ်။

မုန့်တောင်မစားဘူး။

အစကတော့ စားပြီးသောက်ပြီးပြီမို့ ထပြန်ကြမလို့ပဲ။

ဒါပေမယ့် . . . ရဲကြည်မင်းကိုကြည့်ပြီး သနားသွားကြတယ်။

ဘယ်လိုကူညီရင်ကောင်းမလဲလို့ သုံးယောက်လုံးစဉ်းစားတယ်။ ကလေးမသုံးယောက်က အတူယိမ်းကဖူးကြဟန်တူတယ်။

စဉ်းစားတာတောင် လက်ညှိုးလေးနဲ့ ပေးကိုထောက် စဉ်းစားနေကြတာ။ ဘေးကကြည့်ရင် ဓာတ်ပုံအရိုက်ခံဖို့ အိုက်တင်လုပ်နေကြသလိုပဲ။

"ဟဲ့, ကြည်မင်း. . . ဒီလိုကြီးမနေနဲ့၊ ဒီလိုနေ"

ဆိုပြီး ကေရီက စူပုပ်ပြပြီးမှ ပြုံးပြတယ်။ ပြုံးပြတာထက် သွားဖြဲပြတယ်ဆို ပိုမှန်မှာ။

"အဲဒီပြုံးဖြဲဖြဲလေးကိုပဲ ချစ်နေရတာ"

လို့ ရွှေမိုးညိုက ပြောလိုက်တယ်။ ကေရီက ကြားလို့ လှမ်းကြည့်ပြီး ရန်တွေ့မယ်ပြင်လိုက်ပေမယ့် ဘာရိတ်အုပ်လိုက်ရတယ်။

ရွှေမိုးညိုက သူ့မကြည့်ဘဲ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို လှန်ကြည့်ရင်း လက်ညှိုးထောင်ပြီး ပြောနေတာ။ ထပ်တောင်ပြောသေး။



www.burmeseclassic.com

www.burmeseclassic.com



"အေးတွာ. . . မင်းသမီးအသစ်လေးက ရယ်တာ ပြုံးဖြဲဖြဲလေးနဲ့ ချစ်စရာလေးကွ"

"အေးကွနော်. . ."

ဘေးက မိုးထိအောင်ကလည်း ထောက်ခံနေတယ်။

ဇာကူရှိမျက်စောင်းခဲပြီး ပြန်လှည့်သွားတော့ ရွှေမိုးညိုတို့နှစ်ယောက်သား လက်ကုတ်ပြီး မျက်စပစ်ပြကြလေရဲ့။

ဇာကူရီ အံကြိတ်လိုက်တယ်။ ဒင်းတို့တွေ ဦးမှာပေါ့လို့လည်း တေးထားလိုက်တယ်။

ဇာကူရီ ဒီလောက်ပြောနေတာတောင် ရဲကြည်မင်းက မထုံတက်တေးနဲ့. . .။

"ဟဲ့, ကြည်မင်း နင် နေကောင်းပါတယ်နော်"

လို့ မေးတာကတော့ ပန်းဝေသီပဲ။

ငုတ်တုတ်ကြီးထိုင်နေတာ မြင်ရဲ့သားနဲ့ကို နေကောင်းလားလို့ မေးနေတာ။

"ဟဲ့, ငါ မေ့တာကြားလား"

"ကြားပါတယ်ဟာ. . . ငါမှ နားမလေးတာ"

"ကြားရင်လဲ ပြန်ဖြေလေဟာ. . . နင်နဲ့စကားပြောရတာ လက်ဝင်တယ်၊ ခြေခေါက်တယ်၊ ငါက နင့်ကို ကူညီမလို့မေးနေတာ"

"နင်က ဘာကူညီနိုင်မှာလဲ"

"အံမယ်. . . ငါ့ကိုအထင်စမောလိုက်တာ၊ ကျောင်းမှာ ပန်းဝေသီ ကူညီလို့ ချစ်သူတွေဖြစ်သွားကြတဲ့သူတွေ အများကြီး၊ နင်မှမသိဘဲ"

"တကယ်ပြောတာလား"

ရဲကြည်မင်း အသံနည်းနည်းထွက်လာတယ်။ ဒီလိုဆိုရင်တော့ သူ စိတ်ဝင်စားတာအမှန်ပဲ။

အစကတည်းက နှစ်ရှည်စိမ်ကိန်းကို ဒီလောက်မြန်မြန် အကောင်အထည်ဖော်ဖို့ မဟုတ်ဘူး။

ခုတော့ . . .

မြန်ချင်ပြီ. . .





မြန်လေကောင်းလေပဲ။

သူ့ရင်ထဲမှာ ခံနိုင်စွမ်းမရှိတော့ဘူး။

လူမမာလာမေးတယ်ဆိုပြီး ချက်ချင်းအိမ်လိုက်သွားပြီး ဖွင့်ပြောချလိုက်ဖို့တောင် ကြံမိတာ။

တကယ်. . .။

သိတယ်မို့လား။

ရဲကြည်မင်းဆိုတာ ဗုဒ္ဓဟူးသား။

ရှူးခနဲဆို ဒိုင်းခနဲပဲ။

အခု ခွေးအကြီးလှည်းနင်းခံရသလို ဖြစ်နေတာက ခြွင်းချက်။

လှကြော့ရှင်းနဲ့ပတ်သက်လာရင်တော့ သူ့မှာခြွင်းချက်ရှိတယ်။

အားနည်းချက်တွေများတယ်။

အဲဒါ ဘာလို့လဲ. . .။

သူ့ကိုယ်သူလည်း မေးဖူးတယ်။

အဖြေကတော့

ချစ်လို့ . . .

သိပ်ချစ်လွန်းလို့ . . . တဲ့။

အခုတော့ အဲဒီခြွင်းချက်တွေကို ပယ်ဖျက်တော့မှာ။

တကယ်. . .

ဆုံးဖြတ်လိုက်ပြီ။

အချိန်မဆွဲတော့ဘူး။ နှစ်ရှည်စိမ်ကိန်းကနေ ရက်တိုစိမ်ကိန်းအဖြစ် ပြောင်းလွဲပစ်လိုက်တော့မယ်။

"ပန်းဝေသီ. . ."

"ဘာလဲ. . ."

"ပန်းဝေသီ တကယ်ကူညီမှာလား"

"တကယ်ကူညီမယ်. . . နင် ဘာဖြစ်ချင်လဲ ပြော. . ."

"ငါ သူ့ကိုသိပ်ချစ်တယ်"

"သိပြီးသားပဲလေ. . ."

"နင်အခုပြောတာ အဟုတ်လား၊ ဥပမာလား"



www.burmeseclassic.com

www.burmeseclassic.com



ဒီ့ ဧကာရီက ဝင်မေးတော့ ရဲကြည်မင်းက. . .

"ငါ သူ့ကို စချစ်ကတည်းက ဥပမာမရှိဘူး၊ အဟုတ်ချစ်ခဲ့တာ၊ ... နှင့်စိတ်နဲ့ချစ်ခဲ့တာ"

"ဘာလဲ. . . ဟုတ်ချင်စိတ်"

"ငါ့ဘက်ကချည်း ခေါ်ခွင့်ရှိတဲ့ ချစ်သူအဖြစ်နဲ့မဟုတ်ဘဲ နိုင်ငံတကာအသိအမှတ်ပြု ချစ်သူအဖြစ်နဲ့ အဟုတ်ဖြစ်ချင်ခဲ့တာ"

"ဒုက္ခပဲ. . . သူပြန်ကြိုက်မိရင် ကုလသမဂ္ဂအထိ အကြောင်းကြားစာပို့ရမလိုဖြစ်နေပြီ"

"နင်ကလဲတစ်မျိုးပဲ. . . အရစ်ရှည်တယ်၊ ချစ်တာကို ရစ်လို့မရဘူး၊ အချစ်ဆိုတာ ပြတ်သားရတယ်၊ တိကျရေရာရတယ်၊ အဲချစ်ကို အီယောင်ဝါးလုပ်လို့မရဘူး၊ ကဲ, ဘာဖြစ်ချင်လဲ ပြော. . ."

လို့ ဧကရီကပြောတော့ ရဲကြည်မင်း စဉ်းစားတယ်။

ဧကရီကိုကြည့်ပြီး ရွှေမိုးညိုက . . .

"ဆရာမကြီး . . ."

လို့ခေါ်လိုက်တယ်။ ဧကရီက လက်ဝါးထောင်ပြတယ်။

ရဲကြည်မင်း စဉ်းစားပြီးပြီ။ သူဖြစ်ချင်တာကို ပြောလိုက်တယ်။

"ငါ လှကြော့ရှင်းကို စာပေးချင်တယ်၊ ပေး ပေးမလား"

"ဟယ်, နိုင်ငံတကာ အချစ်နဲ့လဲ ချစ်ချင်ပြောသေး ရှေးရိုးနည်းကြီးကို သုံးမလို့တဲ့. . . အဟုတ် အဟုတ်. . . အဲဒါကြောင့် မစွံတာ"

"ဒီလိုဆို ငါ ဘာလုပ်သင့်သလဲ ပြော. . ."

"သေသင့်တယ်"

"ရေထဲခုန်ချသင့်တယ်"

"ရထားလမ်းပေါ် ဖြတ်အိပ်နေသင့်တယ်"

ရွှေမိုးညိုတို့က ဝိုင်းလှောင်ကြတာ. . .။

ပန်းဝေသီကတော့ စဉ်းစားတယ်။

မျက်လုံးလေးတွေမှေးလို့ . . .။

မျက်လုံးပွင့်ပြီ. . .။

သူ့အကြံရသွားပြီ. . .။





ရဲကြည်မင်းကို အားရပါးရ တက်ကြွစွာပြောတယ်။

"ဒီလိုလုပ်ဟ. . . စာပေးတာရိုးတယ်. . . ကဗျာပေးပါလား၊ သိမ်မွေ့တယ်၊ ခေတ်မီတယ်၊ လှကြော့ရှင်းကလဲ ကဗျာဝါသနာပါတယ်ဟ၊ ကဗျာစပ်တာလဲကောင်းတယ်၊ သူ့ကို ကဗျာနဲ့ချဉ်းကပ်ရင် အဆင်ပြေသွားနိုင်တယ်၊ ကဗျာဆိုတာ သိမ်မွေ့တယ်၊ ကဗျာက ကြမ်းတမ်းတာကို မကြိုက်ဘူးဟ. . . နင်က ကဗျာတစ်ပုဒ်စပ်ပြီး ငါ့ကိုပေး . . ."

"နင့် ဘာလို့ပေးရမှာလဲ၊ ငါက နင့်ကြိုက်တာမှမဟုတ်တာ"

"နင်ကြိုက်တိုင်းကော ငှဲ့ခဲမလားဟဲ့၊ လှကြော့ရှင်းကို ငါကနေ တစ်ဆင့်ပေး ပေးမလို့တောင်းတာ"

"ဒီလိုလား . . . ကောင်းတယ်၊ ကဗျာနဲ့စပြီး အချစ်နဲ့ဆုံးမယ်. . ဒီလိုဆို နင် မနက်ဖြန်ပဲ ငါ့ဆီက ကဗျာလာယူ"

"အံမယ်. . . ငါကပဲ လာယူရဦးမယ်၊ နင် လာပေး . . . ငါ ကြော့ဆီကို အမြန်ချောပို့နဲ့ပို့ပေးမယ်"

"စာတိုက်ချောပို့နဲ့ပို့မှတော့ နင့်ဆီပေးပါတော့မလား၊ ငါ့ဟာငါပဲ သွားပို့လိုက်တော့မှာပေါ့. . . အဟုတ်မှတ်လို့"

"ငတုံး . . . ငအ. . . ဒါကြောင့် မစွံတာ၊ အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးမှာကို ဥပမာပေးတာဟဲ့"

"ငါချစ်တာ ဥပမာမဟုတ်ဘူးနော်၊ အဟုတ်ချစ်တာ"

"အေးပါ . . . ငါကလဲ ကဗျာကို အဟုတ်ပေးပြီး အဟုတ်ပြန်စာယူခဲ့မှာ၊ ပြန်စာခိုပေမယ့် ပြန်ကဗျာလို့ဆိုရမယ်၊ လှကြော့ရှင်းက ကဗျာဝါသနာအိုးဟ၊ နင်ကသာ ချစ်တာကို ကဗျာလေးနဲ့ နိဒါန်းချီလိုက် သူ့ထံက ကဗျာလေးနဲ့တုံ့ပြန်လာမှာ သေချာတယ်၊ ကဗျာဆိုတာ နုတယ် . . လှတယ်. . ရွတယ်"

"ကဗျာက သူနဲ့တူတာနေမှာကွ"

လို့ ရွှေမိုးညိုက မောင်ချိုကို လက်ကုတ်ပြောတယ်။

ပန်းဝေသီက . . .

"သော်ချင်းဆိုး . . . ဒုံးကျည်ထိ. . ."

လို့ တုံ့ပြန်လိုက်တယ်။ ဘစ်ဖက်က ငြိမ်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒုံးကျည်တော့ ကြောက်ကြသား။

"ကျေးဇူးပဲ ပန်းဝေသီ၊ နင့်အကြံ သိပ်ကောင်းတယ်၊ ငါ ညကျရင် ကဗျာတစ်ပုဒ်စပ်လိုက်မယ် . . . နင့်ကိုပေးမယ်"

"အေး . . ပေး . . ကျန်တာ ငါဆက်လုပ်မယ်"

"နင် ငါ့ကိုဆဲလိုက်သလားလို့"

"အေးပါ . . . ပေးပါ . . . လို့ ဆိုလိုတာပါဟာ . . နင်ကလဲ တစ်မျောင့်"

"ဆောရီး . . ဆောရီး . . . နားထဲကြားတာ တစ်မျိုးဖြစ်သွားလို့ ရှဲ . . ရှဲ"

ဆိုပြီး လက်နှစ်ဖက်ယှက်ပြပြီး ခေါင်းငုံ့ပြလိုက်တယ်။

ရဲကြည်မင်း 'ရှဲ . . ရှဲ'လုပ်တော့ ကျန်တဲ့ကောင်တွေကလည်း ထပြီး သက်ဆိုင်ရာကောင်မလေးတွေကို 'ရှဲ . . ရှဲ' လုပ်ကြတယ်။

အဲဒီနေ့က လက်ဖက်ရည်ဆိုင်မှာ လေမတိုက်ဘဲ တရှဲရှဲကို နေခဲ့ကြတာပဲ . . . ။

● ● ●

# အခန်း (၉)

ရဲကြည်မင်း အိပ်မရဘူး။

တစ်ညလုံးကဗျာစပ်တာ အပုဒ်တစ်သိန်းလောက်ရှိတော့မယ်။

အားလုံး လုံးချင်းတွေဖြစ်ကုန်တယ်။

အမှိုက်ခြင်းတောင် မဆန့်တော့ဘူး။

အဲဒီလောက်ထိ တော်တာ။

ကျောင်းပြီးလို့များ ကဗျာဆရာ လုပ်စားရင် တိုက်ဆောက်ရဦးမှာ။

နေ့စားအဖြစ် မဆလာဖျော်ပေး၊ အုတ်သယ်ပေးရမှာလေ။

ဒါလဲ တိုက်ဆောက်တာပဲ မဟုတ်လား။

မနက်လင်းတော့ ကဗျာတစ်ပုဒ် ဆန်ကာတင်ကျန်ခဲ့တယ်။

လေး ငါး ဆယ်ခေါက်ဖတ်ကြည့်တယ်။

ကြိုက်တယ် . . . ။

ထပ်ဖတ်တယ် . . . ။

"ကောင်းသားပဲ"

ကိုယ့်ကဗျာ ကိုယ်ရွေးလိုက်တာ။

ဟို အယ်ဒီတာအတိုင်းပဲ။

ဘယ် အယ်ဒီတာလဲ . . . ဟုတ်လား . . . ။

ဟင့်အင်း . . . သိဘူး . . . ။

ပေယျာလမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးနားဝနဲ့ ပြောလိုက်တာ။

ဒီခေတ်မှာ ကိုယ့်စာမူကိုယ်ပြန်ရွေးတဲ့ အယ်ဒီတာတွေ အများကြီးပဲဟာ။

ကိုယ့်ကဗျာ ကိုယ်ပြန်ရွေးတယ်ဆိုလို့ အထင်မသေးလိုက်နဲ့ဦး။

ကဗျာလေးက တကယ်ကောင်းတာ။

ခေါင်းစဉ်လေးကိုက စိတ်ဝင်စားစရာ။

ကုန်စည်ပြပွဲတွေ အားကျလို့လားပဲ။

သူ့ခေါင်းစဉ်က ဘာတဲ့. . . ။

ဝေဒနာပြပွဲ. . . တဲ့။

ဝင်ကြေးမရှိ အခမဲ့ကြည့်နိုင်မယ့် သဘောရှိတယ်။

မြည်းကြည့်လိုက်ကြပါဦး . . . ။

အခမဲ့ မြည်းရမှာ။

ရတောင့်ရခဲ အခွင့်အရေးနော်။

' ဝေဒနာပြပွဲ '

❀ လှပကြော့ရှင်း၊ ဖော့ယမင်းကြောင့်
ရင်တွင်းအချစ်၊ တံခါးလှစ်၍
ပြုံတစ်ထွက်လာ၊ ဝေဒနာကို
ကြေညာမိတယ်. . . အချစ်ရယ်. . . ။

ရဲကြည်မင်း

ဒါပဲ။

ကဗျာလေးက ဒါပဲ။

တိုပေမယ့် . . .

ထိတယ်. . .

မိတယ်. . .

ငြိတယ်. . .

ဒါက သူ့အထင်. . .





ဘာပဲဖြစ်ဖြစ်. . .

ဒီကဗျာလေးကိုပဲ ပန်းနုရောင်ရေမွှေးစက္ကူမှာ ကူးရေးပေးလိုက်တယ်။

ရေမွှေးစက္ကူက မိတ်အင် ကြည်မင်းပဲ. . . ။

ရှိုးရှိုးစက္ကူကို သူ့အစ်မသုံးတဲ့ ရေမွှေးခိုးစွတ်လိုက်တာ။

သေချာပြန်ကူး၊ စာအိတ်ထဲထည့်ပြီး အသင့်လုပ်ထားလေရဲ့. . ။

ကျောင်းရောက်တော့ ပန်းဝေသီကို ပေးလိုက်တယ်။

"အေး . . . စိတ်ချ သူလာရင် ငါ ပေးလိုက်မယ်၊ ပြန်ကဗျာလဲ တစ်ခါတည်းရအောင် စောင့်တောင်းခဲ့မယ်၊ သူက ကဗျာစပ်တာတော်တယ်ဟ၊ နင့်ကဗျာဖတ်လိုက်ရရင် သူလဲ ချက်ချင်း ကဗျာနဲ့တုံ့ပြန်မှာ သေချာတယ်"

"ရှဲ. . . ရှဲ. . ."

ရဲကြည်မင်းက လက်လေးယှက်ပြီး ခေါင်းလေးငုံ့တယ်။

ကျေးဇူးတင်တယ်ပေါ့။

ဒီနေ့တော့ ရဲကြည်မင်းပျော်နေတယ်။

ဟုတ်တယ်. . . ။

ချစ်သူထံ ချစ်မိကြောင်း တရားဝင်ကြေညာလိုက်ပြီကိုး။

ဒါပေမယ့် . . .

အဲဒီနေ့က လှကြော့ရှင်း ကျောင်းမတက်ပြန်ဘူး။

လှကြော့ရှင်း တကယ်ဖျားနေတာ။

ဒီတော့ ပန်းဝေသီတို့က အိမ်လိုက်သွားမယ် ပြောကြတယ်။

အိမ်မှာပဲ ကဗျာပေးပြီး ပြန်ကဗျာရေးခိုင်းပြီး ယူခဲ့မယ်လို့ ကတိပြုကြတယ်။

"ငါလဲ လိုက်ခဲ့မယ်ဟာ. . ."

ရဲကြည်မင်းက သူပါလိုက်ဖို့ပြောသေးတာ။

ချောပို့ဘုတ်အဖွဲ့က ပယ်ချလိုက်တယ်။

"နင် လိုက်လို့မဖြစ်ဘူး၊ အေး . . . နင်လိုက်ချင်ရင် လိုက်ခဲ့ပြီး အပြင်ကစောင့်နေ၊ ပြန်ကဗျာ ချက်ချင်းယူလာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အခိုးပဲ သဘောတူလိုက်ကြတယ်။

ရဲကြည်မင်းတင်မကဘူး၊ သူငယ်ချင်းတစ်သိုက် အကုန်လိုက်ခဲ့ကြ တာ။

လှကြော့ရှင်းတို့အိမ်နဲ့ မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်မှာ ကျန်တဲ့သူတွေ နေရစ်ခဲ့ကြလေရဲ့။

လှကြော့ရှင်းထံကိုတော့ ဧကရီနဲ့ ပန်းဝေသီနှစ်ယောက်ထဲ သွား ကြတာ။

စောင့်စားသူတွေမှာ စိုးတထိတ်ထိတ်နဲ့ပါပဲလေ။

✿ ✿ ✿

## အခန်း (၁၀)

"အန်တီ. . . လှကြော့ရှင်း နေမကောင်းဘူးဆိုလို့"

"အေးကွယ်. . . ဖျားနေလို့ ကျောင်းတောင်မတက်နိုင်ဘူး၊ လာ. . လာ. . သမီးတို့၊ သမီးရေ. . . သမီးသူငယ်ချင်းတွေလာတယ်"

လှကြော့ရှင်းမေမေက ဧကရီတို့ကို လှကြော့ရှင်းရဲ့အိပ်ခန်းထဲထိ ပို့ပေးခဲ့တယ်။

"သမီးတို့စကားပြောကြဦး" ဆိုပြီးနောက်ဖေးချောင်ဝင်သွားတယ်။

အချိန်ရခိုက် လွဲလစိုက်မှဆိုပြီး ပန်းဝေသီက ရဲကြည်မင်းရဲ့ကဗျာ လေးကို ပေးလိုက်တယ်။ လှကြော့ရှင်းက ဖွင့်ဖတ်ပြီး ပြုံးတယ်။

"ချက်ချင်းကဗျာပြန်ကွာ သူတို့ပါတယ်၊ လမ်းထိပ်မှာစောင့်ကျန်နေ ကြတယ်"လို့ ပန်းဝေသီကပြောတော့ လှကြော့ရှင်းက ခေါင်းညိတ်တယ်။

စာအုပ်နဲ့ ဘောလ်ပင်ယူပြီး ချက်ချင်းကဗျာရေးတယ်။ ဟိုတိုပဲ။ ဧကရီတို့ကိုတောင် ပေးမဖတ်ဘူး။ စာအိတ်နဲ့ပိတ်ပြီး ပြန်ပေးလိုက်တယ်။

ဘာပဲဖြစ်ဖြစ် လှကြော့ရှင်း ချက်ချင်းကဗျာပြန်တာကို ပန်းဝေသီ က ကျေနပ်သွားတယ်။ ဆရာမကြီး လုပ်ရကျိုးနပ်သွားပြီလို့ တွေးရင်းပြုံးမိ တယ်။ လက်မလေးထောင် ပခုံးလေးလည်း တွန့်လိုက်သေးတာ။

သူငယ်ချင်းတွေ စကားပြောပြီး သူ့မေမေကို နှုတ်ဆက်လို့ ပြန်ခဲ့ ကြတယ်။ အောင်ပွဲရ အားကစားသမားတွေရဲ့ ဟန်ပန်နဲ့ပေါ့။

လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာထိုင်စောင့်နေကြတဲ့ ရဲကြည် မင်းတို့ကိုမြင်တော့ စာကိုထောင်ပြလိုက်တယ်။ လက်မတစ်ချောင်းလည်း ထောင်ပြလိုက်တယ်။ ရဲကြည်မင်းတို့ကလည်း လက်မတွေပြန်ထောင်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပန်းဝေသီက ဝင်ထိုင်လိုက်ပြီး အအေးတစ်လုံးစီ မှာ[illegible]နေသေးရဲ့။ စာတို့မပေးသေးဘူး။ တမင်လုပ်နေကြတာ။

"စာလေးလေးဟာ. . ."

"ဘာ, ငါ နှင့်ကို စာပေးရမယ် ဟုတ်လား၊ စကားပြောတာ ကြည့်ပြောနော်"

"နှင်ကလဲ မနောက်နဲ့ဟာ. . . ငါ ဖတ်ချင်လှပြီ၊ လှကြော့ရှင်းက ကဗျာစပ်တော်တယ်ဆို"

"အေးလေ. . . တော်ပြီးသားပဲ၊ နှင့်လို ရှည်ရှည်တောင်ရေးဖွဲ့နေတာ မဟုတ်ဘူး၊ တိုရှင်း လိုရှင်း နှစ်ကြောင်းထဲရေးပေးလိုက်တာဟ. . . သူ့အမေကြီး ရှိနေလို့ထင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် သူ့ထံက ပြန်ကဗျာစာနှစ်ကြောင်းဟာ နှင့်အတွက် အားဆေးဖြစ်မှာပါ၊ ကဲ, ပေးလိုက်ဟာ၊ ဖွင့်ဖတ်ပြ တို့လဲသိချင်တယ်"

အားလုံးသဘောတူညီချက်နဲ့ လှကြော့ရှင်းရဲ့ ပြန်ကဗျာကို ဖွင့်ဖတ်လိုက်ကြတယ်။ ပထမဆုံးဖတ်တာ ရဲကြည်မင်း . . . ဖတ်ပြီးတဲ့အခါ မျက်လုံးပြူးပြီး စကားမေးမရဘူးဖြစ်နေတယ်။

ဒုတိယယူဖတ်တာက ရွှေမိုးညို. . . သူလည်း ငိုမလိုရယ်မလိုဖြစ်သွားတယ်။ ဘေးကဝိုင်းဖတ်တဲ့ မောင်ချိုတို့ မိုးထိအောင်တို့လည်း ဘာထူးလဲ။ သူတို့အမူအယာတွေကြည့်ပြီး ပန်းဝေသီနဲ့ ဧကရီ ထိတ်ခနဲဖြစ်သွားကြတယ်။ စာရွက်လေးကို ဆတ်ခနဲဆွဲယူဖတ်ကြည့်လိုက်တယ်။

ကဗျာက နှစ်ကြောင်းထဲပါ။ သုံးလုံးစပ်တစ်ကြောင်း၊ လေးလုံးစပ်တစ်ကြောင်း ဒါပဲရယ်၊ ဖတ်ကြည့်လေ . . စိတ်ခိုင်ခိုင်ထားဖို့တော့လိုမယ်။

❀ လဲသေလိုက်. . .

ပါးကွဲသွားမယ်။

လှကြော့ရှင်း

ကဲ, ကဗျာလေးက တိုရှင်းလိုရင်းပဲ။ ဒါကြောင့်လည်း ပန်းဝေသီက လှကြော့ရှင်းကို ကဗျာစပ်တော်တယ်။ ကဗျာဆိုတာ သိမ်မွေ့တယ်။ မကြမ်းတမ်းဘူးလို့ ညွှန်းတာနေမှာပေါ့နော်။

✿ ✿ ✿

## အခန်း (၁၁)

အားလုံးငြိမ်သက်နေကြတယ်။

လာထိုင်ကြကတည်းက လူရှင်းတဲ့ဆိုင်မှာ ရွေးထိုင်ကြတာ။

ဆိုင်ထဲဝင်လာတယ်။

ထိုင်ကြတယ်။

ဘာမှမပြောကြဘူး။

ဘယ်သူတွေ ရှိရမတုံး . . .

လှကြော့ရှင်း . . .

ဧကရီ. . .

ပန်းဝေသီနဲ့ လုံးချစ်. . .

လေးယောက်. . .

လူစုံတယ်။ လှကြော့ရှင်းက ဒီနေ့မှကျောင်းပြန်တက်တာ။

အခုအားတုန်း လာထိုင်ကြတာက ပြောစရာတွေရှိလို့။

ဒါပေမယ့် . . . ဘယ်သူမှ ဘာမှမပြောကြသေးဘူး။

မျက်လုံးလေးတွေတောင် မှိတ်ထားလိုက်ကြသေးတာ။

ဆိုင်ရှင်က ဘာမှာမလဲလို့ လှမ်းကြည့်တယ်။

ငြိမ်သက်စွာမျက်လုံးမှိတ်ထားတဲ့ မိန်းကလေး လေးယောက်ကိုကြည့်ပြီး အံ့အားသင့်သွားတယ်။

စေယျာမြေအပေါက်

www.burmeseclassic.com

www.burmeseclassic.com



**စဉ်းစားရင်း** ခေါင်းတဆတ်ဆတ်ညိတ်တယ်။

**စားပွဲထိုးလေး**က 'ဘာစားကြမှာလဲ' လို့ မေးဖို့ဟန်ပြင်တော့ ဆိုင်**ရှင်က** လက်ကာပြပြီး တိုးတိုးပြောတယ်။

"နေဦး . . . တရှုးထိုင်နေကြတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘုရားတရားလုပ်နေကြတာ အားပေးရမယ်"

ဆိုင်ရှင်ရဲ့အသံကြောင့် ဧကရီရဲ့ နှုတ်ခမ်းလေးတွေ တွန့်သွားတယ်။ မျက်စိဖွင့်ကြည့်တယ်။ ကျန်တဲ့သူတွေလည်း မျက်စိဖွင့်ကြပြီး၊ စားပွဲထိုးလေး ပြေးလာတယ်။

"အစ်မတို့ ဘာများသုံးဆောင်ကြပါမလဲ"

"ရေသန့်တစ်ဘူး . . ."

"လက်ဖက်သုပ်တစ်ပွဲ. . ."

"နောက်ကော. . ."

"တော်ပြီ ဒါပဲ. . . ဒီနေ့ တရားအမိဋ္ဌာန်ရှိတယ်"

ဧကရီက အတည်ပေါက်ပြောလိုက်တာ။ ခုနက ဆိုင်ရှင်ပြောတာကိုကြားထားလို့ ချော်လဲရောထိုင်လုပ်လိုက်တာ။

ဧကရီပြောတာကိုကြားတဲ့ ဆိုင်ရှင်က သာဓု. . . သာဓု. . . လို့ တိုးတိုးလေးခေါ် လိုက်သေး။

"ကဲ, ကြော့. . . ပြောပါဦး၊ မင်း မနေ့ကရိုက်ဘဲ့ ရိုက်ချက်လေး ဘာကြောင့် . . ."

ပန်းဝေသီက မေးတာ။ လှကြော့ရှင်းက မဖြေသေးဘူး။

ပန်းဝေသီကိုတစ်လှည့်၊ ဧကရီကိုတစ်လှည့် နှစ်လှည့်တိတိကြည့်လိုက်တယ်။ နောက်ပြီး ဖြည်းညင်းစွာပဲပြောတယ်။

"မင်းတို့ကို ကိုယ်တစ်ခုမေးမယ်"

"မေး . . ."

"အချစ်ဟာ ကန်စွန်းရွက်လား"

"ဟုတ်ဖူး . . ."

"အချစ်ဟာ ရောင်းကုန်လား . . ."

"ဟင့်အင်း . . . အချစ်ဟာ ရောင်းလို့မကုန်နိုင်ဘူး"





"ကိုယ်ပြောတာက အချစ်ဟာ ရောင်းချတဲ့ကုန်ပစ္စည်းလား ဆိုတာပေါ့"

"ဘယ်ဟုတ်ပါ့မလဲ"

"ဒါဆို အချစ်ဟာ ဘာလဲ. . ."

"ဟော့, လုံးချစ်. . . နင့်မေးတာ. . . နင်ဖြေလိုက်"

လှကြော့ရှင်းရဲ့ ချစ်သီအိုရီအမေးကို လုံးချစ်ဆီ တွန်းပို့လိုက်ကြတယ်။ လုံးချစ်ဟာ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ပြောရှာပါတယ်။

"အချစ်ဆိုတာ ငါနဲ့တူရင်တော့ လုံးလုံးကျစ်ကျစ်လေးပဲ နေမှာပေါ့ဟ"

"ငါ အကောင်းမေးနေတာ၊ နင်တို့သိချင်တဲ့ကိစ္စ ရှင်းပြနိုင်ဖို့ လိုအပ်တဲ့ မေးခွန်းတွေ စမေးနေရတာ၊ ကောင်းကောင်းဖြေကြ"

လှကြော့ရှင်းက စိတ်မရှည်ဟန်နဲ့ပြောတယ်။ လှကြော့ရှင်းကြည့်ရတာ စိတ်နွမ်းကိုယ်ပမ်းနေသလိုပဲ။

သူ့မျက်လုံးတွေက အငြိမ်မနေဘူး။ ဟိုဟိုဒီဒီကြည့်နေတယ်။ တစ်စုံတစ်ရာကို ရှာဖွေနေသလိုပါပဲ။

"နင်တို့ဖြေကြလေ. . . အချစ်ဟာ ဘာလဲဆိုတာ. . ."

"အင်း . . ."

"အဲ. . ."

မဖြေနိုင်ကြဘူး။ အင်း . . အဲ တွေဖြစ်နေကြတယ်။

"ဟဲ့, ကြော့ကလဲ ဘာတွေမေးနေတာလဲ၊ တို့က ဆီးပြားသာ စားဖူးတာ၊ ရည်းစားတော့ထားဖူးတာမှ မဟုတ်ဘဲ"

"အိုကွာ, မထားဖူးလဲ တီးမိခေါက်မိတော့ သိရမှာပေါ့ မသိရင် ပြောမယ်. . အချစ်ဆိုတာ ရယူလိုခြင်း၊ ပိုင်ဆိုင်လိုခြင်း၊ တွေးပိုက်လိုခြင်း၊ ချစ်ခြင်းဆိုတာ ဘဝဘတ်စ်ကားရဲ့ဂိတ်အစပဲ၊ ရယူပိုင်ဆိုင်ခြင်း လက်ထပ်ခြင်းဆိုတာ ဂိတ်ဆုံးပဲ၊ ဂိတ်စကတက်ပြီး ဂိတ်ဆုံးစီးမယ့် မေတ္တာခရီးသည်ကို အလကားပဲတင်း တင်သွားသင့်သလား . . ."

လှကြော့ရှင်းရဲ့ ဖလော်ဆော်ဖီကို ဧကရီတို့ မျက်စိလည်နေကြတယ်။ မျက်မှောင်တွေကုတ်လို့။ စဉ်းစားနေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"ကြော့. . . မင်း ဘာတွေပြောနေတာလဲ၊ ဘတ်စ်ကားထောင်မလို့လား"

"အေးလေ. . . ဟုတ်သားပဲ၊ မင်းဟာ ဘတ်စ်ကားရော၊ ဂိတ်စဂိတ်ဆုံးရော၊ ခရီးသည်တွေရော ရှုပ်ယှက်ကိုခတ်နေတာပဲ"

ကေရီရော ပန်းဝေသီပါ ခေါင်းရှုပ်ဟန်နဲ့ပြောကြတယ်။

လုံးချစ်ကတော့ ဘာမှဝင်မပြောသေးတာ။ နားလည်သလိုလိုနဲ့ငြိမ်နေတယ်။

"မင်းရဲ့ဖလော်ကို ကိုယ်စိတ်ဝင်စားတယ်၊ ဆက်ပြောလေ. . ."

လို့တောင် မှင်ကြီးနဲ့ ဝင်ပြောသေးတာ။ ဆရာမကြီး စတိုင်လ်ပဲ။

နားလည်တယ်ဆိုတဲ့လူရှိလို့ လှကြော့ရှင်း အားတက်သွားတယ်။

"အုံနာတစ်ယောက်အနေနဲ့ လိုက်ချင်တဲ့ခရီးသည်ကို လွယ်လွယ်ခေါ်တင်လို့ဖြစ်မလား၊ လူဆိုးလား၊ ခါးပိုက်နှိုက်လားလို့ မစိစစ်သင့်ဘူးလား။ သွားမှာက ခရီးဝေးနော်. . ."

"ဟာ, စိစစ်သင့်တာပေါ့၊ ခရီးဝေးလိုက်မယ့်ဟာ"

လုံးချစ်က ဝင်ဖောတာ။ ကေရီနဲ့ ပန်းဝေသီကတော့ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နဲ့ နားထောင်လို့ရယ်။

"အေးလေကွာ. . . ဟိုနားဒီနားသမားက ကိစ္စမရှိဘူး၊ ကားခမပေးဘဲ ခိုးစီးသွားလဲ မှုစရာမလိုဘူး၊ အဲ, ဂိတ်စဂိတ်ဆုံးလိုက်မယ့်သူကျတော့ လွယ်လွယ်ခေါ်တင်လို့မရဘူး၊ ဟုတ်တယ်ဟုတ်. . ."

"ဟုတ်ပါ့ရှင်. . ."

ဘုန်းကြီးရှူးနဲ့ လေ့လူးနဲ့တော့ တွေ့နေပြီ။

လုံးချစ်တို့ကတော့ 'ဖောရောမယ်'ဘွဲ့များ ရထားသလားပဲ။

ကျန်တဲ့နှစ်ယောက်ကတော့ ပါးစပ်အဟောင်းသား။

သူတို့စိတ်ထဲမှာ လှကြော့ရှင်းနဲ့ လုံးချစ်တို့ ဘတ်စ်ကားအကြောင်းပြောနေကြတယ်ပဲထင်တာ။

"ကြော့. . . မင်းတို့ ဘတ်စ်ကားကိစ္စ နောက်မှပြောကွာ၊ ရဲကြည်မင်းပြဿနာကို အရင်ပြော"

"ဟ, ကိုယ်ပြောနေတာ အဲဒီကိစ္စပဲဟာ၊ ရဲကြည်မင်းဟာ ဂိတ်ဆုံး





လိုက်ချင်တဲ့ မေတ္တာခရီးသည်ပဲ၊ အုံနာဖြစ်တဲ့ကိုယ်က မစိစစ်သင့်ဘူးလား၊ မင်းတို့ဆိုရင်ရော လွယ်လွယ်နဲ့ခေါ်တင်မလား၊ ကဲ, ပြော. ."

လှကြော့ရှင်းက ကေရီနဲ့ပန်းဝေသီကို မေးပြောပြောနေတာ။

လုံးချစ်ကပါ ကေရီတို့ကိုကြည့်ပြီး ဝင်ပြောလိုက်သေး။

"ပြောလိုက်လေ . . . လွယ်လွယ်နဲ့ ဘယ်တင်မလဲရှင်၊ သူ့ဆီမှာ ကားခလောက်လောက်ငှငှပါရဲ့လားဆိုတာ ကြည့်ဦးမှာပေါ့လို့ ဖြေလိုက်ကြလေ. . ."

"အရေးထဲ ညည်းကတမျောင့်၊ လိုက်ဖောမနေနဲ့၊ ဖောလွန်းရင်ရှောတတ်တယ်"

"ဖောရှောဆိုတာ ကြားဖူးတယ်မို့လား . . ညည်းနဲ့ဖောရှော ညားသွားမယ်"

"ဖောရှောနဲ့တော့ မညားပါရစေနဲ့ ... ၊ မသကာ ကိုကိုချိုနဲ့ဆိုဟုတ်သေး . . ."

"လုံးချစ်နော်. . ညည်း တော်တော်သဲ၊ ဟိုကညည်းကိုစပြီလား"

"ဟင့်အင်း . . ."

"ဒါနဲ့များ မြင်းကမလှုပ် ခုံကလှုပ်နေတယ်"

"ငါ့ခုံကိုက နဲ့တဲ့တဲ့ဟ. . ."

အားလုံးရဲ့မျက်စောင်းတွေက လုံးချစ်ထံ စုပြုံရောက်သွားကြတယ်။ လုံးချစ် လျှာလေးတစ်လစ်နဲ့ ဇက်လေးပုသွားတယ်။ ပါးစပ်လည်း ပိတ်သွားပြီ။

မပိတ်လို့လည်း မဖြစ်ဘူး။

လှကြော့ရှင်းကပါ သူ့ကို ဖြိုလ်ကြည့်ကြည့်လာပြီ။

ခုနကတော့ သူ့ဘက်က လိုက်ရောလိုက်ဖောနေလို့ ဟုတ်တုတ်တုတ်ပဲ. . .။

အခုတော့ . . .

လှကြော့ရှင်း မျက်နှာထားကြီးတင်းနေပြီ၊ ကြာရင် ဇယောင်ကိုင်းလာရင် အခက်. . .။

"ဒီမှာ အားလုံးနားထောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



လှကြော့ရှင်း လေသံက ကြည်လင်တယ်။ ပြတ်သားတယ်။

အားလုံးပဲ ငြိမ်သက်နားထောင်နေကြတယ်။

"ခုန ကိုယ့်မေးခွန်းကို မင်းတို့မဖြေကြသေးဘူးနော်၊ ဖြေကြလေ၊ တော်ဇဲ့ရဲ့ ချစ်ဘဲ့တ်စ်ကားကြီးကို စီးမယ့် မေတ္တာခရီးသည်ကို လွယ်လွယ်နဲ့ ခေါ်တင်ကြမလား . . . "

လှကြော့ရှင်းမေးခွန်းကို မဖြေကြဘူး။ ခေါင်းကုတ်ကြတယ်။

ဧကရီက ခေါင်းကုတ်ရင်း ပြောတယ်။

"ကြော့. . . ပြောရင် တည့်တည့်ပြောဟာ၊ နင့်ဘတ်စ်ကားကြီး မပါစေနဲ့"

"အေးဟာ. . . ခရီးသည်တွေလဲ မတင်နဲ့၊ တို့မျက်စိလည်လွန်းလို့ပါ"

ပန်းဝေသီကလည်းပြောတော့ လှကြော့ရှင်းပေါက်သွားတယ်။ သဘောပေါက်သွားတာလေ။

သူတို့အိုင်ကျူနိမ့်တယ်လို့ စိတ်ထဲက မှတ်ချက်ချရင်း ရိုးစင်းစွာပဲ ပြောတော့တယ်။

"ကိုယ့်ကို ချစ်ပါတယ်လို့ ပြောလာမယ့် ယောကျ်ားလေးတစ်ယောက်ကို ချက်ချင်းတုံ့ပြန်လက်ခံသင့်သလား . . . "

"အေး . . . အဲဒီလို ခုနကတည်းက ရှင်းရှင်းလင်းလင်းပြောရင် ပြီးပြီ၊ ဘာလဲဟ. . . ဘတ်စ်ကားတစ်စီးနဲ့ မြို့ပတ်နေတယ် မျက်စိကို လည်သွားတာပဲ၊ နင်မေးတာကို ရိုးသားစွာဖြေရရင်တော့ ဘယ်ချက်ချင်း လက်ခံအခွင့်အရေးပေးလို့ ဖြစ်မလားဟ၊ တို့က မိန်းကလေး. . . သူတို့က ယောကျ်ားလေး"

"ဧကရီ. . . နင်ဇတ်လှချည်လား၊ ယောကျ်ားလေးနဲ့ မိန်းကလေး တောင်ခွဲသိတယ်" လို့ ပန်းဝေသီက ထဖောက်တယ်။

လှကြော့ရှင်းကတော့ ခပ်တည်တည်ပဲ။ ဆရာမကြီးစတိုင်လ်နဲ့ ဆက်ပြောတယ်။

"အေး . . . တို့ မိန်းကလေးတွေမှာ အချစ်နဲ့ပတ်သက်လာရင် မူပိုင်ခွင့်ဆိုတာရှိတယ်"





"နေဦးဟ. . . ငါ ကြားဖူးတာကတော့ မူပိုင်ခွင့်ဆိုတာ စာရေးဆရာတွေ၊ တေးရေးဆရာတွေမှာပဲ ရှိတယ်တဲ့၊ တို့မိန်းကလေးတွေက ဘာတွေရေးပြီး ဘာခွေထုတ်လို့ မူပိုင်ခွင့်ရှိရတာလဲ"

လို့ ပန်းဝေသီက ဝင်ထောက်ပြန်တယ်။

လှကြော့ရှင်းက ပန်းဝေသီကို သနားစရာပဲဆိုတဲ့ အကြည့်မျိုးနဲ့ကြည့်ရင်း ပြောတယ်. . .။

"မင်းပြောတဲ့မူပိုင်ခွင့်က တခြား၊ ကိုယ်ပြောတဲ့ မူပိုင်ခွင့်က တခြားစီပဲ. . မင်း နည်းနည်းစောင်းသွားပြီ၊ ပြင်ထိုင်လိုက်စမ်း . . . "

ပန်းဝေသီက ယောင်ပြီး ကိုယ်ကိုလှည့်ပြင်ထိုင်လိုက်သေးတာ။

လှကြော့ရှင်းက ဟက်ခနဲ ရယ်လိုက်ပြီးမှ. . .

"ရပြီ ပန်းဝေသီ မင်းတည့်သွားပြီ၊ ဆက်နားထောင်. . ကိုယ်ပြောတဲ့ မူပိုင်ခွင့်ဆိုတာက တို့မျာ း မိန်းကလေးတွေရဲ့ မွေးရာပါအခွင့်ထူးကွာ၊ လူပြိန်းနားလည်အောင်ပြောရရင်တော့ ချစ်တယ်ပြောလာတဲ့ ယောကျ်ားလေးတွေ ကိုယ့်ကိုစိတ်ဝင်စားကြတဲ့ ပုရိသတွေပေါ်မှာ အင်တင်တင်နဲ့ မူလကျိသွန်နီလုပ်ပိုင်ခွင့်ကွာ. . . နားလည်ပြီလား . . . "

"ဟင့်အင်း . . . နားမလည်ပေါင်. . . "

"တို့လည်း နားမလည်ဘူးကို ဖြစ်နေပြီ"

"လုံးဝမသိ. . . လုံးချစ် လုံးဝမသိ. . . "

ဘယ်နားလည်ကြမလဲ။ နားလည်ရင် အကုန်လူပြိန်းတွေ ဖြစ်ကုန်မှာကိုး။ သူက လူပြိန်းနားလည်အောင်ပြောတာဆိုပဲ။

လုံးချစ်တို့ကဆို ပါးလိုက်တာလုပ်နေတာပဲ။ လုံးဝတောင် မသိဘူးတဲ့လေ။

လှကြော့ရှင်းက သူစကားပြောမှားသွားပြီဆိုတာ သိလို့ တစ်ချက်ပြုံးလိုက်တယ်။

ပြီး . . .

ပြင်ဆင်ချက်ထုတ်တယ်။

"ကိုယ်ပြောတာတွေကို အိုင်ကျူမြင့်ကဲ့သူမှ သိမှာထင်ပါရဲ့"

ဆိုတော့မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘီသာအဲ..."

"ဘီတယ်လေ..."

"ဘီဗြီ ... ဆက်ပြော..." နဲ့ ဖြစ်လာကြတော့တာ။

"အေး ... ဆက်ပြောရရင် ငါက အဲ့ဒီထုံးနှလုံးမှုပြီး လုပ်လိုက်တာပဲတွ... ဒါပဲ"

"ဒါဆို နင် ရဲကို မမုန်းဘူးပေါ့"

"ရဲလဲမမုန်းဘူး .. စစ်သားလဲ မမုန်းဘူး ... ရဲရှိမှ ရပ်ရွာအေးချမ်းငြိမ်ဝပ်သလို ငါ့နှလုံးသားကလဲ သူရှိမှ ငြိမ်ဝပ်မှာ၊ ဘယ်မှာလဲ နင်တို့ရဲ့ ရဲ..."

"ဒါနဲ့များဟယ်... သူ့ခမျာ အဟုတ်မှတ်လို့ မစားနိုင် မသောက်နိုင်ဖြစ်နေရှာတာ"

"သူ အခုဘယ်မှာလဲ"

"ဟိုဆိုင်မှာရှိလိမ့်မယ်ဟ..."

"လာ... အဲဒီ သွားကြရအောင်"

ဆိုပြီး လေးဦးသား သုတ်ခနဲ ထွက်လာကြလိုက်တာ...။

ဆိုင်ရှင်က လှမ်းအော်မှပဲ သတိရတော့တယ်။

"ဟဲ့၊ ပိုက်ဆံရှင်းခဲ့ကြဦးလေ.. တရားသမားတွေ မှတ်ပါတယ်၊ မတရားစားချင်တဲ့ ဟာလေးတွေပဲ၊ ပါးစပ်က ဘုရား ဘုရား .. လက်က ကားယား ကားယား ထင်ပါရဲ့နော်"

ကောင်းရော...။

တရားအမိဌာန်ရှင်မလေးတွေ အရှက်တော်ကွဲရပေါ့ ...။

တော်သေးတယ်...။

ဆိုင်က လူရှင်းလို့ ...။

ဟိုကြည့်ဒီကြည့်နဲ့ ပိုက်ဆံထုတ်ပေးခဲ့ရတာကလား ...။

ရှက်တာပေါ့နော်...။

❀ ❀ ❀

## အခန်း (၁၂)

"ဟေ့ကောင် ကြည်မင်း ... စွတ်ဆွေးမနေနဲ့၊ မင်း သူ့စာကို သေချာဖတ်..."

"ဖတ်တာမှ အခါတစ်သိန်းရှိပြီ၊ အလွတ်ရတယ်.. လဲသေလိုက်ပါးကွဲသွားမယ်... ဒါပဲဟာကို"

"အေး .. အဲဒါပြောတဲ့တာပေါ့၊ အဲဒီစာထဲမှာကိုက လျှို့ဝှက်ချက်ကရှိနေတယ်"

"ဘာမှမလျှို့ဝှက်ပါဘူးကွာ... ရှင်းရှင်းလေးကိုများ"

"မဟုတ်ဘူး... စကားလုံးမှာလျှို့ဝှက်ချက်ရှိနေတာ၊ မင်း သေချာစဉ်းစား"

"မစဉ်းစားနိုင်ပါဘူးကွာ .. ဒီမှာစားကောင်းနေတုန်း ဟေ့၊ ချာတိတ် မုန့်ဟင်းခါးတစ်ပွဲ ထပ်ပေးကွာ၊ ပဲကြော်ရော.. ဘဲဥတစ်လုံးပါထည့် .. ဒီနေ့ စားကောင်းသလိုပဲ"

ရဲကြည်မင်းက မုန့်ဟင်းခါးတစ်ပွဲထပ်မှာပြီး ငုံ့စားနေတယ်။

သူ့ရှေ့မှာလည်း စားပြီးသားနှစ်ဘန်းကန်က ထပ်လျက်သား။

သူ့အရမ်းစိတ်ထိခိုက်ပြီး ... ပိန်သွားမှာစိုးလို့ ဗိုက်ဖြည့်နေတာနေမှာ။

စားချင်လို့တော့ ဘယ်ဟုတ်မလဲ။

ငေယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ချို့ဝှက်ချက်ကိုဖော်ထုတ်မယ့် စုံထောက်ကြီးရွှေမိုးညိုကတော့ ... ကြီးတုတ်ပြီး စဉ်းစားနေတာ. . . ။

ရဲကြည်မင်းကတော့ အံတင်းစားနေတာ။

မုန့်ဟင်းခါး . . .

မုန့်ဟင်းခါး . . .

မောင်ချိုနဲ့ မိုးထိအောင်တို့ကလည်း တစ်ပန်းကန်စီတွယ်ပြီးကြပြီ။

ရွှေမိုးညိုတစ်ယောက်တည်း ဆရာကြီးလိုလို သမားကြီးလိုလိုနဲ့ ဟန်ပြစားပြီး မေးပွတ်လိုက် ခေါင်းပွတ်လိုက်နဲ့ စုံထောက်ကြီးစတိုင်လ် ဖမ်းနေတာ။

လှကြော့ရှင်းရဲ့စာထဲမှာ လျှို့ဝှက်ချက်ရှိသတဲ့။

ထပ်. . . ရယ်စရာ။

ရှင်းနေတာကြီးကိုများ . . .

စာလေး လေးငါးခြောက်လုံးကိုများ. . .

ရွှေမိုးညိုကတော့ မှင်နဲ့ဂိုက်နဲ့ကို စဉ်းစားနေတာ။

စာလုံးသုံးလုံးရဲ့အဓိပ္ပါယ်က. . .

ဘာလဲ. . .

ဘယ်လဲ. . .

ဦးတည်ချက်က ရိုးရိုးလား . . .

ဝှက်ဖဲနဲ့လား . . .

ဝှက်ဖဲဆိုတာ ဘာဖဲဖြစ်မလဲ. . .

သုံးဖဲလား . . .

လေးဖဲလား . . .

ကိုးဖဲလား . . .

"ဟင်း . . ."

ရွှေမိုးညိုက ဟင်းချတယ်။

ရဲကြည်မင်းက ဟင်းရည်နည်းနည်း ထပ်တောင်းတယ်။

"ဟေ့ကောင်. . . မင်း စဉ်းစားစမ်း"

"ဘာမှစဉ်းစားစရာမလိုဘူး . . . ဒီတိုင်းစားသဲဖြစ်တယ်"





"မင်းကို လှကြော့ရှင်းရဲ့ပြန်ကြားစာကိစ္စ စဉ်းစားခိုင်းတာကွ. . . ငါကတော့ ဒီလိုစဉ်းစားမိတယ်"

"ဘယ်လိုလဲ. . ."

"ပါးကွဲသွားမယ်ကတော့ ထားကွာ. . ."

"ထားတယ်ကွာ. . ."

"လဲသေလိုက်ကို စဉ်းစားကြစို့"

"ရှင်းရှင်းလေးဟာကို. . . ငါ့ကို လဲသေခိုင်းတာပဲဟာ"

"မဟုတ်သေးဘူးလေ. . . အဲဒီစကားလုံးသုံးလုံးမှာ လျှို့ဝှက်ချက် ထွေပြည့်နှက်နေတယ်၊ မင်း သတိမထားမိလို့"

"ကဲ, ပြောစမ်း၊ ဘာလျှို့ဝှက်ချက်လဲ"

"လဲသေလိုက်ဆိုတဲ့အသုံးအနှုန်းဟာ မင်းတို့ငါတို့ ရင်းနှီးကျွမ်းဝင်သူတွေ သုံးကြတာမဟုတ်လား"

"အင်း . . . ဟုတ်သလိုပဲ"

"ဟေ့ကောင်. . . ဟုတ်ကိုဟုတ်တာ၊ ရင်းနှီးသူချင်းပြောတဲ့စကား၊ ဒီစကားနောက်ကွယ်မှာ မင်းကို တကယ်သေစေလိုတဲ့ ဆန္ဒရှိကြလား . . . ကဲ, ပြော"

"ဘယ်ရှိမလဲကွာ. . . ခင်မင်လို့သာ ပြောလိုက်တာပဲဟာ"

"ကဲ, ရှင်းရှင်းလေး . . . မင်းကို ဘယ်လောက်ထိ ရင်းနှီးကျွမ်းဝင်ပါတယ်ဆိုတာပြလိုက်တာပဲ၊ ဒီတော့ ဒီကိစ္စမှာ လှကြော့ရှင်းဟာ အလဲဖြုထောင်ပြီး မင်းထံကို လာကိုလာရမယ်. . . မင်းသာတောင့်ထား"

"အေးကွ. . . မင်းပြောတာလဲ ဟုတ်တုတ်တုတ်၊ တောင့်ထားဖို့ အားလိုတယ်. . . ချာတိတ် အားဖြည့်အချိုရည်တစ်ဘူး ယူခဲ့ကွာ"

ရဲကြည်မင်းက အချိုရည်ဘူးကို ကိုင်ကြည့်မလို့ကြံကာရှိသေး . .

"ဟေ့ကောင်တွေ. . . ဟိုမှာ. . . ဟိုမှာ"

လို့ မောင်ချိုက ထ,အော်လို့ ပြိုင်တူကြည့်လိုက်ကြတော့ . . .

အို. . .

လှကြော့ရှင်း . . .

ဧကရီ. . .



www.burmeseclassic.com

www.burmeseclassic.com



ဝန်းဝေသီနဲ့ . . .

လုံးချစ် . . .

သူတို့ဆီ ဦးတည်လာနေကြပါပေါ့လား . . .

ရဲကြည်မင်း မျက်နှာသွေးဆုတ်သွားပြီ။

ငှဲ့ထားသော ရေနွေးပန်းကန်ကိုယောင်ပြီး မမှုတ်ဘဲမော့ချလိုက်တာ လည်ချောင်းတစ်လျှောက် ပူဆင်းသွားကြလေရဲ့ . . .။

ရှုံ့မဲ့နေခိုက်မှာပဲ အနားကို လှကြော့ရှင်းတို့အုပ်စု ရောက်လာတော့လေရဲ့ . . .။

ပါမစ်မတောင်းဘဲ ဝင်ထိုင်ကြတယ်။

ဘာမှတော့ မမှာကြဘူး။

စားရေးသောက်ရေးထက် ပြောဆိုဆွေးနွေးရေးက အဓိက မဟုတ်လား . . .။

သူတို့အားလုံး အသံတိတ်လေ့ကျင့်ခန်း လုပ်နေကြတယ်။

ဘယ်သူကမှ စကားစမပြောဘူး။

"ကိုကြည်မင်း အစားအသောက်တောင်ပျက်လို့ဆို . . ."

လှကြော့ရှင်းက အရိုးခံပြောတာ။

မျက်စိကတော့ ပန်းကန်တွေကို ကြည့်နေသလိုရှိတာပေါ့နော် . . ။

ဒါကို ရဲကြည်မင်းက မလုံမလဲနဲ့ မောင်ချိုကိုလွှဲချလိုက်တယ်။

"ဟင့်အင်း . . . အဲဒါတွေက မောင်ချိုစားထားတာတွေ"

သူလည်း ဘယ်သူမှရိုက်မစစ်ဘဲ ပြောနေတာ။

မောင်ချိုက မျက်လုံးကြီးပြူးကြည့်တယ်။ အခြေအနေကိုရိပ်မိလို့ ဝင်ပြီး ဖာထေးတယ်။

"အဟီး . . . ထမင်းဆာတာနဲ့ ကြိတ်ပစ်လိုက်တာ၊ သုံးပွဲလေးပွဲပဲ ဟဲ . . ဟဲ . . လုံးချစ် စားဦးမလား"

လုံးချစ်က ဘာမှပြန်မပြောဘူး။ နှုတ်ခမ်းစူပြီး တစ်ဖက်လှည့်သွားလေရဲ့ . . .။

ဒါ လှကြော့ရှင်းပြောတဲ့ မိန်းကလေးများရဲ့ မူပိုင်ခွင့်စတင်သုံးစွဲလိုက်တာပဲ။





ပြောင်းလဲသွားတဲ့ လုံးချစ်ရဲ့ အမူအရာကိုကြည့်ပြီး မောင်ချိုကြောင်တက်တက် ခွေးဆင်းဆင်းဖြစ်သွားတယ်။

လုံးချစ်ကတော့ အေးဆေးပဲ။

မှင်ပြည့်ဂိုက်မှန်ပဲ။

သူက လှကြော့ရှင်းရဲ့ ဖလော်ဆော်ဖီမှာ မျောသွားပြီလေ။

"ဟဲ့ ကြည်မင်း၊ ကြော့က နင့်ကို တောင်းပန်မလို့တဲ့ . . ."

"ဝယ်ပြီးသားပန်ပါစေဟာ၊ ငါ့မှာ ပေးစရာ ဘာပန်းမှလဲမရှိပါဘူး"

"ဟော့ကောင် . . . မရှိဘူးလို့ သွားမပြောနဲ့၊ မင်းမရှိဘူးဆိုတိုင်း သူတို့က ယုံမလား။ သူတို့က နားလည်ပြီးသား . . ."

"သူ့အမှားကို ဝန်ချတောင်းပန်မှာတဲ့"

"လှကြော့ရှင်းက ဘာများမှားခဲ့လို့လဲ၊ မှားတာက ငါပဲဟာ ငါက တောင်းပန်ရမှာပေါ့၊ တောင်းပန်ပါတယ် ကြော့ရယ် . . ကိုယ်ရဲ့ ဝေဒနာပြပွဲကို ပါမစ်ပြန်အပ်ပြီး ဖျက်သိမ်းလိုက်ပါပြီ . . . ကြော့ ကျေနပ်ဇနော်"

"မကျေနပ်ဘူး . . ."

"ဟင်, ဘာလို့ . . ."

"ပြပွဲက အခင်းအကျင်းမစုံလို့"

"ဒါကတော့ ကြည့်မယ့်သူမှမရှိတာ"

"ရှိတာပေါ့"

"မရှိပါဘူး . . . ကြော့ကလွဲရင် ဘယ်သူမှကြည့်ခွင့်မရှိတဲ့ ပြပွဲပါ၊ ကြော့အတွက် မေတ္တာလက်မှတ်တစ်စောင်ကို ခိုင်ခံ့အောင် စတီးပြားနဲ့ လုပ်မယ့်ကိစ္စတောင် ပယ်ဖျက်လိုက်ပါပြီ"

"မဖျက်နဲ့ဦး . . . ကြည့်မယ့်သူက ရှိသေးတယ်"

"ဘယ်သူကြည့်မှာမို့တုံး"

"ကြော့ ကြည့်မှာ . . ."

"ကြော့ တကယ်ကြည့်မှာ . . ."

"အင်း . . ."

"ဝမ်းသာလိုက်တာ . . . ဒါဆို ဝေဒနာပြပွဲအမှတ်(၂)ကို ဆက်ပြလို့ရပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ."

"ကြော့ . . ."

"အင်း . . ."

"ကြော့ . . ."

"အင်း . . ."

"ကြော့ . . ."

"အင်း . . ."

"ကြော့ . . . ဘာတွေအင်းနေတာလဲ"

"အတွေးလွန်သွားလို့ . . . ဆောရီး . . ပြောလေ"

လှကြော့ရှင်းနဲ့ ရဲကြည်မင်းတို့ လေပေးဖြောင့်သွားတော့ အားလုံး ပျော်ကြတယ်။

ဒီအချိန်မှာပဲ ရယ်မောနေတဲ့ ဇကရီကို ရွှေမိုးညိုက ဘာပြောလဲ လို့ဆိုတော့ . . .

"ဇကရီ. . . ငါလဲ ဝေဒနာပြပွဲတစ်ခု လုပ်ချင်တယ်၊ အဲဒါ နင့်ဆီ မှာ ခွင့်ပြုမိန့်တောင်းမလားလို့"

"လဲသေလိုက်. . . ပါးရဲသွားမယ်"

"ဘာ, ပါးရဲသွားမယ်၊ ဟုတ်လား . . ဒါ လျှို့ဝှက်ချက်ပဲ"

"ဘာလျှို့ဝှက်ချက်လဲ. . ."

"သေလိုက်ပါလားဆိုတာ မသေစေချင်လို့ပြောတာ၊ ပါးရဲမယ်ဆို တာက ကွဲအောင်မရိုက်ရက်ဘူးဆိုတဲ့ သဘော၊ ပါးကိုရဲရုံတင် ရိုက်မယ့် သဘော. . ညှာရိုက်မယ့်သဘောပဲ. . . အဲဒီကတည်းက မေတ္တာစိတ်က ပါနေပြီ. . . ဘာပြောဦးမလဲ"

"ဘာမှမပြောဘူး . . . ဘဝင်မမြင့်နဲ့၊ ဒါပဲ ပြောချင်တယ်"

"ဟ. . . မြင့်သင့်မြင့်ရမယ်၊ ဘယ်ချစ်သူမျိုးမဆို ချစ်သူထံက ကြင်နာချစ်စကားလေးကြားရရင် ခေါင်းကိုမော့. . ခါးကိုကော့ကြရမှာပဲ၊ ဒါက ချစ်သူတို့ရဲ့ ထုံးတမ်းစဉ်လာ မဲ့တာပဲလေ"

"နင်တော်တော်စိတ်ကူးယဉ်. . ."

"ဒီကောင်က ဒီလိုပဲ၊ စိတ်ကူးယဉ်တတ်တယ် ဇကရီရဲ့၊ ပါးကို





ရဲနေအောင် ရိုက်မယ်ဆိုတာတောင် ညှာရိုက်မယ့်သဘောတဲ့ . . မေတ္တာ စိတ်က ပါနေပြီတဲ့. . . ရယ်ရတယ်. . . ဖြ. . . နင် တကယ်ရိုက်ပြလိုက် စမ်းဟာ"

မိုးထိအောင်က အချွန်လေးနဲ့ မ,နေတယ်။

ဒါကိုကြားတော့ ပန်းဝေသီက မိုးထိအောင်ကို မျက်စောင်းခဲပြီး. .

"သူများကို သွားမပြောနဲ့ . . . ကိုယ့်ပါးကိုယ်ခိုင်ရဲ့လား ပြန်စမ်း ထားဦး . . ."

လို့ ပြောလိုက်တယ်။

မိုးထိအောင်ကယောင်ပြီး သူ့ပါးသူ စမ်းကြည့်လိုက်လေရဲ့။

"ငါ့ပါးက အာမခံပါဟ. . ."

လို့ဆိုတော့ ပန်းဝေသီက. . .

"ရိုက်ကြည့်ချင်လိုက်တာ"

လို့ပြောတော့ အားလုံးက သဘောကျရယ်မောကြရတယ်။

မိုးထိအောင်ရှက်ပြီး . . .

"ပန်းဝေသီရိုက်ချင်တယ်ဆို ရိုက်လိုက်ပါ၊ ချစ်သူရဲ့ လက်ဝါးနု သွေးခြည်မဥရအောင် ငါ့ပါးကို အဝတ်ထူထူခံထားပေးပါ့မယ်. . ."

"လူလည်. . ."

"ဘာဟဲ့ . . ပြန်ပြောစမ်း၊ ချစ်သူဆိုတာ ဘယ်သူ့ကိုပြောတာလဲ၊ ဥပမာလား . . . အဟုတ်လား . . ."

"အဟုတ်ဥပမာ. . ."

"ကာလနာ. . ဒုံးကျည်ထိ. . ."

ပန်းဝေသီက မိုးထိအောင်လက်ကို လှမ်းဆိတ်လိုက်တော့ မိုးထိ အောင်က လက်ကိုဖမ်းဆွဲထားတာ မလွှတ်တော့ဘူးရယ်။

မောင်ချိုက အားကျမခံ လုံးချစ်ကို တိုးတိုးကပ်ပြောနေတယ်၊

"ငါလဲ ဝေဒနာပြပွဲလုပ်ချင်တယ်. . နင် ခွင့်ပြုမိန့်ထုတ်ပေးနော်"

"အေး . . လျှောက်လွှာတင်ထား၊ ဒီတိုင်းလာမတင်နဲ့၊ မုန့်ပုံးနဲ့မှ လာ၊ လမ်းမှာ ဖောက်စားမလာနဲ့၊ ခွင့်ပြုရန်မသင့်ပါ ဖြစ်သွားမယ်"

အဲဒီနေ့က သူတို့အားလုံး တပြုံးပြုံးနဲ့ရယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . .

ဘာမှတော့မဖြစ်ကြသေးဘူးရယ် . . .။

အချစ်တွေက . . .

ရင်ဝမှာ ပြုံးတစ်ပြုံးတစ်လုပ်နေကြတုန်း . . .။

❀ ❀ ❀

## အခန်း (၁၃)

"သမီးရေ . . . လှကြော့ရှင်း . . ."

"ရှင် . . . သမီး ဒီမှာ မေမေ"

"လာပါဦးကွယ် . . ."

"ဟုတ်ကဲ့ . . . လာပါပြီ မေမေ"

သူ့မေမေခေါ်လို့ လှကြော့ရှင်း အိမ်ရှေ့ပြေးထွက်လာတယ်။

အိမ်ရှေ့မှာရောက်နေကြတဲ့ ဧည့်သည်နှစ်ယောက်က လှကြော့ရှင်းကို ဝိုင်းကြည့်ကြတယ်။ တစ်ဦးကတော့ လူကြီးပိုင်း ခံ့ခံ့ညားညား ပုဂ္ဂိုလ်ကြီး။ တစ်ဦးကတော့ လှကြော့ရှင်းနဲ့ အသက်နည်းနည်းကြီးမယ် ထင်ရတဲ့ အမျိုးသားတစ်ဦး။ လှကြော့ရှင်းကို ကြည့်နေလိုက်တာများ ဝပ်နှစ်ထောင် ကျော်လိမ့်မယ်ထင်တယ်။

"သမီးလေးက နာမည်နဲ့လိုက်အောင် လှတာကိုး . . ဒီက သားနဲ့ အသက် သိပ်မကွာလှဘူးထင်တယ်၊ သားက နှစ်ဆယ့်ခြောက်နှစ်၊ သမီးလေးက . . ."

"နှစ်ဆယ့်တစ်နှစ်နဲ့ နှစ်လခွဲ ငါးရက်ပါ . . . မြန်မာစာ ဒုတိယနှစ် ဖြေထားတယ်"

လှကြော့ရှင်း ငေါ့တော့တော့လေး ပြောလိုက်တာ။

ဘယ်နှယ့် အိမ်လာပြီး မှတ်ပုံတင်စစ်သလို လုပ်နေတာကို။



www.burmeseclassic.com

www.burmeseclassic.com



သူ့သားဆိုတဲ့ကောင်ကလည်း မျက်နှာပိုးကို မကျိုးဘူး။

ချဉ်ချဉ်ရှိတာနဲ့ လှကြော့ရှင်းက. . .

"မေမေ. . . သမီး မီးပူတိုက်လက်စကြီး . . . ခွင့်ပြုနော်. . . အန်ကယ်လ်" လို့ ခပ်တည်တည်ပြောပြီး ထလစ်ပြေးတော့တာ။

အိပ်ခန်းထဲ ရောက်တော့မှ အခန်းတံခါးပိတ်ပြီး ဖတ်လတ်စဝတ္ထု စာအုပ်ကို ကောက်ကိုင်တော့တာပဲ။

မေမေနဲ့ဧည့်သည်တွေ ဘာတွေပြောကြလဲတော့ မသိဘူး။

အတော်ကြာတာ။ တစ်နာရီလောက်ကြာတော့မှ. . .

"သမီးရေ. . ဧည့်သည်တွေက ပြန်တော့မလို့တဲ့"

"ဟုတ်ကဲ့ . . အမေ၊ ကျေးဇူးတင်ပါတယ်လို့ . . သမီး မီးပူကြီး တန်းလန်းနဲ့ ထမလာတော့ဘူးနော်" လို့ စာအုပ်ကိုကိုင်ပြီး ပြောနေတာ။

အိမ်ရှေ့က ဧည့်သည်က လှာရှည်သေးတာ။

"ရပါတယ် သမီးလေးရယ်. . . မိန်းကလေးဆိုတာ ဒီလိုအိမ်မှု အလုပ်တွေ လုပ်တတ်မှ မိန်းကလေးပီသတာ. . လုပ်. . လုပ်. . သမီးရေ အန်ကယ်လ်တို့ပြန်မယ်"

"ကျေးဇူးပဲ အန်ကယ်လ်. . . "

လှကြော့ရှင်းကတော့ ကျေးဇူးချည်း စွတ်တင်နေတော့တာ။

တကယ်တော့ ပြန်သင့်တာကြာပြီလို့တောင် သူကပြောဦးမလို့ပဲ။ မကောင်းတတ်လို့။ သူတို့အိမ် အခုလာလည်တဲ့ သားအဖက ဒေလှ တယ်တော့ မဟုတ်ဘူး။ လှကြော့ရှင်းမိဘတွေနဲ့ အရင်က မိတ်ဆွေတွေ ဖြစ်ခဲ့ပြီး ကွဲနေကြရာက အခုပြန်တွေ့လို့ လာလည်ကြတာ။

လာလည်တယ်ဆိုတာထက် လှကြော့ရှင်းကိုလာအကဲခတ်တာ။

သူ့သားသဘောကျရင် လူကြီးချင်းပြောဆို စေ့စပ်ထားသင့်ရ အောင်ပေါ့။

"ဘယ့်နှယ့်လဲ သား . . . သဘောကျရဲ့လား"

"ကျပြီးသားပဲ"

"ဒါဆို နားဖောက်ပေးရမလား"

"နာမှာပေါ့ ဖေဖေ"





"မိန်းမလိုချင်ရင် အနာတော့ခံရမှာပဲ၊ လွယ်လွယ်နဲ့တော့မရဘူး ဒါတောင် တို့ဘက်က သေချာတာပဲရှိသေးတာ၊ မိန်းကလေးက ဘာမှန်း မသိသေးဘူး၊ ရည်းစားသည်ရှိနေရင်လဲ ခက်မှာ. . . "

"မရှိလောက်ပါဘူး ဖေဖေရဲ့"

"အံမယ်. . . မင်းက ငါ့ထက်ပိုသိနေ၊ မင်းအမေဆီ ဒီလိုပဲ ငါတို့ သွားနားဖောက်တုန်းက မင်းအမေက ရည်းစားရှိနေသတဲ့"

"ဟင်၊ ဒါဆို ဖေဖေက ဘယ်လိုလုပ် ရအောင်ယူခဲ့တာလဲ"

"ဒါ လျှို့ဝှက်ချက်ကွ၊ မင်းကိစ္စမှာလဲ ဒီလျှို့ဝှက်ချက် မသုံးရဘူး လို့ မပြောနိုင်ဘူး၊ လိုပါသေးတယ်လေ၊ မိန်းကလေးကျောင်းပြီးမှပဲ စီစဉ် ရမယ်"

"အားကိုးပါရစေ ဖေဖေ၊ လှကြော့ရှင်းကို မြင်မြင်ချင်း ချစ်မိပါ တယ်"

ကားမောင်းပြန်ကြရင်း သားအဖနှစ်ယောက် အချီအချပြောသွား ကြတာကတော့အားရစရာကြီးရယ်။ လှကြော့ရှင်းအတွက်ကတော့ မျက်ခုံး လှုပ်စရာပဲပေါ့။ လောလောဆယ်တော့ လှကြော့ရှင်း မျက်ခုံးမလှုပ်အား သေးဘူး။ မျက်တောင်ပဲပင့်ထားပြီး စာအုပ်ကို သဲကြီးမဲကြီး ဖတ်နေ တာရယ်။

"အန်တီ. . . လှကြော့ရှင်းရှိလားဟင်. . . "

"အေး . . ရှိတယ် လာကြ. . လာကြ၊ လှကြော့ရှင်း မီးပူတိုက် နေတယ်၊ အိပ်ခန်းထဲသာ ဝင်သွားကြကွယ်၊ အန်တီ ခြံထဲခဏဆင်းမလို့"

အိမ်ရှေ့က အသံတွေကြောင့် လှကြော့ရှင်း စာအုပ်နဲ့မျက်နှာ ခွာလိုက်တယ်။ ဒါ ဧကရီအသံပဲ၊ ပန်းဝေသီလည်းပါတယ်။

"လှကြော့ရှင်းတို့က အိမ်အလုပ်တွေ ဘာတွေလုပ်လို့ပေါ့လေ" ဆိုပြီး ပြောပြောဆိုဆို အိပ်ခန်းထဲဝင်လာကြတယ်။

တံခါးက စေ့ရုံစေ့ထားတာဆိုတော့ တွန်းဖွင့်ဝင်လာရုံပဲ။

အိပ်ခန်းထဲရောက်တော့ စာဖတ်မပျက်တဲ့ လှကြော့ရှင်းကိုတွေ့ရ တော့ ရင်ဘတ်ကို လက်ဝါးလေးနဲ့ဖိလိုက်ကြတယ်။

"ဟောတော့. . . မီးပူတိုက်နေတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"စက္ကူမီးပုံနဲ့ မျက်နှာကိုတိုက်နေတာလေဟယ်. . . အဟတ်. . အဟတ်. ."

ကေရီနဲ့ ပန်းဝေသီတို့က ပြောပြီးရယ်ကြတယ်။

လှကြော့ရှင်းက နှုတ်ခမ်းကို လက်ညှိုးလေးနဲ့ပိတ်ပြီး . . .

"ရှူး တိုးတိုး မေမေကြားသွားမယ်" လို့ တိုးရိမ်သံလေးနဲ့ပြောတယ်။

"နင့်မမေ အခုပဲ ခြံထဲဆင်းသွားပြီ၊ သူ့သမီး မီးပုံတိုက်နေလို့ စိတ်ချလက်ချ ခြံထဲဆင်းသွားတာနေမှာ ခစ်. . ခစ်. ."

"တိုးတိုးဟ. . မေမေပြန်တက်လာလို့ ကြားသွားရင် ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဒီလို ကြောက်ဖော်ရတာ တော်သေးတာပေ့ါ၊ ကဲ၊ တို့အခုလာခေါ်တာ လုံးချစ်အိမ် သွားကြမလို့ဟ. . . လုံးချစ်က သူ့မွေးနေ့ဖိတ်ခိုင်းထားတာဟ"

"ဟင်၊ ကြော့လဲ မသိရပါလား"

"သူက အစီအစဉ်မရှိဘဲ ကပ်ပြီးမှလုပ်တာတဲ့၊ တို့တောင် လမ်းမှာတွေ့လို့ ပြောတာ၊ နီးစပ်ရာ သူငယ်ချင်းတွေလဲ ဖိတ်လိုက်ပါဆိုလို့"

"နင် စိတ်ဆိုးမလားတော့ မသိဘူး . . . ရဲကြည်မင်းကိုတွေ့လို့ ဖိတ်လိုက်တယ်"

"သူတစ်ယောက်ထဲလား . . . သူ့အဖွဲ့ရော"

"ရဲပါမှတော့ သူ့တပ်စုလဲပါမှာပေ့ါဟာ၊ ဒါက တို့ပူရမယ့်အပိုင်း"

"ဟုတ်ပါပြီ. . အရေးကြီးပုဂ္ဂိုလ် ဂျပုမောင်ချို ကျန်နေဦးမယ်"

"ကျန်မလားဟဲ့၊ ဒီပွဲမှာ သူက အထူးဧည့်သည်တော်ပဲဟာ"

"ခုလောက်ရှိ လုံးချစ်ကိုယ်တိုင် ဖိတ်ထားပြီးလောက်ပါပြီ၊ သိတယ်မို့လား . . . လုံးချစ်က ဘာလိုလိုရယ်"

"အဲ့မယ်လေး . . . လုံးချစ် ဘာလိုလိုရယ်က အရေးမကြီးဘူး . . ကေရီနဲ့ ပန်းဝေသီ ဘာလိုလိုမဖြစ်ဖို့ဘဲ အရေးကြီးတယ်"

"ဒါကတော့ကွာ . . အိုသင့်ရင်အို လိုသင့်ရင်လိုရမှာပဲ၊ ငါတို့က သူများလို ဝေဒနာပြပွဲ ပါမစ်တောင်းမယ့်သူ မရှိသေးပေါင်"

"ရှိခဲ့ရင်ရော ပါမစ်ထုတ်ပေးလိုက်မှာပဲလား"





"ပေးလိုက်မှာပေ့ါ . . . အမြန်ဆောင်ရွက်ရန်ဆိုတဲ့ မှတ်ချက်လေးတောင် ရေးပေးလိုက်ဦးမှာ ခစ်. . ခစ်. ."

ပန်းဝေသီက ကိုယ့်စကားကိုယ် သဘောကျပြီး တခစ်ခစ်ရယ်နေတယ်။ ထိုစဉ်မှာပဲ လှကြော့ရှင်းရဲ့မေမေဝင်လာလို့ မျက်လုံးလေးတွေဝိုင်းကုန်ကြတယ်။ လှကြော့ရှင်းကလည်း စာအုပ်ကိုဖွက်လိုက်ပြီး တွေ့ရာအဝတ်တစ်ထည်ကိုယူပြီး ခေါက်နေလိုက်တယ်။

ဒါပေမယ့် သူခေါက်နေတဲ့အဝတ်က ကြမ်းသုတ်တဲ့အဝတ်ကြီး၊

ဒါကို သူ့မေမေကမြင်တော့ မျက်လုံးကြီးပြူးပြီး ပြောတယ်၊

"သမီးရယ်. . . မီးပုံတိုက်စရာအဝတ်ရှားလို့ ဒီအဝတ်မှ တိုက်ရသလား၊ ဟင်၊ မီးပုံကြီးကိုလဲ မွေ့ရာပေါ်တင်ထားတော့ မွေ့ရာကျွမ်းကုန်မှာပေ့ါ . . ပေးစမ်း မီးပုံ" ဆိုပြီး မီးပုံကိုယူမယ်လုပ်တော့ လှကြော့ရှင်းကရှေ့က ကာရပ်လိုက်ပြီး . . .

"နေပါစေ မေမေ၊ မေမေ့လက်တွေ ပူသွားမယ်၊ သမီးပဲ သိမ်းလိုက်ပါ့မယ်" လို့ ပြောရင်း မီးပုံကိုယူတယ်။

ဒါကိုမြင်တဲ့ သူ့မေမေက စိုးရိမ်သွားပြီး . . .

"ဟဲ့၊ သမီးလက်တွေ ပူကုန်မှာပေ့ါ၊ မီးပုံကြီးကို ကျကျနန ကိုင်ရတယ်လို့၊ ပေး ပေး . . မေမေမီးပုံတိုက်မလို့" ဆိုပြီး အတင်းဆွဲတယ်။

သူ့လက်ထဲပါလာတဲ့ မီးပုံကြောင့် သူ့မေမေမျက်လုံးပြူးသွားတယ်။

"ဟင်၊ မီးပုံကလဲ အေးစက်လို့ . . . ဒါဆို ကောင်မလေး"

ဆိုပြီး လှကြော့ရှင်းကို ခေါ်ပါလေရော၊

"သမီး . . ."

"ရှင်. . . မေမေ"

"ခုနက မီးပုံတိုက်နေတယ်ဆို"

"ဟုတ်ကဲ့ပါ မေမေ"

"ဘယ်မီးပုံနဲ့တိုက်တာလဲ"

"အဲဒီ. . . အဲဒီ. . အဲဒီမီးပုံ"

"ဟုတ်လား . . . မီးရောလာလို့လား"

"အင်. . ."



www.burmeseclassic.com

www.burmeseclassic.com



လှကြော့ရှင်း အင်ခနဲ ဖြစ်သွားတယ်။ ဂိန်ခနဲ ဖြစ်မသွားတာ ဘယ်လောက်ကောင်းလဲ၊ ဟုတ်တယ်လေ. . .။ တစ်နေ့လုံး မီးမှမလာတဲ့ဥစ္စာ။

မီးက ညဆယ်နာရီမှလာမှာပဲ။ အခုနေ့ခင်းကြီး ဘယ်မှာမီးလာ သလဲ၊ ဒီနေ့ နေ့ခင်းဘက် လာရမယ့်ရက်လည်း မဟုတ်ဘူး။ ဒါကို သူ့ အမေကလည်း အစကမသိဘူး။ မီးပူကိုကြည့်ပြီးတော့မှ သတိရသွားတာ။

သွားပြီ. . .။ လှကြော့ရှင်း သူခိုးလူမိသွားပြီ။

သူ့မေမေက ဧကရီတို့ဘက်လှည့်ပြီး တိုင်သလိုလိုနဲ့ပြောတယ်။

"အဲဒါသာကြည့်တော့ သမီးတို့ရေ. . . ညည်းတို့သူငယ်ချင်းက မအေကို လှည့်ချင်သလိုလှည့်နေတာ၊ ကဲ့ အခုရော ဘာလှည့်ဦးမလဲဘဲ၊ သမီးတို့ကို သူမှာထားတာလား"

"ဒါကတော့ မဟုတ်ဘူး အန်တီရဲ့၊ သမီးတို့ဘာသာလာတာ၊ ဟို သူငယ်ချင်းတစ်ယောက် မွေးနေ့ဖိတ်ခိုင်းထားလို့၊ အခုမှ တစ်ခါတည်း ဝင်ခေါ်လိုက်တာ"

"ဟုတ်ရဲ့လားအေ. . ."

"ဟုတ်ပါတယ် အန်တီရဲ့. . . သူငယ်ချင်းက ကပ်ပြီးမှလုပ်တော့ ကြိုမဖိတ်နိုင်လို့ နီးစပ်ရာသူငယ်ချင်းတွေကို ဖိတ်ခိုင်းလိုက်တာ၊ ဒါနဲ့ လာခေါ်တာ. . ."

"ဟုတ်ပါတယ် အန်တီ၊ မွေးနေ့လုပ်မှာက လုံးချစ်ဆိုတာလေ၊ ဒီအိမ်ကိုတောင် သမီးတို့နဲ့ရောက်ဖူးသေးတာပဲ၊ အန်တီမြင်ရင် မှတ်မိမှာပါ၊ ဟို. . . လုလုပုံးပုံးနဲ့လေ"

"ဘာလဲ လုလုပုံးပုံး. . ."

"ဆောရီး အန်တီ. . စကားပြောတာ လောသွားလို့ ဟိုပုပုလုံးလုံး နဲ့ ကောင်မလေးကိုပြောတာ"

"ဪ, အေး . . . ပေါ်ပြီ. . . ပေါ်ပြီ. . ."

"ရှင်, ဘာပေါ်တာလဲ အန်တီ"

လှကြော့ရှင်းမေမေက ပေါ်ပြီဆိုလို့ ဧကရီတို့လန့်သွားကြတာ။ အလိမ်ပေါ်ပြီလို့များ ပြောတာလားဆိုပြီး လန့်ကြတာ။

"မျက်စိနဲ့ပေါ်ပြီပြောတာ သမီးတို့နဲ့ အိမ်လိုက်လာဖူးတယ်လေ"





"ဟုတ်တယ်. . . ဟုတ်တယ်. . ."

"ပုပုလုံးလုံးကျစ်ကျစ်လေး . . ."

"ဟုတ်တယ်. . . ဟုတ်တယ်. . ."

"သူ့နာမည်က ဘယ်သူ. . ."

"လုံးချစ်တဲ့ . . ."

"လုံးလုံးလေးနဲ့ချစ်စရာလေးမို့ ဒီနာမည်ပေးထားတာ ထင်တယ်"

"ဟုတ်လိမ့်မယ် အန်တီ"

"သူ့အိမ်က ဘယ်မှာလဲ"

"တာမွေမှာပါ"

"မွေးနေ့က ဘယ်တော့လဲ"

"အခု နေ့လည်ပဲအန်တီ"

"ဘာကျွေးမှာတဲ့လဲ"

"ကြာဆံချက်တဲ့"

"ကောင်းသားပဲ သွားကြလေ၊ သမီးနဲ့ အန်တီလဲလိုက်ခဲ့ဦးမယ်"

"ရှင်. . ."

လှကြော့ရှင်းက သူ့မေမေလိုက်မယ်ဆိုလို့ လန့်သွားတယ်။

လှကြော့ရှင်းမှ မဟုတ်ဘူး၊ ဧကရီတို့ ပန်းဝေသီတို့ပါ မျက်လုံးတွေ ပြူးကုန်ကြတာ။ မျက်စိမျက်နှာပျက်သွားကြတဲ့ သူငယ်ချင်းတစ်သိုက်ကို ကြည့်ပြီး ဒေါ်လှအုံးမယ်ပြုံးတယ်။

"မေမေလိုက်မယ်ဆိုတာ တာမွေဈေးဘက်သွားမလို့ပါ. . . သမီးတို့ ကို ကားနဲ့ခေါ်သွားပြီး ပို့ပေးခဲ့မယ်လေ၊ အပြန်ကျ ကိုယ့်ဘာသာပြန်လာ ကြပေါ့ . . မိုးမချုပ်စေနဲ့ . . ဟုတ်ပြီလား . . ."

"ဟုတ်. . ဟုတ်ကဲ့ အန်တီ. . စိတ်ချပါ၊ သမီးတို့ကိုယ်တိုင် ပြန်ပို့ ပေးပါ့မယ်"

"အေး . . အေး . . ဒါဆိုလဲ သမီးပြင်လေ. . ."

ဒီတော့မှ လှကြော့ရှင်းသက်ပြင်းချတော့တယ်။

"ကဲ့ ညည်းတို့ ခဏစောင့်ကြဦး၊ ငါ ရေချိုးပြီး အဝတ်အစား လဲလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကြာမနေနဲ့၊ မေမေက ပြီးပြီနော်၊ အဝတ်လဲပြီး သွားရုံပဲ"

"ဟုတ်ကဲ့ . . ခဏလေးပါ မေမေ"

"သမီးတို့လဲ ဧည့်ခန်းမှာစာဖတ်ရင်း စောင့်ကြလေ"

"ဟုတ်ကဲ့ အန်တီ"

လှကြော့ရှင်းက ရေချိုးနေပြီ။ သူ့မေမေကလည်း အပြင်ထွက်ဖို့ အဝတ်အစားလဲနေတယ်။ ဧကရီနဲ့ ပန်းဝေသီတို့ကတော့ အိမ်ရှေ့မှာ ဂျာနယ်တစ်စောင်စီဖတ်ရင်း စောင့်လို့။

သိပ်မကြာဘူး။ ဧည့်ခန်းထဲက ခလူးခလောနဲ့ ဟောက်သံတွေ ကြားလို့ ဒေါ်လှအုံးမယ်ထွက်လာတယ်။

လှကြော့ရှင်းကလည်း အဝတ်လဲရင်း ထွက်လာကြည့်တယ်။

လား . , လား . . ဘယ်သူတွေလည်းမှတ်တယ်၊ ဧကရီနဲ့ ပန်းဝေသီ ပေါ့။ ဆက်တီပေါ်နောက်မှီပြီး အိပ်နေကြတာ။ ပန်းဝေသီကဆို ဟောက် လို့။ ဒေါ်လှအုံးမယ်နဲ့ လှကြော့ရှင်းတို့ သားအမိနှစ်ယောက် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကြတယ်။ ပြုံးတုံ့တုံ့နဲ့ရယ် . . . ။

လှကြော့ရှင်းက ဟောက်နေတဲ့ပန်းဝေသီနားကပ်သွားပြီး လှုပ်နှိုး လိုက်တယ်။

"ဟဲ့ . . . ဟဲ့ . . . ပန်းဝေသီ ထ . . ထ . . ဘယ်လိုဖြစ်ရတာလဲ၊ ကြုံကြုံဖန်ဖန် ငါ့အိမ်လာပြီး အအိပ်ပြိုင်ပွဲလုပ်နေကြတယ်"

လို့ ပြောလည်းပြော ပုခုံးကိုလည်း လှုပ်နှိုးတော့မှနိုးတော့တာ။

နိုးတော့လည်း ပြူးတူးကြောင်တောင်နဲ့ ဘာမေးတယ်မှတ်လဲ။

"မိုးလင်းနေပြီလား" တဲ့ . . . ။

ဧကရီကတော့ မနှိုးရဘဲ နိုးသွားပြီး သမ်းတော့နေသေးတာ။

သူတို့ကိုကြည့်ပြီး ဒေါ်လှအုံးမယ်က မှတ်ချက်ချတယ်။

"ငါ့အိမ် ခဏလာတာတောင် ဒီလောက်အိပ်ကြရင် ကျောင်းမှာ ဆိုရင်တော့ ဘယ်လောက်များ အိပ်လိုက်ကြလိမ့်မလဲပဲ" တဲ့ . . . ။

ကဲ . . . ကောင်းကြသေးရဲ့လား . . . ။

❁ ❁ ❁




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁၄)

"ဟက်ပီ ဘတ်ဒေး တူယူ . . . ဟက်ပီ ဘတ်ဒေး တူယူ . . . ဟက်ပီ ဘတ်ဒေး တူယူ . . . ဟက်ပီ ဘတ်ဒေး တူယူ . . . "

မွေးနေ့သီချင်းသံလေးက လေထဲမှာပျံ့လွင့်နေတယ်။

သီချင်းသံအဆုံးမှာတော့ လုံးချစ်က မွေးနေ့ကိတ်မှာထွန်းထားတဲ့ ဖယောင်းတိုင်ကိုမှုတ်ဖို့ပြင်တယ်။

ဒါကိုအလစ်ချောင်းနေတဲ့ မောင်ချို့ကမြင်တယ်။ မောင်ချို့ထိုင်နေတာက လုံးချစ်ရဲ့ကျောနားမှာ။ သိပ်မဝေးဘူး။ မွေးနေ့တေးသံအဆုံးမှာ ဖယောင်းတိုင်မီးမှုတ်ဖို့ လုံးကျစ်လုံးကျစ်နဲ့ ထ,သွားတဲ့လုံးချစ်ကိုကြည့်ရင်း မောင်ချို့ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေလေရဲ့ . . .။

မျက်လုံးလေးမှိတ်ပြီး စိတ်ကူးမိတာက. . .

လုံးချစ်က ဂါဝန်ဖြူလေးဝတ်လို့ . . .

သူက အနောက်တိုင်းဝတ်စုံနဲ့ . . .

စတိုင်နဲ့ မလိုင်နဲ့ပေါ့ . . .

လုံးချစ်ရဲ့ဘေးမှာယှဉ်တွဲပြီး ဘတ်ဒေးကိတ်ပေါ်က ဖယောင်းတိုင်ကို ပြိုင်တူမှုတ်လို့ . . .

လုံးချစ်က ဘတ်ဒေးကိတ်ကို ဓားနဲ့လှီး ပန်းကန်လေးထဲထည့်ပြီး သူ့ကိုခွံ့လို့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဟိ . . . ပျော်စရာကြီး . . . ။

ဟိုသံက တကယ်ထွက်သွားတာ၊ လူတွေက လှမ်းကြည့်ကြတယ်။

ဒါပေမယ့် . . .

ကြည့်တဲ့လူတွေ နောက်ကျသွားပြီ။

တားချိန်မရလိုက်ကြဘူး။

မောင်ချိုက ဝုန်းဆိုထ,ပြီး လုံးချစ်ဆီကပ်သွားတယ်။

လုံးချစ်ကတော့ မသိရှာဘူး။

ရှေ့က ကိတ်မုန့်ပေါ်က ထွန်းထားတဲ့ ဖယောင်းတိုင်ကိုကုန်းပြီး မှုတ်မယ့်ဒါအလုပ် . . .

ကမျောသောပါး ထ,လာတဲ့ မောင်ချိုက အရှိန်လွန်ပြီး လုံးချစ်ကို တိုက်မိပါလေရော။

ဘာပြောကောင်းမလဲ။

လုံးချစ်ခမျာ ဟပ်ထိုးကြီးဖြစ်ပြီး မွေးနေ့ကိတ်ပေါ် ခေါင်းစိုက်သွားပါလေရော . . . ။

အားလုံး မှင်သက်သွားကြတယ်။

ကြောင်ကြည့်နေကြတယ်။

လုံးချစ် ဝူးဝူးဝါးဝါးဖြစ်နေပြီ။

တော်သေးရဲ့ . . .

ကိတ်မုန့်ပေါ်က ဖယောင်းတိုင်လေးတွေက မီးငြိမ်းကုန်လို့ . . .

တီးတိုးသံတွေ ထွက်လာတယ်။

"ဟယ် . . . လုံးချစ် ဘာဖြစ်တာလဲ"

"ဘာလဲ . . . "

"ဘယ်လဲ . . . "

"လုံးချစ်က ထွင်တာ၊ ဖယောင်းတိုင်ကို ပါးစပ်နဲ့မမှုတ်ဘဲ ခေါင်းနဲ့ ထိုးငြိမ်းလိုက်တာ"

"ဟုတ်တယ် . . . တွေ့ဖူးသမျှ မွေးနေ့ပွဲတွေထဲမှာ အံ့ဖွယ်သူရဲပဲ"

အမျိုးမျိုးပြောဆိုနေသံတွေကို လုံးချစ်ကြားရတယ်။

ရုပ်တော့မမြင်ရဘူး။





မြင်ရမလား . . .

ကိတ်မုန့်က အချိုကရင်မ်တွေက သူ့မျက်နှာတစ်ခုလုံးပိတ်လို့။

"ငါ့ကို ဘယ်သူ . . ဖလူး . . တွန်း . . ဝူး . . တာလဲ"

လုံးချစ် ဗလုံးဗထွေးနဲ့ပြောတာ။ ပါးစပ်ဟ စကားပြောတိုင်း အချို ကရင်မ်တွေက ပါးစပ်ထဲဝင်ကုန်လို့ စားရသေး၊ မျိုချရသေး . . . ။

လုံးချစ်ဒုက္ခ ကြီးမားလှပါဘိ။

တရားခံမောင်ချိုကတော့ ခြေမကိုင်မိ လက်မကိုင်မိနဲ့ . . . ။

လုံးချစ်ရှေ့ကနေရပ်ပြီး တောင်းပန်နေတယ် . . . ။

"လုံး . . လုံး . . ချစ် . . ချစ် . . ငါ . . ငါ . . ဟို . . ဟို . . နှင် . . နှင် ဟို . . ငါ . . . "

မောင်ချိုတစ်ယောက်ထဲ လျှာတိုင်ပတ်နေတယ်။

လုံးချစ်ပေါက်သွားပြီ။ မောင်ချို့လက်ချက်ဆိုတာ သိသွားပြီ။

တားချိန်မရလိုက်ဘူး။ တရားခံဟာ မောင်ချိုမှန်းသိတာနဲ့ လုံးချစ်က အမိန့်တစ်ချက်ချလိုက်တယ်။

အမိန့်မချခင် ပဏာမဆောင်ရွက်လိုက်တာကတော့ ကိတ်မုန့်ကြီးကို စွပ်ဆိုယူပြီး မောင်ချို့မျက်နှာကို သုတ်လိုက်တာပဲ။

မောင်ချိုလည်း မျောက်ဖြူကြီးဖြစ်သွားပြီ။

မောင်ချိုက ဝူးဝူးဝါးဝါးလုပ်ရင်း ပါးစပ်ထဲဝင်လာတဲ့မုန့်တွေကို မျိုချနေသေးတာ။

မွေးနေ့ကြွရောက်လာကြတဲ့ သူငယ်ချင်းတွေကတော့ တဟားဟား တဝါးဝါးပဲ။

လှကြော့ရှင်းဆို ရယ်ရလွန်းလို့ မျက်ရည်တွေတောင်လည်လို့။

ဒါကိုမြင်တဲ့ ရဲကြည်မင်းက . . .

"ကြော့ . . . မငိုနဲ့လေ၊ မွေးနေ့ဆိုတာ ပျော်ပျော်နေရတယ် . . ၊ ဘာလဲ ကိုယ့်ကိုလွမ်းလို့ ငိုတာလား၊ ခုတွေ့နေရပြီပဲ"

လို့ မှင်ကြီးနဲ့သွားပြောတော့ လှကြော့ရှင်းက . . .

"လဲသေလိုက်ပါလား . . . ငိုမှန်းမသိ . . ရယ်မှန်းမသိ . . "

လို့ ဟောက်လိုက်တာ။ ရဲကြည်မင်း နေစရာမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ လုံးချစ်က မျက်နှာကမှုန့်တွေကိုသုတ်ပြီး ခွဲကို တင်းနေအောင် ထောက်ထားတယ်။

သူ့ရှေ့မှာတော့ မောင်ချိုရယ် . . .။

ငိုရှိုက်ရယ်၍မရသော မျက်နှာလေးနဲ့ ရပ်နေလေရဲ့ . . .။

လုံးချစ်က မောင်ချို့ကို မီးဝင်းဝင်းတောက်တဲ့မျက်လုံးနဲ့ကြည့်ပြီး ပြင်းထန်လှတဲ့ အမိန့်တစ်ရပ်ကိုချမှတ်လိုက်တယ်။

"မောင်ချို . . . နင် ငါ့မွေးနေ့ကိုဖျက်တယ်၊ နင့်ကို ငါ မုန်းတယ်၊ နင် ဒီနေရာကနေ နှစ်ဆယ့်လေးစက္ကန့်အတွင်း ထွက်သွား . . ."

အားလုံးငြိမ်သက်သွားကြတယ်။ လုံးချစ်ရဲ့အမိန့်တွေက ပြင်းထန်လှတာကိုး . . .။

မောင်ချို တမင်လုပ်တာမဟုတ်မှန်း အားလုံးသိကြတယ်။

မောင်ချို့ကို သနားစိတ်နဲ့ကြည့်ကြတယ်။

မောင်ချိုက ရီဝေတဲ့မျက်လုံးအစုံနဲ့ လုံးချစ်ကိုကြည့်ရင်း တိုးတိုးလေးပြောတယ်။

"လုံးချစ်ရယ် . . . နင့်အမိန့်နဲ့ စီရင်ချက်က ပြင်းလွန်းတယ်၊ ငါ့ကို ပြင်ဆင်ချက်တင်သွင်းခွင့်ပြုပါ"

"ပြုဘူး . . . ဒါ တရားရုံးမဟုတ်ဘူး"

"နှစ်ဆယ့်လေးစက္ကန့်ဆိုတဲ့အချိန်က တိုတောင်းလွန်းပါတယ် . . စက္ကန့်သုံးရာလောက် ထားပေးပါနော်"

"စက္ကန့်သုံးရာဆို ဘယ်လောက်ကြာမလဲ"

"ခြောက်ဆယ်နဲ့စားကြည့်ဟာ"

အရေးထဲ နာရီနဲ့ အလီပြန်ဆိုနေကြလို့ ဘေးက ရွှေမိုးညိုက လှမ်းပြောတယ်။

"ငါးမိနစ်ပေါ့ဟ . . . ငါ မောင်ချို့ဘက်က ရှေ့နေလိုက်မယ်၊ ငါးမိနစ်တော့ အချိန်ပေးလိုက်၊ သူ ဘတ်ဒေးမုန့်တော့ စားပစေဦး၊ သူ ပေးတဲ့ လက်ဆောင် နင် လက်ခံထားပြီးပြီမို့လား"

"ပြီးရော . . . စားသွား . . . မျက်နှာမှာပေနေတဲ့ဟာပဲ စားသွား၊ စားပွဲပေါ်က ထပ်မယူနဲ့"





ရှေ့နေကောင်းလို့ မောင်ချိုမုန့်မငတ်တာ။

ဒါပေမယ့် . . .

မျက်နှာပေါ်ကကပ်နေတဲ့မုန့်တွေကို ဘယ်လိုစားရမှာတဲ့တုံး။

မောင်ချို့ခမျာ လျှာနဲ့လိုက်လျက်ရင်း လျှာတိုင်ပတ်နေလေရဲ့။

ဒီနေ့ကတော့ မောင်ချို လျှာတိုင်ပတ်တဲ့နေ့လို့ပဲ သတ်မှတ်ရမလိုဖြစ်နေပြီ။

မောင်ချို့ရဲ့အဖြစ်ကိုကြည့်ပြီး တခစ်ခစ်ရယ်နေတဲ့ လှကြော့ရှင်းနားကို ကပ်သွားတာကတော့ ရဲကြည်မင်းပဲ။

ရဲကြည်မင်းကပ်လာတာကို ဇကရီနဲ့ ပန်းဝေသီကမြင်တယ်။

ပြုံးစစနဲ့ လှမ်းကြည့်ကြတယ်။

အံမယ် . . . သူတို့အနားမှာလည်း ရွှေမိုးညိုနဲ့ မိုးထိအောင်တို့က ကပ်လို့ . . .၊ ရဲကြည်မင်းကို မျက်စိမှိတ်ပြကြသေးတာ။

ရဲကြည်မင်းကလည်း မျက်လုံးနှစ်ဖက်လုံးမှိတ်ပြလိုက်ပြီး လက်မပါထောင်ပြလိုက်သေးရဲ့။

သူတို့က ထိုင်ခုံတွေကထ,ပြီး ကိတ်မုန့်စားပွဲဘေးမှာ ဝိုင်းပတ်ရပ်နေကြတာလေ။

ဘတ်ဒေးကိတ်စားကြဖို့ဟာ မောင်ချို့ကြောင့် ဘယ်သူမှမစားကြရသေးဘူး။

ဒါပေမယ့် . . . စားဖို့ကိုမေ့နေကြတယ်။

လုံးချစ်နဲ့မောင်ချိုကိုပဲ ဝိုင်းကြည့်သဘောကျနေကြတာ။ လက်ခုပ်လက်ဝါးတွေတီးလို့။

မတော်တဆ ကိုးရိုးကားရားတွေဖြစ်နေကြတာကို တမင်ထွင်လုပ်နေကြတယ်လို့များ ထင်မှတ်နေကြလား မသိဘူး။

ရဲကြည်မင်းက ရောသောဖောသောနဲ့ လှကြော့ရှင်းနားဝင်ရပ်လိုက်တယ်။

လှကြော့ရှင်းကမြင်ပေမယ့် မသိချင်ယောင်ဆောင်နေလိုက်တယ်။

ရဲကြည်မင်းကလည်း မသိမသာတိုးကပ်သွားတာ လူချင်းတောင်ထိတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကြော့ . . ."

ရဲကြည်မင်းက တိုးတိုးလေးခေါ်တယ်။ အမှန်တော့ ကြော့ဆိုတာ အငွဲ့နှမ်းပြီးခေါ်တာ။ သူနဲ့ လှကြော့ရှင်းက တရားဝင်ချစ်သူတွေ မဖြစ်ကြသေးဘူး။

ဖြစ်တော့မယ်လို့တော့ ထင်ရတာပဲ။ ဖြစ်ရန်ရာနှုန်း ခုနစ်ဆယ်လောက်တော့ ရှိလောက်တယ်။

ဒါပေမယ့် . . .

မိုးလေဝသဆိုတာ အခက်သား။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်ဆိုပေမယ့် ရွာချင်မှရွာတာ။ ရွာရန်ရာနှုန်းလေးဆယ် မိုးတစ်ကြိမ်နှစ်ကြိမ်ရွာရန်ရှိပါသည်ဆိုရင်တော့ တစ်နေ့လုံးရွာချင်ရွာနေရော။

မိုးနဲ့ နွားသိုး အစိုးမရတဲ့လေ။

ဒါ ရှေးလူကြီးသူမတွေ ပြောခဲ့တဲ့စကား။ ဘယ်မှာပယ်ဖျက်လို့ရလိမ့်မလဲ။

အခုလည်း ရဲကြည်မင်းက နွားသိုးဆို လှကြော့ရှင်းက မိုးပဲပေါ့။

နွားသိုးကြီးကတော့ ဆိုးမှာပဲ။

ဒါပေမယ့် . . . မိုးကတော့ ရွာချင်ရွာမယ်၊ မရွာချင်မရွာဘူး။

ကဲ . . . ဘယ့်နှယ်လုပ်မလဲ။

"ကြော့ . . ."

နွားသိုးကြီးက ထပ်ခေါ်တာ။ နွားသိုးကြီးက ချိုသွေးလို့ ဝှေ့ချင်နေပြီ။

မိုးကတော့ အေးဆေးပဲ။

"ကြော့ . . မောင်ချို သနားပါတယ်၊ အနီကတ်ထိထားတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ကြော့ကိုသိပ်ချစ်တယ်"

"ဘယ်သူကလဲ . . . မောင်ချိုကလား"

"မဟုတ်ပါဘူး . . . ဟိုလေ . . ရဲ . . ရဲ . ."

"ဟင့်အင်း . . . ရဲတော့ စိတ်မဝင်စားဘူး"

"ရဲဆိုတာ ကိုယ်ပါကွာ . . ကိုယ့်ကိုတော့ စိတ်ဝင်စားပါ"





"အင်း . . အင်း . . စဉ်းစားမယ်လေ၊ လျှောက်လွှာတင်ခဲ့၊ **စီနီယာ**နံပါတ်မှတ်သွားဦး"

"မနောက်ပါနဲ့ ကြော့ရယ်"

"မနောက်ပါဘူး ရဲရယ်"

"ကိုယ့်ကိုစိတ်ဝင်စားတယ်ဆို လျှောက်လွှာတင်ပြီးမထားခဲ့ပါရစေနဲ့၊ တစ်ခါတည်း ချစ်သူအဖြစ် လက်ခံဆုံးဖြတ်လိုက်ပါနော်"

"မဖြစ်သေးဘူး . . စဉ်းစားရဦးမှာ"

"ဘယ်တော့မှ အဖြေသိရမှာလဲ"

"ကျောင်းပြီးမှ . . ."

"ဟင်, ကြာလိုက်တာ"

"ကြာ ကြာပဲ"

ရဲကြည်မင်း အကောင်းပြောပေမယ့် လှကြော့ရှင်းက ဟာသလုပ်နေတော့တာ။

အမှန်ကတော့ ရဲကြည်မင်းကို စချင်လို့ရယ်။ မိန်းကလေးများရဲ့ မူပိုင်ခွင့်အရ မူနေတာရယ် . . .။

ရင်ထဲမှာကတော့ ဒိန်းတပ်တပ် ဒိန်းတပ်တပ်ပဲလေ။

"ငါးမိနစ်ပြည့်ပြီ . . . သွားတော့"

လို့ လုံးချစ်ရဲ့အော်သံကြောင့် ရဲကြည်မင်းပါ တွန့်သွားတယ်။

ယောင်ပြီး လှကြော့ရှင်းနား ကပ်လိုက်မိတယ်။ အမှန်ကတော့ ဘေးကိုထွက်တာ။ ဆိုက်မှားသွားလို့။

"အား . . . နာလိုက်တာ၊ ကာလနာ . . တက်နင်းတယ်"

ရဲကြည်မင်းက လှကြော့ရှင်းရဲ့ ခြေသန်းဖျားလေးကို သူ့ဖနောင့်ကြီးနဲ့ ကြိတ်နင်းချလိုက်တာ မနာခံနိုင်ရိုးလား။

လှကြော့ရှင်းက ဒေါပွသွားပြီး ရဲကြည်မင်းကို မျက်စောင်းထိုးကြည့်တယ်။

အခေါ်အပြောတွေတောင် ချက်ချင်းပြောင်းသွားတာ။

ခုနတုန်းကတော့ ရဲတွေ ကြော့တွေ လေပေးဖြောင့်လို့ . . .။

အခုတော့ ကာလနာဆိုပဲ . . .။



www.burmeseclassic.com

www.burmeseclassic.com



"သွား . . ကိုယ့်နေရာကိုယ်သွား . . "

လို့လည်း မောင်းထုတ်သေးတာ။

ရဲကြည်မင်း ကုပ်ချောင်းကုပ်ချောင်းနဲ့ ဘေးထွက်ထိုင်နေရရော . . . ၊ ရဲကြည်မင်းကတော့ ထိုင်နေရသေးတယ်။

မောင်ချိုကတော့ တကယ်ကို ပြန်သွားရရှာပြီ။

ဝိုင်းတားကြပေမယ့် မရဘူး။

မောင်ချိုက တနလ်ာသား၊ ဟင်းမပါ မစားဘူးဆိုတဲ့ကောင် . . . ။

တကယ်ကို ထွက်သွားတော့တာ။

ပေကပ်နေတာကတော့ ရဲကြည်မင်းပဲ။

သူကတော့ နေလို့ရတယ်။

အနီကတ်ထိတာမှ မဟုတ်ဘဲ။

သူက အဝါကတ်ထိထားတာလေ။

အဲဒီနေ့က လုံးချစ်ရဲ့မွေးနေ့မှာ အနီတစ်ကတ်နဲ့ အဝါတစ်ကတ် သုံးလိုက်ရတယ်ဆိုလားပဲ . . . ။

❁ ❁ ❁

## အခန်း (၁၅)

"လှ . . လှ . . လှကြော့ရှင်း ဟုတ်ပါတယ်နော်"

"ဟုတ်ဘူး"

"ဟုတ်တယ်"

"ဘာဟုတ်ရမှာလဲ . . ကျွန်မနာမည် လှကြော့ရှင်းသုံးလုံးထဲ . . . လှလှကြော့ရှင်းမှ မဟုတ်တာ"

"အယ် . . . "

"မအယ်နဲ့ . . . ဖယ် . . . နှောင့်ယှက်ချင်တဲ့သဘောလား . . . ၊ ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်လိုက်ရမလား . . . "

"မလှကြော့ရှင်းကလဲ ဒေါ်ချည်းပဲဗျာ . . ကျွန်တော့်ကို မမှတ်မိတော့ဘူးလား၊ ဒယ်ဒီနဲ့တောင် မလှကြော့ရှင်းတို့အိမ်တောင် လာလည်ဖူးသေးတာ"

"ဪ . . ဪ၊ အန်ကယ်လ်ရော နေကောင်းလား"

"ကောင်းပါတယ် . . လာမယ့် တနင်္ဂနွေနေ့ညတောင် ဘုရားကိုးဆူပူဇော်ပွဲ ဖိတ်မလို့တဲ့၊ ဖိတ်စာနဲ့ ကိုယ်တိုင်လာဖိတ်မယ်လေ"

"ဘာကျွေးမှာလဲ"

"ကြက်သားပလာတာ"

"ကောင်းသားပဲ . . တစ်အိမ်လုံးလာခဲ့မယ်လေ၊ ဖိတ်စာရေးရင် မိသားစုအားလုံးလို့ရေး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှစ်ယောက်လာမှာမို့လဲ"

"ဆယ့်ငါးယောက်. . . ဒါတောင် အဖေ့ဘက်က အမျိုးတွေ မပါသေးဘူး"

"မလှကြော့ရှင်းက နောက်တတ်သားပဲ၊ ကဲ, ဘယ်နှစ်ယောက်သာလာ လာခဲ့ဗျာ. . မလှကြော့ရှင်းပါရင် ပြီးတာပဲ"

"ဟင့်အင်း . . . ကျွန်မ မလာဘူး၊ အမေတို့ပဲ လွှတ်လိုက်မှာ၊ ကျွန်မအတွက် ချိုင့်ပေးလိုက်မယ်၊ ပါဆယ်ပဲ ထည့်ပေးလိုက်၊ နေစမ်းပါဦး ရှင်က ဘယ်သူလဲ. ."

"ဟောဗျ. . . သိလို့ပြောနေတာ မဟုတ်ဘူးလား"

"ဟင့်အင်း . . . မသိဘဲ ဖောနေတာ အားနာလို့လေ၊ မသိဘူးလုပ်ချရင် ရှင်ရှက်သွားမယ်လေ၊ ကြက်သားပလာတာရဲ့ မျက်နှာကလဲ ရှိသေးတယ်မို့လား"

"ကဲ, ဒါဆိုလဲ မှတ်ထားဗျ. . ကျွန်တော့်နာမည်က ကိုဇော်ဇော်"

"အသက်က. . ."

"နှစ်ဆယ့်ခြောက်"

"အဖေနာမည်"

"ဦးချမ်းသာ"

"အမေနာမည်"

"ဒေါ်ပုလဲခင်"

"မိဘအလုပ်အကိုင်"

"ကုမ္ပဏီလုပ်ငန်း"

"ဘာလုပ်တာလဲ"

"အိတ်စ်ပို့ အင်ပို့"

လှကြော့ရှင်းမေးသမျှ ကိုဇော်က လိုက်ဖြေနေမိတာ။ တကယ်တော့ လှကြော့ရှင်းက သူ့ကို တမင်လုပ်နေတာ။ ကိုဇော်ကလည်း အူကြောင်ကြား။ ကိုယ့်ကို တမင်ဖြေနေမှန်းမသိဘူး။ စွတ်ဖြေနေတယ်။

သူနဲ့လှကြော့ရှင်းက ဗိုလ်ချုပ်ဈေးက အအေးဆိုင်မှာ ဆုံဖြစ်ကြတာ။





လှကြော့ရှင်းက အအေးသောက်ရင်း ကေရီကိုစောင့်နေတာ။ ကေရီနဲ့ ဗိုလ်ချုပ်ဈေးက မောင်တီးအအေးဆိုင်မှာ ချိန်းထားကြတာက ဈေးဝယ်ကြဖို့ပဲ။

အခုတော့ ကေရီမရောက်သေးဘဲ အူကြောင်ကြားရောက်လာလို့ အပျင်းပြေနောက်နေတာရယ်။

လှကြော့ရှင်းတို့က အဲဒီလို. . .။

လူကလေးက လှသလောက်. . .

တည်ရင် အရမ်းတည်တယ်။

အေးအေးလေးနဲ့ လှောင်တတ်တယ်။

ပျော်စရာတွေ လုပ်တတ်တယ်။

ပြီးရင် သူနဲ့မဆိုင်သလိုဘဲ. . .

သူ ဘာမှမသိသလိုပါဘဲ။

"ဟင့်အင်း . . . ကြော့ရှင်း ဘာမှမသိ"

ဆိုတာ သူ့လက်သုံးစကားပဲ။

အခုလည်း သူသက်သက်မဲ့ လုပ်နေတာ။ ကိုဇော်ဇော်ကို သူကောင်းကောင်းကြီး မှတ်မိတာပေါ့။

အိမ်လာတုန်းက စကားမပြောချင်လို့ မီးပူတိုက်မယ်ဆိုပြီး ဝတ္ထုစာအုပ်ဖတ်နေခဲ့တာပဲ။

ကိုဇော်ဇော့်ကိုရော သူ့အဖေကြီးကိုပါ လှကြော့ရှင်းက အရမ်းမုန်းတာ။ ငွေကြေးချမ်းသာမှုအရှိန်နဲ့ လူတွေကို အထက်စီးက အနိုင်ယူချင်တဲ့ စရိုက်မျိုးရှိမယ့်ပုံစံမို့လေ။

ဒါပေမယ့် . . .

ကိုဇော်ဇော်က ချမ်းသာပေမယ့် အူကြောင်ကြားလေးမို့ စလို့တော့ကောင်းမယ် တွေးနေတာ။

"ဒုက္ခပဲ. . ကေရီနဲ့လွဲပြီလားပဲ"

လို့ လှကြော့ရှင်းကညည်းတော့ ကိုဇော်ဇော်က ပျာပျာသလဲ. . .

"ဟာ, ကေရီနဲ့မလွဲစေရဘူး၊ ခုနပဲ ဟိုနားကဆိုင်မှာ တွေ့ခဲ့တဲ့လှကြော့က ကေရီကိုစောင့်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ."

"ဒါဆို ခဲဏလေး"

ဆိုပြီး ဘာမပြောညာမပြော ထွက်သွားပါလေရော။

လှကြော့ရှင်းကတော့ မျက်မှောင်ကုတ်ကျန်ခဲ့တယ်။

"ဒီလူ ဧကရီကို ဘယ်တုံးကများ သိလိုက်ပါလိမ့်"

လို့လည်း တွေးနေမိတယ်။

တွေးနေရင်းက မြင်ကွင်းတစ်ခုကြောင့် လှကြော့ရှင်းမျက်လုံးလေး ဝိုင်းသွားတယ်။

သူမြင်လိုက်တာကတော့ ရဲကြည်မင်းနဲ့ ရွှေမိုးညို့ . . ။

နှစ်ယောက်သား ရယ်ရယ်မောမောနဲ့ ကောင်မလေးတွေကို လိုက်ကြည့်နေတယ်။

လှကြော့ရှင်းကို သူတို့မမြင်ကြသေးဘူး။

လှကြော့ရှင်းက မုန့်ရုံရဲ့ အတွင်းထဲဆိုင်မှာ ထိုင်နေတာမို့ သူတို့ မြင်မှာ မဟုတ်ဘူး။

နှလုံးသားရဲ့စေ့ဆော်မှုကြောင့် ထင်ပါရဲ့။

သုတ်ဆို လှကြော့ရှင်းထိုင်နေရာက ထ,ပြီး ရုံပြင်ပြေးထွက်လိုက်မိတယ်။

သူ့နောက်ကို အသံတစ်သံက လိုက်လာတယ်။

"အအေးဖိုးပေးခဲ့ဦး" တဲ့။

"ပြန်လာမှာ. . ."

လို့ ဖြတ်ထားလိုက်ပြီး ရုံပြင်ရောက်အောင် ပြေးထွက်ခဲ့တာ။

ပါးစပ်ကလည်း အတင်းလှမ်းခေါ်တယ်။

"ရဲ. . . ရဲ. . ."

"ရဲ. . . ရဲ. . ."

"ဟာ၊ ရဲတဲ့ . . . သိမ်း . . သိမ်း . ."

ဆိုပြီး အပြင်ဘက်က ဈေးသည်တချို့ ဆိုင်တွေသိမ်းကြတယ်။

ရှုတ်ရှုတ်ဖြစ်ကုန်ကြပါလေရော။

အဲဒီနားမှာ ဈေးဆိုင်တွေတင် ဘယ်ဟုတ်မလဲ။





မတ်တတ်မတ်တတ်နဲ့ ကျောက်အရောင်းအဝယ်လုပ်နေကြသည့် ကျောက်သမားတွေလည်းရှိတယ်။ စက္ကူဖြူဖြူလေးထဲက ကျောက်တို့ ဖြန့်ပြနေရင်း ဈေးဝယ်ခေါ်နေကြတဲ့ ကျောက်သမားတွေကလည်း ရဲဆိုလို့ ကျောက်ထုပ်လေးတွေ ပိတ်လိုက်ကြလေရဲ့။

ဟိုဟိုသည်သည်ကြည့်လိုက်တော့ ဘာရဲမှမတွေ့လို့ မျက်မှောင်တွေ ကုတ်ကြတယ်။ ရဲလို့အော်တဲ့ လှကြော့ရှင်းကို မျက်လုံးတွေ ရောက်သွားကြတယ်။

"ဘယ်မှာလဲ ရဲ. . ."

တစ်ယောက်က မယုံသလိုထပ်မေးတယ်။

"ဟိုမှာလေ. . . လာနေပြီ"

လှကြော့ရှင်းက သူ့ဆီလာနေကြတဲ့ ရဲကြည်မင်းနဲ့ ရွှေမိုးညိုတို့ကို လက်ညှိုးထိုးပြတယ်။

မေးမိတဲ့သူလည်း ခေါင်းကုတ်ပြီး လှည့်ထွက်သွားတယ်။ ဘာမှန်း ဂယနဏသိပုံတော့ မပေါ်ဘူး။

"လာ. . ရဲ. . အအေးတိုက်မယ်"

ရဲကိုအအေးတိုက်မယ်ဆိုတော့ အံမှုကိစ္စတစ်စုံတစ်ရာရှိလို့ တိုင်ချင်လို့နေမှာဆိုပြီး ငြိမ်နေလိုက်ကြတော့တာ။

ရဲကြည်မင်းနဲ့ ရွှေမိုးညိုတို့ကတော့ . . .

"လူတွေ ငါတို့ကိုကြည့်လှချည်လား . . ."

ဆိုပြီး ဘဝင်မြင့်ချင်ချင်ရယ်။

ရင်ကိုတောင် ကော့ထားကြသေးတာကလား။

လှကြော့ရှင်းက သူတို့နှစ်ယောက်ကို ခုနကအအေးဆိုင် ပြန်ခေါ်သွားပြီး ထိုင်ခိုင်းတယ်။

"ထိုင်ကြ. . . ဘာသောက်မှာလဲ၊ ဟော့၊ ချာတိတ် စပါကရင် နှစ်လုံးပေး. . ."

ဘာသောက်မှာလဲမေးလို့ ရွှေမိုးညိုက အုန်းနို့ကျောက်ကျောလေး သောက်မလို့ကြံကာရှိသေး စပါကရင်နှစ်လုံးပေးဆိုတာနဲ့ ဟ,ထားသည့် ပါးစပ်ကြီး ပြန်စေ့ထားလိုက်ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



လှကြော့ရှင်းက အပါး။

သူခေါ်တာ သူရှင်းရမှာဆိုတော့ လွတ်လပ်စွာမှာကြားခွင့် မပြုနိုင်ဘူးလေ။

အအေးပုလင်းဆို တစ်လုံးတစ်ရာပဲ။ သည့်ထက်မပိုဘူး။ ဒီဆိုင်မှာ ဒါ ဈေးအနည်းဆုံးရောင်းကုန်ပဲ။

အအေးနှစ်လုံး လာချပေးမယ့်ကောင်လေးကို ဆိုင်ရှင်မောင်တီးက တိုးတိုးကပ်မှာနေတယ်။

ချာတိတ်က အအေးပုလင်းလာချပေးရင်း . . .

"ခုနတစ်လုံး . . အခုနှစ်လုံး . . အအေးပုလင်း လက်ငင်းရှင်းရပါတယ် ခင်ဗျာ"

လို့ ရပ်တောင်းပါလေရော. . . ။

ဟုတ်တယ်. . . ။

လှကြော့ရှင်းကို ဆိုင်ရှင်မောင်တီး စိတ်မချနိုင်ဘူးဖြစ်သွားပြီ။

သောက်နေရင်း ဒီလို ရှုတ်တရက်ထ,သွားတတ်တဲ့လူမျိုးကို ဘယ်ဆိုင်ရှင်က စိတ်ချနိုင်မှာလဲ။ စောစောစီးစီးတောင်းထားလိုက်တော့ အေးရောမို့လား၊

ရဲကြည်မင်းတို့ အအေးမငုံရသေးဘူး။

ကိုဇော်ဇော် ပြန်ရောက်လာတယ်။ လက်ထဲမှာလည်း စာအုပ်ကြီးတစ်အုပ်နဲ့ . . . ။

ရဲကြည်မင်းနဲ့ ရွှေမိုးညိုတို့ကိုမြင်တော့ ရှိန်သွားတယ်။ မျက်မှောင်ကုတ်တယ်။

ဘာလဲ. . .

ဘယ်သူလဲ. . .

ဘာကိစ္စလဲ. . .

ဘယ်လဲ. . . ရယ်လို့ ရင်ထဲမှာ မေးခွန်းတွေထုတ်ရင်း လှကြော့ရှင်းကို စာအုပ်ကမ်းပေးလိုက်တယ်။

လှကြော့ရှင်းက မယူဘူး။ ကြောင်ကြည့်နေတယ်။ ရဲကြည်မင်းကို စွေကြည့်ပြီး . . .





"ရဲ. . . ဒီလူ စာအုပ်ပေးနေတယ်"

လို့ ပြောလိုက်တယ်ဆိုရင်ပဲ ရဲကြည်မင်းက ဂျိမ်းစဘွန်းစတိုင်လ်နဲ့ အအေးကို ဘီယာစုပ်သလို စုပ်သောက်ရင်း . . .

"ယူလိုက်. . . အဲ, မယူနဲ့"

"ရှင် ဘာသဘောနဲ့ စာအုပ်လိုက်ပေးတာလဲ၊ အခု ကျွန်မ 'ရဲ' ခေါ်ထားတယ်"

"အယ်. . ."

"မအယ်နဲ့ . . ကဲ, ပြော. . လူစည်ကားရာ ဈေးလည်ခေါင်မှာ မိန်းကလေးတစ်ယောက်ကို စာတစ်စောင်မကဘူး၊ အုပ်လိုက်ပေးတာဟာ ပုဒ်မ သုံးရာနှစ်ကို ကျူးလွန်လိုက်တာပဲ"

လို့ ပြောတော့ ကိုဇော်ဇော် မျက်လုံးပြူးသွားတယ်။ ဘေးက ရွှေမိုးညိုက လက်ဝါးလေးကာပြီး ရဲကြည်မင်းကို တိုးတိုးလေး ကပ်သတိပေးလိုက်တယ်။

"ဟောတောင်. . . အဲဒီပုဒ်မက လူသတ်မှုဟ"

ဒါနဲ့ ရဲက ပြန်ပြင်ပြောတယ်။

"စာတစ်စောင်ထဲပေးရင်တော့ ပုဒ်မ သုံးရာနှစ်ပေါ့၊ အခု စာအုပ်လိုက်ကြီးပေးတော့ ပုဒ်မသုံးရာနှစ်ဆယ်ဖြစ်ရော"

ပုဒ်မက ငုတ်တုတ်ရပ်နေရင်း ကြီးသွားလို့ ကိုဇော်ဇော် ဖျားချင်သလိုလိုဖြစ်သွားတယ်။

"ဟို ဟို. . သူက ဧကရီဆိုလို့ ဝယ်လာပေးတာပါဗျာ. . ဒီမှာပါ၊ ဘာစာမှ မဟုတ်ပါဘူး"

လို့ ကိုဇော်ဇော်က စာအုပ်ကို ထိုးပြလိုက်တယ်။

သူပြလိုက်တာက ဧကရီမဂ္ဂဇင်း . . .

"ဟယ်. . ."

လှကြော့ရှင်း ဟယ်ခနဲဖြစ်သွားတယ်။

ပေါက်လည်းပေါက်သွားပြီ။ သဘောပေါက်တာ။

ဒါနဲ့ ရဲကြည်မင်းဘက်လှည့်ပြီး . . .

"အဟီး . . . ရဲ. . သူက ဧကရီမဂ္ဂဇင်း ဝယ်ပေးတာပဲ၊ စာပေး



www.burmeseclassic.com

www.burmeseclassic.com



တာမှ မဟုတ်တာ၊ နင့်ပုဒ်မတွေ လျှော့ပေးလိုက်နော်၊ ဧကရီမဂ္ဂဇင်းက စေ့ကြီးလွန်းလို့ ငါ ဝယ်မဖတ်နိုင်ဘူး၊ နင့်ပုဒ်မတွေကို လျှော့ပေးလိုက်"

"ဟုတ်ပါတယ်ဗျာ. . သူက ဧကရီဆိုလို့ ပြေးဝယ်ပေးနေတုန်း ဆရာပဲ့ ရောက်လာတာပါ။ ကျွန်တော့်ကို ပုဒ်မသုံးရာနှစ်ဆယ်တော့ မထားပါနဲ့၊ ပုဒ်မသုံးရာလောက်ပဲ ထားပါနော်"

"ပုဒ်မကို ဈေးမဆစ်နဲ့ မရဘူး . .၊ အာမခံတော့ ပေးလိုက်မယ်၊ မြန်တော့ . . ."

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . ကျေးဇူးပါပဲ"

အူကြောင်ကြား ကိုဇော်ဇော် လှည့်အထွက်မှာ ဆိုင်ထဲဝင်လာတဲ့ ဧကရီနဲ့ တိုက်မိကြသေးတာ. . .။

"ရှင် . . လူမမြင်ဘူးလား၊ ရဲတိုင်လိုက်ရမလား"

ဆိုပြီး ဧကရီက ရန်တွေ့လိုက်တော့ ကိုဇော်ဇော့်မျက်နှာ ဆီးရွက်လောက်ရှိတော့တာရယ်။ ရဲကြည်မင်းကို လှမ်းကြည့်ပြီး . . .

"ဆရာ. . . ကျွန်တော်က တမင်တိုက်တာ မဟုတ်ပါဘူးနော် . . ဆရာ့အမြင်ပဲ၊ ကျွန်တော့်ကို ပုဒ်မထပ်မတပ်ပါနဲ့နော်"

လို့ တောင်းပန်နေတော့ ဧကရီနားမလည်နိုင်ဘဲ ကြောင်ကြည့်နေမိတယ်။

လှကြော့ရှင်းကတော့ တခစ်ခစ်နဲ့ . . .

"ရဲ. . . လူဝင်တိုက်တာ ပုဒ်မ ဘယ်လောက်လဲ"

လို့ အချွန်လေးနဲ့ မ,တယ်။

"သူက ပုဒ်မမြင့်တယ်၊ ပုဒ်မ ခုနစ်ရာ့ခြောက်ဆယ်လောက် ရှိလောက်လိမ့်မယ်"

ပုဒ်မကမြင့်လွန်းလို့ ကိုဇော်ဇော် လန့်သွားတယ်။

"ဆရာတို့ . . သွားမယ်နော်၊ ဒီက ညီမလေးလဲ ဆောရီးနော် မတော်လို့ တိုက်မိတာ၊ မယုံ 'ရဲ' မေးကြည့်"

ဆိုပြီး တစ်ချိုးတည်း လစ်တော့တာ။

ဧကရီကတော့ နားမလည်သေးလို့ . . .

"ဘာတွေလဲဟ. . ရဲတွေရော ပုဒ်မတွေရော၊ ဘယ်က အူကြောင်





ကြားလဲ လမ်းမှာ ကားပျက်လာရလို့ စိတ်ညစ်လာရတဲ့အထဲ၊ ငါ့မှာ နင့် မြန်ပြီလား စိတ်မောနေတာ၊ အံမယ်. . ကျေးဇူးရှင်တွေနဲ့ ချိန်းထားတာလား"

ဧကရီက မောမောနဲ့ထိုင်ရင်း အအေးတစ်လုံး လှမ်းမှာလိုက်တယ်။ အအေးလာချပေးတဲ့ ချာတိတ်ကလေးက အနွေးအဖိုးကို လက်ငင်းတောင်းတော့ . . .

"ဟဲ့၊ ဘယ်လိုဖြစ်တာလဲ ပြီးရင်ပေးမှာပေါ့၊ တကတည်း . ."

ဆိုပြီး ဧကရီက ရန်တွေ့လိုက်လို့ လှကြော့ရှင်းက လက်ဝါးကာပြလိုက်တယ်။

"ဒီလိုဟ. . ."

လို့ အစချီပြီး ဖြစ်ကြောင်းကုန်စင်ရှင်းပြလိုက်တော့ ဧကရီ ခွက်ထိုးခွက်လှန် ရယ်ပါလေရော။ ရယ်ရလွန်းလို့ ဗိုက်ချောင်သွားတယ်ဆိုပြီး နန်းကြီးသုပ်တစ်ပွဲ လှမ်းမှာစားလိုက်သေးတာ။

နန်းကြီးသုပ်စားနေတဲ့ ဧကရီကို ရွှေမိုးညိုက ငမ်းပြီးသုတ်ဖို့ ကြံနေတယ်။ ဧကရီကိုကြည့်လိုက်၊ လက်ဝါးနှစ်ဖက်ကို ပွတ်ချေလိုက်နဲ့ သူငယ်နာ မကုန်သေးသလိုဘဲ။

ရဲကြည်မင်းကရော ဘာထူးလဲ။

လှကြော့ရှင်းကို မျက်လုံးကြီးကျွတ်ထွက်မတတ်ကြည့်ရင်း . . .

"မကြော့ . . . ဘာစားမလဲ၊ ကြော့ . . ဘာစားမလဲ စားလေ. ."

နဲ့ ဘာကျွေးချင်မှန်းကို မသိဘူးရယ်။

အမှန်ကတော့ လိုင်းပူးရှော့ရိုက်ချင်တော့ အပင်းသွင်းချင်နေတာ။

"ကြော့ . . . မားလေ"

"ဟင့်အင်း"

'စားပါ ကြော့ရဲ့"

"စားဘူး"

"တစ်ခုခုတော့ စားကွာ"

"စားပါဘူးဆို"

"စားပါ ကြော့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စားချင်ဘူး . . ."

ခြေကြာ့ စားလေ၊ စားဘူးနဲ့ ကြာနေပြီး ဘာမှမမှာလို့ ဆိုင်ရှင် စိတ်ဗိန်းလာပုံရတယ်။

ရဲကြည်မင်းကို လှမ်းပြောသေးတာ။

"မစားချင်တာကို အတင်းမကျွေးပါနဲ့ဗျာ. . မစားရင်လဲ ပြန်ကြတော့၊ ထိုင်ခုံက နည်းနေလို့"

ဈေးဆိုင်ကတောင် နှင်ထုတ်ရတဲ့အခြေအနေ ရောက်ကုန်တယ်။

ဒါကို အကွက်ချောင်းနေတဲ့ ရွှေမိုးညိုက လက်ဖျစ်တီးလိုက်ပြီး. .

"ဟုတ်ပြီ . . ဒီဆိုင်မှာထိုင်နေလို့ ဘာမှဖြစ်လာမှ မဟုတ်ဘူး၊ သမ္မတရုံမှာ ရုပ်ရှင်ကောင်းတယ်၊ ဒီနေ့ ကိုယ့်မွေးနေ့ ရုပ်ရှင်ပြမယ်"

လို့ ပြောတော့ ကေရီက မေးခွန်းထုတ်တယ်။

"နင်က ဘာနေ့သားလဲ"

"ကြာသပတေးသား"

"ဒီနေ့ အင်္ဂါနေ့၊ ဘယ်လိုလုပ် နင့်မွေးနေ့ ဖြစ်မလဲ"

"မွေးနေ့အကြိုပေါ့ဟ"

"မွေးနေ့မှာ ရုပ်ရှင်ပြတာ ငါ မကြားဖူးဘူး၊ ကြေးအိုးပဲတိုက်"

"ရုပ်ရှင်လဲပြမယ်၊ ကြေးအိုးလဲတိုက်မယ်"

"ဒီအစီအစဉ်ကို ငါ လက်ခံတယ်၊ ဒီကောင့်ဆီက စားရဖို့ဆိုတာ လွယ်တာမဟုတ်ဘူးဟ"

ဒါနဲ့ပဲ ကန့်ကွက်မယ့်သူမရှိဘဲ သမ္မတရုပ်ရှင်ရုံကို ချီတက်ကြတော့တယ်။

ရုံကိုရောက်တော့ လက်မှတ်ကို ရွှေမိုးညိုက သွားဝယ်တယ်။

ရွှေမိုးညိုက ညာဏ်များတယ်။

လေးစောင်အတွဲလိုက်မဝယ်ဘဲ နှစ်စောင်စီ ရှေ့နောက်ဝယ်လိုက်တယ်။

"ဒီကားကကောင်းတော့ လူများတယ်၊ လက်မှတ်တောင် တစ်ဆက်တည်းတောင်မရလို့ နှစ်ခုံစီဝယ်ရတယ် ရှေ့နောက်ပါပဲ၊ ရော့ မင်းတို့က ဘီတန်း၊ ငါတို့က စီတန်း၊ ဝင်ကြမယ် ပြတော့မှာ"





နမူနာတွေပြနေပြီမို့ မှောင်မှောင်မဲမဲ ဝင်ကြတယ်။

ရုံဝန်ထမ်းလေးက လက်နှိပ်ဓါတ်မီးနဲ့ထိုးပြီး သူတို့ကို နေရာလိုက်ချပေးတယ်။

ရဲကြည်မင်းတို့က နောက်တန်း၊ ရွှေမိုးညိုတို့က ရှေ့တန်း၊ ကားကောင်းလို့ထင်ပါ့၊ ရုံထဲမှာ လူနည်းနည်းလေး။

သိပ်မကြာဘူး။

ရွှေမိုးညိုတို့ဆီက အသံတွေထွက်လာတယ်။

"ကေရီ လက်တွေဘယ်လိုနေလဲဟင် . . . ကိုမိုးလက်တွေတော့ အေးစက်နေပြီ"

". . . . . . . . . . . ."

"အဲယားကွန်းက တအားအေးတယ်နော်၊ ဒီဘက်တိုး . . ."

". . . . . . . . . . . ."

"ဟယ်, ကေရီလက်တွေလဲ အေးစက်လို့"

"လက်မကိုင်နဲ့ . . ရဲတိုင်လိုက်မယ်"

ရှေ့က ကေရီအသံကြောင့် ရဲကြည်မင်းလည်း ထိတ်ခနဲဖြစ်သွားတယ်။ သူကလည်း ဘာထူးလဲ။

လှကြော့ရှင်းလက်ကလေးတွေကို ဆုပ်နယ်ပေးနေတာ။ နွေးစေလိုတဲ့ စေတနာနဲ့ပါ။ တကယ်။

"ကဲ, လွှတ်ပါ၊ နောက်မှာ ရဲရှိတယ်၊ ရဲတိုင်လိုက်မယ်"

လို့ ကေရီက တိုးတိုးပြောတော့ ရဲကြည်မင်းက ဘာလှမ်းပြောတယ် မှတ်လဲ။

"မတိုင်နဲ့ . . . ရဲလဲ မအားဘူး" တဲ့။

မှောင်မှောင်မဲမဲမှာ နောက်ဆက်တွဲကြားရတဲ့ အသံတွေကတော့

"ရဲ. . . မကဲနဲ့ကွာ"

"ပါးတွေပါ အေးနေပြီ. . ရွှတ်. ."

"အဲယားကွန်းက သိပ်အေးတယ်နော်. . ရွှတ်. ."

ရှေ့က ရွှတ်လိုက်၊ နောက်က ရွှတ်လိုက်နဲ့ ဘယ်နှစ်ကြိမ်မှန်းတောင် မသိတော့ဘူးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာတစ်ချက်ကတော့ ရုပ်ရှင်ရုံထဲက ပြန်ထွက်လာကြတော့ . . .

ရဲကြည်မင်းနဲ့ လှကြော့ရှင်း . . .

ရွှေမိုးညိုနဲ့ ဧကရီ . . .

လက်ချင်းယှက်ပြီး ထွက်လာကြတာပဲလေ။

"ဟယ်, ပန်းဝေသီတော့ . . ."

"ဟာ, ဟိုကောင် . . မိုးထိအောင် . ."

ရုံပြင်ရောက်မှပဲ နောက်ကထွက်လာတဲ့ အတွဲတစ်တွဲကိုမြင်ပြီး တအံ့တသြဖြစ်ကြတယ်။

မိုးထိအောင်နဲ့ ပန်းဝေသီကလည်း သူတို့လိုပဲ လက်ချင်းယှက်လို့။

သူတို့ကိုမြင်တော့ ပန်းဝေသီက ရှက်နေတယ်။

မိုးထိအောင်က စပ်ဖြဲဖြဲ . . .။

"ကောင်မ . . ရှက်မနေနဲ့ အတူတူပဲ၊ လာ . . တို့နဲ့လိုက်ခဲ့၊ ဒီနေ့ ရွှေမိုးညို မွေးနေ့ဟ . . အဲဒါ ရုပ်ရှင်ပြလို့ လိုက်ကြည့်တာ၊ ကြေးအိုးလဲ တိုက်ဦးမှာတဲ့"

ဧကရီက သူမကျွေးရတိုင်း အားရဝမ်းသာ ခေါ်နေတာ။ အလှူရှင်ရဲ့မျက်နှာကိုတောင် လှည့်မကြည့်ဘူး။ ရွှေမိုးညိုကဖြင့် အီးမှန်တဲ့ မျက်နှာဖြစ်နေပြီ။

ဧကရီနားကိုကပ်သွားပြီး တိုးတိုးလေးတောင် ပြောယူရတယ်။

"ဧကရီ နင် အရမ်းလောကွတ်ချော်မနေနဲ့၊ ငါ့မှာ အဲဒီလောက် ပိုက်ဆံမကျန်တော့ဘူး၊ နင် ငါ့ကို ပိုက်ဆံနှစ်ထောင်ချေး"

"ဟဲ့, ငါ့မှာလဲ ဈေးဝယ်ခိုင်းလိုက်တဲ့ ပိုက်ဆံပဲပါတာ၊ ချေးလို့ မဖြစ်ဘူး"

"ဒုက္ခပါပဲဟာ"

ရွှေမိုးညို ချွေးတွေပြန်နေပြီ။ သူ့လူတွေက ကြေးအိုးဆိုင်ထဲတောင် ခြေလှမ်း လှမ်းနေကြပြီ။

"နေကြဦး . . မဝင်ကြနဲ့ဦး . . ."

ရွှေမိုးညိုက လှမ်းအော်တာ။





ရှေ့က ဝင်မယ်လုပ်နေတဲ့ ရဲကြည်မင်း၊ မိုးထိအောင်၊ လှကြော့ရှင်းနဲ့ ပန်းဝေသီတို့ ခြေလှမ်းတွေတောင် တုံ့သွားကြတယ်။

"ဟဲ့, ရွှေမိုးညို . . . ဘာဖြစ်လို့တုံး"

"မသိဘူး . . ချွေးတွေပြန်ပြီး မူးလို့တဲ့"

"သွေးတိုးတာနေမှာ၊ ဟဲ့, ရှုဆေးပါကြလား"

ရှုဆေးရှာတဲ့သူနဲ့ လက်ကိုင်ပုဝါနဲ့ ယပ်ခတ်တဲ့သူနဲ့ ဆိုင်ရှေ့မှာ ရှုပ်ယှက်ကိုခတ်နေတာပဲ။

ဧကရီက ရဲကြည်မင်းကို တိုးတိုးလေးကပ်ပြောတယ်။

ရဲကြည်မင်းက တစ်ချက်ပြုံးတယ်။

နှစ်ချက် ခေါင်းဆတ်တယ်။

သုံးလှမ်း လှမ်းတယ်။

"ဖယ် . . ဒီကောင်သွေးတိုးတာ ရှုဆေးနဲ့မှရတာ၊ ရိုးရိုးရှုဆေးနဲ့ မရဘူး . . အထူးရှုဆေးမှ . . ."

လို့ ပြောပြီး အိတ်ထဲက တစ်ထောင်တန်နှစ်ရွက်ထုတ်ပြီး လေးခေါက်ခေါက်လိုက်တယ်။

"ရော့ . . သူငယ်ချင်း ဒါလေးရှူ ကောင်းသွားလိမ့်မယ်"

ဟုတ်တယ်။

တကယ်စွမ်းတာ။

ရဲကြည်မင်းကမ်းပေးတဲ့ တစ်ထောင်တန်ခေါက်လျက်လေးကို ရွှေမိုးညိုက ကြည့်ပြီး နမ်းလိုက်တယ်ဆိုရင်ပဲ လန်းဆန်းတက်ကြွသွားတော့တာ။

"နေကောင်းသွားပြီ၊ မမူးတော့ဘူး"

လို့လည်း ပြောသေးတာ။ သူတို့ကို ရပ်ကြည့်နေကြတဲ့ လမ်းသွားလမ်းလာတွေကတောင် . . .

"သူ့ရောဂါက အဆန်းဟ"

"တစ်ထောင်တန်ရှူရသတဲ့၊ တွေ့ဖူးပေါင် . . ."

လို့ မှတ်ချက်တွေချသွားကြလေရဲ့။

ဘာပဲဖြစ်ဖြစ် . . .



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးညိုကောင်းသွားပြီမို့ ကြေးအိုးဆိုင်ထဲ ပြန်ဝင်ကြတယ်။

ဆိုင်ထဲရောက်တော့ ဇကာရီက ခေါင်းလေးခါပြီး ပြောလေရဲ့။

"ရွှေမိုးညို . . . ငါ ပြင်ဆင်ချက်ထုတ်ချင်တယ်၊ နင့်ရောဂါကြီးကို ငါ ကြောက်တယ်၊ နင့်အတွက် တစ်ထောင်တန်အထပ်လိုက်မထားနိုင်ရင် ငါ စိတ်ဆင်းရဲရမှာ၊ နင့်အချစ်ကို ငါ ဆိုင်းငံ့ထားလိုက်ပြီ၊ ပယ်ဖျက်တာ မဟုတ်ပါဘူး၊ ဆိုင်းငံ့ဆိုတဲ့ မှတ်ချက်လေးလောက်ပဲ ရေးလိုက်မှာပါ၊ ရောဂါပျောက်တော့ လျှောက်လွှာပြန်တင်ပေါ့ဟာ၊ အဲဒီအခါကျရင်တော့ ဆရာဝန်ရဲ့ထောက်ခံစာပါဖို့ လိုတယ်နော်"

သွားပြီ။ ရွှေမိုးညို တက်မလိုလိုပြန်ဖြစ်သွားသေးတာ။

သူညည်းလိုက်တာက. . .

"ငါ သောက်ရတဲ့ အချစ်ဟင်းချိုကလည်း ဆားခတ်မထားပါ လားနော်" တဲ့။

✿ ✿ ✿

## အခန်း (၁၆)

"လုံးချစ်. . ."

"ဘာတုံး . . ."

"ဘယ်သွားမလို့လဲ"

"ဈေးခြင်းကြီးနဲ့ ဈေးသွားမလို့ပေါ့၊ မမြင်ဘူးလား"

"မြင်ပါတယ်ဟာ. . နင့်ကို ငါ တောင်းပန်ခဲ့တာပဲဟာ. . ကျေနပ်ပါနော်၊ ငါ့ကို ပြန်ခေါ်နော်"

"ခေါ်ဘူး . . ."

"ချစ်သူချင်းစိတ်ကောက်တာ အဲဒီလောက်ကြီးမကောက်ရဘူးဟ"

"ကောက်တယ်"

"ဒါဆို ငါလဲကောက်မယ်၊ အကောက်အကောက်ချင်းမှ ချိတ်မိမှာပေါ့"

"လဲသေလိုက်"

"ဟာ, ဝမ်းသာလိုက်တာ"

"ဘာ, နင့်ကို လဲသေခိုင်းတာဟဲ့၊ ဝမ်းသာစရာလား"

"လုံးချစ်ရာ. . အဲဒီ လဲသေလိုက်ကြီးနဲ့ပဲ ရဲကြည်မင်းနဲ့ လှကြော့ ရှင်းတို့ အိုဂေမှာ စုံပြေသွားကြပြီ၊ တကယ်တော့ လဲသေလိုက်ဆိုတဲ့ စကားရဲ့နောက်ကွယ်မှာ လျှို့ဝှက်ချက်တွေပါတယ်လို့ တို့ဆရာက ပြော ဖူးတယ်"

"နင့်ဆရာက ဘယ်သူတုံး"

"ရွှေမိုးညို. . ."

"အလကား . . ငပေါကြီး၊ သူပြောတာတွေ ယုံမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မယုံလို့မဖြစ်ဘူးဟ . . သူ့ဖလော်က ဟုတ်တုတ်တုတ်၊ လဲသေလိုက်လို့ ပြောတာဟာ ခင်မင်ကျွမ်းဝင်လို့ ပြောတာတဲ့၊ တကယ်မသေစေချင်ပါဘူးတဲ့"

"သူက ဒီလိုပဲ ပြောသလား"

"အေးဟ . . . ဒီအတိုင်းပြောတာ၊ သူ့ပြောပုံအရဆို လဲသေလိုက်လို့ ပြောတဲ့သူဟာ ကိုယ့်ကိုရင်းနှီးကျွမ်းဝင် ချစ်ခင်စုံမက် ဖက်လှဲတကင်း နမ်းခြင်းကုမ္မေ၊ ချစ်မိုးစွေတဲ့ ချစ်သူမသေွ ဖြစ်ရလေမည်တဲ့ဟ"

"သူက အဲဒီအတိုင်းပြောတာလား"

"ဟင့်အင်း . . . ငါလဲ ရွတ်ကောင်းကောင်းနဲ့ ပိုပြောလိုက်တာ"

"နင့်ကို လဲသေလိုက်လို့ ပြောမိတဲ့အတွက် ငါဟာ နင့်ကိုချစ်နေပြီလို့ ယူဆတော့မယ်ပေါ့"

"အဟီး . . . ဒီသဘောလဲ မဟုတ်ပါဘူးဟာ၊ ဟုတ်ရင်တော့ ကောင်းတာပေါ့"

"နင်ဆရာရဲ့ ဖလော်ဆော်ဖိ မှန်မမှန်သိရအောင် နင့်ကို လက်တွေ့ပြမယ် . . . ကြည့်နေ"

"ဘာကြည့်ရမှာတုံးဟ"

"ကြည့် . . ဟိုမှာတွေ့လား"

"ဘယ်မှာလဲ"

"ဟိုမှာ . . ကားဂိတ်မှာ၊ ဂျင်းဘောင်းဘီနဲ့ တွေ့လား"

"တွေ့တာပေါ့ဟ . . . ဘာဖြစ်လဲ"

"အဲဒီလူက ဈေးသွားတိုင်း ရည်းစားစကားလိုက်ပြောတာ အကြိမ်တစ်ထောင်လောက်ရှိပြီ၊ ငါက သူ့ကို လဲသေလိုက်လို့ အကြိမ်တစ်ထောင်မက ပြောပြီးပြီ၊ နင်တို့ရဲ့ ဖလော်ကြီးအရဆိုရင် ငါက အဲဒီလူကို ရင်းနှီးကျွမ်းဝင်၊ ချစ်ခင်စုံမက်၊ နောက် ဘာတဲ့ . ."

"ဖက်လှဲတကင်း၊ နမ်းခြင်းကုမ္မေဟာ . . ."

"ဩော်, အေး . . အဲဒီအတိုင်းပဲဖြစ်နေပြီပေါ့ဟ၊ နောက်ဆုံးက ဘာလဲ . . ချစ်သူမသေွဖြစ်ရလေမည်တဲ့၊ သိပ်မှန်တဲ့ ဖလော် . . ဟီး . . အဲဒါ ငါ့ချစ်သူပဲ ငါ့ကိုစောင့်နေတာ၊ သွားမယ်နော် . . ဘိုင့် . . ဘိုင်"





သွားပြီ။ မောင်ချို့ကို လုံးချစ်က ဂိုးပြတ်သွင်းသွားပြီ။ ပွဲစပ . . . ဂိုးရှုံးဖို့ကြံခဲ့တဲ့ မောင်ချို။ ကိုယ့်ဂိုးကိုယ်ရှုံးမိပြီး ရှုံးသွားပါလေရောလား။ ကားမှတ်တိုင်ကို လှမ်းမျှော်ကြည့်လိုက်မယ်ဆိုရင်ဖြင့် ဂျင်းဘောင်းဘီနဲ့ ပုဂ္ဂိုလ်က လုံးချစ်လက်ကိုဆွဲလို့ ဘတ်စ်ကားတစ်စီးပေါ်တက်သွားလေရဲ့။

"ဟိုး . . . ဟိုး " နဲ့ အော်လိုက်လေသူ မောင်ချိုရဲ့အော်သံကိုဖြင့် ကားစပယ်ရာလည်း မကြား . . လုံးချစ်တို့လည်း မကြား . . ကားကြီးကလည်း မကြားဘူးရယ်၊ ဝေါခနဲ မောင်းထွက်လိုက်တာများ နောက်ပိုင်းက မီးခိုးတွေတောင် မှုတ်ထုတ်သွားသေး။

"ကျွိ . . ." ကားဘရိတ်အုပ်လိုက်သံကြောင့် မောင်ချို နောက်လှည့်ကြည့်လိုက်မိတယ်။

"လမ်းပေါ်မှာ သေချင်လို့လား၊ ဟာ, မောင်ချို ဘာဖြစ်နေတာလဲကွ၊ ကားမမိလို့လား . . ."

ကားလမ်းပေါ် ပြေးနေတဲ့ မောင်ချိုကို တက္ကစီက တိုက်မိမှာစိုးလို့ ဘရိတ်အုပ်လိုက်တာ။ ကားပေါ်မှာပါလာတာက ရဲကြည်မင်းနဲ့ လှကြော့ရှင်း။ မောင်ချို့ကိုမြင်တော့ အံ့အားသင့်သွားတယ်။

မောင်ချိုမဖြေနိုင်ဘူး။ မောနေတယ်။

"ကဲ, ကားပေါ်တက်ကွာ၊ တို့ ရွှေတိဂုံဘုရား ယဉ်ကြာသွားချေမလို့ကွ လိုက်ခဲ့"

မောင်ချို စွေ့ခနဲ ကားပေါ်ပါလာတယ်။ ကားပေါ်ကျမှပဲ လုံးချစ်ကိစ္စရှင်းပြတယ်။ ရဲကြည်မင်းက သင်ပြင်းချတယ်။ လှကြော့ရှင်းက စိတ်မကောင်းစွာနဲ့ဘဲ အားပေးတယ်။

"လုံးချစ် ဒီလိုတော့ ဟုတ်ပါ့မလား။ ကြော့ မေးကြည့်ဦးမယ်"

"မမေးပါနဲ့တော့ဟာ . . ငါ မျက်စိနဲ့ကို မြင်လိုက်တာပဲဟာ၊ ဟိုကသူ့လက်ကိုဆွဲပြီး ကားပေါ်တက်သွားတာ၊ သူတို့တက်သွားတဲ့ကားကို ငါလိုက်တားနေတုန်း နင်တို့နဲ့တွေ့တာ၊ ရှက်တယ်ဟာ . . ."

"စိတ်မကောင်းစရာဘဲ"

"ရင်ထဲမှာ နာနေတယ်"

"ဆေးခန်းပြမလား"



www.burmeseclassic.com

www.burmeseclassic.com



"သရာဝန်အဖြေမထုတ်နိုင်မယ့် နာကျင်မှုမျိုးပါဟာ. . . "

"ခင်းကလဲကွာ ယောကျ်ားမဟုတ်သလိုဘဲ၊ သူကြွင်မှကိုယ်ကြွင်ပေါ့ . . ငမ်းကိုး တူးကမ်းလေကွာ၊ တစ်ယောက်သွားတော့ နှစ်ယောက်လာမှာပေါ့. . ငါ ဝိုင်းရှာပေးမယ်"

"ဘာပြောတယ်"

လှကြော့ရှင်းအသံက ဟိန်းသွားလို့ ကားဆရာကြီးတောင် လန့်ပြီး ဟွန်းကို နှိပ်မိတယ်။ မကြာပါဘူး။ ရဲက ခရာမှုတ်ပြီး ကားကိုရပ်ခိုင်းတယ်။

ဆိုင်းဘုတ်တစ်ခုကို လှမ်းပြတယ်။ "ဟွန်းသံကင်းမဲ့ဇုန်" တဲ့။

ကားဆရာကြီးက ရဲကို မျက်လုံးကြီးပြူးကြည့်ပြီး . . .

"သူ့ကြောင့်" လို့ လှကြော့ရှင်းကို လက်ညှိုးထိုးပြတော့ လှကြော့ရှင်းက . . .

"ဟို. . . သူ့ကြောင့်" လို့ ရဲကြည်မင်းကို လက်ညှိုးထိုးပြတယ်။

ရဲကြည်မင်းက ရဲကြီးကိုပြုံးပြပြီး . . .

"ဟင်း ဟင်း . . အမှန်ကတော့ ဟိုကောင့်ကြောင့်ဗျ"

ဆိုပြီး မောင်ချိုကို လက်ညှိုးထိုးပြတယ်။ မောင်ချို့မှာ ဆက်ပြီး လက်ညှိုးထိုးပြစရာမရှိဘူးဖြစ်နေတယ်။ ဒီတော့ ရဲကြီးကိုပဲကြည့်ပြီး . .

"ကျွန်တော် ကံဆိုးပါတယ်၊ ကျွန်တော်မျိုးကြီး သေသင့်ပါတယ်"

လို့ချည်းပြောနေတော့ ရဲစိတ်ညစ်သွားတယ်။ တကယ့်ရဲကြီး စိတ်ညစ်သလို ရဲကြည်မင်းလည်း စိတ်ညစ်ရတာပဲ။

နာရီတကြည့်ကြည့်နဲ့လုပ်ရင်း မောင်ချို့ကို ပြုံးကြည့်ပြီး . . .

"ဒီကောင့်ခေါင်တင်မိတာ ငါးပါးမှောက်တာပဲ၊ ယတြာချေဖို့ နာရီကျော်သွားတော့မယ်" လို့ ညည်းတယ်။

လှကြော့ရှင်းကလည်း မကျေနပ်ဘူး။ ရဲကြည်မင်းကို မကျေနပ်တာ။ ရဲကြီးရှေ့မှာမို့ မပြောသေးတာ။ ရဲကြီးကလည်း တာဝန်တိကျတယ်။ ကားကို ဖမ်းလိုက်တယ်။ ချလံ ရေးနေတယ်။

ကားပေါ်မှာတော့ ပွဲကကြမ်းချင်နေပြီ။

"ဟင်း ဟင်း . . ဝမ်းဂိုး တူးကမ်းတဲ့၊ အခုကတည်းက သဘောထားလေးတွေသိရတာ ကြော့တော့ ကံကောင်းတာပဲ"





"ကြော့ ဘာတွေပြောနေတာလဲ"

"ဘာပြောရမှာလဲ. . . ယောကျ်ားတို့သဘောကို ပြောနေတာ ဒါတောင်ရှေ့တင်မှာပဲ ရှိသေးတယ်၊ ကွယ်ရာမှာဆို ဘယ်လောက်သောင်းကျန်းလိမ့်မလဲ"

"မဟုတ်သေးပါဘူး ကြော့ရာ"

"ဘာမဟုတ်ရမှာလဲ၊ နားနဲ့ ဆတ်ဆတ်ကြားရတာကို. . သူကြွင်မှ ကိုယ်ကြွင်တဲ့၊ ကဲ, ကိုကြွင်ကြီး နေခဲ့ပေတော့၊ ပြန်မယ် ဒီကပဲ ဆင်းပြန်မယ်"

ပြောပြောဆိုဆို လှကြော့ရှင်းက ကားတံခါးဖွင့်ပြီး ဆင်းချသွားပါလေရော။ ရဲကြည်မင်း ဘာလုပ်ရမှန်း မသိဘူး။ သူလည်း ဆင်းလိုက်သွားတော့တယ်။ ကားပေါ်မှာတော့ မောင်ချိုတစ်ယောက်ထဲ ငုတ်တုတ်။

ကားဆရာက ချလံလေးယူပြီး ကားဆီပြန်လာရင်းမေးလိုက်တယ်။

"ဟိုနှစ်ယောက်ကော"

"ဆင်းသွားပြီ"

"ဘယ်သွားတာလဲ"

"သိဘူး . . . "

"ဟိုမှာ ဘတ်စ်ကားပေါ်တက်သွားပြီဗျ၊ ဘာသဘောလဲ"

"စိတ်ကောက်သွားလို့ လိုက်ချော့တာ၊ ပြန်လာမှာပေါ့"

"ဘတ်စ်ကားပေါ်ပါသွားမှ ပြန်လာပါ့မလား၊ ကဲ, ပြော. . မင်းကို ဘယ်ပို့ပေးရမှာလဲ"

"ဟို ဟို. . မသိဘူးဗျ"

"မသိရင် ကားခပေးပြီး ဆင်းနေခဲ့တော့၊ ပေး . . ကားခ. . တစ်ထောင့်ငါးရာ"

"ဟာ, ကျွန်တော့်မှာ ပိုက်ဆံမှမပါတာ၊ ကျွန်တော် သူတို့တက်ဆိုလို့ တက်လာတာ ဆရာကြီးအမြင်ပဲဟာ"

"ဒါတွေ ငါမသိဘူး၊ ကားခမပေးရင် ရဲလက်အပ်မယ်"

"ဟီး . . . ကျွန်တော့်မှာမှ ကားခမပါတာဗျ၊ ဘတ်စ်ကားခ ငါးဆယ်ပဲ ပါတာဗျ၊ ရော့ . . . ယူထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကားသမားကြီး တင်းသွားထယ်။ နှစ်ဆယ်တန်ကို လုံးချေပြီး လွှင့်ဝင် သိုက်တယ်။

"ကျွန်တော့်ပိုက်ဆံကို ဘာဖြစ်လို့လွှင့်ပစ်ရတာလဲဗျ၊ ပြန်ကောက်ပေး"

"မကောက်ပေးဘူးကွာ၊ မင်းလိုချင် မင်းဘာသာဆင်းကောက်"

မောင်ချိုက ကားပေါ်ကဆင်းပြီး သူ့ပိုက်ဆံကိုပြန်ကောက်တယ်။ လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားတယ်။

ဒီအချိန်မှာပဲ ခုနက ကားဖမ်းတဲ့ရဲကြီး ပြန်ရောက်လာပြီး . . .

"ဘာဖြစ်နေကြတာလဲ၊ ဘာလို့ ကားမထွက်သေးတာလဲ"

"ကားဆရာကြီးက ကျွန်တော်ကားခပေးတာကို လွှင့်ပစ်တယ်ဗျ၊ ကျွန်တော့်ကိုလဲ ရဲလက်အပ်မယ်တဲ့၊ သူအပ်တာတော့ မခံနိုင်ဘူး၊ ကျွန်တော့်ကိုကျွန်တော် ရဲကြီးလက်အပ်နှံပါတယ်၊ မိုက်မဲတာရှိရင် ဆုံးမသွန်သင်ပါခင်ဗျာ၊ ကျွန်တော့်ပိုက်ဆံလွှင့်ပစ်ခဲ့တဲ့ ကားဆရာကြီးကိုလဲ အရေးယူပေးပါခင်ဗျာ"

သွားပြီ။ မောင်ချိုက နုတ်သံနှော့ပြီးတိုင်လိုက်တာ ရဲကြီး သူ့သနားသွားလေရဲ့။ ကားဆရာကြီးကိုလည်း "ကိုင်း . . ဘယ့်နှယ့်ရှိစ" ဆိုတဲ့ အကြည့်နဲ့ကြည့်တယ်။ ကားဆရာ ခေါင်းခါတယ်။ ရဲကြီးကို ဆလံပေးတယ်။ မောင်ချို့ကိုတော့ ရဲကြီးမမြင်အောင် လက်သီးထောင်ပြတယ်။ ပြီးမှ ကားမောင်းထွက်သွားတယ်။ ကားပေါ်က အော်သွားသေးတာ။

"ကားခမယူတော့ဘူး လှူပါတယ်" တဲ့။

ကားထွက်သွားမှ မောင်ချို့ကို ရဲကြီးကချော့တယ်။

"ကဲ ကဲ, တိတ် . . မငိုနဲ့တော့ သွားပြီ၊ ကလေး ပေးတဲ့ပိုက်ဆံက ဟောင်းနွမ်းနေလို့သိုလဲ ပြေပြေလည်လည်ပြောမှပေါ့၊ ပိုက်ဆံကို လွှင့်ပစ်ရတယ်လို့၊ ပြစမ်းပါဦး မင်းပိုက်ဆံက ဘယ်လောက်နွမ်းနေလို့လဲ၊ တစ်ထောင်တန်လား" လို့မေးတော့ မောင်ချိုက မပြချင်ပြချင်နဲ့ ထုတ်ပြတယ်။

ရဲကြီးပါးစပ်က အာမေဋိတ်သံလေးတစ်ခု ခုန်ချလာတယ်။

"ဟိုက်, နှစ်ဆယ်တန်"

✿ ✿ ✿

## အခန်း (၁၃)

လှကြော့ရှင်း နောက်ဆုံးနှစ်ဖြေပြီးတော့ အခြေအနေတွေက တစ်မျိုးတစ်ဖုံပြောင်းလာတယ်။

ပြဿနာကတော့ ကိုဇော်ဇော်ရဲ့ ပြဿနာပဲ။

လှကြော့ရှင်းတို့ နောက်ဆုံးနှစ်ဖြေပြီးတော့ သူငယ်ချင်းတွေလည်း လူချင်းကွဲသွားတယ်။ တချို့ လုပ်ငန်းခွင်ထဲ ရောက်ကုန်တယ်။

ရဲကြည်မင်းတောင် အလုပ်လုပ်မလို့ဆိုဘဲ။ ဒါပေမယ့် မလုပ်ဖြစ်သေးပါဘူး။ သူလိုချင်တဲ့ ရာထူးနေရာ မရသေးလို့တဲ့။ သူက ညွှန်ကြားရေးမှူးရာထူးရမှ လုပ်မှာဆိုလို့ ဘယ်ရုံးကမှ လက်မခံကြဘူး။

ရဲကြည်မင်း အလုပ်လိုက်လျှောက်နေတဲ့အချိန်မှာ ကိုဇော်ဇော်က လှကြော့ရှင်းတို့ အိမ်မှာချည်းပဲ။ လှကြော့ရှင်း နောက်ဆုံးနှစ်ဖြေပြီးကတည်းက အကြောင်းအမျိုးမျိုးပြပြီး ဝင်ထွက်နေတာ။

ဇွတ်ဝင်၊ ဇွတ်ထွက်၊ ဇွတ်ကပ်၊ ဇွတ်နှပ်၊ ဇွတ်ပြော၊ ဇွတ်မောနဲ့ရယ်။ တဇွတ်ဇွတ် တိုင်ပတ်နေတာ။

"ရှင် စိတ်ကူးတွေမယဉ်နဲ့" ဆိုလည်း လာတာပဲ။

"ကျွန်မ ရှင့်ကို စိတ်မဝင်စားဘူး" ဆိုလည်း လာဆဲပဲ။

"ကျွန်မ ရဲတိုင်လိုက်မယ်နော်" ဆိုရင်တော့ ဖြုံသွားတယ်။ ခဏလောက် ပျောက်သွားတယ်။ မေ့လောက်ရင်တော့ ထပ်လာပြန်ရော၊



www.burmeseclassic.com

www.burmeseclassic.com



သူလာရင် လက်ချည်းမလာဘူး။ ခြေထောက်နဲ့လာတာ။

အမြဲတမ်း လက်ဆောင်ပစ္စည်းတွေ မုန့်တွေပါလာတယ်။

ဒေါ်လှအုံးမယ်ကလည်း . . .

"ဒုက္ခခံလိုက်တာ၊ ဘာလို့ဝယ်လာရတာလဲကွယ်"

ဆိုပြီး အကုန်သိမ်းတော့တာပဲ။

"မင်းဝယ်လာတဲ့ မုန့်လေးက ကောင်းလိုက်တာ"

ဆိုရင် ဟိုက ထပ်ဝယ်လာရော၊ မုန့်တွေဆို ထားစရာတောင် မရှိဘူး။

လှကြော့ရှင်းကတော့ ရှင်းတယ်။ ပြတ်တယ်။ ကိုဇော်ဇော် ဝယ်လာတဲ့မုန့်တွေကို စားကိုမစားတာ။ လက်ဆောင်ပစ္စည်းဆိုလည်း မယူပါဘူး။ မေမေကသာ ကြော့မသိအောင် ယူထားတတ်တာ။

တကယ်လည်း လှကြော့ရှင်း ကိုဇော်ဇော့်ကို စိတ်မဝင်စားဘူး။

လှကြော့ရှင်းသိတာ ရဲကြည်မင်းပဲ။

ရဲကြည်မင်းက ရိုးသားတယ်။ သဘောကောင်းတယ်။ ပြောစရာဆိုလို့ ပေါချာချာလေးတစ်ခုပဲရှိတယ်။

ခက်တာက ကိုဇော်ဇော်ပဲ။

လှကြော့ရှင်းက အပြတ်ပြောထားပေမယ့် သူက ဇွတ်ပေကပ်နေတယ်။

"ကိုဇော့်ရဲ့ဘဝမှာ အလိုအပ်ဆုံး အရေးအကြီးဆုံးအရာဟာ ကြော့ရဲ့ မေတ္တာပါ"

"ကြော့ရဲ့မေတ္တာက သေတ္တာထဲထည့် သော့ခတ်ပြီး ရဲလက်အပ်ထားပြီးသားရှင့်"

"ဟို့ . . ဘာပဲဖြစ်ဖြစ် . . ရဲလက်က လုသင့်လုရမှာပဲ"

"ရဲလက်ကလုရင် ပုဒ်မတွေ သန်းချီသွားမှာပေါ့"

"ရင်းရမှာပဲ"

"သိပ်မရင်းနဲ့၊ အရင်းပြုတ်သွားမယ်"

"ပြုတ်ပြုတ်ကွာ၊ ကိုယ်ရှာထားတဲ့စည်းစိမ် တစ်ပြားမှမပါဘူး၊ အားလုံး ဖေဖေရှာထားတာပဲ၊ ရင်းရဲတယ်"





အားကိုးလောက်တဲ့ သားပဲ။ မိန်းမတစ်ယောက်အတွက် ဖအေ့စည်းစိမ်ပြုတ်ရင် ပြုတ်ပစေတဲ့။

အဲ့လိုသားမျိုးတော့ မွေးချင်ပေါင်။

သူ့အဖေ ဦးချမ်းသာကလည်း ရှားမှရှားပဲ။ သားလုပ်ချင်တာ အကုန်လုပ်ပေးမတဲ့။ သားရဲ့အချစ်ကို ဖြစ်အောင် စီစဉ်ပေးမတဲ့။

ငွေရှိတိုင်း ဖြစ်မယ်ထင်နေသလား မသိ။ အရာရာကို ငွေနဲ့ပေါက်အနိုင်ယူချင်လို့ မရနိုင်ဘူးဆိုတာ ဦးချမ်းသာ မသိလေရော့သလား။

ဦးချမ်းသာတို့အိမ်မှာ ဘုရားကိုးဆူလုပ်တဲ့နေ့ကဆို တော်တော်သရုပ်ပျက်တယ်။

သရုပ်ပျက်တယ်ဆိုတာ ငွေစကားတွေ ပြောကြဆိုကြတာ တရားလွန်လွန်းလို့ ပြောတာ။ အရာရာကို ငွေပေတံနဲ့ တိုင်းနေကြတာ။

"သားကို မိန်းမတောင်းပေးရင် စိန်တစ်ဆင်စာ၊ တိုက်တစ်လုံး ကားတစ်စီးနဲ့ တင်တောင်းမှာ၊ ကာလတန်ကြေး သိန်းငါးရာအောက် မလျှော့စေရဘူး "

ဒီစကားကို ကိုဇော်ဇော်ရဲ့အမေ ဒေါ်ပုလဲခင်က လူပုံအလယ်မှာ ပြောနေတာ။ ရိုးရိုးပြောနေတာ မဟုတ်ဘူး။

လှကြော့ရှင်းကို ကြည့်ကြည့်ပြီးပြောတာ။ ပြောတာတော့ လူချင်းတည့်တည့် ထိုင်ပြောတာပါပဲ။ ဒါပေမယ့် စောင်းပြောသလိုကြီး ဖြစ်နေတယ်။

သူတို့ဖိတ်တဲ့ ဘုရားကိုးဆူကို ဖေဖေနဲ့ မေမေကြောင့်သာ လှကြော့ရှင်း လိုက်သွားရတာ။ ဘယ်လိုမှ စိတ်မပါဘူးရယ်။

လှကြော့ရှင်း ကြက်သားပလာတာကြိုက်တာ မှန်တယ်။

ဒါပေမယ့် . . . အဲဒီညက လုံးဝမစားခဲ့ဘူး။

တကယ်ကို မစားတာ. . .။

ငုတ်တုတ်ကို ကြည့်နေလိုက်တာ. . .။

"သမီး စားလေ၊ ရှယ်လုပ်ထားတာ၊ ပလာတာက ထောပတ်နဲ့ ကြော်ထားတာ၊ ကြက်သားက အသားချည်းပဲ ချက်ထားတာ၊ မဆလာနဲ့ လေးကို မွှေးလို့"



www.burmeseclassic.com

www.burmeseclassic.com



"သက်သတ်လွတ် စားနေလို့ပါ"

"ဒါဆို ပလာတာနဲ့ ကော်ဖီသောက်"

"နေပါစေ... တကယ်ကို မစားနိုင်လို့ပါ"

"သမီးကလဲ လိုက်လာပြီး ဘာမှမစားဘူးလို့"

"ဟုတ်ကဲ့... ဖေဖေနဲ့ မေမေ ခေါ်လို့ လိုက်လာရတာပါ။ ခွင့်လွှတ်ပါနော်၊ ရင်ပြည့်နေလို့ပါ"

မစားဘူးဟေ့ဆို လှကြော့ရှင်းတို့က တကယ်ကို မစားတာ။

ဒါပေမယ့်...

ဝမ်းထဲကတော့ ကျလိကျလိနဲ့ရယ်။

သွားရည်ကျတာ လူမြင်မှာစိုးလို့ လက်ကိုင်ပဝါလေးနဲ့ ပါးစပ်ကို အုပ်ထားရလေရဲ့။

လှကြော့ရှင်းတို့က အဲဒီလိုကို ရှင်းတာ။

ရှင်းပြီဟေ့ဆိုရင်တော့ ကင်းကင်းပဲလေ။

တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့။

စားဖူးရင် ကျေးဇူးတင်နေရဦးမှာ။ အားနာနေရဦးမှာ။

ဘုရားကိုးဆူကို လိုက်သွားပေမယ့် ဘာမှ မစားခဲ့တာကိုသာ ကြည့်တော့။

ယုတ်စွအဆုံး ရေတောင် မသောက်ခဲ့ဘူး။

ကိုဇော်ဇော်ကတော့ တသည်းထဲသည်းနေတာ။

"ဘာမှမစားရင် မပြန်ရဘူးနော် ကြော့ ..."

တွေ့ ဘာတွေလုပ်နေသေးတာ။

လှကြော့ရှင်းကလည်း ပြတ်တယ်။

"ကိုယ့်ပါးစပ်နဲ့ ကိုယ်ပဲဟယ်... စားချင်မှစားမှာပေါ့၊ ကိုယ့်အိမ် ကိုယ်ပြန်တာ ဘယ်သူ့တားရဲလဲ" လို့ ကြမ်းပစ်တာ။

ကိုဇော်ဇော် မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နဲ့ ပြေးရော။

အခုကျတော့ တစ်မျိုး။

ကိုဇော်ဇော်က မိဘအရှိန်နဲ့ မိဘချင်းရင်းနှီးမှုကို အခွင့်ကောင်း ယူပြီး အိမ်ပေါ် ဖွတ်တက်ကပ်နေတာ။





အရှက်ကို မရှိဘူး...။

ရှက်ကြောပြတ်ကြီး...။

ဆိုလူးထားတဲ့မျက်နှာကြီး... ပြောင်တာကို ပြောတာပေါ့နော်။

စပရိန်မျက်နှာကြီး... စပ်ဖြဲဖြဲကြီးနဲ့ ရှုံ့တွနေတာကို ပြောတာ ပေါ့နော်။

ဘာပဲပြောပြော ကိုဇော်ဇော်တို့ကတော့ တကယ့်ကို အရှက်မရှိ တာအမှန်ပဲ။

ဒီလောက် ဂျစ်တူးတိုက်နေတဲ့ မိန်းကလေးကိုများ သိက္ခာမဲ့ကြီး စားနေသေးတယ်။

ကြိုးစားလို့ အရာထင်ရင်လည်း ထားပါတော့။

အခုတော့...

ဘာအရာမှကို မထင်ဘူး။

ခြေရာလေးတစ်စုံတစ်ရာ ခွေးခြေရာလေးမှ မထင်ဘူး။

ဩော်...

အရာမထင်ပေမယ့်...

တဇောနဲ့မင်နေတာဆိုတော့ ခက်သား။

သူ့တဇောကြီး ဘယ်လိုဖြတ်ခိုင်းရပါ့။

အို၊ နာ၊ သေ၊ ဘေး ဝဋ်ဆင်းရဲတွေ ပြောပြလို့လည်း သိမယ့်သူ မဟုတ်ဘူး။

လူကြီးက ဘူးကြီးရယ်... ဘာဘူးကြီးမှန်းသာ မသိတာ။

နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးကတည်းက လှကြော့ရှင်းခမျာ..

ကိုဇော်ရဲ့ ချစ်ဒုက္ခ...

ရဲကြည်မင်းရဲ့ တလွဲဒုက္ခတွေကို ကြိတ်မှိတ်ခံစားနေခဲ့ရရှာတယ်၊

ရဲကြည်မင်းနဲ့ကလည်း ဘာလေးလုပ်လိုက်လုပ်လိုက်... လွဲတာ များတယ်။

နောက်ပြီး သူ့မှာက ဆောရီးပဲ.. ဆောရီးပဲနဲ့ တောင်းပန်ရတာက အမော...။

ဘာပဲဖြစ်ဖြစ်...



www.burmeseclassic.com

www.burmeseclassic.com



ရဲကြည်မင်းကိုတော့ လှကြော့ရှင်း တကယ်ချစ်တာ။

ကြားထဲက ကိုဇော်ဇော် ဝင်ပါလာမှပဲ ရဲကြည်မင်းကို သူ ဘယ်လောက်ထိချစ်တယ်ဆိုတာ လှကြော့ရှင်း သိရတော့တယ်။

ဒါပေမယ့် . . .

ရဲကြည်မင်းကို သူ အားမရဘူး။ အေးတိအေးစက်၊ ကြောင်တိကြောင်တောင်နဲ့။

စာကလေးဆို လင်းတကြားချင်ကြားတာ။

ခါးပတ်ဆို သေနတ်ကြားပြီး ပုန်းဖို့လုပ်သေးတာ။

တကယ်ရှားတဲ့ ရဲကြည်မင်းပဲ။

သူ့နာမည်ကို ရှေ့က 'ရဲ' ထည့်ပေးတာဟာ သတ္တိရှိလို့ ရဲရင့်လို့ ပေးတာတော့ မဖြစ်လောက်ဘူး။

သူက ပဲခူးတိုင်း သရဲသမိန်မှာမွေးတာမို့ ရပ်ရွာကို ဂုဏ်ပြုပြီး ထည့်ပေးထားတာနေမှာ။

တစ်ခါက လှကြော့ရှင်း ရဲကြည်မင်းကို အားကိုးတကြီးနဲ့ ပြောဖူးတယ်။

"ရဲရယ် . . . ကြော့နားမှာ ဘီလူးတစ်ကောင်ရောက်နေပြီ၊ ဘယ်လိုလုပ်ရမလဲ"

"သမ္ဗုဒ္ဓေရွတ်လေကွာ"

"ရွတ်လဲ ရမှာမဟုတ်ဘူး"

"ဒါဆို ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပြီး အမျှဝေကြည့်လိုက်"

ရဲကြည်မင်းက အဲဒီလိုကို အားကိုးရတာ။

ဘာပဲဖြစ်ဖြစ် . . .

"ရဲကြည်မင်းဆိုတာ ကျွန်မအချစ် နံ့ပါတ်တစ်ပဲ"

လို့ ပြောနေတာကဖြင့် ဘယ်သူရှိရမှာတုံး . . .

လှကြော့ရှင်း လေ . . .။

❀ ❀ ❀

## အခန်း (၁၈)

"လှကြော့ရှင်းတို့အိမ်မှာ ဘီလူးတစ်ကောင် ဝင်ထွက်နေတယ် ရဲကြည်မင်း . . . ဒါကို မင်း ဒီလိုပဲ ကြည့်နေတော့မှာလား"

"ဒီလိုမကြည့်လို့ ပရိတ်သွားရွတ်ပေးရမှာလား ပြော . . ."

"မဟုတ်ဘူးလေကွာ . . ဒီအတိုင်းကြီးနေမယ့်အစား တစ်နည်းတစ်ဖုံ စဉ်းစားဖို့ပြောတာ၊ ကြာရင် ကြော့ .. ကော့တော့ကော့တော့နဲ့ ပါသွားလိမ့်မယ်"

"ကြော့ကို ငါယုံတယ်၊ ကြော့က အဲဒီကောင်မျက်နှာကို ကြည့်မရဘူးလို့ ပြောတယ်"

"ဟ, အဲဒီကောင်မျက်နှာကြည့်မရပေမယ့် သူ့အဖေကြီးမျက်နှာနဲ့ ငွေမျက်နှာက ရှိသေးတယ်ကွ၊ မင်းစဉ်းစားလေ၊ ဒါ မင်းကိစ္စကွ"

ရွှေမိုးညိုက အခြေအနေအရပ်ရပ်ကို မြင်တွေ့နေတာမို့ ရဲကြည်မင်းအတွက် စိုးရိမ်လို့ပြောတာ။

ရဲကြည်မင်းကလည်း သိတော့သိပါရဲ့။

ဒါပေမယ့် . . .

ကိုယ့်ဝမ်းနာ ကိုယ်သာသိတဲ့။

ဘယ်ချစ်သူမဆို ကိုယ့်ချစ်သူကို ရွှေပေါ်မြတင်ထားချင်တာပေါ့။

ကျောက်တော့ ခင်းထားပါရဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ကတ္တရာမလောင်းရသေးတဲ့လမ်းပေါ် ဘယ်သူကခေါ်သွားချင်မှာလဲ။

အဲဒီလမ်းမျိုးက ကားလည်းသွားမရ. . .

စက်ဘီးလည်း စီးမရ. . .

ဆိုင်ကယ်လည်း မဆွဲနိုင် . . .

လူလျှောက်ဖို့ဆိုတာကတော့ ဝေလာဝေး . . .

ဒီလိုလမ်းမျိုး ချစ်သူကိုခေါ်သွားမိရင် ဘယ်လိုလမ်းလျှောက်လို့ဖြစ်မလဲ။

စကတ်က တုတ်ရတဲ့အထဲ ကျောက်ခဲတွေနင်းရလို့ ဒယီးဒယိုင်ဖြစ်နေရင် ချစ်သူမျက်နှာညိုပြီပေါ့။

လဲများလဲလိုက်ရလို့ကလည်း ချစ်သူ ဒူးကွဲပြီမှတ်။

ဒီလိုလမ်းမျိုးတော့ ခေါ်ရဲပေါင်။

ရဲကြည်မင်း လောလောဆယ် ဖောက်ထားတဲ့လမ်းက အဲဒီလိုမျိုးရယ်. . .။

ကျောက်ခင်းထားရရုံရှိသေးတာ၊ ကတ္တရာလောင်း အချောမကိုင်ရသေးဘူး။

ဒီလမ်းပေါ် ချစ်သူကို မတင်ဝံ့ပါဘူး။

သူကသာ ဒီလိုလမ်းမျိုး လမ်းဆိုးသေးလို့ ချစ်သူကို မတင်ဝံ့ဘူးလုပ်နေ. . .

ဟိုကတော့ နိုင်လွန်ကတ္တရာလမ်းကနေ ပါဂျဲရိုးနဲ့ ဘင်ခေါ်သွားဖို့ အသင့်စောင့်နေပြီ။

တဲ . . .

ဘာလုပ်ရမလဲ ပြော။

ဟင့်အင်း . . .

မပြောဘူး။

ရဲကြည်မင်း မထုံတတ်တေးလုပ်နေတယ်။

ဒါကို ရွှေမိုးညိုတို့က အားမရတာ။

ယောကျ်ားပဲ. . .။





သတ္တိရှိရှိတော့ စဉ်းစားလုပ်ဆောင်ရမှာပေါ့. . .။

ဒီလို ငုတ်တုတ်ကြည့်နေလို့ ဖြစ်မတဲ့လား။

ငွေရှိမှ မိန်းမယူကြဖို့ စိတ်ထားတွေသာ ထားကြမယ်ဆို . . . ကမ္ဘာမှာ အိမ်ထောင်ရှင်အတွဲတွေ ဒီလောက်များများ ဘယ်လိုဖြစ်ပေါ်လာမလဲ ပြော. . .။

အနာဂါတ်ကမ္ဘာကြီးကို အုပ်စိုးမယ့် မျိုးဆက်သစ်လေးတွေ ဘယ်လိုဖြစ်လာမလဲ ပြော. . .။

အနာဂါတ် တီဗီကြော်ငြာလောကကြီးကို ကြီးစိုးမယ့် . . .

"ကော်ဖီဆို ဂျာဘာ. . ."

ဆိုတဲ့ ကလေးတွေ ဘယ်လိုဖြစ်လာမလဲ ပြော။

"မာမီးခေါက်ဆွဲ"

ခိုးတီးကြတဲ့ ကလေးမျိုးလေးတွေ ဘယ်ကလာရမလဲ ပြော။

နိုင်ငံခြားက တင်သွင်းမှာလား။

ဒါတော့ မဖြစ်ဘူးရယ်. . .။

ကိုယ့်ပြည်တွင်းမှာ လိုသလောက် ထုတ်လုပ်နိုင်တဲ့ကိစ္စပဲ။

ဘယ်နှယ့် သူများပစ္စည်းသွင်းရမယ်လို့။

တော်ကြာ လူမှောင်ခိုမှုနဲ့ ကျူးဝင်ငြိစွန်းနေရင် အခက်။

"ဟေ့ကောင် ပြောလေကွာ. . မင်း သတ္တိမရှိဘူးလား"

"အင်း . . အဲ . . မအင်း . ."

"ဘာလဲကွ . . မအင်းမအဲနဲ့ . ."

"အင်း . . ငါ ဘယ်လိုပြောရမလဲ၊ ငါ လှကြော့ရှင်းကိုချစ်တယ်"

"ကြော်ငြာမဝင်နဲ့ကွာ. . . သိပြီးသားကို"

"ငါ့အချစ်ဟာ ဘယ်လောက်ထိကြီးမားတယ်ဆိုတာ မင်းတို့လဲသိတယ်"

"တောက်. . . ကြော်ငြာမဝင်ပါနဲ့ဆို"

"ဇာတ်လမ်းကောင်းကြည့်ချင် ကြော်ငြာကို ပစ်ပယ်လို့မရဘူးကွ"

"အင်. . ."

"မအင်နဲ့ . . ကြော်ငြာမကြည့်ချင်ရင် ဇာတ်လမ်းတွဲလဲမကြည့်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ချိန်ကြီးလဲ ပင်စင်ပေးလိုက်၊ အွန်စောကို ထွက်စာတင်ခိုင်းလိုက်"

"အယ် . . . မလုပ်ပါနဲ့ကွာ"

"အေး . . . ဒါဆို ကြော်ငြာဝင်တာကို ပြဿနာမရှာနဲ့"

"ကြည့်ပါတော့မယ်ဆိုမှ . . ."

"အေး . . . ပြီးရော၊ ဒီလို သိတတ်မှပေါ့"

"တစ်ခုတော့ တင်ပြချင်ပါတယ်"

"မင်း တင်ရှုံ့တွနေတာကို ငါ မကြည့်ချင်ဘူး"

"*မဟုတ်ဘူး၊ ခုန ကြော်ငြာကိစ္စတင်ပြမှာ*"

"ပြော . . ."

"ဘာကြော်ငြာတယ်ဆိုတာကို ကျွန်တော်မျိုးကြီးတို့ နားလည်အောင်တင်ပြဖို့ ပြောပေးပါ"

"အေး . . ."

"ကြော်ငြာတစ်ခုပြီးမှန်း မသိသေးဘူး၊ ဖျတ်ဆို နောက်ကြော်ငြာဝင်ရောတာလေး ရှောင်သင့်တယ်"

"အင်း . . . နားလည်တယ်"

"နောက်က ကျားလိုက်သလိုမျိုးကြီး မပြောပါစေနဲ့"

"မင်းတို့ကြည့်ရတာ ကြာနေမှာစိုးလို့ မြန်မြန်ပြ၊ မြန်မြန်ပြော၊ မြန်မြန်ရောလိုက်ရတာ နားလည်ပေးပါ"

"ဒါဆိုလဲ ပြီးရော . . နောက်ဆုံးပြောချင်တာက ကြော်ငြာမင်းသမီးလေးမျက်နှာကို ကြည့်မယ်တောင်မကြံရသေးဘူး ဖြတ်ပစ်တာမျိုး မလုပ်ပါနဲ့၊ လျှပ်စီးလက်တာကမှ အလင်းတန်းမြင်ရသေး၊ တစ်ယောက်ကောင်းကြော်ငြာပါ အုပ်စုဖွဲ့ပြီး မျက်စိနောက်အောင် မလုပ်ပါနဲ့၊ ကြည့်ရင်း မူးလို့ပါ၊ ဒါပါပဲ . ."

"ကောင်းပြီလေ . . ဆက်လက် တင်ပြလိုက်မယ်"

"ဘယ်ကိုတင်မှာလဲ"

"ဘိရှိပေါ့"

အရေးထဲ နှစ်ယောက်သား တီဗီကြော်ငြာတွေဆီ ရောက်သွားကြတယ်။





ဦးတည်ချက်ပြောင်းသွားပြီဆိုတာ သတိထားမိတဲ့ ရွှေမိုးညိုက လုကြော့ရှင်းကိစ္စ ပြန်ကောက်တယ်။

"ဒီလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမလဲ . . . ငါလဲ မလုပ်တတ်ဘူး"

"ရှင်းရှင်းပြောရရင်'လုကြော့ရှင်းအပါးမှာ ဟိုကောင်ရှိမနေဖို့ဘဲ"

"အဲဒါ ဘယ်လိုလုပ်ရမလဲ၊ မသွားပါနဲ့လို့ သွားပြောရမလား"

"မင်းပြောတိုင်း ရမလားကွ . . ဟိုက နှာခေါင်းမီးတောက်နေတာ၊ မင်းကို *မီးရှို့ပစ်လိုက်မှာပေါ့*"

"ဒီလိုဆိုရင် . . ."

"ဒီလိုဆိုရင် . . . ဒီလိုလုပ်ကွာ . . ."

ရွှေမိုးညိုက ရဲကြည်မင်းနားကပ်ပြီး တိုးတိုး တိုးတိုးပြောတယ်။

ရဲကြည်မင်း ပြုံးတယ်။

ခေါင်းညိတ်တယ်။

ဟင့်အင်း . . .

ခေါင်းခါတယ်။

ဟော . . .

ခေါင်းပြန်ညိတ်တယ်။

အယ် . . .

ခေါင်းခါပြန်ပြီ။

ဟော . . . ဟော . . .

ကြည့် . . .

ခေါင်းညိတ်ပြန်ပြီ။

ဆက်တိုက်ညိတ်တာ . . .

ရပ်လိုက်ညိတ်လိုက်ပဲ။

ပုတ်သင်ညိုစတိုင်လ်နဲ့ကို ညိတ်နေတာ။

ခေါင်းတော့ ခါတော့ဘူးရယ် . . .။

အံမယ် . . .

ပြုံးတောင် ပြုံးလိုက်သေး . . .



www.burmeseclassic.com

www.burmeseclassic.com



"ရွှတ်. . ."

အံမယ်. . .

ယောက်ျားချင်း နမ်းလိုက်သေး၊ ဂုဏ်ပြုတာနေမှာ။

ဘာအကြံကောင်းတွေများ ပေးလို့ပါလိမ့်၊

စောင့်ကြည့်ရဦးမှာပ. . .။

✿ ✿ ✿

## အခန်း (၁၉)

"သားကြီး . . . ထမင်းစားပြီးပြီလား၊ ဝင်စားလေ"

သားကြီးဆိုတာ 'ခွေး'ကို ပြောတာ မဟုတ်ဘူးရယ်၊

လှကြော့ရှင်းမေမေ ဒေါ်လှအုံးမယ်က ကိုဇော်ဇော်ကိုပြောနေတာ။

သူ့အမေက အဲဒီလိုကြီးလုပ်နေတော့ လှကြော့ရှင်း စိတ်ညစ်ရော၊

အခုလည်း ထမင်းစားနေတုန်း မပြောမဆို နှောက်ဖေးထိဝင်လာတဲ့ ဧည့်သည်ကို ဒီလို အခေါ်အပြောတွေလုပ်နေတော့ လှကြော့ရှင်း စိတ်ညစ်ရပြန်ရော။

ရေငတ်ဝမ်းကျကလည်း နှစ်ခါမခေါ်ရဘူး။

မိသားစုထမင်းဝိုင်းထဲ ဝင်ထိုင်တယ်။

"စားမယ်. . . နည်းနည်းပဲထည့်"

"များများစားပါ သားကြီးရဲ့ . . . သားကြီးကြည့်ရတာ အားမရှိသလိုဘဲ"

မေမေတို့ကတော့ ရှားတယ်။ ဆရာဝန်ပါ လုပ်ချင်သေးလားပဲ၊

မျက်နှာပြောင်ချောကြီးကို ထမင်းခူးပြီး ဟင်းခပ်ထည့်ပေးသေးတာ။

ဖေဖေတောင် ဘာမှမပြောဘဲ ထမင်းစားတာဖြတ်ပြီး ထသွားပြီ။

မျက်နှာပူလို့နေမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရှက်လို့ထ,သွားတာကို ကာလနာက ရှောင်သွားပေးတယ် ထင်နေမှာ။

လှကြော့ရှင်းလည်း ထမင်းမဝသေးပေမယ့် တော်လိုက်တော့တယ်၊ အသာထွက်သွားတော့ မေမေက မျက်စောင်းထိုးတယ်။

မေမေကြောင့်ကို ခက်ပါတယ်။

ကိုဇော်ဇော်ကို သိပ်အရေးပေးလွန်းတယ်။

အိမ်ကို တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်နေတာကို ဘာမှမပြော တော့ဘူး။

အိမ်နီးနားချင်းတွေကတောင် တစ်မျိုးထင်ကုန်ကြပြီ။

နှစ်မျိုးထင်ရင် သိပ်မကောင်းတော့ဘူး။

သုံးမျိုးသာထင်လို့ကတော့ လှကြော့ရှင်းရှက်တာနဲ့ သေတော့မှာ။

အဲဒီကိစ္စ ဖေဖေနဲ့မေမေတောင် မကြာမကြာ စကားများကြတယ်။

"လူဆိုတာ စည်းရှိရတယ်၊ ဘီလူးစည်း လူ့စည်းဆိုတာ အလကား စကားမဟုတ်ဘူး"

"အလကားစကားမဟုတ်ရအောင် ရှင် ပိုက်ဆံပေးဝယ်ထားရလို့ လားဟင် . . ."

မေမေကလည်း အဲဒီလိုကန့်လန့်။ ကိုဇော်ဇော်နဲ့ ပတ်သက်လာရင် အမြဲရှေ့နေလိုက်တယ်။

ကိုဇော်ဇော်ကလည်း တကယ်လွန်တယ်။

ပြောပြမယ် . . . ကြည့် . . .

မနက်မိုးလင်းရင် လှကြော့ရှင်းအိမ်ရောက်လာတယ်။

မေမေက ပန်းပင်စိုက်တာ ဝါသနာပါတော့ ပန်းပင်ပျိုးပင်တွေ ဝယ်လာပေး၊ ယူလာပေးပြီး တစ်နေကုန် ပန်းပျိုးလိုက် ရေလောင်းလိုက်နဲ့ လုပ်နေတယ်။

အဲဒါ မပြန်တော့ဘူးရယ်။

မနက်စာစားတော့ ဝင်စားတယ်။

စားပြီး ပြန်မလား မမေးနဲ့။

ဟင့်အင်း . . .





မပြန်ဘူးရယ်။ ကိုတော်ချောက ပါးတယ်။ အလကားနေတာ တော့ မဟုတ်ဘူး။ အလုပ်မရှိ အလုပ်ရှာပြီး တစ်ခုခုလုပ်နေတာ။

တစ်ခုတော့ရှိတယ်။

လုပ်တာကိုင်တာတော့ စိတ်ရှည်တယ်။ အမြင်မတော်တာ မှန်သမျှ အကုန်လုပ်ပေးတယ်။

လိုတာမှန်သမျှ ဝယ်လာတယ်။

လှကြော့ရှင်းစီးဖို့ ဖိနပ်တွေများဆို စက်ရုံတစ်ရုံစာလောက်ရှိတယ်။

ပထမတော့ မစီးဘူးလို့နေသေးတာ။ ဖိနပ်လေးတွေကလှတော့ နေနိုင်ဘူးရယ်။ ချစီးပစ်လိုက်တော့တာ။

နာရီတွေလည်း ဝယ်ပေးတာ သုံးလေးလုံး။

အစကတော့ မပတ်ဘူးရယ်။

နာရီလှလှလေးတွေက ဆွဲဆောင်လွန်းတော့ ပတ်ပစ်လိုက်တယ်၊ ပြီးရောပေါ့ . . .။

ဘာမှမဆိုင်ဘူး။ တခြားစီပါနော်။

လက်ဆောင်ပေးတဲ့ပစ္စည်းကို သုံးစွဲတာနဲ့ ချစ်တာနဲ့ တစ်ခြားစီ ပါနော်။

ဘာမှကို မဆိုင်ဘူးရယ်။

စေတနာနဲ့ လက်ဆောင်ပေးတယ်ဆို မျှော်လင့်ချက်မထားရ ဘူးလေ။

ဟုတ်ဘူးလား . . .။

နို့မို့ဆို လာဘ်ထိုးသလိုကြီး ဖြစ်သွားမှာပေါ့။ ဘယ်လိုလုပ် သန့်ရှင်းတော့မလဲ။

မိန်းကလေးတစ်ယောက်က ကိုယ့်ကိုပြန်ချစ်ဖို့ လက်ဆောင်ပေး တာမျိုးဆို သန့်ရှင်းမှုမပါတော့ဘူး။

ကိုယ့်ချစ်သူက ကိုယ့်ကို ပြန်ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ကိုယ်ပေးတဲ့လက်ဆောင်လေးကို သုံးစွဲနေတာမြင်ရရင် ရင်မှာကြည်နူး နေရတယ်။

ဒါမှ မွန်မြတ်တဲ့မေတ္တာ . . .



www.burmeseclassic.com

www.burmeseclassic.com



မြူစင်တဲ့အချစ်. . .

အချစ်ဆိုတာ ရယူလိုခြင်း ပိုင်ဆိုင်လိုခြင်းမဟုတ်ဘူးလို့တော့ ဖွင့်ဆိုကြလေရဲ့။

အချစ်ဟာပေးဆပ်ခြင်းတဲ့ . . .

အကြွေးဆပ်တယ်သဘောထားပြီး ဆပ်နိုင်ရမယ်။ ကြွေလည်း အေးတာပဲ။

ကြွေးဆိုတာ ဆပ်တတ်မှကြေတာ။

အချစ်ဆိုတာ ဖူးစာရှိမှ ဆုံကြရတာ. . .

ဖူးစာမှန်မှ လက်တွဲဖြစ်ကြတာ. . .

ဖူးစာမပါရင် ဘယ်တော့မှ လက်မတွဲဖြစ်ကြဘူးမှတ်. . .

အဲဒါတော့ ယုံ. . .

ကြိုးစားရမှာတော့ ကိုယ့်အပိုင်းပဲ။

ကြိုးစားပြီး ဖြုတ်ပိုင်းမှာဖြည့် စာတိုက်ကနေပို့ရမှာ ကိုယ့်အလုပ်။

ကံစမ်းမဲပေါက်တာ မပေါက်တာကတော့ ကုမ္ပဏီက ဒါရိုက်တာ လူကြီးတွေရဲ့အလုပ်။

ကံစမ်းမဲဆိုတာ ဒါရိုက်တာရဲ့ဆွေမျိုးထဲက မိတ်ဆွေထဲကလည်း ပေါက်ချင်ပေါက်သွားမှာပဲ။

ကံဆိုတာ မပြောနိုင်ဘူး။

ဒါရိုက်တာလူကြီးဖွင့်တဲ့ မဲက ပဋ္ဌာန်းဆက်ရှိတဲ့သူတွေပဲပေါက်ဖို့ များတာပေါ့။

ဒါ. . . လောကနီယာမ။

ဒါကို ဘာညာသာရကာ နေကြာကွာစိ သွားပြောလို့မရဘူး။

အခုလည်း လှကြော့ရှင်းရဲ့ သုံးပွင့်ဆိုင်အချစ်က ဒီလိုမျိုး။

ဖူးစာကံရှိသူ ရမှာပဲ။

အလေးသာနေတာက ကြည့်လိုက်ရင် ကိုဇော်ဇော်ပဲ။

သူ့က လူကြီးတွေပေးထားတဲ့ မဲသုံးလေးမဲရှိတယ်။

ရဲကြည်မင်းကတော့ လှကြော့ရှင်းရဲ့ မဲတစ်မဲထဲရယ်။

ဒီတ^မဲကလည်း တစ်မဲဆို ဆိုသလောက် အရေးပါတယ်။





အသည်းကြားက မဲတစ်ပြားဆိုတာ ဒါပဲ။ ဒါကိုပြောတာ။

လှကြော့ရှင်းဟာ ရဲကြည်မင်းရဲ့ ပိုင်မဲလေးပဲ။

ကိုယ့်ပိုင်မဲ သူများလက်ထဲရောက်သွားရင်တော့ ရဲကြည်မင်း ညံ့တာ။

ကိုယ့်ပိုင်မဲ သူများလက်ထဲ ရောက်မသွားရလေအောင် ဂရုစိုက် သိမ်းဆည်းရမှာကတော့ မဲပိုင်ရှင်များရဲ့ တာဝန်ပဲ။

ပစ်စလတ်ခတ်ထားပြီး သူများကောက်သွားမှ. . .

"အနော့်ဟာ ပြန်ပေး" မလုပ်ကြဖို့လိုတယ်။

ပြန်တောင်းလို့လည်း ရကောင်းတဲ့ပစ္စည်းမျိုး မဟုတ်ဘူး။

ဘယ်သူမှလည်း ပြန်မပေးချင်ကြဘူးရယ်။

မိုးတအေးအေး နှင်းတဖွေးဖွေးနဲ့ ကိုယ့်ပိုင်မဲလေးကို ရင်မှာပိုက် အိပ်လိုက်ကြမယ့်ဖြစ်ခြင်း . . .

စဉ်းစားကြည့်လေ. . .

သူ့သူကိုယ်ကိုယ် ဒီလိုမျိုးပဲနေမှာ။ ဘယ်ပြန်ပေးချင်မှာလဲနော့။

ပြောမယ့်သာပြောရတာ။ ဆုံးရှုံးပြီးပြီဆိုရင်တော့ ဘယ်သူကမှ ပြန်မယူချင်ကြတော့ပါဘူး။

ယူချင်စိတ်လည်း မရှိတော့ပါဘူး။

အချစ်ဟာ ဘာနဲ့တူလည်းဆိုတော့ တစ်ခါသုံး ဘောလ်ပင်လိုပဲ။

မှင်ပြန်ထည့်လို့ မရဘူး။

ဝယ်ပြီးပစ္စည်း ငွေပြန်အမ်းခိုင်းလို့လည်း မရဘူး။

ဝယ်သွားသူနောက်လိုက်ပြီး ပြန်ရောင်းပါဆိုလို့လည်း မရနိုင်ဘူး။

ရှုပ်ရှက်ကို ခက်နေတာပဲ။

တချို့ အဲဒါကြောင့် လူပျိုကြီးလုပ်နေကြတာနေမှာ။

လူပျိုကြီးမလုပ်ချင်တဲ့ထဲမှာ ကိုဇော်ဇော်က ထိပ်ဆုံးကပဲ။

လှကြော့ရှင်းတို့အိမ်ကကို မပြန်တော့ဘူး။ တစ်နေကုန်နေလို့ အားမရဘူး။

ညလည်း မိုးချုပ် ကိုးနာရီ ဆယ်နာရီမှပြန်တာ။

ဘာလုပ်နေလဲ ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလုပ်ဘူးဗျ။

နေ့ခင်းဘက်တော့ အမြင်မတော်တာ ဝင်လုပ်၊ ညဘက်ကတော့ ငုတ်တုတ်။

ညှော်ခန်းက ဆက်တီမှာ တကယ့်ကို ငုတ်တုတ်ကြီးထိုင်နေတာ။

ကော်ဖီသောက်လိုက်၊ ဆေးလိပ်ဖွာလိုက်နဲ့ ဒါပဲ။

ညကိုးနာရီ ဆယ်နာရီဆိုရင်တော့ အော်တိုစနစ်နဲ့ ထ,ပြန်သွားရော. . .။

အခုလည်း ထမင်းစားသောက်ပြီး အိမ်ရှေ့မှာ ငုတ်တုတ်။

ဖေဖေက လူကြီးဆိုတော့ ထိန်းထိန်းသိမ်းသိမ်း ဆက်ဆံနေရတာပေါ့လေ။

သူငယ်ချင်းရဲ့သား အကြောင်းကြားလေး မဟုတ်လား။

အားငယ်မှာစိုးလို့ တစ်ခါတစ်ရံ ထိုင်စကားပြောပေးတယ်။ စကားမရှိ စကားရှာပြောပေးတယ်။

အကြာကြီးတော့ ဘယ်ပြောနိုင်မလဲ။

ပြန်မလားထင်ပြီး စကားဖြတ် ထရပ်လည်း ငုတ်တုတ်ပဲ။

ဖေဖေက ဟိုလိုလို ဒီလိုလို အိမ်သာလိုလိုနဲ့ ထ,သွားလည်း ငုတ်တုတ်ပဲ။

လှကြော့ရှင်းက သူ့ကို နာမည်ပေးထားသေးတာ။

ကိုငုတ်တို. . . လို့လေ။

အဲဒီလို မခေါ်ဖို့ ကန့်ကွက်တာက ပန်းဝေသီပဲ။

ပန်းဝေသီပြောတာ ရှင်းတယ်။

"နင်က သူ့ကို 'ကိုငုတ်တို'လို့ခေါ်ရအောင် နင် ဘယ်လိုသိလဲလို့ မေးရင် နင် ဘယ်လိုရှင်းမလဲ ပြော. . ."

"အဲ့, ဟုတ်သဟ. . ဒါဆို ကိုငုတ်တုတ်ပဲခေါ်မယ်ဟာ . . .၊ ငုတ်တုတ်ကတော့ ပြဿနာမရှိပါဘူးနော်"

"ကျောက်ဆစ်မလှုပ် လူငုတ်တုတ်ဆိုတဲ့ စကားရှိတာပဲ . . ဘာမှ ပြဿနာမဖြစ်ဘူး၊ ကျောက်ဆစ်ရုပ်လို မလှုပ်မရှက်နေတတ်တဲ့ လူကို ရည်ညွှန်းတာဆိုတာ လူတိုင်းသိတယ်. . ခေါ်. . ခေါ်လို့ရတယ်"





"တဲ့, ကျောက်ဆစ်ရုပ်လို ငုတ်တုတ်ဆိုပေမယ့် သူက လှုပ်တော့ လှုပ်တယ်ဟ"

"ဘာလှုပ်တာလဲ"

"မျက်စိလေ. . မျက်စိ. . မျက်လုံးကြီးပြူးလို့ မျက်စိကလဲရဲလို့"

"ဒါကတော့ ထားလိုက်ဟာ၊ နင့်ကို ထ,ဆွဲတာမှ မဟုတ်တာ"

"ဆွဲတော့ မဆွဲဘူးပေါ့ဟာ. . ဒါပေမယ့် သူကြည့်ရတာ ကြောက်စရာကြီး"

"ကြောက်ရင်လဲ ရဲတိုင်ပေါ့"

"ရဲလား အားကိုးရပါလိမ့်မယ် အားကြီးကြီး၊ အရေးအကြောင်းဆို ဘယ်ပျောက်နေမှန်းကို မသိဘူး"

"နင့်ကိုခိုးဖို့ ကြိတ်ကြံနေလားမှ မသိတာ"

"သူလား ခိုးရဲမှာ၊ ငါကသာ သူ့ကိုခိုးရင် ခိုးရမှာ၊ ဒါတောင် သူက လိုက်ဦးမှ"

"ခစ်. . ခစ်. . အားကိုးရတယ်ပေါ့"

"နင်နဲ့ မိုးထိအောင်ရော. . ဘယ်လိုလဲ"

"အေးဆေးပဲ"

"သူက နင့်ပေါ်ကောင်းရဲ့လား"

"ကောင်းလွန်းလို့ မိုးပေါ်ရောက်နေတယ်၊ ငါက လမင်းကြီးကို လိုချင်တယ်ဆို မိုးသတ်လှေကားဒွားပြီး မိုးထိအောင် လှေကားထောင်တက်ယူပေးမှာတဲ့"

"ဒါကြောင့်မို့ သူ့နာမည် မိုးအောင်ကနေ မိုးထိအောင်ဖြစ်နေတာပေါ့နော်"

"သူ ဒီလိုမျိုး ပြောနေကျထင်ရဲ့"

"ဒါ သူ့ဝါသနာနေမှာ"

"အေးပေါ့ဟာ"

"နင်ကံကောင်းသားပဲ"

"နင်လဲ ကံကောင်းမှာပါ"

လှကြော့ရှင်း ကံကောင်းလား မကောင်းလားတော့မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ဇော်ကြောင့် စိတ်ညစ်ရတာကတော့ အမှန်ပဲ။

ညစဉ်ရက်ဆက် အိမ်မှာ ငုတ်တုတ်ကြီး လာလာထိုင်နေတော့ မခံတတ်ဘူးလား။

မေမေတစ်ယောက်ပဲ စိတ်ရှည်လက်ရှည်နဲ့ ဧည့်ခံစကားပြော ကော်ဖီတိုက်လုပ်တာ။

ကျန်တဲ့အိမ်သားတွေက ဖာသိဖာသာ။

အဲဒီညကလည်း ဆယ်နာရီထိုးမှ ပြန်သွားတာ။

ပြန်သွားတော့လည်း ဘယ်သူမှ နှုတ်ဆက်မသွားဘူး။ သူ့ဟာသူ အသာလေးဆင်းသွားတာ။

ဘာကြီးမှန်းကို မသိဘူး။

● ● ●

## အခန်း (၂၀)

ရဲကြည်မင်းတို့သူငယ်ချင်းတစ်တွေ ပြန်ဆုံနေကြတယ်။

သူတို့က စီမံကိန်းတစ်ခုရေးဆွဲနေကြတာ။ သူတို့စီမံကိန်းနာမည် ကတော့ . . .

"သရဲလေးကောင် စီမံကိန်း" တဲ့။

စီမံကိန်းရဲ့ ရည်မှန်းချက်ကတော့ လှကြော့ရှင်းအိမ်ကို (Free) ဝင်ထွက်နေတဲ့ ကိုဇော်ဇော်ရဲ့ခြေလှမ်းတွေကို ဟန့်တားဖို့ပဲ။

ဦးတည်ချက်ကတော့ လှကြော့ရှင်း သူ့လက်ထဲမပါရေးဘဲ။

စီမံကိန်းကို အကောင်အထည်ဖော်မယ့် သရဲလေးကောင်ရဲ့ အမည်စာရင်းကတော့ . . ..

၁။ ရဲကြည်မင်း (စီမံကိန်း တာဝန်ခံ)

၂။ ရွှေမိုးညို (ကြီးကြပ်ရေးမှူး)

၃။ မိုးထိအောင် (အဖွဲ့ဝင်)

၄။ မောင်ချို (အဖွဲ့ဝင်)

တွေပဲ ဖြစ်တယ်။

သူတို့ရဲ့ပစ်မှတ်က ကိုဇော်ဇော်ပဲ။

ကိုဇော်ဇော်ရဲ့ လျှို့ဝှက်နာမည်ကတော့ . . .

ဘီလူး . . .



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးတစ်ကောင်ကို သရဲလေးကောင်က ဝိုင်းမိုက်မယ့်ပွဲ. . .

သရဲတွေဘက်က အားဖြည့်ကူညီမှာက တစ္ဆေမ သုံးယောက်. . .

ဘယ်သူတွေလဲ ဟုတ်လား . . .

ဘယ်သူတွေရှိရမတုံး . . .

ဧကရီ. . .

ပန်းဝေသီ. . .

လုံးချစ်. . . တို့ပဲပေါ့။

လှကြော့ရှင်းက အတွင်းစည်း။

ဒီစီမံကိန်းကို သူတို့အားလုံး တွေ့ဆုံညှိနှိုင်းပြီးကြပြီ။

"ငါ တစ်ခုပြောမယ်၊ နင်တို့ ဘီလူးကို ဖိုက်တာတော့ ဟုတ်ပြီ၊ ဉပဒေမဲ့ အကြမ်းဖက်တာမျိုး ငါ မလိုချင်ဘူး"

ဧကရီက ဆရာမကြီးစတိုင်လ်နဲ့ပြောတာ။

မိုးထိအောင်က မဲ့ပြီး . . .

"စိတ်ချ ဆရာမ . . အကြမ်းလဲမဖက်ဘူး၊ သွေးသံရဲရဲလဲ မကြည့်ရဲဘူး၊ အချုပ်ထဲလဲ မဝင့်ရဲဘူး၊ အခုလုပ်မှာက ခြောက်လှန့်ရုံ သက်သက်ပဲ"

"ဘယ်လို ခြောက်လှန့်မှာလဲ"

"ဒီလို. . . ဘီလူးက လှကြော့ရှင်းတို့အိမ်မှာ ညဥ့်နက်တဲ့အထိ နေတတ်တယ်၊ သူ့ကို သရဲခြောက်သလိုခြောက်မှာ မလာရဲအောင်ပေါ့၊ ဒါကို အတွင်းစည်းကနေ လှကြော့ရှင်း ကူညီလိမ့်မယ်"

"နင့်ဟာ. . . အရင်ကတော့ မခြောက်ဘဲ သရဲက ခုမှထ,ခြောက်တယ်ဆိုလို့ ယုံပါ့မလား"

"အို. . . သရဲပဲ ဘယ်တော့ခြောက်မယ် စာချုပ်လုပ်ထားတာမှ မဟုတ်တာ၊ သူ အားတဲ့အချိန်ခြောက်မှာပေါ့"

"ဘောလုံးပွဲရှိတဲ့ညတော့ ခြောက်မပေးနိုင်ဘူး ဟော့ကောင်. . . ငါ ကြိုပြောထားတာ၊ သရဲလဲ ဘောပွဲကြည့်ချင်တာပဲ"

ဘောလုံးဝါသနာအိုး မောင်ချိုက ပြောတော့ ရဲကြည်မင်းက. .

"အေး . . ဒါဆို ကြိုပြီး . . ခွင့်တင်"





ဆိုတော့ မောင်ချိုကမဲ့တယ်။

"လခပေးထားတာ ကျနေတာပဲ"

လို့လည်း တိုးတိုးပြောသေးတာ။

တိုးတိုးပဲ ပြောရဲတယ်။

ကျယ်ကျယ်လည်း မပြောရဲဘူး။

ကလန်ကဆန်လည်း မလုပ်ရဲဘူး။

အဖွဲ့ထဲမှာက လုံးချစ်လည်းပါနေတယ်။

လုံးချစ် သူ့ကောင်နဲ့ ခွာပြသလိုလို ကြားနေရတုန်း စီမံကိန်းနဲ့ ရောပြီး လိုင်းပူးရမှာလေ။

ဒီတော့ အဖွဲ့သားတွေ ကျေနပ်အောင်တော့ လုပ်ပြရမှာပေါ့။

ဟုတ်ဖူးလား ပြော. . .။

လှကြော့ရှင်းနဲ့ ရဲကြည်မင်းကိစ္စ သူကူညီရင် ကိုယ့်ကိစ္စမှာ သူတို့ဆီက ပြန်အကူအညီရနိုင်တယ်။

ဒါက မောင်ချိုအတွေး။

ဒီကောင်က အမြတ်မရှိ ဘာမှမလုပ်ဘူး။

ကြည့်လေ. . . လုံးချစ်မွေးနေ့က သူ့မျက်နှာမှာ ကပ်နေတဲ့မုန့်တွေကို စားဖြစ်အောင်စားသေးတာ။

"တို့ရဲ့စီမံချက်အရ ဧကရီတို့ ပန်းဝေသီတို့က လှကြော့ရှင်းဆီ များများအဝင်အထွက် လုပ်ရမယ်၊ သူတို့အိမ်မှာ သရဲခြောက်တာခံခဲ့ရကြောင်း အပြင်မှာ များများပြောရမယ်လေ. . ငါတို့ သရဲလေးကောင်အဖွဲ့ကလဲ အလှည့်ကျ ခြံတွင်းခြံပြင်မှာ ခြောက်ပြမယ်"

"ကြည်မင်း . . . နင် ဘယ်လိုခြောက်ပြမှာလဲ၊ ငါကြောက်တယ်"

ဆိုတာကတော့ ဧကရီပဲ။

"ငါခြောက်တာ နင်မြင်ရမှာမှ မဟုတ်ဘဲ၊ ဘာမှကြောက်စရာ မရှိဘူး၊ ငါတို့က ဘီလူးကိုပဲခြောက်မှာ"

"ဘီလူးကို သရဲကခြောက်တော့ ဘီလူးက ကြောက်မှာတဲ့လား"

"အေးလေ. . သူ့ကို ပေးထားတဲ့နာမည်ကြီးကလဲ ဘီလူးတဲ့ နင်တို့က သရဲပဲရှိတာ၊ ကြောက်ချင်းကြောက် နင်တို့က ကြောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုဟာ. . . ကြောက်ကြောက် မကြောက်ကြောက် ခြောက်မှာပဲ၊ ခြောက်တာ တို့အလုပ်၊ ကြောက်တာ မကြောက်တာ သူ့အလုပ်"

မှတ်ပဲ. . .။

သရဲတွေ သိပ်ခြောက်ချင်နေကြတယ်။

တစ္ဆေမသုံးကောင်ကတော့ ဘာထူးလဲ။

ဆံပင်တွေဖားလျားချပြီး လျှာကြီးတွေထုတ်လို့ အစမ်းလေ့ကျင့်နေကြလေရဲ့။

ဧကရီက ဆံပင်ဖားလျားချ၊ နှုတ်ခမ်းကိုမဲ့ မျက်လုံးကြီးပြူးပြီး ရွှေမိုးညိုကို ကြည့်တယ်။

ခြောက်တယ်ပေါ့လေ။

ရွှေမိုးညိုပြောရမှာက ဝါးတားဖော့လို ဖစ်ရှဖော်လို . . .

"ဟယ်, ဟုတ်တယ်. . ကြောက်စရာကြီးဟဲ့"

ဒီလိုပြောရမှာကို ဘယ်လိုသွားပြောတယ်မှတ်လဲ။

"ဟယ်ဝ တစ္ဆေမက ချောသဟ. . ဖက်နမ်းလိုက်ရရင် မွှေးနေမှာပဲ၊ ဒီလို တစ္ဆေမမျိုး တစ်ရာမကပင်တွေ့ပါစေ"

လို့ သီချင်းလိုတောင် ဆိုသေးတော့ တစ္ဆေမစိတ်ဆိုးပြီး မခြောက်တော့ဘဲ ခေါက်ထည့်လိုက်တာများ . . .

"ဒေါက်. . " တဲ့။

ဧကရီ ခေါင်းခေါက်တာ ခံလိုက်ရတဲ့ ရွှေမိုးညိုက. . .

"အလာ. . အလာ. . နာတယ်ဟ"

ဆိုပြီး ခေါင်းကို ပွတ်နေလေရဲ့။

တစ်ချိန်လုံး ဘာမှမပြောတဲ့ ပန်းဝေသီက ထ,ဖောက်တယ်။

"ငါ ဒီလိုစဉ်းစားတယ်"

"ဘယ်လိုစဉ်းစားလဲ၊ နုတ်နုတ်စင်းပြီး စားတာလား"

"မိုးထိအောင် . . . နင်မနှောက်နဲ့၊ ငါက အကောင်းပြောမလို့"

"ကဲ, ပြောပါ ဆရာမကြီးရယ်"

"တို့စီမံကိန်းရဲ့ အဓိကအချက်က လှကြော့ရှင်းတို့အိမ်မှာ သရဲခြောက်တတ်တယ်ဆိုတာ သိသွားကြဖို့ . . ဒါပဲမို့လား"





"အေးလေ. . ."

"ဒါများဟာ. . အပင်ပန်းခံ ခြောက်ပြနေစရာမလိုပါဘူး"

"ဘယ်လိုများလုပ်ရမှာလဲ၊ ရှင်းပြပါဦး"

"လွယ်ပါတယ်. . သူတို့ခြံဝမှာ သတိ သရဲခြောက်သည် ဆိုတဲ့ စာကပ်လိုက်ပေါ့"

"အယ်. . ."

"အဲဒီကိစ္စကို အင်တာနက်ကနေ ထုတ်လွှင့်ခိုင်းလိုက်"

"အာ. . ."

"ဒါဆို အမြန်ဆုံးနည်းနဲ့ တစ်ကမ္ဘာလုံးက သိသွားမယ်၊ ဘယ့်နှယ့်လဲ"

"သေစမ်းပါဟာ. . တစ်ကမ္ဘာလုံးကသိတော့ ဘာလုပ်ရမှာလဲ. . တို့သိစေချင်တာ ဘီလူးတစ်ကောင်ထဲ"

"အော် . . . ဒီလိုလား"

"အေး . . . ဒီလို"

"ဒါဆို ပိုလွယ်သေး . . . "

"လုပ်ပြန်ပြီ"

"ဘီလူးတစ်ယောက်ထဲသိဖို့ ငါ တာဝန်ယူတယ်"

"ဘီလူးကိုများ နင်တစ်ယောက်ထဲ ဖြစ်မလားဟဲ့၊ ဟိုက နင့်ကို ဂျွတ်ဂျွတ် ဂျွတ်ဂျွတ်နဲ့ ဝါးစားသွားလိမ့်မယ်"

"ဘီလူးမစားတဲ့ဆေးနည်း ငါ သိပါတယ်ဟ"

"ဟုတ်လား . . ပြောပါဦး . . . "

"ငါးရက်လောက် ရေမချိုးဘဲနေပြီးမှ သွားမှာ"

"ဟယ်, ညစ်ပတ်လိုက်တာ၊ ဘီလူးက နင့်ကို အတွေ့တောင်ခံမှာ မဟုတ်ဘူး"

လို့ ရွှေမိုးညိုကပြောတော့ မိုးထိအောင်က ဝင်ပြောတယ်။

"ဘီလူးက အတွေ့မခံပေမယ့် ငါကတော့ အတွေ့ခံမှာပါ၊ နံလေ ချစ်လေ ချစ်သူရေ. . . ရေမချိုးဘူးလား၊ ရေကရှားတော့ မင်းကို တို့မှား ပိုချစ်သွားပေါ့ . . . လို့တောင် စာစပ်လိုက်ချင်သေး . . ဟေး ဟေး"



www.burmeseclassic.com

www.burmeseclassic.com



"ရေမချိုးတာနဲ့မျှား ပိုချစ်ဦးမတဲ့. . နံနံစော်စော်ကြီးကို. ."

"ဟာ, မင်း ဘာသိလဲ၊ ရေကရှားတော့ ရေမချိုးလေ မောင်ကြိုက်လေယဲ၊ သူ ရေချိုးရှင် ငါက ရေထမ်းပေးရမှာဟ"

"ကြွက်ပျောင်းပဲ"

"ကဲ, တော်ကြပါ၊ ဒီက အကောင်းပြောမှာကို နားမထောင်ကြဘူးလား . . ."

"နင် အကောင်းပြောမယ်၊ အကောင်းပြောမယ်နဲ့ တစ်ခုမှလဲ အကောင်းမပါဘူး"

"ဒီတစ်ခါတော့ တကယ်ပြောမှာ"

"ပြောဟာ. . . ဘာလဲ"

"ဘီလူးရဲ့ဖုန်းနံပါတ်သိလား . . . ငါ့ကိုပေး"

"ဘာ့လုပ်ဦးမလို့လဲ"

"ကြော့တို့အိမ်မှာ သရဲခြောက်ကြောင်း ဖုန်းဆက်ပြောလိုက်မယ်၊ သူ အမြန်ဆုံး သိရော"

"သေလိုက်ပါတော့ဟာ. . . ဟိုက ဖုန်းသရဲပဲဆိုပြီး ပိုတောင်မကြောက်ဘဲ နေဦးမယ်၊ နင့်အကြံတွေကို ခဏသိမ်းထားဦးဟာ. . . နင်ပင်ပန်းနေပြီ"

လို့ ရွှေမိုးညိုကပြောမှ ပန်းဝေသီငြိမ်သွားတယ်။

ပန်းဝေသီငြိမ်သွားတော့ ဧကရီက လှုပ်လာတယ်။

ဆံပင်ကို ပြန်စုစည်းတယ်။

အကျႌခါးကို ဆွဲချတယ်။

မှင်အပြည့် ဂိုက်ပေးကြမ်းကြမ်းနဲ့ စကားပြောဖို့ပြင်တယ်။

အားလုံးက သူ့လှုပ်ရှားမှုကိုကြည့်ပြီး စကားပြောတော့မယ်ဆိုတာ သိနေကြတယ်။

ဟော. . . ပြောပြီ။

"ဒီမှာဟ. . . ငါ တစ်ခုပြောမယ်"

"ပြောနဲ့ . . ."

"တော်တော့ . . ."





"မပြောရင် မုန့်ကျွေးမယ်"

အားလုံးက ဝိုင်းလှောင်ကြလို့ ဧကရီရှက်သွားတယ်။

ဆောင့်ဆို ပြန်ထိုင်လိုက်ပြီး . . .

"သေခြင်းဆိုးတွေ. . ."

လို့ ဩဘာပေးရလေရဲ့။

ဘာမှတော့ ဆက်မပြောတော့ဘူး။

အတော် နားအေးသွားတာ။

"ဟေ့ကောင် ကြည်မင်း . . မင်း ကိစ္စအတွက် တို့က ပြောနေကြတာလေ. . မင်းက မင်းနဲ့ ဘာမှမဆိုင်သလိုဘဲ၊ အကြံလေးဘာလေး ပေးစမ်းပါဦး"

လို့ ရွှေမိုးညိုကပြောတော့ ရဲကြည်မင်းက . . .

"ဘာမှမကျန်တော့ဘူးကွာ၊ နောက်တစ်ခါဆို ချန်ထားပါ့မယ်"

လို့ ခပ်တည်တည်ပြောလေရဲ့။

ရွှေမိုးညိုတွန့်သွားပြီး . . .

"ငါက အကောင်းပြောနေတာကို မင်းကနောက်တယ်၊ တော်ပြီ. . မင်းတို့စီမံကိန်းက ဥါ့ထွက်မယ်"

လို့ ရွှေမိုးညိုက ပြောလိုက်တော့ ရဲကြည်မင်း ပျာပျာသလဲဖြစ်သွားတယ်။

"ဟ, စိတ်ဆိုးတတ်တယ်ဟ. . စ,လို့မရဘူး၊ ဆော်တီး . . ဆော်တီး . . နောက် မစ,တော့ပါဘူး ထွက်တော့ မထွက်လိုက်ပါနဲ့၊ မင်းမပါရင် ဟာတာတာကြီးဖြစ်နေမှာ"

လို့ ပြောတာက ရိုးရိုးပြောတာမဟုတ်ဘူး။

ဧကရီကိုကြည့်ပြီး စပ်ဖြဲဖြဲပြောတာ။

ဧကရီက မဲ့ပြီး မျက်နှာလွှဲသွားတယ်။ ရှက်တယ်ပေါ့။

"ကဲ. . ကဲ, အစီအစဉ်တွေလဲ ချပြီးပြီဆိုတော့ တို့လုပ်ငန်း ဘယ်တော့စမလဲ ပြော"

ရွှေမိုးညိုကမေးတော့ အားလုံးက တညီတညွတ်တည်း ဝိုင်းငေးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်စမယ်"

"ဒီနေ့စမယ်"

"ဖြည်းဖြည်းပေါ့"

"နောက်နှစ်မှစရင် ကောင်းမလား"

တစ်ယောက်တစ်ပေါက် ဖြေကြတာ။

တစ်ယောက်မှာ နှစ်ပေါက်သာရှိရင်တော့ မလွယ်ဘူးရယ်၊

နားငြီးရုံတင် ဘယ်ကမလဲ. . .

နားဆန်ကာပါ ပေါက်သွားမှာ. . .

တကယ်. . .။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ခိုးမျက်စ သုံးရက်လ ဆိုတဲ့အတိုင်း လကွေးကွေးလေးက ဝဝကစ်ကစ် ကောင်မလေးတစ်ယောက်ရဲ့ မျက်ခုံးလေးလိုပဲ တွဲရရွဲလေးရယ်။

အလင်းရောင်ဖျော့ လရောင်ရိပ်အောက်မှာတော့ အရိပ်လေးတွေ လှုပ်ရှားနေတယ်။

ဘယ်သူတွေ ဖြစ်ရမလဲ။

သရဲလေးကောင်ပဲပေါ့။

သူတို့က သရဲလေးကောင်စီမံကိန်းရဲ့ ပထမအဆင့် စတင်ဆောင်ရွက်နေကြတာ။

ဒီသရဲတွေက အဆင့်မြင့်တယ်။

သရဲနှစ်ကောင်ကို မော်တော်ဆိုင်ကယ်တစ်စီးနှုန်းနဲ့ ဆိုင်ကယ်နှစ်စီးနဲ့လာကြတာ။

အချိန်က ညရှစ်နာရီခွဲ. . .

လရောင်က မလင်းလှဘူး . . .

မီးကပျက်နေတယ်. . .

ဒီအချိန်ဟာ သရဲတွေ မြူးကောင်းတဲ့အချိန်ပေါ့။

သူတို့စီးလာတဲ့ ဆိုင်ကယ်နှစ်စီးက ညင်သာစွာလေး မောင်းလာလေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်စီးကို ရှေ့က ရဲကြည်မင်းမောင်းနှင်ပြီး နောက်ကနေ မောင်ချိုက ခွစီးလာတယ်။

မောင်ချိုက ရိုးရိုးမောင်ချို မဟုတ်တော့ဘူး။ သရဲမောင်ချို ဖြစ်နေပြီ။ သူ့တစ်ကိုယ်လုံးမှာ ထုံးတွေချယ်ထားတာ။ လူရိုးစု ပုံစံအတိုင်းပဲ။ အပေါ်က ထပ်ဝတ်လာတဲ့ အဝတ်အစားတွေကိုချွတ်လိုက်တော့ သရဲကြီး ဖြစ်သွားရော။

လှကြော့ရှင်းတို့အိမ်ရဲ့ မလှမ်းမကမ်းမှာ ဆိုင်ကယ်အသာရပ်ထားတုန်း မောင်ချို အဝတ်အစားတွေချွတ်တယ်။ ဆိုင်ကယ်ခြင်းထဲ အဝတ်ကို လုံးထွေးထည့်လိုက်တယ်။

"အမလေးဗျ. . . ကလူ. . ကလူ. . "

သူ့ဆိုင်ကယ်နဲ့တင်လာတဲ့ မောင်ချို့ကိုလှည့်ကြည့်ပြီး ရဲကြည်မင်း လန့်သွားတာ။

ဟိုဘက်က ဆိုင်ကယ်တစ်စီးမှာလည်း ဘာထူးမှာလဲ။

ရှေ့က မောင်းလာတာ မိုးထိအောင်။

နောက်က ခွစီးလာတာက သရဲယူနီဖောင်းနဲ့ ရွှေမိုးညို။

ရွှေမိုးညိုက သရဲမျက်နှာဖုံးစွပ်ပြီး ဆိုင်ကယ်ပေါ်ကဆင်းလာတော့ မိုးထိအောင် လန့်အော်ပါလေရော။

သရဲက အသံထွက်မှာစိုးလို့ မိုးထိအောင်ကို ပါးစပ်လှမ်းပိတ်တယ်။

အဲဒါမှ ပိုဆိုးပါရောလား။

ဝူးဝူးဝါးဝါးနဲ့ အတင်းရုန်းနေတာနဲ့ ရွှေမိုးညိုက တစ်ဖက်က ပါးစပ်ပိတ်ထားပြီး လက်တစ်ဖက်နဲ့ မျက်နှာဖုံးကိုချွတ်ပြလိုက်မှ. . .

"အမယ်လေး . . . သူငယ်ချင်း . . . "

ဆိုပြီး တက်မလိုလိုဖြစ်နေလို့ ဝိုင်းပြီးနှာနှပ်ကြရတယ်။

သတိတောင် လစ်ချင်ချင်ရယ်။

ပိုဆိုးချင်တော့ နှာနှပ်ပေးတဲ့ မောင်ချိုက အဝတ်တွေကိုချွတ်လျက်ကြီး အရိုးစုသဏ္ဌာန် ထုံးဖွေးဖွေးကြီးနဲ့ရယ်။

ဒါကို မိုးထိအောင်က သတိပြန်အရ မျက်စိပြန်ဖွင့်ကြည့်တော့ မြင်လိုက်ရတယ်ဆိုရင်ပဲ. . .





"အမယ်လေးဗျ. . . "

ဆိုပြီး ပြန်သတိလစ်သွားပါလေရော။

သူ့ကို ပြန်ပြီးနှာနှပ်နေရတာနဲ့ပဲ အစီအစဉ်တွေ နှောင့်နှေးကုန်တယ်။ ည ကိုးနာရီကျော်မှပဲ အစီအစဉ် ပြန်စရတော့တာ။

အစီအစဉ်အရ သရဲနှစ်ကောင်က လှကြော့ရှင်းတို့ ခြံနားကပ်သွားတယ်။

အဲဒီအချိန်မှာ လှကြော့ရှင်းကလည်း ခြံထဲပြန်ဆင်းလာတယ်။

မူလအစီအစဉ်အရ ခြံတံခါးကို လှကြော့ရှင်းက စေ့ရုံစေ့ထားတာ။

သရဲတွေက စေ့ထားတဲ့တံခါးကဝင်ပြီး ကိုဇော်ဇော်မြင်သာအောင် ခြောက်ပြပြီး ပြန်ထွက်ကြ။ အသင့်စောင့်နေတဲ့ဆိုင်ကယ်နဲ့ ပြန်ပြေးကြ။

ဒါပဲ. . . ပထမအဆင့် လုပ်ဆောင်ချက်က ဒါပဲ။

အစီအစဉ်အရဆို သရဲတွေက ကိုးနာရီနောက်ဆုံးထားပြီး ဝင်လာရမှာ၊ အခု ဘာသံမှမကြားလို့ လှကြော့ရှင်း ခြံထဲပြန်ဆင်းလာပြီး အခြေအနေ အကဲခတ်တာ။

အိမ်ပေါ်မှာ ကိုဇော်ဇော်ရောက်နေတာကြာပြီ။

လှကြော့ရှင်းကလည်း သရဲမလာလို့ ရင်တမမနဲ့ပေါ့။

လှကြော့ရှင်းက လမ်းမကိုထွက်ကြည့်ဖို့ တံခါးကို အသာလေး ဖွင့်လိုက်တယ်ဆိုရင်ပဲ သရဲမောင်ချိုတို့နဲ့ ပက်ပင်းတိုးတော့တာ။

ဟိုက ခြံထဲဝင်အလာ ရုတ်တရက်တန်းတိုးတော့ လှကြော့ရှင်း အော်ပါလေရော။

"အမယ်လေး . . သရဲ. . သရဲ. . "

"ကြော့ . . ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ. . "

ဆိုပြီး ကိုဇော်ဇော်က ပြေးဆင်းလာတယ်။

သွားပြီ။ ပွဲကပျက်ပြီ။ ဇာတ်ကရှုပ်ပြီ။

လှကြော့ရှင်းက ဆင်းလာတဲ့ ကိုဇော်ဇော့်ကို ပြေးဖက်ပြီး . . .

"ကြောက်တယ်. . သရဲ. . သရဲ. . "

နဲ့ လုပ်နေတော့တာ။ သရုပ်ဆောင်တာ မဟုတ်ဘူး၊ ရုတ်တရက် တကယ်ကြောက်သွားတာ၊ အမှန်တော့ အစီအစဉ်ထဲမှာ ဒီကိစ္စမပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



လှကြော့ရှင်း မကြောက်ရဘူး။ ကိုဇော်ဇော်ကို မဖက်ရဘူး။

ကိုဇော်ဇော်ကသာ ကြောက်ရမှာ။ သူကြောက်ရမှာ မဟုတ်ဘူး။

အခုတော့ သူက အရင်စကြောက်တော့ အစီအစဉ်တွေ ဖရိုဖရဲ ဖြစ်ကုန်ပြီ။

သရဲတွေလည်း ဘာဆက်လုပ်ရမှန်းမသိတော့ ထွက်ပြေးကြရ တာပေါ့။

လေး ငါးလှမ်းပြေးလာပြီးမှ သရဲမောင်ချိုက သရဲရွှေမိုးညိုကို လှမ်း ဆွဲတယ်။

ရွှေမိုးညိုက လှည့်ကြည့်တော့ . . .

မှောင်ထဲမှာ အရိုးစုကြီးပဲဖြစ်လို့ လန့်အော်တယ်။ မောင်ချိုက လည်း လှည့်ကြည့်တဲ့ ရွှေမိုးညိုရဲ့သရဲမျက်နှာဖုံးကြီးကြောင့် လန့်သွားသေး တာကလား။

"ကလူ . . ကလူ . . ဟော့ကောင် နေဦးကွ . . တို့ပစ်မှတ် ဘီလူးကို မခြောက်ခဲ့ရသေးဘူး၊ လာ . . ပြန်ခြောက်ရအောင်"

ဆိုပြီး လှည့်ပြန်ခြောက်တယ်ဆိုရင်ပဲ ဖာတ်က ပိုရှုပ်ပါလေရော။

ခုနလေးက ကြောက်သွားတဲ့ လှကြော့ရှင်းက ကိုဇော်ဇော်ကို ပြေး ဖက်တယ်။ ကြောက်လွန်းလို့ မျက်နှာဝှက်ထားတယ်။

ကိုဇော်ဇော်က. . .

"ဘယ်မှာလဲ . . ဘယ်မှာလဲ . . "

ဆိုပြီး ဟိုဟိုဒီဒီကြည့်နေတုန်း သရဲနှစ်ကောင်က ပြန်ဝင်လာကြ လေရော။

ရုတ်တရက်ပြန်ဝင်လာတဲ့ သရဲနှစ်ကောင်ကိုလည်းမြင်ရော . .

"အမယ်လေး . . . သရဲ . . သရဲ . . "

ဆိုပြီး ကိုဇော်ဇော်မျက်လုံးကြီးပြူးပြီး အကြောက်လွန်နေပါရော။

ရိုးရိုးကြောက်တာ မဟုတ်ဘူး။

သူကြောက်တာက လှကြော့ရှင်းကို အကင်းပြန်ဖက်ထားပြီး ကြောက်တာ။

ကဲ၊ ဘယ့်နှယ်လုပ်မလဲ။





လှကြော့ရှင်းက ထပ်ကြောက်ပြီး ထပ်ဖက်ထားလိုက်ကြတာ သရဲ တွေတောင် ကြောင်ကြည့်နေကြတယ်။

"ဟဲ့၊ သမီး . . ဘာဖြစ်တာလဲ . . ဘာဖြစ်တာလဲ . . "

ဆိုပြီး လှကြော့ရှင်းမေမေ ဆင်းလာတယ်။ အပြန်အလှန်ဖက်ထား ကြတဲ့ သမီးနဲ့ ကိုဇော်ဇော်ကိုမြင်တော့ ပြုံးတယ်။ ဒေါ်လှအုံးမယ်က နဂို ကတည်းက ဖြစ်စေချင်နေတာကိုး။

ဒါပေမယ့် . . .

လောလောဆယ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူ မသိဘူး။ ဖက်ထားတာပဲမြင်တာ။ လှကြော့ရှင်းက သတိလစ်ချင်ချင် ဖြစ်နေတာ ရယ်။ ကိုဇော်ဇော်ကလည်း မေ့ချင်ချင်ရယ်။

ဒေါ်လှအုံးမယ် ပြုံးလို့မှ မဆုံးသေးဘူး။

လှစ်ဆို ခြံတံခါးပွင့်လာလို့ လှမ်းကြည့်လိုက်တယ်။ ရိပ်ခနဲဝင်လာ တဲ့ အရိပ်ကြီးမြင်လိုက်လို့ လန့်အော်ပါလေရော။

"အမယ်လေး . . သရဲ . . သရဲ . . "

ဒေါ်လှအုံးမယ်အော်တော့ သရဲက လက်ကာပြတယ်။ တစ်စုံတစ် ရာကို ကုန်းကောက်ပြီးပြတယ်။ နောက် တာ့တာလုပ်ပြပြီး ပြန်ထွက်သွား တော့တယ်။

ဩော် . . . မီးခြစ်လေး . . သရဲ မီးခြစ်ကျကျန်ခဲ့လို့ ပြန်လာ ကောက်တာ။

ဒေါ်လှအုံးမယ်ကိုလည်း သဘောပေါက်အောင် သူ့ရှင်းပြရှာသား၊ လက်ဟန်ခြေဟန်နဲ့ရှင်းပြတာ။ လက်ကာပြရုံမဟုတ်ဘူး။ မီးခြစ်ကိုပါ ပြသွား သေးတာ။

အဲဒါကို ဒေါ်လှအုံးမယ်က အယ်လိုပြန်ပြောတယ်မှတ်လဲ။

"သရဲခြောက်တာမှအေ . . ငါ့ကိုလက်ကာပြပြီး မီးခြစ်လဲပြသွား သေးတယ် . . တာ့တာလဲ လုပ်ပြသွားတယ်၊ နေဦး . . နင့်အိမ် မီးရှို့ပစ် မယ်ဆိုတဲ့သဘောလဲပါတယ်၊ မဖြစ်ဘူး . . ဘုန်းကြီးပင့် ပရိတ်ရွတ်ရ မယ်" တဲ့။

ဒီထက်ဆိုးတာက လှကြော့ရှင်းနဲ့ ကိုဇော်ဇော်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သာဖက်ပြီး အကြောက်လွန်နေကြတာ ခွာမရလို့ ဘာလုပ်ရတယ်မှတ်လဲ။

လှကြော့ရှင်းအဖေကြီးက အမြင်ကတ်ကတ်ရှိလှတာနဲ့ ရေတစ်ပုံး ဆွဲလာပြီး ကိုဇော်ဇော့်ကို လောင်းချလိုက်တာ။

ဘာထူးလဲ . . လှကြော့ရှင်းပါ ရွှဲတော့တာပေါ့။

လှကြော့ရှင်း သတိရမှပဲ ရေစိုကြီးနဲ့ သူ့အဖေကိုပြေးဖက်လို့ ရေလောင်းတဲ့သူပါ ရေစိုရပြန်ရော။

ဒါက သူတို့ခြံထဲမှာဖြစ်နေတာ။

ဒီလိုအဆင်မပြေဖြစ်ခဲ့တာတွေ ပြန်ပြောရင်း ဆိုင်ကယ်နဲ့ ပြန်လစ်ဖို့ဟာ လူတွေကတော့ ဆိုင်ကယ်ပေါ် ရောက်နေပြီ။

ရဲကြည်မင်းနဲ့ မောင်ချိုရဲ့ဆိုင်ကယ်က ထွက်တောင်သွားပြီ။

နောက်က မိုးထိအောင်တို့ဆိုင်ကယ် ပါမလာလို့ ပြန်လှည့်လာတယ်။ ဘေးကပ်ရပ်ပြီး ဘာဖြစ်တာလဲ မေးတယ်။

မိုးထိအောင်တို့ဆိုင်ကယ်က စက်နိုးမရတာ။

သူတို့ အဲဒီလို လှုပ်ရှားနေတာတွေကို . . .

မျက်လုံးနှစ်လုံးက ကြည့်နေတာကြာပြီ။

လှကြော့ရှင်းတို့ မျက်စောင်းထိုးအိမ်ကပဲပေါ့။ အိမ်ခြံထဲကကြည့်နေတဲ့ ကောင်မလေးကလည်း သရဲမှတ်လို့ ကြောက်နေတာ။

ဆိုင်ကယ်သံတွေလည်းကြားလို့ ရပ်ကွက်ရုံးကိုဖုန်းဆက် အကြောင်းကြားထားပြီးပြီ။

"ဟဲလို . . ဦးလေး . . ကျွန်မတို့အိမ်နားမှာ ဆိုင်ကယ်သရဲခြောက်နေတယ်၊ အမြန်လာပါ . . ဒါပဲ"

ဆိုပြီး ဖုန်းချသွားတော့ ရပ်ကွက်လူကြီးလည်း လူစုပြီးသွားရတော့တာပေါ့။

ဒါကို ရဲကြည်မင်းတို့ မသိကြဘူး။ ဆိုင်ကယ်စက်နိုးလို့ရတော့ နှစ်စီးပြန်ထွက်လာကြတယ်။

ညကလည်း နက်နေပြီ။ ထုံးဖွေးဖွေး အရိုးစုပုံစံနဲ့ပဲ။

ရွှေမိုးညိုကလည်း သရဲမျက်နှာဖုံးမခွာဘူး။





ဆိုင်ကယ်မှမထွက်ရသေးဘူး၊ လက်နှိပ်ဓာတ်မီးနဲ့ အချက်ပြတားလို့ အရှိန်လျှော့လိုက်ကြရတယ်။ မီးရောင်တွေများလို့ ဆိုင်ကယ်ရပ်ပေးလိုက်ရတယ်။

ရပ်ထားတဲ့ဆိုင်ကယ်နားကို တရွေ့ရွေ့ချဉ်းကပ်လာကြတာက တုတ်၊ ဓားကိုယ်စီနဲ့ လူအုပ်ကြီး။

"ဟိုက် . . . သွားပဟ . . ."

"အမယ်လေး . . . ကျွန်တော်မပါဘူးဗျ"

လို့ သရဲတွေ အော်တယ်။

လူအုပ်ကြီးကတော့ ဝိုင်းထားကြလေရဲ့၊ တီးတိုးသံတွေတောင် ကြားနေရတယ်။

"ဟော့ကောင်တွေ သိပ်အတင့်မရဲနဲ့ . . . သရဲတွေက ဆိုင်ကယ်တွေနဲ့ကွ . . ."

"မော်ဒန်သရဲတွေကွ . . . ခေတ်မှီတယ်"

"ငါတော့ ကြောက်တယ်ကွ"

"မကြောက်နဲ့ . . လူအုပ်များတယ်၊ သရဲတွေ မလှုပ်ရဲအောင် ငါ သိမ်ဝင်ပုတီးနဲ့ ပစ်လိုက်မယ် . . ကြည့်နေ . . ."

ဆိုပြီး တစ်ယောက်လည်ပင်းက ပုတီးချွတ်ပြီး လှမ်းပစ်လိုက်တာ မောင်ချို့လည်ပင်းလာစွပ်ရော။

"အမယ်လေးဗျ . . ."

"ကြားလား . . . သရဲအော်သံ"

မောင်ချိုလန့်အော်တော့ သူတို့ပျော်သွားတယ်။

သူတို့ပုတီး စွမ်းတယ်ပေါ့။

"မလုပ်ကြပါနဲ့ခင်ဗျာ . . . ကျွန်တော်တို့လူတွေပါ"

ဆိုပြီး ရွှေမိုးညိုက မျက်နှာဖုံးကြီးချွတ်လိုက်တယ်။

မောင်ချိုကတော့ ထိုင်ကန်တော့နေတယ်။

"တွေ့လား . . သရဲက လူယောင်ဆောင်လိုက်ပြီ"

"ဟိုသရဲက ထိုင်ကန်တော့နေပါလား"

"ဒါ ပရိယာယ်လုပ်တာကွ . . သတိထားဦး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက်နဲ့ မပြီးကြဘူး။ ဘယ်သူမှလည်း အနားမတာပ်ဝံ့ကြဘူး။

နောက်ဆုံး အတန်တန်ပြောဆို တောင်းပန်မှပဲ မယုံချင်ယုံချင်နဲ့ ယုံလိုက်ကြလေရဲ့။

နောက်ဆုံးရလဒ်ကတော့ အဲဒီညက ရပ်ကွက်ရုံးကိုရောက်သွားကြတယ်။

ရုံးရောက်တော့ ရဲကြည်မင်းက ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်တော့တယ်။

ရုံးကလည်း လှကြော့ရှင်းတို့မိသားစုကို ခေါ် မေးတယ်။

အဲဒီထဲမှာ ကိုဇော်ဇော်လည်းပါတယ်။

"ဟုတ်ပါတယ်. . . ကြော့ ကြောက်တယ်ဆိုလို့ ကျွန်တော်ဖက်ထားတာပါ"

လို့ ဂုဏ်ယူသလိုနဲ့ ဆင်ခြေပေးတယ်။ သူကြောက်တာကျတော့ ထည့်မပြောဘူး။

လှကြော့ရှင်းကတော့ တော်တော်လေး ရှက်နေပုံရတယ်။

အံကြိတ်ထားတယ်။

လက်သီးဆုပ်ထားတယ်။

ရုံးရှေ့မှာ ခံဝန်လက်မှတ်ထိုးနေကြတဲ့ သရဲလေးကောင်ကိုကြည့်ပြီး အားပေးစကားတစ်ခွန်းတော့ ပြောဖြစ်အောင်ပြောလိုက်သေးတာ။

"အလကား အသုံးမကျတဲ့ကောင်တွေ"

❁ ❁ ❁

## အခန်း (၂၂)

"ကျွန်တော်မျိုးတို့ သေသင့်ပါတယ်" လို့ပြောတာ မိုးထိအောင်။

မှိုင်နေကြတာက ရဲကြည်မင်း၊ မောင်ချိုနဲ့ ရွှေမိုးညို. . စိတ်ပျက်လက်ပျက်ကို ထိုင်နေကြတာ။ ရဲကြည်မင်းဆို ငိုမဲ့မဲ့နဲ့။

"မင်းတို့ သရဲအခြောက်ကောင်းလို့ ငါ့ပစ္စည်းလေး ဟိုကောင့်လက်ပါတော့မလို့ဗျ. . . ဟီး . . . "

လို့ပြောရင်း ငိုတောင်ချလိုက်သေးတော့ ရွှေမိုးညိုက ချော့တယ်။

"မငိုပါနဲ့ကွာ. . . ဘာမှမဖြစ်သေးပါဘူး . . ဖက်ရုံဖက်ကြတာပဲဟာကို. . . တစ်ခါတလေ ဖက်ကြတာပဲကွာ"

"ဟီး . . . ဟီး . . . တစ်ခါတလေဖက်လို့ပေါ့၊ နှစ်ခါနှစ်လေဖက်ရင် ကလေးနှစ်ယောက် သုံးယောက် ဖြစ်လာမှာပေါ့ကွ. . . ဟီး . . ဟီး . . ကုန်ပါပြီဗျ"

"ဟေ့ကောင် မကုန်သေးပါဘူးကွ၊ လှကြော့ရှင်းက အကောင်းကြီးရှိပါသေးတယ်"

"မင်း ဘာသိလို့လဲကွ . . ဟိုကောင်က အလကားရတိုင်း ခွဖက်ထားတာကွ"

"ခွမဖက်ပါဘူးကွာ. . ရိုးရိုးမတ်တတ်ရပ်လျက် ဖက်ထားတာ ငါမြင်ပါတယ်ဟ" လို့ သရဲလုပ်တဲ့ ရွှေမိုးညိုကပြောတော့ မောင်ချိုကလည်း ထောက်ခံတယ်။

"ဟုတ်ပါတယ်ကွာ မတ်တတ်ဖက်ထားတာပါ၊ ငါလဲမြင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖက်ဖက်ကွာ. . ရည်းစားလူဖက် အူနုကွဲခတ်တဲ့ကွ"

"ဟာ, ရည်းစားလူလူ လုပ်စမ်းပါကွာ"

"ဖက်ထားတဲ့ကိစ္စကို ပြောတာပဲဟာ လူဖက်ပဲဖြစ်ရမှာပေါ့၊ မင်းတလဲ တစ်မှောင့်၊ သူ့ကေရီကို အဖက်မခံရတိုင်း ကိုယ်ချင်းမစာတတ်ဘူး . . ကြည့်နေ. . ကေရီ့ကို မင်းရှေ့မှာ ငါဖက်ပြမယ်"

"ဘာပြောတယ်. . ."

"ဟဲ့, သောက်ခွေး . . ကလူ . . ကလူ. ."

ရုတ်တရက်ရောက်နေတဲ့ ကေရီကိုမမြင်ကြဘဲ သူတို့က စွတ်ပြောနေကြတာ။ သူ့ပြောမှန်းသိလို့ ကေရီက ဝင်ဟောက်တော့တာ။

ရဲကြည်မင်းက ဘာပြန်ပြောရမှန်း မသိဘူး။

"ဟဲ့, ကြည်မင်း နင်က ငါ့ဖက်မလို့ဆို ဖက်လေ" လို့ ကေရီက ခါးထောက်ပြီး သူ့ကို ရပ်ပြောတော့ ရွှေမိုးညိုက ကန့်ကွက်တယ်။

"ဖက်နဲ့ . . ဖက်နဲ့ . . အလကားပြောတာ၊ ကေရီ ဒီကိုလာ အဲဒီကောင်နား မသွားနဲ့၊ မုန်ယိုနေတာ နင် ပြားသွားလိမ့်မယ်" လို့လည်း စိတ်မချနိုင်သလိုခေါ်တယ်။ ကေရီနဲ့အတူပါလာတဲ့ ပန်းဝေသီကိုလည်း မိုးထိအောင်က ခေါ်လိုက်တယ်။

"ပန်း . . မုန်ယိုနေသတဲ့ အနားမကပ်နဲ့၊ လာ. . ဒီကို" ဆိုပြီး အသာလေး လက်ကိုဆွဲခေါ်တယ်။ သူ့ဘေးနားမှာ ထိုင်ခိုင်းလိုက်တယ်။ ပြီးတော့ လက်ကလေးကို ကိုင်ပြီး . . . "မုန်ယိုလဲမကြောက်နဲ့ ကိုယ်ရှိတယ်နော်. . နော်. . " ဆိုပြီး ညာချနေလေရဲ့။ လက်ကိုညာကိုင်ပြီး ပခုံးလေးကိုပါ ဖက်ထားသေးတာ။ ရွှေမိုးညိုကလည်း အားကျမခံ ကေရီ့ကိုအသာဆွဲခေါ်ပြီး လက်ကလေးကိုကိုင်ပြီး ချွဲနေလေရဲ့။

"သည်းလေးကို ဘယ်သူမှအဖက်မခံနိုင်ဘူး၊ သည်းလေးကရော သူများဖက်တာ ခံချင်လို့လား"

"ဟင့်အင်း . . သူစိမ်းဖက်တာ ဘယ်ခံချင်ပါ့မလဲ"

"ဟင်, ဒါဆို ဟိုကောင်တွေက သူကျက်တွေဖြစ်နေတော့ သူတို့ဖက်ရင်ခံမယ်ပေါ့"

"အင်း . . အယ်. . မအင်း . . "





"သည်းလေးနော်. . သူများဖက်တာမခံနဲ့၊ ကိုယ်ဖက်တာပဲခံနော်"

"အင်း . . . "

ရွှေမိုးညိုက ညာတာပါတေးနဲ့ ကေရီ့ပခုံးလေးကိုဖက်ထားတယ်။ တိုးတိုးနဲ့ ဘာတွေပြောနေမှန်းလည်းမသိ။ မိုးထိအောင်ကလည်း ပန်းဝေသီကိုညာပြီး ပခုံလေးဖက်၊ လက်ကလေးကိုင်ပြီး ခေါင်းလေးခါလိုက် မျက်လုံးလေးမှိတ်လိုက်နဲ့ ဘာတွေပြောနေမှန်းလည်းမသိပါဘူး။

သူတို့ကိုကြည့်ပြီး ရဲကြည်မင်း တင်းနေတယ်။ ခပ်ချဉ်ချဉ်ရှိတာနဲ့ မျက်စောင်းထိုးပြီး ပြောလိုက်တယ်။

"ဟင်း . . . မင်းတို့က ငါ့ရှေ့မှာ အကြည်ဆိုက်နေကြတယ်၊ ငါ့ကို နည်းနည်းလေးမှ မသနားကြတော့ဘူးလား၊ မင်းတို့ကို ဒီလိုကြီးမြင်နေရတော့ ငါ့ရင်ထဲချိုပါ့မလား . . ပြော"

ရဲကြည်မင်းကပြောဆိုပေမယ့် ဘယ်သူမှ ဘာမှပြန်မပြောကြဘူး။ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်နေကြလေရဲ့။ ကြာလာတော့ ရဲကြည်မင်း တင်းရုံမကတော့ဘူး၊ ဖောင်းကားလာပြီး ပေါက်ကွဲတော့တယ်။

"ဟေ့ကောင်တွေ . . ငါပြောတာကို နားထောင်၊ ငါ ဘာလုပ်သင့်သလဲ. . ပြော. . "

"သေသင့်တယ်"

"သေတမ်းစာလေး ရေးခဲ့ဦး"

"နင်တို့မနောက်ကြပါနဲ့ဟာ၊ ကြည်မင်းဟာ တကယ်ခံစားနေရတာဟဲ့၊ ကဲ, ကြည်မင်း . . ပြော . . တို့ဘာလုပ်ပေးရမလဲ"

ကေရီက လေပြည်ထိုးတယ်။ ရဲကြည်မင်း ခံစားနေရတာ သူ သဘောပေါက်တယ်။ အတတ်နိုင်ဆုံး ကူညီဖို့လည်းဆုံးဖြတ်ထားတယ်။

"ကေရီ. . နင်မဆိုးဘူး၊ နင်တစ်ယောက်ပဲ ငါ့ခံစားချက်တွေကို ကိုယ်ချင်းစာတယ်၊ ဟိုကောင့်တွေ ကိုယ်ချင်းမစာတတ်ဘူး၊ သူတို့ရည်းစားတွေကို သူများအဖက်ခံရမှ သူတို့သိမယ်၊ နင် ငါ့ကို ရေရေလည်လည် ကူညီပါနော်. . "

"ရေလယ်မှာတော့ မကူညီနိုင်ဘူး၊ မြေပြင်မှာကော့ ဘာဖြစ်ချင်သလဲ ပြော. . . "



www.burmeseclassic.com

www.burmeseclassic.com



"ငါဖြစ်ချင်တာပြောရရင် လှကြော့ရှင်းကို ငါချစ်တယ်"

"သိပြီးသားကြီး . ."

"မစွန့်လွှတ်နိုင်ဘူး"

"ကြိုးစားပေါ့"

"နီးစပ်ချင်တယ်ဟာ. ."

"ဒါတော့ဖြစ်နိုင်တယ်ကွ" မိုးထိအောင်က ဝင်ပြောတာ။

ရဲကြည်မင်းက အားတက်သွားဟန်နဲ့ မေးတယ်။

"ဘာဖြစ်နိုင်တာလဲ ပြော. ."

"နီးစပ်ဖို့ကိစ္စ ဖြစ်နိုင်တာ"

"ပြောကွာ . . . ဘယ်လိုလုပ်ရမှာလဲ"

"လှကြော့ရှင်းတို့ခြံနဲ့ ကပ်နေတဲ့ခြံကို အပြတ်ဝယ်ပြီး ပြောင်းနေလိုက်ပေါ့. ." လို့ မိုးထိအောင်ကပြောတော့ ရဲကြည်မင်း ဒေါပွသွားတယ်။ ဒေါသသံနဲ့ လှမ်းပြောတယ်။

"မင်း ဒီအချိန်မှာ မနောက်ပါနဲ့"

"ဒီအချိန်မနောက် ဘယ်အချိန်နောက်ရမှာလဲ"

"ဘယ်အချိန်မှ မနောက်နဲ့တော့၊ ငါ့မှာ ခံနိုင်စွမ်းမရှိတော့ဘူး"

"ကိုယ်ခံအား နည်းသွားပြီထင်တယ်"

မနောက်ပါနဲ့ဆိုတဲ့ကြားထဲက ရွှေမိုးညိုက ဝင်နောက်သေးတာ။

ရဲကြည်မင်းကတော့ စကားတောင် ပြန်မပြောနိုင်တော့ဘူး။ ခေါင်းကြီးအောက်ငုံ့လို့ အပြတ်ဆွေးနေတဲ့ပုံပဲ။ သူ့ကိုကြည့်ပြီး သူငယ်ချင်းတွေအားလုံး သနားသွားကြတယ်။ ဒါနဲ့ပဲ ချော့မော့နှစ်သိမ့်ပြီး ချွေးသိပ်ပေးလိုက်ကြတယ်။ ကေရီက သူ အတတ်နိုင်ဆုံးအနီးကပ်လို့ နီးစပ်ရေးကူညီပါ့မယ်လို့ ကတိပြုတယ်။ ကျန်တဲ့သူတွေကလည်း ကေရီ့နည်းတူ ကတိပေးကြလေရဲ့။

ရဲကြည်မင်းက ညောင်နာနာအသံလေးနဲ့ ပြောလိုက်တာကတော့ "အားကိုးပါရစေ သူငယ်ချင်းတို့ရယ်" တဲ့။

❁ ❁ ❁

## အခန်း (၂၃)

"အဖေကြီး . . သမီးကို မြန်မြန်နေရာချပေးမှဖြစ်လိမ့်မယ်"

"ဟ, အခု သူ့အိပ်တဲ့အခန်းက ဘာဖြစ်လို့လဲ"

"ရှင်ဟာလေ. . တော်တော့ကို အူကြောင်ကြောင်နိုင်တယ်၊ အိမ်ထောင်ချပေးဖို့ ပြောနေတာရှင့်၊ အိမ်ထောင်ချပေးဖို့ ပြောနေတာ"

"သမီးက ငယ်ပါသေးတယ်ကွ"

"အို: . , ကျောင်းပဲပြီးနေမှဥစ္စာ၊ တော် ကျုပ်ကို ခိုးပါရစေဆိုတုန်းကတော့ ငယ်တယ်လို့ ပြောသလား . . ပြော. ."

"မင်းကလဲကွာ. . ကလေးတွေကြားရင် ရှက်စရာ"

"ဘာ အခုမှရှက်တာလဲ. . တော်အဲဒီတုန်းက ကျုပ်က ငယ်ပါသေးတယ်ဆိုတာတောင် မရရင်သေတော့မယ်ဆိုပြီး ရေကန်ထဲခုန်ချမယ့်လုပ်လို့ ကျုပ် ရှင့်နောက်လိုက်ခဲ့ရတာလေ. . တော်ခုန်ချမယ့်ကန်က ရေတိမ်တိမ်လေးဆိုတာ ကျုပ် ကလေးတစ်ယောက်ရမှ သိရတော့ တော့်ကို ကွာမယ်တောင် လုပ်ခဲ့တာလေ"

"မင်းကလဲကွာ ပြီးခဲ့တာတွေ ပြန်ပြောမနေပါနဲ့ . . ကလေးတွေကြားကုန်ပါ့မယ်"

"ကြားကြားရှင်. . အဲဒီတည်းက ကွာဖို့ဟာ ရှင် ညာပေါင်းနေတာနဲ့ပဲ မကွာဖြစ်ခဲ့တာလေ၊ ကျုပ်သမီးလေးကို အဲဒီလိုအဖြစ်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ, မင်း သမီးက ဘာဖြစ်မှာမို့လို့လဲကွ၊ သူဟာသူ အေးအေး ဆေးဆေးနေတာကို"

"ဘာ သူဟာသူနေတာလဲ၊ ဟိုသရဲကောင်တွေနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဟာကို. . အရပ်ထဲမှာလဲ အရှက်ကွဲပြီးပြီ၊ ဒီတော့ ကျုပ် မြန်မြန်စီစဉ်ချင်တယ်"

"ဘာကို စီစဉ်ချင်ရတာတုံး"

"သမီးကို ဇော်ဇော်နဲ့ အမြန်ဆုံးလက်ထပ်ပေးဖို့ပဲ၊ ဟိုဘက်ကလဲ သဘောတူတယ်၊ ကျွန်မလဲ သဘောတူတယ်၊ ရှင်တစ်ယောက်ပဲ ကျန် တော့တာ၊ ဒီတော့ ရှင်လဲ သဘောတူလိုက်တော့၊ ဘာမှပြန်မပြောနဲ့၊ ဒါ လှအုံးမယ်ရဲ့ တစ်ချက်လွှတ်အမိန့်"

"အင်. . ."

"မအင်နဲ့ . . အမှန်အကန်လုပ်မှာ"

"မစောလွန်းဘူးလားကွ"

"မစောဘူးရှင့် . . နောက်တောင်ကျနေပြီ၊ ဟိုသရဲတွေက ဘယ် တော့ ချီထဦးမလဲ မသိဘူး"

ဒေါ်လှအုံးမယ်က တစ်ယောက်ထဲအဆိုတင်သွင်း၊ တစ်ယောက် ထဲ ထောက်ခံ၊ တစ်ယောက်ထဲ ဆုံးဖြတ်လိုက်လေရဲ့။

ဦးကြော့မောင်ကတော့ ခေါင်းလေးတညိတ်ညိတ်နဲ့ ဘာမှပြန်မ ပြောနိုင်ဘူး ဖြစ်နေတယ်။

ဒေါ်လှအုံးမယ်က မရှက်မရှက်ဘဲ။ သူက ရှက်နေတာ။

ရှက်ဆို ဒေါ်လှအုံးမယ်ကို သူ ညာပြီးခိုးယူခဲ့တာကိုး . . . ။

သူတို့မြို့ကိုပြောင်းလာတာ မကြာသေးတဲ့ လှအုံးမယ်လေးရဲ့ အချစ်ကိုရယူပြီး လူကြီးတွေသိလို့ ခွဲမယ်လုပ်တော့ ဦးကြော့မောင်က အဲဒီလို ရေတိမ်တိမ်လေးရှိတဲ့ကန်ထဲ ခုန်ချမယ်လုပ်နေတာကို လှအုံးမယ် လေးက အဟုတ်အောက်မေ့ပြီး သတ်တော့မသေပါနဲ့ဆိုရင်း ခိုးရာလိုက် ခဲ့တာကလား။

အဲဒီတုန်းကရခဲ့တဲ့ ကလေးတောင် ငါးနှစ်သမီးလေးရှိမှ ဆုံးသွား ရတာ။ ခုနေရှိသေးလို့ကတော့ လှကြော့ရှင်းနဲ့ ညီအစ်မနှစ်ယောက်ပေါ့။





လှကြော့ရှင်းလေးကတော့ ရန်ကုန်ပြောင်းလာပြီးမှမွေးတာဆို တော့ ရန်ကုန်သူလေးဆိုရမှာပေါ့။

အဖေရော အမေရော နှစ်ယောက်လုံးတူလို့ ချောတာလို့ပြောကြ တာပဲ။

အခု ဒီသမီးလေး အရေးကိစ္စကလည်း မသေးလှဘူး။

အိမ်ထောင်ပြု၊ ဘုရားတည်ရမယ့်ကိန်း။

ဦးကြော့မောင်က သမီးလေးကို သိပ်ချစ်တော့ အိမ်ထောင်မပြု စေချင်သေးဘူး။ အရိပ်တကြည့်ကြည့်နဲ့ ကြည့်ချင်နေတာ။

ဒေါ်လှအုံးမယ်ကတော့ ဒီလိုမဟုတ်ဘူး။ ရွှေရိပ် ငွေရိပ် ဒေါ်လာ ရိပ်ပဲ ခိုချင်တာ။

ဒါနဲ့ပဲ သရဲလေးကောင် လာသောင်းကျန်းသွားတာကို အကြောင်း ပြုပြီး ဖွတ်စီစဉ်တော့တာ။

"အမေ. . သမီး အိမ်ထောင်မပြုချင်သေးဘူး . . သမီး ငယ်ပါ သေးတယ်"

"ဟဲ့, မိဘက လိုအပ်လို့စီစဉ်ရတာကို၊ တော်ကြာ မဟုတ်မဟပ် တွေနဲ့ ဇာတ်ရှုပ်နေဦးမယ်၊ စောစောစီးစီး အပြတ်ဖြတ်မှ တန်ကာကျမှာ"

"သမီးကို စိတ်ချပါ အမေ. . သမီး မမိုက်ပါဘူး"

"အမယ်လေးလေး . . . ငါ့တုန်းကလဲ ဒီလိုပဲပြောခဲ့ပြီး ညည်း အဖေ ညာဒိုးတဲ့နောက် လိုက်သွားခဲ့တာဟဲ့၊ ညည်းလဲ ဒီလိုဖြစ်မယ်လို့ မပြောနိုင်ဘူး၊ ညည်းကောင်လေးတွေက အတင့်ရဲပါဘိသနဲ့၊ ဆိုင်ကယ်စီး သရဲဆိုပြီး အရပ်ထဲမှာ ခုထိ ဟိုးလေးတကြော်ကြော်ဖြစ်နေတာကို"

"အဲဒါ သမီးနဲ့ဘာဆိုင်လဲ"

"ဟဲ့, ဆိုင်လို့ ဒီလိုလုပ်ကြတာပေါ့၊ မဆိုင်ဘဲ ဆိုင်ကယ်နဲ့လာပါ့ မလား၊ ညည်းကို ဒီဆိုင်ကယ်လောက်နဲ့ မကျေနပ်နိုင်ဘူး၊ ပါဂျဲရိုးစီး SE ရှုံ့ပြီး ဒေါ်လာပုံပေါ်ထိုင်နေတာပဲ မြင်ချင်တယ်"

ဒေါ်လှအုံးမယ်တို့က ဖွတ်ပဲ။

ဘယ်လိုမှ ပြောမရ ငြင်းမရဘူး။

ဒီကြားထဲ ကိုဇော်ဇော်က တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး အခွင့်အရေးယူလာတယ်။ အိမ်ကို မပြန်တော့ဘူး။

သူက နောက်ထပ် သရဲခြောက်ပါစေတောင် ထပ်ဆုတောင်းနေသေးဆိုပဲ။

"ကျေးဇူးရှင် သရဲကောင်တွေလဲ ထပ်မခြောက်ကြတော့ပါလား၊ ဒီတစ်ခါခြောက်ရင်တော့ ကြောကိုကော့နေအောင် ဖက်ထားလိုက်ဦးမှာ"

လို့ အပြတ်ကြိမ်းနေတာကလား။

ကြော့အဖေကြီး ရေပုံးလိုက်လော်င်းချမှာကိုတော့ ထည့်မတွက်ဘူးရယ်. . .။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

လှကြော့ရှင်း အိပ်မပျော်ဘူး ဖြစ်နေတယ်။

အိပ်မရတဲ့ညတွေလည်း များလှပါပြီ။

ရဲကြည်မင်းနဲ့လည်း အဆက်အသွယ်မရဘူး။

ကေရီနဲ့ ပန်းဝေသီကတော့ မကြာခဏ အိမ်ကိုလာပါရဲ့။

မေမေက အလစ်မပေးဘူး။

သူတို့လာတာကိုတောင် မကြိုက်သလိုဆိုတော့ သိပ် မလာရဲကြတော့ဘူး။

ဒါပေမယ့် . . .

လှကြော့ရှင်းဘဝမှာ အရေးကြီးဆုံးသော စွန့်စားမှုတစ်ရပ်အတွက် အစီအစဉ်တစ်ရပ်တော့ ချမှတ်ပြီးခဲ့ပြီ။

ဟုတ်တယ် . . .

မချစ်မနှစ်သက်တဲ့သူရဲ့ ရင်ခွင်မှာခိုဝင်မယ့်အစား . . .

ချစ်သူရဲ့ရင်ခွင်ကို တိုးဝှေ့ခိုဝင်လိုက်မှာပေါ့။

မေမေပြောတဲ့ . . .

ပါဂျဲရိုးတို့ . . .

SE တို့ . . .

ငွေတို့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာတို့ဆိုတာဟာ . . .

အချစ်မြစ်တို့ရဲ့ စီးဆင်းရာလား . . .

ဟင့်အင်း . . .

မဖြစ်နိုင်ဘူး . . .

ဒါတွေဟာ အချစ်တုတို့ရဲ့ ကွန်းခိုရာတွေပဲ ဖြစ်လိမ့်မယ်။

အချစ်စစ်မှာ . . .

ပါကျဲရိုးလား . . .

နားယား။

ငွေ . . .

ဆေလိုက်။

ဒေါ်လာ . . .

မျိုးမစစ်လို့ လှည့်တောင်မကြည့်သေး။

လှကြော့ရှင်း ဒီလိုပဲ တွေးတယ်။

လှကြော့ရှင်းက ရှင်းတယ်။

ပြတ်တယ်။

ကားတွေ၊ ငွေတွေ၊ ဒေါ်လာတွေ မမက်ဘူး။

သူလိုချင်တာ အချစ်စစ်နဲ့ မေတ္တာစစ်ပဲ။

ဒါပဲ သူလိုချင်တာ။

ဒီအရာတွေအားလုံးဟာ ရဲကြည်မင်းမှာ ပြည့်စုံနေတယ်လို့ သူ ယုံကြည်တယ်။

အဲဒါကြောင့် ရဲကြည်မင်းနောက်ကိုလိုက်ဖို့ သူကိုယ်တိုင်ဆုံးဖြတ်လိုက်တာ။

ဒီကိစ္စမှာ ရဲကြည်မင်းက လှကြော့ရှင်းကို ခိုးမှာလား။

ဟင့်အင်း . . .

အဲဒီလိုမဟုတ်ဘူးရယ် . . .

လှကြော့ရှင်းက ရဲကြည်မင်းကို ခိုးခိုင်းတာ။

ရဲကြည်မင်း ငြင်းချိန်မရဘူး။

လှကြော့ရှင်းက ရှင်းတယ်။





ပြတ်တယ်။

ရဲကြည်မင်းခိုးဖို့ စာရေးလိုက်တာကိုပဲ ကြည့်တော့ . . .

သို့

ရဲ . . .

ကြော့ကို သူများရင်ခွင်ထဲ ပါမသွားစေချင်ရင် . . .

အမြန်ခိုးပါ။

ကြော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လိုက်ခဲ့မယ်။

အဝတ်အစားဖိုးတော့ ရဲတာဝန်ယူပေါ့။

အစီအစဉ်အသေးစိတ်ကို ကေရီနဲ့ မှာလိုက်ပြီ။

သေချာပါစေ . .

လွဲရင်တော့ တစ်သက်ကွဲပြီ မှတ် . .

ကြော့

လှကြော့ရှင်းလည်း ဇွတ်သာစီစဉ်လိုက်ရတာ။ မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ။

အစီအစဉ်က တစ်ချက်ကလေးမှ တိမ်းစောင်းလို့ မဖြစ်ဘူး။

လွဲသွားလို့ကတော့ ကွဲကြရမှာသေချာတယ်။

ရဲကြည်မင်း စီစဉ်နိုင်အောင်လည်း ဆယ်ရက်အချိန်ပေးထားခဲ့တာ။

အခုဆို ခြောက်ရက်မြောက်နေ့ရောက်လာပြီ။ ရဲကြည်မင်းထံက ဘာမှအကျိုးအကြောင်း မသိရသေးဘူး။

သူ စီစဉ်နေပြီထင်ပါရဲ့ တွေးပြီး ဖြေနေရတယ်။

ဒီရက်တွေမှာ ဘယ်အိပ်လို့ပျော်နိုင်မှာတဲ့တုံး။

အချစ်နတ်ဆိုတာက ဖမ်းစားခြောက်လှန့်တတ်တာကလား။

အိပ်မက်ထဲမှာ ရယ်ရသေးတယ်။

ဘယ်သူရှိရမတုံး။

ရဲကြည်မင်းပေါ့ . . .

လှကြော့ရှင်းရဲ့အိပ်မက်က အပျံစား . . .

အဟီး . . .



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောရှရင် ရှက်စရာ. . .

အိပ်မက်က ဖက်စပ်အိပ်မက်ကြီးဖြစ်နေလို့ . . .

ဟုတ်ထယ်. . .

ခေတ်နှစ်ခေတ်ကို တွဲပြီး ဖက်စပ်မက်ထားတာ။ မဆန်းဘူးလား။

အိပ်မက်ထဲမှာ ရဲကြည်မင်းနဲ့ လှကြော့ရှင်းက ကိန္နရီ ကိန္နရာ မောင်နှံလေ။

ကိန္နရီ ကိန္နရာ ဆိုပေမယ့် ခေတ်တော့မီသား။

ရဲကြည်မင်းက အပေါ်ပိုင်းတော့ အတောင်တွေ အတက်တွေနဲ့ ဟုတ်တုတ်တုတ်။

အောက်ပိုင်းကတော့ ဂျင်းဘောင်းဘီကြီးနဲ့ . . .

လှကြော့ရှင်းကရော ဘာထူးလဲ။

အတောင်အတက်တွေ ကော့ပျံတက်နေတဲ့ဟန်ကြီးတစ်ခွဲသားနဲ့။

အောက်ပိုင်းမှာဝတ်ထားတာကတော့ စကတ်ကွဲနဲ့ . . .

ကဲ, မခက်လား။

အိပ်မက်ထဲဆိုတော့လည်း ဘာမှပြောမဖြစ်။

သူမက်ချင်ရာမက်တာကိုး။

ပိုဆိုးတာက . . .

ကိန္နရာဖိုဖြစ်တဲ့ ရဲကြည်မင်းက ဆိုင်ကယ်နဲ့လာတာ။

တောင်စဉ်ခုနစ်ထပ်ကို ဆိုင်ကယ်နဲ့ဖြတ်လာပြီး . . .

လှကြော့ရှင်းလေးရှိရာ ရောက်ခါနီးမှ ဆိုင်ကယ်ထိုးရပ်သွားတော့တယ်။

ရှေ့မှာ ချောင်းခြားနေလို့ . . .

အဲဒါ ရဲကြည်မင်းက ဆိုင်ကယ်ပေါ်ကဆင်းပြီး ချောင်းကို ကြည့်လိုက်တယ်။

ဘာချောင်းကြည့်လဲတော့ မသိဘူးရယ်။

ချောင်းတစ်ဖက်မှာတော့ ကိန္နရာမလေး လှကြော့ရှင်းရှိလေရဲ့။

ဒရင်းဘက်လေးပေါ်မှာ အိပ်လို့ . . .

မယုံမရှိနဲ့ . . .





အိပ်မက်သေ. . .

မတတ်နိုင်ဘူး။ သူ မက်ချင်ရာမက်တာ။

သူလည်း ကိန္နရာဖို ရဲကြည်မင်း အလာကိုစောင့်ရင်း အိပ်ပျော်သွားတာကလား . . .

ချောင်းသာကမ်းခြေမှာ အပန်းဖြေတာ့ယ်ထင်ပြီး အိပ်ပျော်သွားတာလားဆိုတာတော့ သဲသဲကွဲကွဲ မသိဘူးရယ်။

ရဲကြည်မင်းက ချောင်းကိုကြည့်လိုက် ကိန္နရာမလေး လှကြော့ရှင်းကိုကြည့်လိုက်နဲ့ . . .

ယောက်ယက်ခတ်နေတယ်။

ချောင်းစပ်ပြေးဆင်းလိုက် လှည့်တက်လာလိုက် . . . ဆိုင်ကယ်ပေါ်ခွလိုက်နဲ့ တစ်ယောက်ထဲကို ရှုပ်နေတာ။

ဟော. . ဟော. .

ချောင်းဘေးမှာထိုင်ပြီး ဘာလုပ်နေပါလိမ့်။

ရှုရှုများပေါက်သလားလို့ . . .

မဟုတ်ဘူး။

ထိုင်ပြီးငိုနေတာ။

ငိုရမယ်လေ။

ကိန္နရာချောင်းခြားနေပြီကိုး . . .

ငိုသံကြားတော့ လှကြော့ရှင်းနိုးလာတယ်။

ကြောင်ကြည့်နေတယ်။

အမှန်ကတော့ ကိန္နရာဖိုကိုကြည့်တာ။ ဘာလို့ ငိုလဲပေါ့။

လှကြော့ရှင်းက လှမ်းခေါ်တယ်။

"ရဲ. . ."

"ရဲ. . . ရဲ. . . ရဲ. . . ရဲ. . ."

ခေါ်တာကတော့ တစ်ခွန်းထဲ။

တောတောင်ထဲဆိုတော့ လှိုက်သံပေါက်ပြီး ရဲတွေအများကြီးဖြစ်သွားတာ။

ဒီတော့မှ ရဲကြည်မင်း ငိုနေရာက မော့ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကြော့ . . ."

"ရဲ . . ."

"ကြော့ . . ."

"ရဲ . . ."

တစ်တောလုံး ကြော့ရဲ သံတွေ လွှိုက်သွားတော့ သမင်တွေ ဒရယ်တွေ ယုန်လေးတွေတောင် လန့်ပြေးကြတယ်။ သူတို့တောထဲ ဘယ်က ရဲများ လာသလဲလို့ ထင်ကြတာ။

"ရဲ . . . လာလေ"

အမယ်လေး . . . ရဲကိုများ လက်ယပ်ခေါ်နေလိုက်တာ။ သူမို့လို့ မကြောက်မလန့်။ တိုင်ချက်များ ဖွင့်ချင်သလားပဲ။

ရဲကလည်း သတ္တိကောင်းတယ်။

ချောင်းကြီးကိုကြည့်ပြီး . . .

"လာဘူး . . လာဘူး . . ရေနစ်မှာကြောက်တယ်"

နဲ့ ခေါင်းတခါခါ ငြင်းလို့ရယ်။

ဒီတော့ လှကြော့ရှင်း စိတ်မရှည်ဘူး။ ချောင်းထဲ ပြေးဆင်းဖို့ ပြင်လိုက်တယ်။

ဒါကိုမြင်တဲ့ ရဲကြည်မင်းက လှမ်းအော်တယ်။

"ကြော့ . . . မလုပ်နဲ့၊ အချစ်အတွက်နဲ့ အသက်အသေမခံပါနဲ့"

လို့ လှမ်းတားတယ်။

မရဘူး။ လှကြော့ရှင်းက ပြေးဆင်းလာတော့တာလေ။

ရဲကြည်မင်း မကြည့်ရဲလို့ မျက်စိမှိတ်ထားတယ်။

လှကြော့ရှင်းကတော့ ရေထဲ ချောင်းထဲရောက်နေပြီ။

တဗွမ်းဗွမ်း ရေသံကြားတော့ ရဲကြည်မင်း မရဲတရဲလေး မျက်လုံးဖွင့်ကြည့်တယ်။

"ဟိုက် . . ."

ကိန္နရာဖို ရဲကြည်မင်း မျက်လုံးပြူးသွားတယ်။

ဟုတ်ပါရဲ့ . . .

ရေက ဘိမ်တိမ်လေး။ တစ်ထွာသာသာလောက်ရှိတာရယ်။





ဟုတ်တယ်။

လှကြော့ရှင်း ရေထဲကနေ ပြေးလာနေတာ။

ခြေသလုံးထိတောင် မမြုပ်ဘူးရယ်။

ဒါပေမယ့် ခရီးမတွင်ဘူး။

စကတ်က တုတ်နေတာကိုး။

ဒီတော့မှ ရဲကြည်မင်း မျက်ရည်သုတ်ပြီး . . .

"ရဲလာပြီ ကြော့ . . ."

လို့ အော်ပြီး ချောင်းထဲပြေးဆင်းလိုက်တာနဲ့ . . .

"ဟိုက် . . . သွားပဟ . . ."

ဆိုတဲ့အသံနဲ့ . . .

"ဝုန်း . . ."

ဆိုတဲ့ အသံပဲ ကြားလိုက်ရတယ်။

ရုပ်မမြင်ရတော့ဘူး။

မြင်မလား . . . ကျင်းကြီးဖြစ်နေတဲ့ ရေနက်ထဲ ဇွပ်ခနဲ ခုန်ချလိုက်သလို ဖြစ်သွားတာကိုး။

တစ်အောင့်နေမှ ဖလူး ဖလူးနဲ့ ပြန်ပေါ်လာလို့ လှကြော့ရှင်းက ဖမ်းဆွဲ ကယ်လိုက်ရလေရဲ့။

ကောင်းရော . . .

ကိန္နရီချောင်းခြားဇာတ်ပဲ ကြားဖူးတာ။ သူ့အိပ်မက်က ကိန္နရီ ရေနစ်တဲ့ ဇာတ်ကြီးဖြစ်နေလေရဲ့။

အိပ်မက်က လန့်နိုးတော့ လှကြော့ရှင်း ရယ်ရပါသေး။

အဟုတ် . . .

"ရဲတို့ဂါတော့ လုပ်လိုက်ရင် တလွဲကြီးပဲ၊ ဒီတစ်ခါတော့ မလွဲပါနဲ့ ရဲရယ် . . ဒီတစ်ခါလွဲရင် ကွဲကြရတော့မှာ"

လို့ လှကြော့ရှင်း တိုးတိုးလေး ညည်းလိုက်တယ်။

ဒီလိုညည်းရင်းနဲ့ပဲ အိပ်ပျက်ညတွေ များလှပြီ။

မျှော်လင့်ထားတဲ့ သတ်မှတ်ရက်မရောက်ခင် လှကြော့ရှင်းလေး ပိန်တောင်သွားသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုများ ကိုဇော်ဇော်က. . .

"ကြော့ . . . နည်းနည်းပိန်သွားတယ်၊ ဒါပေမယ့် ပိုလှလာတယ်" လို့ ပြောသေးတာ။ မြှောက်တာပေါ့။

လှကြော့ရှင်းက ဘာမှပြန်မပြောတော့ ထပ်ပြီးတွန့်လာသေးတာ၊

"အခုလို ပိန်သွားပေမယ့်လဲ ကိုယ်က ချစ်နေရတာပဲ"

"လဲသေလိုက်. . ."

လှကြော့ရှင်း လက်ကိုင်သုံးခွန်းသောစကားကြောင့် ကိုဇော်ဇော် မျက်နှာကြီး ရှုံ့မဲ့သွားတယ်။

စောစောက အနိုင်နဲ့ပိုင်းထားရင် ဖြစ်ရဲ့သားနဲ့၊

လျှာရှည်လိုက်တာကိုး . . .။

✿ ✿ ✿

## အခန်း (၂၅)

ရဲကြည်မင်း . . .

ဂဏ္ဍာမငြိမ်ဘူး ဖြစ်နေတယ်။

အခန်းထဲမှာ . . .

ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။

လက်နောက်ပစ်လျှောက်လိုက် . . .

လက်ပိုက်ပြီးလျှောက်လိုက် . . .

ခေါင်းလေးမော့လျှောက်လိုက် . . .

ခေါင်းကိုလက်နဲ့သပ်ပြီး လျှောက်လိုက်နဲ့။

လမ်းလျှောက်ခြင်းအတတ်အမျိုးမျိုးနဲ့ လျှောက်ပြနေတော့ . . .

မိုးထိအောင်၊ ရွှေမိုးညို၊ မောင်ချိုနဲ့ ဧကရီတို့ပါ မျက်စိတွေ နောက်နေကြပြီ။

အားလုံး မျက်လုံးတွေမှိတ်ထားတယ်။

ပန်းဝေသီကတော့ ရှူဆေးတောင် ထုတ်ရှူနေရရှာတယ်၊

ရဲကြည်မင်း လျှောက်နေရာကရပ်လိုက်ပြီး ခေါင်းကို တဗျင်းဗျင်း ကုတ်လိုက်တယ်။

ခေါင်းကဘောက်တွေ မိုးထိအောင်ရှေ့ကျလို့ မိုးထိအောင် [illegible] နဲ့ ယမ်းနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . ကြည်မင်း ပြောစရာရှိတာပြော . . . ခေါင်း မကုတ်နဲ့"

"ပြောမလို့ ကုတ်တာကွ"

"မကုတ်ဘဲပြောလဲ ရတယ်၊ မင်းခေါင်းကဘောက်တွေ ငါ့နှာခေါင်းထဲ ရောက်ကုန်ပြီကွ ဟတ် . . ဟတ်ချိုး . . "

"မင်း တော်တော်ပို"

"မပိုဘူး၊ ချေတောင်ချေနေပြီ နှိမ့်မှပဲ၊ ပြောစရာရှိပြောကွာ မင်းကြည့်ပြီး မူးတဲ့သူတွေတောင် မူးကုန်ပြီ"

ပန်းဝေသီ နှာရှုံ့နေတာကို မျက်နှာလိုမျက်နှာရ ပြောလိုက်တာ။

ပန်းဝေသီက မျက်စောင်းထိုးပြီး လက်ဝါးပြလိုက်တော့ မိုးထိအောင်က လက်သီးဆုပ်ပြတယ်။

ဒါကိုမြင်တဲ့ ဧကရီက . . .

"အရေးထဲ နင်တို့က မဟောသဓာ ဇာတ်တိုက်နေကြတယ်၊ တို့အခု ကရမှာက ဒဿဂီရိ မယ်သီတာကို ခိုးခန်းဟ. . . "

လို့ ပြောတော့ . . .

ရဲကြည်မင်း ရှုံ့မဲ့သွားပြီး . . .

"နင်ပြောမှပဲ ငါက ဒဿဂီရိ ဖြစ်ရတော့မယ်၊ တကယ်တော့ ဖြစ်ချင်းဖြစ် ငါက ရာမမင်းဖြစ်ရမှာ"

လို့ ပြန်ပြောတယ်။

"ဟာ. . . ရာမမင်းက မယ်သီတာကို ခိုးမှမခိုးရဘဲဟာ. . . အခု နင်က လှကြော့ရှင်းကို ကားနဲ့တင်ခိုးရမှာဆိုတော့ ဒဿဂီရိပဲ ဖြစ်တော့မှာပေါ့"

"ဘာပဲဖြစ်ဖြစ်. . လှကြော့ရှင်းကို ရရင်ပြီးတာပဲ"

နှစ်ယောက်သား ဈေးတည့်သွားကြလို့ နားအေးသွားရတယ်။

ရဲကြည်မင်းက တစ်ချက်စဉ်းစားပြီးပြောတယ်။

"ငါ ဘာလုပ်သင့်သလဲ"

"သေလိုက်ပါတော့ကွာ. . မနက်ဖြန်ပဲ ခိုးရတော့မယ့်ဟာကို ဘာလုပ်သင့်သလဲ မေးနေရသေးတယ်၊ ပြဿနာပဲ"





"အေးလေဟာ. . ရဲကြည်မင်း . . နင်ကလဲ မနက်ဖြန်ခိုးရမယ့် အစီအစဉ်ကို ငါ သေချာပြောထားပြီးသားကို. . ဘာလုပ်သင့်သလဲ မေးနေရသေးတယ်၊ ကြော့ စီစဉ်ထားတဲ့အတိုင်း နင်သွားခိုးပေါ့ဟဲ့ . . . "

အားလုံးက ဝိုင်းပြောမှပဲ ရဲကြည်မင်း ခေါင်းညိတ်တယ်။

"ဟုတ်တယ်. . . ငါ ခိုးရမယ်"

လို့ ရဲကြည်မင်းက ပြောလိုက်တယ်။

ရိုးရိုးပြောတာ မဟုတ်ဘူး။

ရဲစိတ်ရဲမာန်သွင်းပြီး လက်သီးလက်မောင်းတန်းပြောတာ။

မိုးထိအောင်က အမြင်ကတ်တာနဲ့ . . .

"အမယ်လေး . . . တော်တော်ခက်ခဲမယ့် ကျေးရူးရှင်ရေ၊ လိုက်မယ့်လူက အသင့်စောင့် . . ငါက ငါ့ဦးလေးကားနဲ့ မောင်းခိုးပေး . . ဧကရီတို့က အဝတ်အစားတွေ စီစဉ်ထားပေး . . တစ်ဖွဲ့လုံးက မင်္ဂလာကြေး ရန်ပုံငွေတွေ စုထည့်ပေးနဲ့ . . ကားပေါ်အသင့်လိုက်ရမယ့် ကောင်ကများ ကြိမ်းလိုက်တာ. . ဟား . . ရယ်ရတယ် . . ဖြဲ. . "

လို့ ဝင်လှောင်သေးတာ။

ပြောမယ်ဆိုလည်း ပြောစရာပဲ။

ရဲကြည်မင်း စီစဉ်တာ တစ်ခုမှမပါဘူး။

အားလုံး သူငယ်ချင်းတွေက စီစဉ်ပေးတာ။

သူက ကားပေါ် အခန့်သားလိုက်ရုံပဲ။

အစီအစဉ်အရ . . .

မိုးထိအောင်ရဲ့ဦးလေး HIACE ကားနဲ့ ခိုးမှာ။

ကားက မှန်လုံတော့ လူမမြင်ဘူးပေါ့။

ဦးလေးကိုယ်တိုင် မောင်းပေးမယ်ဆိုတာတောင် မိုးထိအောင်က လှကြော့ရှင်း ရှက်မှာစိုးလို့ သူပဲမောင်းမယ်လို့ စီစဉ်တာ။

သူက ကားမောင်းတတ်ပေမယ့် လိုင်စင်မရှိဘူး။

လိုက်မှာက နွေမိုးညိုနဲ့ မောင်ချို . . .

ရဲကြည်မင်း . . .

ဒီပွဲမှာ ကေရီတို့ မိန်းကလေးတွေ မပါဘူးရယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က နောက်ပိုင်းကျမှ လိုအပ်သလို ပံ့ပိုးကူညီကြရမှာ။

လောလောဆယ် စီစဉ်သင့်တာတွေ သူတို့ စီစဉ်ထားပြီးကြပြီ။

အားလုံး...

အိုကေပဲပေါ့။

အိုကေ...

✿ ✿ ✿

အခန်း (၂၆)

ချိန်းမိလေသောနေ့...

စနေနေ့နံနက် (၉)နာရီ...

"ငါတော့ ရင်တုန်နေတယ်ကွာ"

လို့ ပြောတာကတော့ ရဲကြည်မင်းပဲ။

သူ ရင်တုန်မယ်ဆိုလည်း တုန်စရာပဲ။

အခု သူတို့ လှကြော့ရှင်းကို ခိုးဖို့ သွားနေကြပြီ။

HIACE ကားကို မိုးထိအောင် ကိုယ်တိုင်မောင်းတယ်။

ရှေ့ခန်းမှာက ဂျပုမောင်ချို အခန့်သား။

နောက်မှာက ရဲကြည်မင်းနဲ့ ရွှေမိုးညို။

ရဲကြည်မင်းက လက်ကနာရီကို ကြည့်လိုက်တယ်။

"အိုကေ..ကိုးနာရီ နှစ်ဆယ်ပဲရှိသေးတယ်"

ရဲကြည်မင်းက ကျေနပ်အားရစွာပဲ ရေရွတ်လိုက်တယ်၊

ဟုတ်တယ်။

သူတို့စီစဉ်ထားတာ ကွက်တိလို့ ဆိုရမယ်။

အစီအစဉ်က...

စနေနေ့ နံနက်(၉)နာရီမှ (၁၀)နာရီအထိ လှကြော့ရှင်း အိမ်က ထွက်ပြီး သုဝဏ္ဏာလမ်းဆုံ ကားမှတ်တိုင်က စောင့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



သင်္ကေတအဖြစ်. . .

အနီရောင်ဝမ်းဆက် ဝတ်ထားမယ်။

ဆံပင်ဖားလျားချထားမယ်။

လက်ထဲမှာ အပြာရောင်ခေါက်ထီး ကိုင်ထားဦးမယ်။

ခေါင်းမှာ ပုဝါနက်လေး ခြုံထားဦးမယ်။

မဂိုမလေးတွေလိုပေါ့။

ကားမှတ်တိုင်နဲ့ အနီးဆုံးမှာ သတ်မှတ်ချိန်အတွင်း ရပ်နေမယ်။

အဝေးက ဂရုစိုက်ကြည့်မောင်းလာပြီး ရပ်တင်. . .

သူကတက်လိုက်။

သတ်မှတ်တဲ့နေရာကို မောင်းရုံပဲ။

သတ်မှတ်တာက ပန်းဆိုးတန်းဆိပ်ကမ်း။

အဲဒီကနေ မှိုရာသဘော်နဲ့ ဒလဘက်ကူး။

ကော့မှူးကို ကားနဲ့ပြေး။

ကော့မှူးကျရင် ရုံးတက်လက်မှတ်ထိုး။ ကော့မှူးမှာက ရဲကြည်မင်းရဲ့ဦးလေး စာရေးစရာ ကော့မှူးသောင်းရွှေဆိုတာ ရှိတယ်။

ဟိုဘက်အခြမ်းကို ဦးလေးက တာဝန်ယူထားပြီးသား။

ဒီဘက်အခြမ်းက ရဲကြည်မင်းတို့တာဝန်။

ရဲကြည်မင်းကလည်း ဘာမှ တာဝန်မကျေစရာမရှိဘူး။

လှကြော့ရှင်းက သူ့အမေဈေးဝယ်သွားတုန်း ပြန်မရောက်ခင် နာရီပိုင်းလေးမှာ ထွက်စောင့်မှာ။

ကားဂိတ်မှာ အသင့်စောင့်မှာ။

ကားမောင်းလာပြီး ရပ်ပေး၊ တံခါးဖွင့်ပေးရုံပဲ။

သူဟာသူ တက်လာမှာ။

ပွဲ့တင်စရာလည်းမလို၊ ဆွဲတင်စရာလည်းမလို။

ကဲ. . . ဘယ်လောက်သက်သာလဲ။

မိုးထိအောင်က ကားကို ဂရုစိုက်မောင်းနေတယ်။

မောင်ချိုလည်း မျက်လုံးဖြူကြည့်နေတယ်။

ရောက်တော့မယ်။ မှတ်တိုင်ကိုမြင်နေရပြီ။





"ဟိုမှာကွ. . ဟိုမှာ. . "

မောင်ချိုက ဝမ်းသာအယ်လဲပြတယ်။

အားလုံးလှမ်းကြည့်ကြတယ်။

ဟုတ်တယ်။

ပြောထားတဲ့ သင်္ကေတလေးအတိုင်း ကွက်တိပဲ။

အနီရောင်ဝမ်းဆက်နဲ့ ကောင်မလေး . . .

ဆံပင်ဖားလျားချလို့ . . .

ခေါင်းပေါ်မှာ ပုဝါနက်လေးခြုံထားတာတောင် လှမ်းမြင်နေရသေးတာ။

လက်ထဲမှာလည်း ခေါက်ထီးလေးနဲ့ . . .

စိမ်းလား ပြာလားတော့ သဲသဲကွဲကွဲ မသိရသေးဘူး။

ကိစ္စမရှိဘူး။

အားလုံးကွက်တိပဲဟာ. . .

သူတို့ကားလာရာဘက်ကို မျှော်ကြည့်နေတယ်။

ရဲကြည်မင်းက နာရီကိုကြည့်တယ်။

ကိုးနာရီခွဲတိတိ။

"ကွက်တိပဲကွ. . . "

အားရဝမ်းသာ ပြောလိုက်တယ်။

မိုးထိအောင်ကလည်းလျှင်တယ်။

ကားကိုညင်သာစွာပဲ ကောင်မလေးရှေ့နားထိုးရပ်ပေးလိုက်တယ်။

ရွှေမိုးညိုက မြန်တယ်။

နောက်ကနေ တံခါးအသင့်ဖွင့်ပြီး . . .

"လာ. . တက်. . "

လို့ ခေါ်တယ်။

နှစ်ခါမခေါ်ရဘူး။ ကောင်မလေးကလည်း ဖွေ့ခနဲကို ကားပေါ်တက်လိုက်တယ်။

ကောင်မလေးတက်ပြီးတာနဲ့ ကားကလည်း ဝူးခနဲ မောင်းသွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဇောင်းကလွှတ်လိုက်တဲ့ မြင်းအတိုင်းပဲ။

အားလုံးကွက်တိပဲ။

အဲ . . . ကားပေါ်ရောက်မှ ကွက်ကြည့်ကွက်ကြည့်တွေ ဖြစ်ကုန်ကြတယ်။

ရဲကြည်မင်းက . . .

"ကြော့ . . ."

လို့ ခေါ်တယ်။ ဟိုက မထူးဘူး။

"လာလေ . . . ကြော့ရဲ့ . . ."

လို့ ထပ်ခေါ်တော့ ဟိုက ကွက်ကြည့်ကွက်ကြည့် လုပ်တယ်။

ကောင်မလေးက ဘာမှပြန်မပြောဘဲ ရဲကြည်မင်းကို ကွက်ကြည့်ကွက်ကြည့်လုပ်ပြီးမှ မရဲတရဲမေးတယ်။

"တာမွေဈေးကို ဘယ်လောက်ပေးရမှာလဲ" တဲ့။

ရဲကြည်မင်း ကြောင်သွားတယ်။

"ကြော့ . . ဘာတွေပြောနေတာလဲ"

ဆိုပြီး ကောင်မလေးခေါင်းက ပဝါလေးကို လှမ်းဆွဲဖို့လုပ်တယ်။

မျက်နှာမြင်ချင်လို့။

မီးဖွားချင်လို့တော့ မဟုတ်ဘူးရယ်။

ဒီမှာတင် ပြဿနာက စ,တော့တာ။

ကောင်မလေးက စွတ်အော်တော့တာ။

"လုပ်ကြပါဦး . . . ကျွန်မကို ကားတင်လို့"

"မြတ်စွာဘုရား . . ."

"ဟ . . ဟ . . ဘာဖြစ်တာလဲ"

"ဘာလဲဟ . . ."

အားလုံး အံ့အားတွေ သင့်ကုန်ကြတယ်။

ကောင်မလေးကို သေချာကြည့်တယ်။

"ဟယ်, မှားပဟ . ."

"ကြော့လဲ မဟုတ်ဘူး"

"ပြဿနာပဲ"





ပြဿနာမှ တကယ့်ပြဿနာ။

ကောင်မလေးက တကယ့်မဂိုကုလားမလေး။

အသားလေးကလည်း ဖြူ ကိုယ်လုံးလေးကလည်း လှကြော့ရှင်းနဲ့ တစ်ပုံစံထဲ။

ပဝါလေးက ခြုံထားသေးတာ။ မျက်နှာရှေ့မှာတော့ ဇလွာလေးနဲ့ပါ။

ဒါပေမယ့် . . .

ရုတ်တရက် ဘယ်သိမလဲ။

လှကြော့ရှင်း ရုပ်ဖျက်ထားတယ် ထင်နေကြတာ။

"တာမွေဈေးကို ဘယ်လောက်ပေးရမှာလဲ"

ဆိုတော့မှ ရိပ်မိတာ။

ဒါတောင် ကောင်မလေးကို ကြော့ပဲမှတ်နေပြီး ကြော့တွေ ဘာတွေ လုပ်နေသေးတာ။

အခုတော့ သွားပြီ။

မကြော့နိုင်တော့ဘူး။

ကော့ပြီသာမှတ်။

ဟိုက အော်နေပြီ။

ကဲ, ဘယ့်နှယ်လုပ်မလဲ။

ကောင်မလေးကအော်တော့ ရဲကြည်မင်းလည်း လန့်ဖျပ်ပြီး ပါးဝပ်ကို လှမ်းပိတ်လိုက်တယ်။

"ဟ, ကိုက်သဟ . . သေပါပြီဗျ"

နောက်မှာ ပြဿနာတွေဖြစ်နေတယ်။

ရှေ့က မိုးထိအောင်လည်း ကြောက်ကြောက်နဲ့ စွတ်မောင်းလာလိုက်တာ။

သာကေတ ကျောက်တိုင်နားကျတော့ ယာဉ်ထိန်းရဲက ခရာမှုတ်တားတယ်။

"ရှီ . . ."

"ရှီ . . ."



www.burmeseclassic.com

www.burmeseclassic.com



မရပ်မဖြစ်တော့ ရပ်ပေးလိုက်ရတယ်။

ရဲကြီးက ငုံ့ကြည့်ပြီး လိုင်စင်တောင်းတယ်။

နောက်ခန်းက ရှုတ်ရှုတ်သဲသဲဖြစ်နေတော့ မေးတယ်။

"ဘာဖြစ်နေကြတာလဲ"

"ဟို ကြော့ . . . အိမ်က ညီမလေး စိတ်ဆိုးနေလို့ ချော့နေတာခင်ဗျ. . ."

"ကလေးမ ဟုတ်လား"

"ဟုတ်ဘူး . . . သူတို့ ကျွန်မကို ကားတင်လာတာ၊ ကျွန်မကို ကယ်ပါ၊ သူတို့ကို ဖမ်းပါ"

"ဟိုက်. . . သွားပဟ"

အားလုံး ကြောက်လန့်ကုန်ကြတယ်။

"မဟုတ်ပါဘူးခင်ဗျာ. . ကျွန်တော်တို့ သူ့ကို အတင်းမတင်ပါဘူး၊ သူဟာသူ တက်လာတာပါ"

"ကလေးမ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကလေးမက သူတို့မခေါ်ဘဲ ဘာလို့ ကားပေါ်တက်ရတာလဲ"

"အောက်ဆိုက်ကားမှတ်လို့ပါ"

"ညီလေးတို့ကရော ဘာလို့တင်လာရတာလဲ"

"လက်ထပ်ဖို့ပါ"

"ဘာ. . ."

"အယ်. . . ဟုတ်ဘူး၊ သူ့ကို မဟုတ်ဘူး"

ရဲကြီး ခေါင်းကုတ်တယ်။

ဘာမှန်း နားမလည်နိုင်ဘူး ဖြစ်နေတယ်။

ကားခေါင်းခန်းက မောင်ချိုက ဆရာကြီးစတိုင်လ်နဲ့ ဝင်ရှင်းပြဖို့ လုပ်တယ်။

"ဒီလိုပါခင်ဗျာ. . ကျွန်တော် ရှင်းပြပါရစေ"

မောင်ချို စကားပြောတော့ ရဲကြီးက မောင်ချို့ကို ကြည့်တယ်။ ကြည့်ရင်း မျက်လုံးကြီး ပြူးလာလေရဲ့။





မောင်ချိုကတော့ ဆက်ပြောမယ်ပေါ့လေ။

"အဟမ်း . . ."

လို့ ချောင်းဟန့်ရုံရှိသေး။

ရဲကြီးက လက်ညှိုးထိုးပြီး . . .

"ဟိတ်. . မင်းမပြောနဲ့၊ မင်းကို ငါ သိတယ်၊ နှစ်ဆယ်တန်ကောင်၊ တက္ကစီကို နှစ်ဆယ်တန်ပေးစီးပြီး ငါ့ကိုတိုင်တဲ့ကောင်"

သွားရော. . .

မောင်ချိုလည်း ပါးစပ်ပြဲနေပြီ။

ရဲကြည်မင်းလည်း ငိုမဲ့မဲ့ဖြစ်နေပြီ။

ကုလားမလေးကလည်း ရဲကြီးကို တိုင်နေပြီ။

"ဟရေး . . ဆရာကြီး သူ့ကို ဖမ်းပါ၊ သူနော်. . ကျွန်မလက်ကို ဆွဲတယ်၊ ပါးစပ်ကိုပိတ်ပြီး ကြော့. . ကြော့နဲ့ . . ကြောရရုံကြံပါတယ်၊ မြန်မြန်ဖမ်းပါရှင်. . ကျွန်မကြောက်တယ်"

ကုလားမလေးက ရဲကြည်မင်းကို လက်ညှိုးထိုးတိုင်နေတာ။

ကဲ. . ဘယ်လိုရှင်းမလဲ။

ရဲကြည်မင်းက ညောင်နာနာနဲ့ ပြောရှာပါတယ်။

"သူ့ကျောရအောင် မကြံပါဘူး ဆရာကြီးရယ်. . သူ့ကျောကြီးက ဘာလုပ်ရမှာလဲဗျ. . . ဟီး . . ရွတ်. . "

လို့ ငိုပါလေ့ရော။

ရဲကြီးလည်း ခေါင်းရှုပ်ဟန်နဲ့ . . .

"ကဲ၊ စခန်းရောက်မှရှင်း . . စခန်းရောက်မှဆက်ငိုကွာ . . ကဲ၊ မင်းတို့ကား ဘေးချရပ်ထား . . မင်းတို့ကို ကြိုဆိုရေးအဖွဲ့တွေ လာခေါ်လိမ့်မယ်"

ရဲကြီးက သူ့ဝါယာလက်စက်ကို ဖွင့်ပြီး သတင်းပို့တော့တာ။

"ဟဲလို . . ကြားလား . . . သိန်းငှက်မှ စွန်ရဲ၊ စွန်ရဲမှ ဇရက်. . ကြားလား . . လဒလေးကောင် မိထား . . ပိုက်ကွန်ယူပြီး လာခေါ်. . ဆုံမှတ် သာကေတကျောက်တိုင် . . ဒါပဲ. . "

သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရဲကြည်မင်းတို့ သူငယ်ချင်းလေးယောက် လဒတွေ မြစ်ကုန်ကြပြီ။ သိပ်မကြာဘူး။

ရဲကားတစ်စီးနဲ့ ရောက်လာပြီး သူတို့ကားကို စခန်းမောင်းခိုင်းတော့တယ်။

အံမယ် . . .

ယာဉ်ထိန်းရဲကြီးရဲ့ ဆိုင်ကယ်က သူတို့ကားရှေ့က သွားလို့။

နောက်က ရဲကား . . .

ဆိုတော့ကား . . .

မသိရင် လူရှိန်တာပေါ့ . . . နော်။

❁ ❁ ❁

## အခန်း (၂၇)

ရဲကြည်မင်းတို့ ရဲစခန်းရောက်တော့ အတော်ရှင်းယူရတယ်။

သူတို့ရှင်းပြတာထက် ငိုတာကို နားငြီးမခံနိုင်လို့ထင်တယ်။

ကောင်မလေးကို အမှုမလုပ်ဘူး။ အူချာချာ သတ္တိသားလောင်း ရဲကြည်မင်းကိုတောင် ဆုတောင်းပေးလိုက်သေးတယ်။

"ဟရေး . . ချစ်သူ ကြော့နဲ့ ပေါင်းရပါစေ၊ ကျောရရုံ မကြံပါနဲ့၊ ဘုရားသခင်က ကောင်းချီးပေးမှာပါ"

ရဲကြီးတွေကလည်း ကောင်းပါတယ်။

အဖြစ်မှန်သိတော့ ငိုအားထက် ရယ်အားသန်ကြတာပေါ့။

ဒါပေမယ့် . . .

လိုင်စင်မဲ့ ကားမောင်းတဲ့အတွက်တော့ အရေးယူလိုက်သေး၊

ရဲကြည်မင်းက သူ့လက်ကနာရီကိုကြည့်လိုက်တော့ (၁၀)နာရီ (၁၅)မိနစ်ပဲရှိသေးတာ။

"ဟာ, ဆယ့်ငါးမိနစ်ပဲ နောက်ကျတာ၊ မီကောင်းမီနိုင်သေးတယ်၊ မြန်မြန်သွားကြည့်ရအောင်"

လို့ ပြောတော့ ရဲကြီးက စခန်းကနာရီကို လှမ်းကြည့်ပြီး လက်ညှိုးထိုးပြတယ်။

(၁၁)နာရီ (၁၅)တိတိ။

ဧေယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့နာရီက တစ်နာရီတောင် မြန်နေပါလား"

လို့ ရဲကြည်မင်းက ခပ်တည်တည်ပြောလိုက်တော့ စခန်းကလူတွေ အားလုံးပြုံးကြတယ်။

သူတို့လက်ကနာရီတွေကို ရဲကြည်မင်းရှေ့ တိုးပြကြတယ်။

ဟိုက်. . . အားလုံး (၁၁)နာရီ (၁၅)မိနစ်. . . ။

ဒါဆို. . .

ဒါဆို. . . သူ့နာရီက တစ်နာရီတိတိကြီးတောင် နောက်ကျနေတာပေါ့။

ရဲကြည်မင်းက နဖူးကို လက်ဝါးနဲ့ရိုက်လိုက်တယ်။

သွားပြီးပေါ့။

တစ်မနက်လုံး သူ ဒီနာရီကြီးနဲ့ လှုပ်ရှားနေခဲ့တာ။

ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေတဲ့ ရဲကြည်မင်းကို အားလုံးက ကြည့်ပြီး ပြုံးစိစိဖြစ်နေကြတယ်။

ကြင်နာတတ်တဲ့ ရဲကြီးတစ်ယောက်က. . .

"စိတ်မပျက်ပါနဲ့ကွာ. . နောက်တစ်ခါ ကြိုးစားကြည့်ဦးပေါ့. . . မင်းတို့အတွက်ဆို တို့စခန်းက အာမခံပေးဖို့ အသင့်ပဲ" တဲ့။

ကဲ. . . ကောင်းရော။

✿ ✿ ✿

## အခန်း (၂၈)

အဲဒီအချိန်မှာဖြင့် လုကြော့ရှင်းတစ်ယောက် အိမ်မှာ ဇုန်းဒိုင်းကြနေပြီ။ မကြဘဲ နေမလား။

ချိန်းတဲ့အချိန်အတိုင်း (၉)နာရီ (၁၅)မိနစ်တိတိ ကားမှတ်တိုင်ကို ရောက်တယ်။

ကိုးနာရီခွဲလည်း မလာ။

ကိုးနာရီ လေးဆယ့်ငါးလည်း မရောက်။

ဆယ်နာရီထိုးတော့လည်း မမြင်။

လုကြော့ရှင်း ဒေါပွနေပြီ။

အရေးထဲ ဘယ်ကမှန်းမသိတဲ့ သီချင်းသံတချို့က လုကြော့ရှင်း နားထဲ ဝင်လာသေးတယ်။

သံယောဇဉ် လွန်းတင်သည့်ကြိုး တဲ့။

မင်းသမီးလေးက လက်ထပ်စာချုပ်ကိုင်ပြီး စောင့်နေတာ ချစ်သူ ရောက်မလာလို့ စာချုပ်ကို ဖြဲဆုတ်ငိုရတဲ့ သရုပ်ဖော်ပြီး ဆိုထားတာ။

လုကြော့ရှင်း သိပ်ကြိုက်တဲ့သီချင်း။

အခုတော့ သူကိုယ်တိုင် ဒီလိုဖြစ်နေပါပေါ့လား။

လုကြော့ရှင်းကတော့ VCD ခွေထဲကလို ဆုတ်စရာ တချောင်း[illegible] လို့ ခေါင်းက ပဝါကိုပဲဆွဲဖြုတ်ပြီး လုံးချေပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကိုလည်း ကိုက်ထားလိုက်တယ်။

မျက်ရည်တွေလည်း ကျလာတယ်။ နာရီကို ငုံ့ကြည့်တယ်။

(၁၀)နာရီ (၂၀)တိတိ။

သည်းမခံနိုင်တော့ဘူး။ ကြာရင် မေမေ ဒီလမ်းက ဖြတ်ပြန်လာတော့မှာ။

အံကိုကြိတ်ပြီး ရင်ကိုကော့လိုက်တယ်။

ဆုံးဖြတ်လိုက်ပြီ။

ပြန်မယ်ပေါ့။

VCD ခွေထဲမှာက ထီးကိုပါ လွှင့်ပစ်ထားခဲ့တာ။

သူလည်း ထီးကို လွှင့်ပစ်ခဲ့ပေါ့ကြပြီးမှ သုံးထောင့်ငါးရာတောင်ပေးထားရပါလားလို့ သတိရပြီး လွှင့်မပစ်တော့တာ။

ကျန်တာတွေကတော့ အခွေထဲက အတိုင်းပဲ။

လှကြော့ရှင်းကိုကြည့်ပြီး ကားဂိတ်ကလူတွေက VCD ခွေရိုက်နေတယ် ထင်ကြတာ။

ဒေးမှာ ဘာကင်မရာမှမတွေ့လို့ ကြောင်စီစီဖြစ်နေကြလေရဲ့။

ဘာပဲဖြစ်ဖြစ်. . .

လှကြော့ရှင်းကတော့ ဆောင့်ဆောင့်အောင့်အောင့်နဲ့ ပြန်သွားပြီ။

"နောင်ဘဝဆိုတာရှိခဲ့ရင်လဲ နင်လို အမြဲလွဲနေတဲ့သူနဲ့ ချစ်သူမဖြစ်ချင်တော့ပါဘူး"

လို့လည်း အနာဂါတ်ကြေညာချက်ကိုပါ ထုတ်သွားသေးတာ။

လှကြော့ရှင်း ဒေါပွပြီး ကားဂိတ်ကပြန်ထွက်သွားတော့ (၁၀)နာရီ (၂၀)မိနစ်တိတိပဲ။

ရဲကြည်မင်းတို့ရောက်ချိန်က ဆယ်နာရီခွဲဆိုတော့ လွဲပြီလေ။

နာရီစုတ်ကိုကြည့်ပြီး ကိုးနာရီခွဲတဲ့။

ကွက်တိပဲတဲ့။

ကဲ. . . ရဲကြည်မင်းတို့က အဲဒီလိုကောင်။

ခုတော့ ဘာလုပ်ကြမလဲ။

သူတို့ ရဲစခန်းကနေပြန်လာကြတော့ ဆယ့်တစ်နာရီခွဲနေပြီ။





အဲဒီအချိန်မှာ လှကြော့ရှင်းက အိမ်မှာ ဝုန်းဒိုင်းကြဲကောင်းတုန်း

အခန်းထဲမှာရှိတဲ့ ရဲကြည်မင်းနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကို အကုန်ဆွဲယူလွှင့်ပစ်တော့တယ်။

အခန်းထဲမှာတော့ ရဲကြည်မင်းပေးထားတဲ့ စာအုပ်တွေ၊ ကလစ်တွေ၊ ဘီးကုပ်တွေ၊ ဆီးထုပ်တွေ ပြန့်ကျဲလို့ . . .

လှကြော့ရှင်း ဝုန်းဒိုင်းကြဲနေတာကြားလို့ ဈေးက ပြန်ရောက်လာပြီဖြစ်တဲ့ သူ့မေမေက ဝင်လာပြီးမေးတယ်။

"သမီး . . ဘာတွေဖြစ်နေတာလဲ"

"လင်လိုချင်လို့"

"အယ်. . ."

"တကယ်ပြောတာ. . ကိုဇော်ဇော်နဲ့ ပေးစားမယ်ဆို. . အခု ပေးစားတော့"

"မမြန်လွန်းဘူးလား . . ."

"မြန်မြန်ပဲ"

"စဉ်းစားပါဦးကွယ်. . အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမှင်ရည်စုတ်ထိုး . . ."

"ဘုရားလဲ မတည်ဘူး မေမေ၊ စုတ်ထိုးစရာလဲ မလိုဘူး၊ အိမ်ထောင်ပြုမှာ တစ်ခုထဲ"

လှကြော့ရှင်း သိပ်မပြောရဘူး။

ဒေါ်လှအုံးမယ် ခေါင်းညိတ်လိုက်တော့တယ်။

သမီးကျေနပ်အောင် အမြန်ဆုံးစီစဉ်ပေးမယ်။

အမှန်တော့ ကျေနပ်တာက သူ။

သားသမီးကို ပါဂျဲရိုးစီး၊ SE ရုံပြီး ဒေါ်လာပုံပေါ် ထိုင်စေချင်တဲ့ သူ့ဆန္ဒတွေ ပြည့်တော့မှာကို. . .။

ဒါနဲ့ပဲ. . .

ကိုဇော်ဇော်နဲ့ လှကြော့ရှင်းတို့ရဲ့ မင်္ဂလာပွဲက မမျှော်လင့်ဘဲ အမြန်ဆုံး စီစဉ်ဖြစ်တော့တယ်။

ဒါကို ကိုဇော်ဇော်က ဘာပြောတယ်မှတ်လဲ။



www.burmeseclassic.com

www.burmeseclassic.com


"အချစ်စစ်ရှိရာ အချစ်လာတဲ့. . . ကိုဇော်ရဲ့ကြီးမားတဲ့ မေတ္တာကြောင့် ကြော့လေး ကိုယ့်ကို ပြန်ချစ်ပြီး လက်ထပ်ချင်တာ မဟုတ်လား"

လို့ မေးသေးတာ။

လှကြော့ရှင်း ပြန်ပြောတာ ရှင်းရှင်းလေး။

"ဘာမှမဆိုင်ဘူး ဘဝင်မမြင့်နဲ့၊ ဘာမှ ပြန်မချစ်ဘူး၊ လက်ထပ်ချင်စိတ်ပေါက်လို့ လက်ထပ်ကြည့်တာ" တဲ့။

ကဲ. . ဘာပြောမလဲ။

ဘာမှ မပြောတတ်ဘူး။

ကိုဇော်ဇော် ဘာမှမပြောတတ်တော့ဘူး။

ဒါတောင် တစ်ခွန်းတော့ ပြောဖြစ်အောင် ပြောသေးတာ။

"ဘာပဲဖြစ်ဖြစ် . . ကိုဇော့်အတွက်ကတော့ ထီပေါက်တာပဲ"တဲ့။

ဟင်း . . ဟင်း . . ထီလက်မှတ်ပျောက်မှာတော့ ထည့်မစဉ်းစားသေးဘူး။

သူပြောသလို ဘာပဲဖြစ်ဖြစ် . . .

ကိုဇော်ဇော်တစ်ယောက် အိပ်မက်လှလှလေးတွေ မက်နေတာကတော့ အမှန်ပါပဲလေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ကိုဇော်ဇော်တို့ အပျော်ကြီးပျော်နေလေရဲ့။ သူမျှော်လင့်စောင့်စားခဲ့ရတဲ့ရက်။

အိပ်မက်မက်ခဲ့ရတဲ့ရက်တွေကို မမျှော်လင့်ဘဲရောက်ခဲ့ရလို့လေ။

သည်နေ့ဆို သူနဲ့ လှကြော့ရှင်းတို့ရဲ့ လက်ထပ်မင်္ဂလာပွဲနေ့ပေါ့။

ကိုဇော်ဇော်တစ်ယောက် အပျော်ကြီးပျော်နေသလောက် . . .

လှကြော့ရှင်းကတော့ မပျော်နိုင်ရှာဘူး။

ရဲကြည်မင်းကို ရွဲ့ပြီးလုပ်မိတာ မှားပြီလား နောင်တတွေရနေမိတယ်။ အလှုပြင်ခန်းထဲမှာ ကြိတ်ငိုနေမိတယ်။

အရာရာက လွန်ကုန်ခဲ့ပြီ။ ပြင်မရတော့ဘူး။

ရဲကြည်မင်းထံကို ဖိတ်စာတောင် ပါးလိုက်ပြီ။ ရဲကြည်မင်း ဒီမင်္ဂလာပွဲကို တက်ရဲမတဲ့လား။ တက်ဦးတော့ သူ တရားမှာတဲ့လား။

တကယ်တော့ . . .

ရဲကြည်မင်း သူ့ကိုသတ္တိမရှိလို့ မခိုးတာဘဲထင်လို့ စိတ်နာတာ တစ်ကြောင်း . . .

ရှက်ပြီး ဇွတ်လုပ်အရွဲ့တိုက်တာက တစ်ကြောင်း . . .

နှစ်ကြောင်းပေါင်းပြီး ဒီလိုဖြစ်သွားရတာ။

ကိုဇော်ဇော့်ကို သူ ဘယ်ချစ်ပါ့မလဲ။

ဆေးယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှလည်း ချစ်ရမှာမဟုတ်ဘူး။ မျက်နှာရှုံ့ရယ်လေ၊ မျက်နှာပြောင်ကြီးနဲ့လေ။ အခုဆိုရင်ပဲ မဏ္ဍာပ်ဗိုင်တက်ရတာ အမော။

"ငါမှားပြီ. . . ငါမှားပြီ. . ."

"ဟုတ်တယ် ကြော့ . . မင်း သိပ်မှားသွားပြီ"

"ဟင်. . . ဧကရီ"

ဧကရီကို ရုတ်တရက်မြင်တော့ လှကြော့ရှင်း အံ့အားသင့်သွားတော့တယ်။

တကယ်တော့ မင်္ဂလာပွဲက နံနက်(၉)နာရီမှ စမှာ။

တိတိကျကျပြောရရင်တော့ စနေနေ့နံနက် (၉)နာရီပဲပေါ့။

အခုမှ (၇)နာရီခွဲပဲရှိသေးတာ။

သတို့သား သတို့သမီးက မနက်(၆)နာရီခွဲထဲက မင်္ဂလာခန်းမရဲ့ သီးသန့်အလှပြင်ခန်းထဲမှာ အလှပြင်နေကြတာ။

စောသေးတော့ အလှပြင်ဆရာမကြီး မာမီသန်းက မရောက်သေးဘဲ သူ့တပည့် မာမီလေးတွေနဲ့ အရင်လွှတ်ထားတာ။

နာမည်ကြီးစားသောက်ဆိုင်ကြီးရဲ့ မင်္ဂလာခန်းမထဲမှာတော့ ပြင်ကြဆင်ကြတုန်း။ လှကြော့ရှင်းလည်း အလှပြင်တုန်း။

နှစ်ဖက်ဆွေမျိုးမိဘတွေလည်း အလုပ်ရှုပ်ကောင်းတဲ့အချိန်ပေါ့။

ဒီအချိန်မှာ ဧကရီရောက်လာတာ။

ဧကရီက လှကြော့ရှင်းကို တိုးတိုးလေးကပ်ပြောတယ်။

လှကြော့ရှင်းနားထောင်ရင်း ငိုမဲ့မဲ့ဖြစ်နေပြီ။ ငိုကိုငိုတော့တာ။

အလှပြင်တဲ့ မာမီလေး နားမလည်ဘူးဖြစ်နေတယ်။

ဧကရီက မာမီလေးကို စည်းရုံးတယ်။ ပြောလိုက်တယ်။

မာမီလေး ခေါင်းခါတယ်၊ ရင်ခါတယ်၊ တင်ပါခါတယ်။

လှကြော့ရှင်းကလည်း မာမီလေးကို ငိုမဲ့မဲ့ပြောတယ်။

မာမီလေး ငိုင်သွားတယ်။ စဉ်းစားနေတယ်။

လှကြော့ရှင်းကိုလည်း သနားတဲ့ဟန်နဲ့ကြည့်တယ်။

"အင်း. . . ကူညီချင်ပါတယ်၊ ဒီကိစ္စ မာမီကြီးသိသွားရင် သွပ်ပြားတော့ အရည်ကျိုခံရလိမ့်မယ်"





လို့ ပြောတော့ လှကြော့ရှင်းက သူ့လက်က စိန်လက်စွပ်လေး ချွတ်ပြီး သွပ်ပြားလက်ထဲထည့်ပေးလိုက်တော့ သွပ်ပြားမျက်နှာ ဝင်းသွားလေတယ်။

"သွပ်ပြား သနားတယ်. . . ကူညီမယ်"

လို့လည်းဆိုရော ဧကရီက လှစ်ဆိုထွက်တယ်။

မကြာဘူး။ ဧကရီ သုတ်သုတ် သုတ်သုတ်နဲ့ ပြန်ဝင်လာတော့ သူ့နောက်က မိုးထိအောင် ကုပ်ကုပ် ကုပ်ကုပ်နဲ့ ပါလာလေရဲ့။

သူတို့လုပ်ငန်းစကြပြီ။

လှကြော့ရှင်းက ဆံထုံးမဖြည်တော့ဘဲ သတို့သမီးဝတ်စုံကိုပဲ ချွတ်ပေးခဲ့တယ်။ ပြီးတာနဲ့ ဧကရီနဲ့လိုက်သွားတယ်။

တဘက်ကလေး ခေါင်းမြီးခြုံလို့၊ တဟီးဟီးနဲ့ အဖျားဝင်နေတာ။

ဧကရီက အသာတွဲပြီး ကားပေါ်ခေါ်သွားတယ်။

"ညီမလေးကလဲ. . ဖျားနေတာ မလိုက်ပါနဲ့ဆို. . လာ ဆေးခန်းသွားမယ်" လို့ ပြောရင်း တွဲခေါ်သွားတာ။

အသင့်စောင့်နေတဲ့ ကားကတော့ ရွှေမိုးညိုရဲ့ကားပဲ။

သူတို့တက်ပြီးတာနဲ့ ကားက မောင်းထွက်သွားတာ။

ဧကရီ ပြောလိုက်သေးတာ . . . "ငါ့ညီမလေး ငှက်ဖျားတက်နေတာ နီးရာဆေးခန်း အမြန်မောင်း" တဲ့။

အဲဒီအချိန်မှာတော့ သတို့သမီးအလှပြင်ခန်းထဲမှာ မိုးထိအောင် သွပ်ပြားနဲ့ နှစ်ပါးသွားနေကြပြီ။

မာမီလေး (သွပ်ပြား)က မိုးထိအောင်ကို သတို့သမီးလေးအလား ပြင်ဆင်ပေးနေတာ။ မိုးထိအောင်ကလည်း မှင်သေတယ်။ မျက်နှာသေလေးနဲ့။ အနောက်တိုင်း သတို့သမီးဝတ်စုံနဲ့ဆိုတော့ မျက်နှာမှာ ဇာပဝါလေး ချထားသေးတာ။

ကဲ. . အဲဒါကို မိုးထိအောင် ဘယ်သူပြောမလဲ။

သွပ်ပြားတစ်ယောက်ထဲ သိတာရယ်။

သွပ်ပြားကလည်း သနားတာနည်းနည်း၊ စိန်လက်စွပ်

များများကြောင့် လုပ်ပေးတာလေ။ သူလည်း နောင်ခါလာ



www.burmeseclassic.com

www.burmeseclassic.com



(၉)နာရီထိုးကာနီးမှ မာဃီသန်းရောက်လာပြီး နှမ်းဖြူးတယ်။

မာဃီလေးပြင်ဆင်ထားတာ ကြည့်ပြီး . . .

"သတို့သမီးလေးက သိပ်လှတာပဲ" လို့ပြောရင်း ခေါင်းမှာထိုးထားတဲ့ ပန်းတွေကို ပြန်ပြင်ပေးတယ်။ နှမ်းဖြူးတာပေါ့။

မိုးထိအောင်တို့ကလည်း မှင်အပြည့်ပဲ။ ငြိမ်လို့။

(၉)နာရီထိုးပြီ။

မင်္ဂလာအခါကျပြီမို့ သတို့သား သတို့သမီးနေရာယူကြရတယ်။

မင်္ဂလာပန်းကုံးနဲ့ မင်္ဂလာစိန်လက်စွပ်ဘန်းကိုင် ညီမငယ်နဲ့ သတို့သား သတို့သမီးအရံတွေ ခြံရံလို့ နေရာယူထားကြရပြီ။

သတို့သားမိဘနောက်မှာမှ သတို့သမီးမိဘဖြစ်တဲ့ ဦးကြော့မောင်နဲ့ ဒေါ်လှအုံးမယ်တို့လေ။

ဒေါ်လှအုံးမယ်က တပြုံးပြုံးနဲ့။ သတို့သမီးဝတ်စုံလေးနဲ့ သမီးလေးကို တကြည့်ကြည့်နဲ့ ပီတိတွေဝေနေလေရဲ့။

ဦးကြော့မောင်ကိုတော့ တိုးတိုးကပ်ပြောသေးတာ။

"သမီးက မင်္ဂလာဆောင်တော့မှပဲ အရပ်ကြီးရှည်ထွက်လာသလိုပဲနော် . . ." တဲ့။

ဦးကြော့မောင်ကလည်း နားအေးပြီးရောဆိုပြီး . . .

"အေးပေါ့ . . ဒါ ဘုန်းလေကွာ. . မင်္ဂလာဘုန်းပေါ့"

လို့ တိုးတိုးပြန်ပြောတယ်။ မင်္ဂလာဖုန်းဆိုတာ ဟန်းဖုန်းနဲ့ ဘာကွာလဲတော့ မသိတာနဲ့ ဒေါ်လှအုံးမယ် ဆက်မပြောတော့ဘူး။

ဒါတောင်. . .

"သမီးက အသားနည်းနည်းညိုသွားသလိုပဲ"

လို့ ပြောသေးတော့ ဦးကြော့မောင်က. . .

"ဒါလဲ မင်္ဂလာဘုန်းကြောင့်ပဲကွ"

လို့ ပြောလိုက်လေရဲ့။ ဘာမှမဆိုင်ဘူးရယ်။

"မင်္ဂလာအခါပေး ××× နတ်ရေးငယ် ရွှေစာ×××"

ဆိုတဲ့ မင်္ဂလာတေးသံနဲ့အတူ သတို့သား သတို့သမီးက စင်မြင့်ဆီကို ဖြည်းဖြည်းလေး လျှောက်လှမ်းနေကြတယ်။





သတို့သားက မှိုရတဲ့မျက်နှာနဲ့ မျက်နှာပြောင်ကြီးနဲ့ရယ်။

သတို့သမီးလေး မိုးထိအောင် (ဘွဲ့ ဘွဲ့) လှကြော့ရှင်းတို့တစ်ဘော့ အိမ်ထောင်ကြီးလုပါဘိတော့။

ခြုံပဝါအောက်က မျက်နှာလေးကိုငုံ့လို့ ဆင်မယဉ်သာလေးလို လျှောက်နေလိုက်တာ အသည်းယားစရာ။ ဘယ်မှလည်း မကြည့်ဘူးရယ်။

ကြည့်မလား . . . ကြည့်မှမကြည့်ရဲဘဲဟာတို့။

ဒါနဲ့ပဲ စင်မြင့်ပေါ်ကို အောင်မြင်စွာရောက်သွားလေရဲ့။

မင်္ဂလာပန်းကုံးစွပ်တော့လည်း ပြဿနာမရှိဘူး။

မင်္ဂလာလက်စွပ်ဝတ်ပေးချိန်မှာတော့ ပြဿနာပဲ။

လက်စွပ်က သတို့သမီးလက်ကို စွပ်မရဘူးဖြစ်နေတယ်။

ရမလား . . . လှကြော့ရှင်းလက်နဲ့ တိုင်းလုပ်ထားတာကို။

မိုးထိအောင်လက် စွပ်ရပ့်မလား။

မင်္ဂလာလက်စွပ် စွပ်ပေးတာမရတော့ စွပ်ပေးတဲ့ ညွှန်ချုပ်ကတော်က သတို့သမီးကို သေချာကြည့်ပြီး လက်သန်းမှာပဲစွပ်ပေးလိုက်ပြီး ပြန်လှည့်ဆင်းလာတော့တယ်။ အစာမကြေပုံဘဲ။

"ငါ လက်ထပ်လက်စွပ်တွေ စွပ်ပေးခဲ့ပေါင်းများပြီ၊ တစ်ခါမှ ဒီလို မကြုံဖူးပေါင်" လို့ ရင်ထဲမှာတွေးနေတာ။

ဒီထိတော့ အဆင်ချောလို့။ ပြဿနာစတာက သတို့သား သတို့သမီး ရေခဲမုန့်အပြန်အလှန် ခွံ့ကျွေးကြမှ စတာ။

သတို့သားက ရေခဲမုန့်တစ်ဇွန်းကျွေးတာကို မိုးထိအောင်က အားမရဘူး။ ပါးစပ်ကြီး ဟ,ဟပေးနေလို့ သတို့သားခမျာ non-stop ခွံ့ပေးနေရတာ။ သူ့အလှည့် ပြန်မရောက်တော့ဘူး။

ရေခဲမုန့်စားနေတဲ့ သတို့သမီးရဲ့မျက်နှာလေးကို သေချာကြည့်ရင်း သတို့သား မျက်လုံးကြီးပြူးလာတယ်။

"လည်. . လည်. . လည်စိ"

လို့ အသံတောင်ထွက်သွားလို့ သတို့သမီးက ဆတ်ဆို သူ့သဉ္စင်ကို လက်နဲ့ဖမ်းအုပ်ထားလိုက်တယ်။

သတို့သားကိုလည်း မျက်စောင်းထိုးလိုက်ပြီး ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးလေးပါပဲ။

"သွား . . . ဟုတ်ပဲနဲ့"

ဒီတော့မှ ပိုဆိုးတာ။ မိုးထိအောင်က နဂိုကတည်းက မျက်စိစွေတာတလား။ မျက်စောင်းထိုးလိုက်တော့ ပိုဆိုးတာပေါ့။

နောက်ပြီး အနီးကပ်ကြီးဟာကို။

"ဟယ်, မျက်စိကြီးက စွေလို့"

သတို့သား ဟန်မဆောင်ဘူး။ လန့်ကို အော်တော့တာ။

သတို့သမီးက သတို့သားပါးစပ်ကို လှမ်းပိတ်ပြီး . . .

"တိုးတိုးပြော. . လူတွေကြားကုန်မယ်. . ဟို. . ညက ခလုတ်တိုက်မိလို့ မျက်လုံးစောင်းသွားတာ"

"ဘာ, ခလုတ်တိုက်မိလို့ . ."

"အင်းလေ. . တိုးတိုး ဒါလင်ရဲ့၊ ဟိုမှာ လူတွေကြည့်နေကြတယ်"

သတို့သမီးက သတို့သားပါးစပ် လှမ်းပိတ်လိုက်။

သတို့သားက ရုန်းလိုက်၊ မျက်လုံးကြီးပြူးလိုက်ဖြစ်နေကြတာကို ပရိသတ်က သဘောကျနေလေရဲ့။

ရှယ်စရာဟာသလေးနဲ့ ကြဲကြဲဖန်ဖန်တီထွင် ညှော်ခဲ့တယ်ထင်ပြီး လက်ခုပ်တောင်တီးပြီး အားပေးနေကြသေးတာ။

ပရိသတ်က အားပေးတော့ သတို့သမီးက အားတက်သွားပြီး . . ပရိသတ်ကို လက်အုပ်လေးချီ ခေါင်းလေးညွတ်လိုက်တယ်။

ကျေးဇူးတင်တယ်ပေါ့လေ။ နောက်ပြီး သတို့သားကို ကြာမျက်လုံးနဲ့ကြည့်ပြီး လက်ယပ်ခေါ်လိုက်တယ်။

"လာလေ ဒါလင်ရဲ့ . . အနားတိုးပါဆိုမှ. . ဆိုပဲ. . ဆိုပဲ. . "

"မှာင့်အင်း . . လာဘူး . . ကြောက်တယ်. . ကြောက်တယ်. . "

ဆိုပြီး မတ်တပ်ထရပ်တယ်။ နောက်ဆုတ်တယ်။ လက်လေးလည်း ကာလို့။ ပရိသတ်ကလည်း ထိန်းမရတော့ဘူး။ တဝေါဝေါနဲ့ကို ဖြစ်နေကြတော့တာ။

"ဒီလို သတို့သား သတို့သမီးကိုယ်တိုင် ဟာသနဲ့ညှော်ခဲ့တဲ့ မင်္ဂလာပွဲမျိုး ဒီတစ်ခါပဲ တွေ့ဖူးတာကွ. . တီထွင်ဆန်းသစ်တာပဲ"





"ဟုတ်ပါ့ဗျာ. . တော်ရှာပါပေတယ်၊ အနုပညာစိတ်ရှိကြလို့ [illegible]" လို့လည်း မှတ်ချက်တွေ ပေးနေကြလေရဲ့။

ရုတ်ရုတ်သဲသဲ ရယ်မောနေကြတုန်း ရွှေတွဲလွဲ ငွေတွဲလွဲမိန်းမကြီးတစ်ယောက်ကလည်း စလင်းဘတ်ကြီးဖွင့်ပြီး မုန့်တွေကျုံးထည့်နေသေးတာကလား။

ပွဲကတော့ ပျက်တော့မှာ။ တဲတဲလေးလိုတော့တာရယ်၊

အဲဒီအချိန်မှာ . . .

ဇကရီနဲ့ လှကြော့ရှင်းတို့ ပန်းဆိုးတန်းဆိပ်ကမ်းကို ရောက်နေပြီ။

ဗောတံတားက လူအုပ်ကြီးထဲမှာ ရဲကြည်မင်းကို ရှာနေကြတာ။

ရဲကြည်မင်းလား . . . ။

ခုနကပဲ သင်္ဘောဆိပ်ကို ဆင်းသွားတာ။

သူ လှကြော့ရှင်းရဲ့မင်္ဂလာဆောင်ကို သွားရဲတဲ့သတ္တိမရှိဘူး။

အရာရာကို မေ့ပစ်လိုက်ဖို့ကြိုးစားရင်း ကော့မှူးကို သွားတော့မလို့ ထွက်လာခဲ့တာ။ နေရစ်တော့ ချစ်သူရယ်။

"မင်း မချစ်ပါဘူးဆိုတဲ့သူရဲ့ ရင်ခွင်ထက်မှာပဲ ပျော်ပျော်ကြီး နေရစ်ပါတော့"

"မင်းဘဝ ချမ်းမြေ့ပါစေ"

"နောင်ဘဝဆိုတာရှိခဲ့ရင် ငါဟာ ရင်ဘတ်မပါတဲ့ လူထူးဆန်း ဖြစ်ရပါစေ၊ ဒါမှ ငါဟာ မချစ်တတ် မခံစားတတ်ရမှာလေ"

တစ်လမ်းလုံးလည်း တိုးတိုးနဲ့ ဘာတွေပြောနေမှန်း မသိဘူး။

ဘေးကဖြတ်သွားတဲ့ ကောင်လေးတစ်ယောက်က ကြားသွားပြီ-

"ရင်ဘတ်မပါတဲ့ လူဆိုရင်တော့ ထူးဆန်းမှာ၊ ရုံသွင်းပြစားရမှာပဲ" လို့ တွေးရင်း ရဲကြည်မင်းကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားလေရဲ့။

လှကြော့ရှင်းနဲ့ ဇကရီ တံတားထိပ်ကိုရောက်တော့ သင်္ဘော ထွက်တော့မှာ။ ပြေးဆင်းလာတော့ သင်္ဘောကခွာပြီ။

ဗောတံတားပေါ်မှာ ကျန်ရစ်ခဲ့တဲ့ လှကြော့ရှင်းကို ရဲကြည်မင်း [illegible] စတွေ့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ပေါ်က ရဲကြည်မင်းကိုလည်း လှကြော့ရှင်းကတွေ့တယ်။

လှကြော့ရှင်းက လှမ်းခေါ်လိုက်တယ်။

"ရဲ . . ."

"ရဲ . . ."

"ရဲ . . ."

ရဲဆိုတော့ ဗောပေါ်မှာဈေးရောင်းတဲ့ ဈေးသည်တွေ ပြုံးတုံးပြာတာ ဖြစ်ကုန်ကြတယ်။

သဘော်ပေါ်က ရဲကြည်မင်းက . . .

"ကြော့ . . ."

"ကြော့ . . ."

"ကြော့ . . ."

လို့ အသံနက်ကြီးနဲ့လည်း အော်ရော ကော့နေအောင် ပြေးကြပါလေရော။

"ရဲရေ . . ."

"ကြော့ရေ . . ."

"ရဲ . . ."

"ကြော့ . . ."

နဲ့ပဲ သဘော်က ဝေးသွားပြီ။

လူတွေထင်တာကတော့ သဘော်ပေါ်ပါသွားတဲ့ နယ်ပြောင်းတဲ့ ရဲကို သူ့အမျိုးသမီးက နှုတ်ဆက်နေတာလို့ ထင်နေကြတာ။

ဒါပေမယ့် အမျိုးသမီးက ဆံထုံးကြီးနဲ့ မျက်နှာမှာ မိတ်ကပ်တွေနဲ့ ဝတ်ထားတာ စကတ်ကွဲဆိုတော့ အမြင်တစ်မျိုးဖြစ်နေကြလေရဲ့။

ပြုံးစိစိနဲ့ ကြည့်သွားကြရင်း . . .

"စိတ်မှန်ရဲ့လား မသိဘူး" လို့ ပြောသွားကြသေးတာကလား။

မကြာဘူး။

ဟိုဘက်ကလာတဲ့ သဘော်တစ်စီးဆိုက်လာလို့ လှကြော့ရှင်းတို့ တက်ကြတယ်။ ဒလနဲ့ ပန်းဆိုးတန်းဆိပ်ကမ်းက သဘော်နှစ်စီး လွန်းပျံဆွဲနေတာ။ မောင်းချိန် ဆယ်မိနစ်သာသာရှိတယ်။





မနက် (၅)နာရီကနေ ည(၉)နာရီအထိ လွန်းပျံပြေးဆွဲပေးနေတာ ကဲ . . . အခုကြည့် . . .

လှကြော့ရှင်းတို့က ကပ်လာတဲ့သဘော်နဲ့ ဒလဘက်လိုက်တယ်။

ရဲကြည်မင်းက ဒလမှာမဆင်းဘဲ ပန်းဆိုးတန်းဘက် ပြန်လိုက်လာတယ်။ ဒီဘက်ရောက်တော့ လှကြော့ရှင်းကိုမတွေ့တာနဲ့ ဒလဘက် ပြန်လိုက်တယ်။

လှကြော့ရှင်းတို့ကလည်း အဲဒီလိုပဲ လုပ်နေကြတာ။

သဘော်သုံးလေးခေါက်ထိ ရေလယ်မှာလွဲနေကြလေရဲ့။ ရေထဲမှာ တိုင်ပတ်နေကြတာ။

အနားက ရိပ်မိကြတဲ့ သဘော်သားတချို့က ကူညီတော့မှပဲ ဒလဘက် ဗောတံတားပေါ်မှာ ပြန်ဆုံကြရတော့တာ။

ဒါတောင် ပြဿနာကဖြစ်သေးတာ။ သေမလိုကို ဖြစ်လိုက်တာ။ ကြည့်ဦး . . .

လှကြော့ရှင်းတို့က ဒလဘက်ကမ်း ဗောတံတားကနေ စောင့်နေလိုက်တယ်။ ဟိုဘက်ကမ်းက ပြန်လိုက်လာတဲ့ ရဲကြည်မင်းက သဘော်မကပ်ရသေးဘူး။

"ကြော့"ဆိုပြီး ဗောပေါ်ခုန်တက်လိုက်တာ ရေထဲကျပါရောလား တော်သေးတယ်။ လူကျပြီဆိုတာသိတာနဲ့ စလင်က သဘော်ကို မကပ်ဘဲ ခွာထားလိုက်တယ်။ ဒါမှ လူကိုဆယ်လို့ရမှာ။

လူကျတယ်ဆိုတာနဲ့ သဘော်သားတစ်ယောက်က ပဲ့ပိုင်းကနေ သွားစောင့်ပြီး ဖမ်းဆွဲတင်လိုက်တယ်။ သိပ်မြန်တာပဲ။ ဒါတွေကို သူတို့ ကျွမ်းကျင်ပြီးသားမို့ တော်တော့တာပဲ။

သဘော်ပေါ်ပြန်ရောက်တော့ ရဲကြည်မင်း ကြွက်စုတ်ဖြစ်နေပြီ။ ဗောတံတားပေါ်တက်တော့ ခိုက်ခိုက်တုန်လို့။

ရဲကြည်မင်း ဗောပေါ်တက်လာတယ်ဆိုရင်ပဲ ရင်ဘတ်သေချာ ထားတဲ့ လှကြော့ရှင်းက ပြေးဖက်တယ်။

"ဘယ်လိုဖြစ်ရတာလဲ ရဲရယ်. . မသေကောင်း မပျောက်ကောင်း" လို့လည်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေစိုနေတဲ့ ကြွက်စုတ်လိုကောင်လေးကို အံ့ထုံးကြီးနဲ့ အောက်က စကေတ်ကွဲဝတ်ထားတဲ့ မိန်းမချောလေးက ပြေးဖက်တော့ လူတွေအံ့ဩ ကုန်တာပေါ့။ သင်္ဘောပေါ်တက်ရင်း ငေးကြည့်ကြလို့ သင်္ဘောသားတွေက အော်ဟစ်သတိပေးနေကြရတယ်။

"အောက်ကို ကြည့်တက်ပါ၊ ရေထဲကျရင် သေတတ်တယ်၊ ဗီဒီယို ရိုက်နေတာ မဟုတ်ပါဘူး၊ သူ့မောင်လေး ရေထဲခုန်ချလို့ ချော့နေတာ၊ ကိုယ့်ဃမ်းကိုယ်သွားကြပါ"

လို့ အော်နေတာတောင် လူတွေက ကြည့်လို့ရယ်။

ဘယ်သူကြည့်ကြည့် လှကြော့ရှင်းကတော့ ဂရုမစိုက်နိုင်ဘူး။

ရှေ့ရွဲနေတဲ့ ရဲကြည်မင်းကို ဖက်ထားပြီး တိုးတိုးလေးပဲ ပြောလိုက် တော့တယ်။

"ရဲကို မခွဲနိုင်ဘူး၊ ကြော့ ရဲကို သိပ်ချစ်တယ်" တဲ့လေ။

ဒါ Love sence ပဲ။

နောက်ဆုံး ဇာတ်သိမ်းပဲ။

ရဲကြည်မင်းကလည်း လှကြော့ရှင်းလိုပဲ ခံစားချက်အပြည့်နဲ့ အလားတူ တုံ့ပြန်ပြောရမှာ။ ဟုတ်ဖူးလား။

ဒါကို ကျေးဇူးရှင်က ဘယ်လိုပြန်ပြောတယ်မှတ်လဲ။

"ကြော့ ချစ်တာ ယုံပါပြီကွာ၊ ငါ . . ငါလဲလေ . . သိပ်ချမ်းတာပဲ ကွာ" တဲ့ဗျာ။

ကောင်းရော . . . ။

ဟိုက ရေထဲပြန်တွန်းမချတာ ကံကောင်းတယ်မှတ် . . . ။

ပျော်ရွှင်ရယ်မောနိုင်ကြပါစေ
မောင်ညာဏ်ကျယ်



BURMESE CLASSIC .com

www.burmeseclassic.com